www.burmeseclassic.com

လူးချင်းဝတ္ထုသစ်

မြပုလဲခင်

အချစ်အကျဉ်းသား

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မြပုလဲခေါင်
အဲချစ်အကျွန်းသားး/မြပုလဲခေါင်း — ဒဲကုန်
အောင်မြင်စာပေ ၂၀၀၈
ခ၅၀-စား ၁ ၂၅ × ၀၈ ၂ ၀၉၀ တိ။
(၁) မြပုလဲခေါင်

ပုံနှိပ်မှတ်တမ်း

စာပုံနှိပ်မြောက်အမှတ် — ၅၀၁၈၃၀၁၂၀၀၈ ပုံကြမ်းစုံစွဲမြေချက်အမှတ် — ၅၀၀၁၂၄၀၀၄

မုန်ဆိုးကား အောင်မြင်စာပေအမှတ်(၁)အောင်ခေတ်ပေါင်းကုတ်ခြင်းမှ

ဆောင်းနှင်းမှာကိန်းအိပ်မှုပန်းပွင့် ဦးအောင်မြင့်၊အောင်မြင့်စံမှုံ့စံစုံတို့အားသိမ်းသွင်း
သင်္ကြာပင်လယ်ကန်ဆုတ်ကုမ္ပဏီကမြှုံပြု

ထုတ်ဝေသူ ဦးအောင်မြင့်၊အမှတ်(၇)၊ခေါ်တာလမ်းကျောက်ဆင်မြောင်းဧရိယာ။
ပထမအကြိမ်၊ဧပြီလပြည့်၊၂၀၁၀ခုနှစ်၊အုပ်ရေ(၅၀၀)၊တန်ဖိုးခဲ့ဝဝတ်ကျပ်

www.burmeseclassic.com

အပိုင်း(၁)

အိမ်ထောင်ပြုခြင်းသည် လူ့ဘဝကဲ့သို့ပင်ဖြစ်သည်။
နှင်းဆီမွေ့ရာ မဟုတ်ပါ။ စစ်တလင်းတစ်ခုမျှ ဖြစ်လေ့ရှိသည်။

www.burmeseclassic.com



အခန်း(၁)

"ထွေးထွေး"

ယမင်းခိုင်၏နောက်ကျောဘက်နားဆီမှ သူ၏အသံသည် ဟိန်းထွက်လာသည်။ ယမင်းခိုင်၏ရင်ထဲ တုန်လှုပ်သွားသည်။ သို့သော်လည်း ဟန်မပျက် ဆက်လက်၍ နှင်းဆီခွက်နှင့် ဆူးကလေးများကို ခြွေရင်း သူ့အပြောကို နားစွင့်နေလိုက်သည်။

"ထွေးထွေး . . . ထွေးထွေး"

သူ၏အသံရှိန်သည် ပို၍မြင့်လာသည်။

"ဟေ့ . . . လာပြီ ကလေးရေ"

မီးဖိုဘက်ဆီမှ ဒေါ်ထွေး၏တို့ပြန်သံကို ကြားလိုက်ရသည်။ ရှေးမနှောင်းမှာပင် ခြေသံတဖုပ်ဖုပ်နှင့်အတူ ဒေါ်ထွေးသည် သွေ့ခန်းသို့ ရောက်လာသည်။

"ရေကလေးမှ ဖြောင့်အောင် မသောက်ရဘူး၊ တကတည်း မူး . . . ဝါးကြော်ကြော်နဲ့ လူကို နှားပင်းများ အောက်မေ့နေသလား သေဘူး၊ ဆိုး . . . ဘာကိစ္စလဲ"

ဒေါ်ထွေး၏ငြူငြူစူစူအသံကို ယမင်းခိုင် သဘောကျစွာ ကြားလိုက်မိသည်။ ထို့အတူပင် သူ့ထံမှ ရယ်မောသံ ထွက်ပေါ်ရင်း ပြောင့် . . .

"ဟား . . . ဟား . . . ဟား . . . ထွေးထွေး နားမပင်းမှန်း သိပါတယ်၊ ဒါပေမယ့် စိတ်ကြီးများ ဝင်နေသလားလို့"

"အလိုတော် . . . ကျုပ်က ဘာကိစ္စ စိတ်ကြီးဝင်ရမှာလဲ"

"ပြောနိုင်ဘူးလေဗျာ . . . ထွေးထွေးကလည်း၊ မုဆိုးနားနီး ဆိုသလို ဘဝင်လေဟပ်ပြီး စိတ်ကြီးဝင်နေတဲ့သူနဲ့ နီးပြီး စိတ်ကြီးဝင်လို့ တမင် မကြားချင်ဟန်များ ဆောင်နေသလားလို့ပါ"

သူ၏အပြောသည် မိမိအား တမင်ခနဲ့မှန်း သိပါလျက် ယမင်းခိုင် လှည့်၍ ရန်မတွေ့လိုပါ။ သို့သော် စိတ်ထဲ၌ မကျေမနပ်ဖြစ်သော အစိုင်အခဲတစ်ရပ်အတွက် ထွက်ပေါက်တစ်ခု ပေးလိုက်သည်။

ကက်ကြေးကို တမင်ဆောင့်ချလိုက် ဒေါ်ထွေးအား ကြားခံ၍

"ဒေါက်"

သူ့ထွေးမှာ ဟားတိုက်၍ ရယ်သည်။ ဒေါ်ထွေးက သူ့အား လက်ညှိုးထိုးအယာဖြင့် ဟန့်တားလိုက်ကာ . . . ခေါ်ကြနဲ့ဦး"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့... ကိုယ်တော်လေး၊ ခေါ်ရတဲ့အကြောင်းကိုသာ မိန့်တော်မူပါတော့"

"ဒီလို... နံပါတ်တစ်အချက်က ထွေးထွေးကို မှာမလို့ ဒီနေ့ နံနက်စာကို နှစ်ယောက်စာအတွက် ထည့်မချက်နဲ့တော့"

"ဟုတ်ပြီ"

"နံပါတ်နှစ်အချက်က အေဂျန်တို့သားအမိက ထမင်းစားဖိတ်ထားလို့ သွားစားရမှာမို့ ဆယ်နာရီမထိုးခင်လောက် အသင့်ပြင်ဆင်ထားဖို့ပါ"

"ဘယ်သူ့ကိုလဲ... ကျုပ်ကိုလား"

"ဟာ... သေလိုက်ပါတော့"

စောစောက စိတ်ထဲ မကျေမနပ်မှုများ လွင့်ပြယ်သွားကာ 'ခစ်' ကနဲ မရယ်မိစေရန် ယမင်းခိုင် သတိထားလိုက်ရသည်။

လိုက်လည်း လိုက်တဲ့ တူဝရီးဟု တွေးရင်း ပြုံးစိစိလေး ဖြစ်သွားသည်။

ပြီးရာမှ မလုံမလဲ သူများမြင်သွားမှဖြင့် ဟူသော အတွေးဖြင့် ချက်ချင်းပြန်တည်လိုက်သည်။

ဒေါ်ထွေးကတော့ ယမင်းခိုင်အပြုံးကို တွေ့မြင်လိုက်သည်။

"ကျုပ်ကို မဟုတ်ရင် ဘယ်သူ့ကို ပြောတာလဲ" ဟိန်းထွက်လာပြီ... ထွေးထွေး သက်သက်ညစ်ပတ်တာပဲ၊ သို့သော်လည်း ဟန်မပျက်အပျိုကြီးဖြစ်နေတာ၊ ဘယ်သူရှိရမှာလဲ မျက်ကို ခွေရင်း သူ့အပြောကတာ"

"ထွေးထွေး... ငေးနော်၊ အပျိုကြီးဆိုတဲ့ ပိန္နဲပင်တော့ သူ့အသံရှိန်သည်လွဲဆဲပင်ကောင်းနေတိုင်း ကျုပ်မှာက"

"ဟာ... လာဒီတယ်၊ ကြားလား ယမင်းရေ၊ အေဂျန်တို့

အိမ်က ထမင်းစားပွဲ သွားမယ်တဲ့"

ဒေါ်ထွေး ကျွဲမြီးတိုလေပြီ။ သူက ဒေါ်ထွေး အရေတွန့်နေသောပါးပြင်ကို ချစ်စနိုး ဆွဲကာ...

"ကျွဲမြီးတိုလာပြီလား ထွေးထွေး"

"ဟုတ်တယ်... စိတ်ကုန်တယ်"

ယမင်းခိုင် နောက်သို့ လှည့်လိုက်သည်။ ပြုံးဖြီးဖြီးဖြစ်နေသော သူမ၏မျက်နှာ ချက်ချင်းတည်တဲ့သွားသည်။

"ထွေးထွေး... အဲ... ဒေါ်ဒေါ်ထွေး ယမင်းပြောတာ မမှေနေပြီလား"

ထိုအခါမှ ဒေါ်ထွေးသည် သူ့နဖူးကို သူ့ရိုက်ကာ...

"ဟုတ်ပါရဲ့ မိန်းကလေးရယ်၊ မမှေလို့... မမှေလို့၊ ဒီလို ကလေးရဲ့၊ မိန်းကလေးရဲ့သူငယ်ချင်းတစ်ယောက်အိမ်မှာ ကင်ပွန်းတပ်တစ်ခု ဖိတ်ထားတာ ရှိတယ်၊ အဲဒါလည်း သွားရမယ်၊ ဒီနေ့ နက်ပဲတဲ့"

သူ့အကြည့်က ယမင်းခိုင်အပေါ် ဝဲသွားပြီးမှ ဒေါ်ထွေးအား ကြည့်ရင်း ပြောလိုက်သည်။

"လွယ်ပါတယ်... ကင်ပွန်းတပ်ကို အရင်သွားလိုက်မယ်၊ ပြီးတော့မှ အေဂျန်တို့အိမ် သွားမယ်၊ အေဂျန်တို့အိမ်က အစားတင်ကောဘူး၊ အသောက်ပါ ပါတော့ ကြာမှာ၊ ဒီတော့ ဆယ်နာရီလောက် ညက်ပေါ့၊ ပြီးပါ့မလားလို့ မေးပါဦး"

မျက်နှာချင်းဆိုင် ရှိနေပါလျက် ဒေါ်ထွေးအား ကြားခံအသုံးပြုနေကြသောအဖြစ်အတွက် ဒေါ်ထွေးမှာ ဟားတိုက်၍ ရယ်ရင်း ထိုလူငယ်နှစ်ဦးအား ကလေးများကဲ့သို့ ခေါင်းချင်းတိုက်ပေးကာ...

"ကဲ... မခေါ်ကြနဲ့ဦး... မခေါ်ကြနဲ့ဦး"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ သုံးလေးကြိမ်မျှ ဆောင့်ပေးလိုက်ချင်သည်။ အသည်းတယားယား ဖြစ်နေသည်။

"ကိုင်း. . . ယမင်းရေ ပြီးလားတဲ့"

"ခုမှ ရှစ်နာခွဲ ရှိသေးတာ၊ အာမို့ မပြီးရမှာလဲ. . . ပြီးတာပေါ့"

"ကြားတယ်နော် ကလေး"

"ဟုတ်ကဲ့. . . မှာရဦးမယ် ထွေးထွေး၊ အင်းလျားလိပ်မင်္ဂလာဆောင်တို့၊ နာမည်ကြီးရိပ်သာက ဆွမ်းကျွေးတွေလိုစောင့် သိပ်တောက်တောက်ပြောင်ပြောင် ပြင်ဖို့မလိုဘူးလို့ ပြောလိုက်ပါဦး"

"သိတယ်. . . သိတယ်၊ မရှည်နဲ့. . . အား. . . "

ယမင်းခိုင် စိတ်မရှည်တော့သဖြင့် အော်လိုက်မိသည်။

တစ်ဆက်တည်းမှာပင် နှင်းဆီခိုင်တစ်ခု ကောက်ဆယူ၍ ဆူးတစ်ဆူးသည် လက်ညှိုးထဲ နစ်ဝင်သွားသည်။

"ထွေးထွေးရေ. . . သူတော်ကောင်း ပြစ်မှားရင် တမလွန်တောင် မစောင့်ဘူးနော်၊ လက်ငင်း ငရဲကြီးတတ်တယ်ဟျ၊ အဟဲ. . . သွားပြီ"

ယမင်းခိုင်၏ဒေါသမျက်လုံးက သူ့ထံ အရောက်၊ သူသည် ပြုံးလျက် ခါးကို ညွတ်ကာ ယမင်းခိုင်အား မျက်စိတစ်ဖက် မှိတ်ပြလျက်. . .

"စိတ်ကောင်းကောင်းထားနော်"

ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားသည်။

"တောက်"

ယမင်းခိုင် တက်တစ်ချက် ခေါက်ကာ သူ့နောက်ကျောပြင်အား ဒေါသတကြီး ကြည့်ရင်း ကျန်ခဲ့လေသည်။

ဒေါ်ထွေးက. .

"သိပ်အနောက်သန်တဲ့ကလေးကွယ်၊ မိန်းကလေးကလည်း စိတ်ကို လျှော့လိုက်မှပေါ့၊ သူကျိစယ်တိုင်းသာ ဒေါသထွက်ရရင် ကိုယ်ပဲ စိတ်ပင်ပန်းမှာပေါ့၊ ကဲ. . . ကဲ. . . သွားပြင်ချေ"

ယမင်းခိုင် တင်းမာနေသောမျက်နှာပြင်သည် ချက်ချင်းပင် နူးညံ့သောအသွင်ကို ဆောင်ကာ ဒေါ်ထွေးအား နှစ်လိုဖွယ် ပြုံးပြရင်း. . .

"ဟုတ်တယ်နော် ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ပြောတာ မှန်တယ်၊ ဒေါသကြီးသူတွေဟာ စိတ်ပင်ပန်းကြတယ်၊ ယမင်းလည်း သူ့ကို မကျေမနပ် ဒေါသဖြစ်မိတိုင်း ကိုယ်ပဲ စိတ်ဆင်းရဲရတာ၊ ဒါကြောင့် ယမင်းလည်း နေတတ်အောင် နေဖို့ ကြိုးစားတော့မယ်၊ ကိုင်း. . . ကြည့်ပါဦး ထွေးထွေးရယ်၊ ယမင်းပန်းအိုးလေး လှရဲ့လား"

"လှပါ့ရှင်. . . လှပါ့။ ကလေးကလည်း အလုပ်က ပြန်လာတိုင်း ပန်းအိုးကလေးတွေက ပန်းကလေးတွေကို မြင်ရရင် အမောပြေသွားတာပဲလို့ ပြောပြောပြီး ပန်းကို နမ်းရတာကလည်း အမြဲ၊ အင်းလေ. . . သူ့မှာကလည်း ဒါပဲ နမ်းစရာ ရှိတာကိုး"

ယမင်းခိုင်၏ပါးပြင်သည် အနီရောင်ပြေးသွားသည်။ ဒေါ်ထွေးလက်မောင်းကို မှိတ်ကာ ပါးနှင့် အပ်ကာ နွဲ့လျက်. . .

"ဒေါ်ဒေါ်နော်. . . သူ့တူဖို့ ပြင်တာ မဟုတ်ပေါင်၊ ကိုယ့်အာသာကိုယ် ဝါသနာပါလို့ ပြင်တာမျှား"

ဒေါ်ထွေးသည် ယမင်းခိုင်ခေါင်းကလေးကို ဖွဖွလေး ပုတ်ချက်ပြီး. . .

"ပြင်ပါရှင်. . . ပြင်ပါ။ ဝါသနာပါလို့ပဲပြင်ပြင်၊ အမောပြေအဖို့ပဲပြင်ပြင်၊ ဒေါ်ထွေးတို့ကတော့ ကျေနပ်နေတာပဲ၊ မိန်းကလေးဆို အိမ်ရှင်မကောင်းတစ်ယောက်၊ သိမ်မွေ့ ကျက်သရေရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ယောက် ရောက်လာခြင်းအတွက်ကတော့လေ တကယ့်ကို မင်္ဂလာပဲ၊ စင်သီယာသာ ရောက်လာခဲ့ရင် ဒေါ်ထွေး တော့ အပြေးပဲ"

ယမင်းခိုင်ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားသည်။ သူမ၏ ဘဝကို ပြောင်းလဲစေခဲ့သူများထဲမှ အဓိက ဇာတ်ကောင်နေရာမှာ ပါဝင်ခဲ့သော စင်သီယာဟူသောအမည် ကြားလေတိုင်း ရင်မှာ လှိုင်းထန်ရသည်။

ဒေါ်ထွေးအပါးမှ ဖယ်ခွာကာ နှင်းဆီရွက်နှင့်ဆူးများကို သိမ်းဆည်း၍ သိလိုနေခဲ့သောအချက်ကို မေးလိုက်သည်။

"စင်သီယာက လှလားဟင်"

"လှတော့ လှတယ်၊ ဒါပေမယ့် သူ့အလှက ရောင်စုံအလှ ပါ. . . ပိုလွန်းတယ်"

"အယ်. . . ထွေးထွေးက ပိုလွန်းတယ်တွေအစ်ကို သုံးလို့ ပါ့လား"

ယမင်းခိုင်သည် ဘီးကျော်ပတ် ပတ်ကာ ကျောဆက်၊ ရင်ဆက် အင်္ကျီပွရှည်ကြီးများနှင့် အမြဲနေတတ်သူ၊ ဒေါ်ထွေးကဲ့သို့ ရှေးဆန်သောလူကြီးများထံမှ ပိုလွန်းတယ်ဟူသော သုံးလိုက်သော စကားကြောင့် ပြုံးမိသွားသည်။

"ဒါကတော့ ဇော်ထိုက်အဒေါ် တစ်ယောက်လုံး လုပ်နေမှ တော့ ဘယ်ခေါ့မလဲ မိန်းကလေးရဲ့၊ ဒါထက် ယမင်းက ဒေါ်ထွေး ကို ခုထက်ထိ အတည်တကျ မခေါ်နိုင်သေးပါလား"

ယမင်းခိုင်သည် သွားများ ပေါ်သည်အထိ ရယ်မောရင်း

"သူ့အသံတွေက ထွေးထွေး ထွေးထွေးနဲ့ တစ်နေ့ကို အခါ တစ်သိန်းလောက် ညံနေတော့ ယမင်းလည်း ထွေးထွေး ခေါ်မိတာ ပေါ့။ သူခေါ်သလို မခေါ်ချင်တာနဲ့ ဒေါ်ဒေါ်လို့ ခေါ်တာ၊ ဒါပေမယ့်

ရေပါဘူး၊ ထွေးထွေးပဲ ဖြစ်သွားတယ်၊ မတတ်နိုင်တော့ဘူး ထွေး ထွေးရေ၊ သူထင်ချင်သလို ထင်ပေတော့၊ ယမင်းတော့ ထွေးထွေးပဲ ခေါ်တော့မယ်နော်"

"ဩော်. . . မိန်းကလေးရယ်၊ ညည်းမှာလဲ တစ်ဒုက္ခပါ လား"

"ယမင်းရဲ့ဘဝပေးကုသိုလ်ပေါ့။ ဒါထက် ယမင်းကို စင်သီ ယာအကြောင်း ထွေးထွေး သိသလောက် ပြောပြပါလား"

ယမင်းခိုင်သည် သိလိုသောအချက်ကို ဒေါ်ထွေးအား မေး လိုက်ရသည်။

စင်သီယာသည် ယောကျ်ားသားတစ်ဦးကို အတော်ပိုင်စိုး ထားနိုင်လွန်းသော မိန်းကလေးတစ်ဦးအဖြစ် ယမင်းခိုင် မှတ်တမ်း တင်ကာ သိချင်မြင်ချင်လာသည်။

"စင်သီယာက လှတယ်ဆိုပေမယ့် ဒေါ်ထွေးရဲ့မျက်စိထဲမှာ တော့ ကိုးရိုးကားရားနိုင်တာ အမှန်ပဲ၊ ယမင်းလို ကျက်သရေရှိပြီး ငြိမ်းချမ်းတဲ့အလှ မဟုတ်ဘူး၊ ဒါပေမယ့် ဇော်ထိုက်ကလည်း ထူးမခြားနား မဟုတ်လား၊ ပုံစံတူ စရိုက်တူ တွဲမိကြိုက်မိကြတာပေါ့။

အာရ်အိုင်တီ စတက်ကတည်းက တွဲကြတာပဲ၊ ဒါပေမယ့် ဒေါ်ထွေးတို့ကတော့ ကလေးက အတွဲများတော့ စွဲစွဲလန်းလန်း ဖြစ်လိမ့်မယ် မထင်ဘူး"

ယမင်းခိုင် အံ့ဩသွားသည်။ သူနှင့် ပတ်သက်၍ စင်သီ ယာ တစ်ဦးတည်းသာ ရှိခဲ့သည်ဟု မှန်းဆထားမိခြင်းအတွက် မှား သွားလေပြီ။

"သူက အတွဲများတယ်လား"

"ဟုတ်တယ်လေ. . . ငွေကို သုံးဖြုန်းနိုင်ပြီး ကားတလေး ဘဝီဝီနဲ့ ကိုယ်တိုင်မောင်းပြီး ကျောင်းတက်နေတဲ့ ကျောင်းသားက

www.burmeseclassic.com

www.burmeseclassic.com

လည်း ဖြစ်၊ ရုပ်ကလည်း ချောတော့ ရည်းစားထည်လဲ သုံးတာ မဆန်းလှဘူးဆိုပြီး ထွေးထွေးတို့လည်း တားမရတဲ့အဆုံး ကြည့်နေရတာပေါ့"

ယမင်းခိုင်သည် မိန်းမဆားထုအတွက် ခံပြင်းသောစိတ်ကလေး ဝင်ရောက်လာသော်လည်း တက္ကသိုလ်ကျောင်းထွက်တစ်ဦးမို့ ဖြစ်တတ်သော သဘောသဘာဝများကို သိမြင်ခဲ့ရသဖြင့် ငြိမ်သက်စွာပင် နားထောင်နေလိုက်သည်။

"ဒါပေမယ့် ကလေးက အပျော်တွဲရုံတွဲတာ၊ ဘယ်သူ့ကိုမှ မစော်ကားဘူး၊ သူက ပျော်ပျော်နေတတ်တာကိုး၊ စဟယ် နောက်ဟယ် ပြောင်ဟယ်၊ သူငယ်ချင်းတွေကိုလည်း တအားခင်တတ်တယ်၊ စာဘက်ကလည်း မလစ်ဟင်းဘူးလေ၊ ဒါပေမယ့် ဘွဲ့ရပြီး အလုပ်လည်း ရရော သူက စင်သီယာကို လက်ထပ်ချင်တယ်တဲ့လေ၊ ဒီမှာတင် မနွယ် ရောဂါသည်းပြီး အသည်းအသန်ကို ယမင်းနဲ့ စီစဉ်တာပေါ့"

"ဩော်"

ယမင်းခိုင်ရင်ထဲ၌ နာကျည်းလွန်းလှသဖြင့် ဩော်.. ဟူသောအသံကို မချိတင်ကဲ ရွတ်ဆိုလိုက်သည်။ မိမိသည် နှစ်ဖက်သောမိဘများ၏စီမံမှုကို သဘီးအလိမ္မာ ပီသစွာဖြင့် လက်ခံခဲ့သည်။ မိမိအား မချစ်ခင်မနှစ်သက်သူနှင့် ပေါင်းဖော်ရခြင်းဟူသော ဒုက္ခဝေဒနာတစ်ရပ်သည် အနှောင့်အယှက်ပေးလျက်ရှိသည်။

"အန်တီနွယ်က စင်သီယာနဲ့ ဘာလို့ သဘောမတူတာလဲ၊ ဘာသာရေးတစ်ခုတည်းကြောင့်လား"

"ဘာသာမတူတာလည်း ပါတယ်၊ စင်သီယာစရိုက်ကို မနှစ်သက်တာလည်း ပါတယ်၊ ဆိုရှယ်သိပ်များတယ်လေ၊ ကလေးနဲ့ စရိုက်တူတော့ ကလေးကို ပြုပြင်ပြောင်းလဲမှု ပေးနိုင်မှာ မဟုတ်ဘူး

လို့ ယူဆထားတာ အဓိကပေါ့"

"ယမင်းကရော ပြောင်းလဲပေးနိုင်မှာတဲ့လား"

ယမင်းခိုင်သည် ညည်းညည်းညူညူကလေး ပြောလိုက်သည်။ ယမင်းခိုင်၏ရင်ထဲ၌ မကျေနပ်ခြင်း ဟူသောအမြစ်ကို ခွဲနုတ်၍မရနိုင်သေးပါ။

"ယမင်းက မာနကြီးနေတာကိုး၊ သမီးက နည်းနည်းလျှော့ကြည့်၊ ကလေးကတော့ အောက်သွားမရှိ ဖြစ်မှာ သေချာတယ်၊ ဇော်ထိုက်ဟာ သဘောရိုးကြီးပါ သမီးရယ်"

"ဒီလောက်ကြီးကျယ်တဲ့လူကိုများ. . . ယမင်းတော့ မထင်ပေါင်၊ ယမင်းက လျှော့ပေးရင် သူက မာယာလက်နက်နဲ့ ဖျားယောင်းတယ် ထင်ဦးမယ်၊ အေးအေးပဲ နေပါရစေတော့ ထွေးထွေးရယ်၊ သူ့အပြောနဲ့အထင်ကို ယမင်းကြောက်ပါတယ်"

"ကဲပါ ယမင်းရယ်. . . အလှပြင်ချေတော့၊ ဒေါ်ထွေး မီးဖိုထဲမှာ လုပ်စရာတွေ ရှိသေးတယ်၊ လှအောင်လည်း ပြင်နော်"

"ဒါတော့ မပူနဲ့၊ ယမင်းအလှကြိုက်တာ သိသားနဲ့"

ဒေါ်ထွေး ထွက်ခွာသွားသည့်တိုင်အောင် ယမင်းခိုင်သည် နေရာမှ မရွေ့လျားမိသေးချေ။ ဧည့်ခန်းနံရံပေါ်တွင် ပုံကြီးချဲ့ကာ အလှချိတ်ထားသောဓါတ်ပုံကြီးကို ငေးကြည့်နေသည်။

ဓါတ်ပုံထဲ၌ အင်းလျားလိတ် မင်္ဂလာခန်းမ၏ မီးရောင်စုံအောက်မှ သတို့သား ဇော်ထိုက်နှင့် သတို့သမီး ယမင်းခိုင်တို့သည် လက်မောင်းချင်း ခိုတ်လျက် အလှကြီးလှ၊ အပြုံးကြီးပြုံး၊ အထည်ဝါကြီး ထည်ဝါနေကြသည်။

ထိုစဉ်က ဇော်ထိုက်၏အပြုံးကို ယမင်းခိုင် မခွဲတတ်သော်လည်း ယမင်းခိုင်၏အပြုံးမှာ မချိပြုံးသာ ဖြစ်ခဲ့သည်ကိုတော့ ကာယကံရှင်သာလျှင် အသိဆုံးဖြစ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"မေမေ ဖတ်ဖူးတာ တစ်ခုရှိတယ် သမီး၊ ဘာတဲ့...သြော်.. အိမ်ထောင်ပြုခြင်းသည် လူ့ဘဝကဲ့သို့ပင် ဖြစ်သည်တဲ့၊ နှင်းဆီမွှေ့ယာ မဟုတ်ပါ၊ စစ်တလင်းပြင်တစ်ခုသာ ဖြစ်တယ်တဲ့ သမီးရယ်၊ အိမ်ရှင်မဆိုတာ အိမ်ထောင်ရေး စစ်တလင်းပြင်ရဲ့ စစ်သူကြီးတစ်ဦးပဲ သမီး၊ စစ်ပွဲရဲ့အနိုင်အရှုံးဟာ အိမ်ရှင်မအပေါ်မှာ မူတည်ပါတယ် သမီး"

နှစ်ဖက်သောမိဘများနှင့် တွဲရိုက်ထားသောပုံကြီးကို ကြည့်ရင်း မိခင်ဒေါ်သင်းသင်းခိုင်၏ဆုံးမစကားကို ကြားယောင်လာသည်။

"သမီးဟာ အိမ်ထောင်ရေး အကျဉ်းသားတစ်ဦးပါ မေမေ"

ရင်ထဲမှ မိခင်ကို ပြောကြားလိုက်သည်။ တစ်ဆက်တည်းမှာပင် ခေါင်းပေါင်းတလူလူ၊ တောင်ရှည်ပုဆိုးနှင့် မိမိလက်ကို ချိတ်ကာ ရွှင်မြူးစွာဖြင့် ခုံခုံကြီး ပြုံးနေသော ဇော်ထိုက်ပုံကို ကြည့်ရင်း အခဲမကျေစွာ ရေရွတ်လိုက်သည်။

"ရှင့်ကြောင့်"

"ရှင့်ကြောင့်"

"ဘာဖြစ်လို့ ကျွန်တော့်ကြောင့် ဖြစ်ရတာလဲ၊ ခင်ဗျားကား လက်ခံလိုက်လို့ စီစဉ်တာ ဖြစ်မှာပေါ့"

မဂ်လာဆောင်ဖိတ်စာများပင် ရရှိနေပြီ၊ ယနေ့မှ ယမင်းသည် ဇော်ထိုက်ကို မြင်ဖူးတွေ့ဖူးသည်။ စကားပြောရသည်မှာ အဆင်မပြေကြပါ။

တွေ့တွေ့ချင်း ဇော်ထိုက်က တောင်းပန်သည်။ သူ့၌ ချစ်သူ ရှိနေသောကြောင့် ယမင်းခိုင်ကို လက်မလပ်လိုပါ။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ယမင်းခိုင်သည် မင်္ဂလာပွဲ မဖြစ်စေရန် မိဘများ တောင်းဆိုမှုကို ငြင်းဆန်ပေးပါရန် တောင်းပန်သည်။

ယမင်းခိုင် ဘုံသြသွားခဲ့သည်။

"သြော်. . . ရှင့်ကြောင့် ဒီလက်ထပ်ပွဲကို ဒီလောက်မြန်မြန် ဆန်ဆန် စီစဉ်တာ ဖြစ်ရမယ်"

"ဟုတ်တယ်. . . မေမေတို့က စင်သီယာနဲ့ သဘောမတူ ကြဘူး. . . ဘာသာမတူလို့တဲ့လေ၊ ထားပါတော့လေ. . . ဒီအကြောင်းက လောလောဆယ် ခင်ဗျားကသာ ငြင်းဆန်ပေးလိုက်ရင် အခြေအနေများ တစ်မျိုးပြောင်းလဲလာနိုင်မလားလို့ ကျွန်တော် တောင်းပန်ရင်း တိုင်ပင်တာပေါ့"

ယမင်းခိုင် တုန်လှုပ်သွားသည်။ မိဘစကားကို နားထောင် တတ်သော ယမင်းခိုင်သည် မိဘတို့ ဆုံးဖြတ်ချက်ကို သဘောတူ လက်ခံခဲ့ပြီးဖြစ်သည်။ မိဘများသည် သားသမီးတို့၏ကောင်းကျိုး ကိုသာ ဆောင်ရွက်ပေးတတ်သည်ဖြစ်ရာ အမှားမဖြစ်နိုင်ပါ။

မိဘစကားနားထောင်သော သားသမီးများသည် ကိုယ် စိတ်နှစ်ပါး ကျန်းမာချမ်းသာမည်ဟုလည်း ယမင်းခိုင် စွဲမြဲယုံကြည် ထားသည်။

ထိုယုံကြည်ချက်တို့သည် ဇော်ထိုက်ကြောင့် ပျက်ပြယ်ရ မလို ဖြစ်နေသည်။

"ခက်တာပဲ. . . ရှင်က ယောကျ်ားပဲ၊ လုပ်စရာရှိ ကိုယ့်ဘာ သာကိုယ် ပြတ်ပြတ်သားသား လုပ်ပေါ့၊ ကိုယ့်ချစ်သူ ကိုယ်ယူပေါ့၊ ရှင်လည်း အရာရှိတစ်ယောက်ဖြစ်နေပြီပဲ၊ အိမ်ထောင်တစ်ခုကို ဦးဆောင်နိုင်နေပြီဥစ္စာ၊ ဘာတွေ တွေဝေစရာ လိုသလဲ"

"ဒါကတော့ မေမေ့ကို ငဲ့ရသေးတယ်လေ၊ မေမေ့ရောဂါက ကျွန်တော့်ကြောင့် ထောက်ခနဲ သေသွားရင် ကျွန်တော့်တစ်သက်

ဆောင်ရွက်နိုင်အောင်ဖြစ်မှာစိုးလို့ပါ၊ ခင်ဗျားဘက်က ပျက်သွားရင် ကျွန်တော့်အတွက် ထွက်ပေါက်တစ်ခု ရမလားလို့လေဗျာ"

ယမင်းခိုင်သည် သူ့အား အကဲခတ်လိုက်သည်။ ရင်ထဲ၌ ခြင်းခြင်း၊ စိတ်ထိခိုက်ခြင်း၊ ယူကျုံးမရခြင်း၊ ဒေါသဖြစ်ခြင်း အစရှိသော ဝေဒနာရပ်အမျိုးမျိုးတို့ စုစည်းကာ သူ့မျက်နှာကို စေ့စေ့ ကြည့်လျက်. . .

"သြော်. . သြော်. . တရားလိုက်တာနော်၊ ရှင့်ကျတော့ ကောင်းကား နားထောင်တဲ့ သားလိမ္မာအဖြစ် သူတော်ကောင်း အရေ ပါယ်၊ ကျွန်မကျတော့ မိဘကို ဆန့်ကျင်ဖို့ လူမိုက်လုပ်ရမယ်၊ လူမိုက်ဌာနတာပေါ့နော်. . . တရားလိုက်တာရှင်"

ဇော်ထိုက်က ခပ်အေးအေးပင် စီးကရက်ကို တစ်ဖွာ ဖွာလိုက်ပြီး အငွေ့များကို မှုတ်ထုတ်ရင်း ဒေါသအရှိန်ဖြင့် ကြွားရဲနေသောယမင်းကို ပြုံးကြည့်ကာ. . .

"ခင်ဗျားပဲ စဉ်းစားကြည့်စမ်းဗျာ၊ ခင်ဗျားက မိန်းကလေး ဆန်နာစရာရှိရင် ခင်ဗျားပဲ နစ်နာမှာ၊ ခင်ဗျားကို မချစ်မနှစ်သက် တာကို ခင်ဗျား လင်လုပ်ရမယ့်ဒုက္ခနော်"

ယမင်းခိုင် နားထဲ မိုးထစ်ချုန်းသကဲ့သို့ မြည်ဟည်းသွား ဆိတ်လန့်တကြားနှင့်. . .

"အို. . တော်. . တော်ပါတော့ရှင်"

"ကျုပ်က ဟုတ်တာ ပြောတာပဲ"

"ကျုပ်ဆိုက အချစ်ကိုတော့ မမျှော်လင့်နဲ့ဗျ၊ ကျုပ်က ကျုပ် ချစ်သူပဲ"

ယမင်းခိုင် အော်ဟစ်၍ပင် ငိုချင်လာသည်။ ဆုပ်လည်းစူး၊ ကြည်းလွန်း ဘဝမျိုး ရောက်ရှိနေသောဘဝဖြစ်နေ၍ ထိုအချိန်၌ ရုတ်တရက် သေသွားလျှင် ကောင်းလိမ့်မည်ဟု၍

www.burmeseclassic.com

www.burmeseclassic.com

တမ်းတလိုက်ရှာသည်။

"ဒါတွေ ကျွန်မ နားမလည်ဘူး. . . လာပြောမနေနဲ့၊ ရှင့်ကိစ္စ ရှင်ရှင်း၊ ကျွန်မ လူကြီးတွေကို ကတိပေးပြီးနေပြီ၊ လူကြီးတွေ မျက်နှာကို အိုးမည်းသုတ်ပြီး ရှင့်ကို မကူညီနိုင်တဲ့အတွက်တော့ ဝမ်းနည်းပါတယ်"

"ကျွန်တော်က ချောလို့လား"

"ဘာရှင့်"

ဇော်ထိုက်မျက်နှာသည် မချိမချဉ်ဖြင့် ပြုံးယောင်သန်းသည်။ ယမင်းခိုင်သည် ဒေါသကြောင့် အသားများ တဆတ်ဆတ် တုန်လာသည်။

"ထားပါတော့. . . ကျုပ်လို လူချော၊ အမွေအနှစ် ပါတဲ့သူ ဆိုတော့ ခင်ဗျား ဘယ်လက်လွတ်ခံပါ့မလဲလို့"

"ဘာ. . . ရှင်. . ရှင်. . ကဲဟယ်"

"ဖြန်း. . . ဖြန်း"

ယမင်းခိုင်ကပဲ လျင်မြန်၍လား၊ ဇော်ထိုက်ကပဲ မထင်မှတ်ထားသောကြောင့်လားမသိ။ ဇော်ထိုက်ပါးပြင်ထက်သို့ ယမင်းခိုင်၏ဘယ်လက်ဝါးသည် နှစ်ချက်ဆင့်၍ ကျသွားသည်။ ဇော်ထိုက်ကား အပြုံးမပျက်ဘဲ. . .

"အနာပေါ် တုတ်ကျသွားသလား ဒေါ်ယမင်းခိုင်၊ ခင်ဗျားဟာ သိပ်လှပါတယ်၊ ခင်ဗျားအတွက် ယောကျ်ားမရှားပါဘူး၊ ခင်ဗျားမှာ ချစ်သူမရှိခဲ့ဘူးဆိုရင်တောင်မှ ခင်ဗျားကို ပရိုပို့စ်လုပ်ထားတဲ့သူတစ်ယောက်ကို ခင်ဗျားခေါင်းညိတ်လိုက်ရင်တောင် ကျုပ်ကို ယူရတာထက် အဆကုဋ္ဌေလောက် စိတ်ချမ်းသာသွားမှာပါဗျာ၊ ကျုပ်နာမည်နဲ့ ဘဏ်မှာ ဖွင့်ထားတဲ့ငွေတစ်ဝက် ခင်ဗျားကို လက်ဆောင်ပါ့မယ်၊ ကျုပ်ကို ကူညီပါဗျာ"

ယမင်းခိုင် ဆောက်တည်ရာ မရချင်တော့။ ထူပူသလို ဖြစ်နေသော ဘယ်လက်ဝါးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်၊ မျက်ရည်များ ရစ်ဝဲလာသည်။ အိမ်ထောင်ဖက်စာစုံ တည်ဆောက်ရန် ဤမျှ တုန့်လှုပ်ဖွယ်ကောင်းသော ပြဿနာတစ်ရပ်နှင့် ကြုံတွေ့ရလိမ့်မည်ဟု သူ မမျှော်လင့်ထားသဖြင့် ဘာလုပ်ရမှန်းသည်း မသိတော့ပါ။ ဒေါသဖြစ်ခြင်း၊ ဝမ်းနည်းခြင်းကြောင့် မျက်ရည်များ ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်ခတ်၍ သိမ်းဆည်းလိုက်သည်။

"ရှင်သိပ်လွန်နေပြီ. . . ဒီလိုဆိုလည်း မိဘအစုံအညီကို ကျွန်မကပဲ ရှင့်ကိုယ်စား တောင်းပန်ပြီး ဖျက်သိမ်းဖို့ ပြောပေးပါ့မယ်"

"ဟာ. . . ဒါက ခင်ဗျားပြောမှလား၊ ကျုပ်မိဘတွေ ကျုပ်ကြိုးပြီပဲ. . . ရမှ မရတာ၊ ခင်ဗျားသာ တစ်ယောက်ယောက်နဲ့ လိုက်ရင်တော့ အေးမှာပေါ့ဗျာ"

"ဒါကတော့ မဖြစ်နိုင်ဘူး ထင်တယ်၊ ကျွန်မမှာ ချစ်သူမရှိတာကို လူကြီးတွေက အားလုံးသိပြီးသား"

"ခက်တာပဲဗျာ"

သူက ညည်းညူရင်းမှ စားပွဲပေါ်မှ ယမင်းကိုယ်တိုင် ဖျော်ထားသော စတော်ဘယ်ရီဖျော်ရည်ကို ယူသောက်လိုက်သည်။ ယမင်းခိုင်သည် သူ့အား တစ်ချက်ခိုးကြည့်လိုက်သည်။ မိမိရိုက်နှက်ခြင်းကြောင့် နီရဲသွားသော သူ၏ဘယ်ဘက်ပါးပြင်ကို တွေ့လိုက်ရပြန်တော့ တုန်လှုပ်သွားသည်။ မေမေသာ သိလျှင် မိမိအား ဆူပူပေဦးတော့မည်။

"ကျွန်တော့်ဘဝကုသိုလ်ကလည်း ဆိုးပါတယ်ဗျာ၊ ချစ်သူနှင်းခြင်းဒုက္ခ၊ မချစ်မနှစ်သက်သောသူနဲ့ ပေါင်းဖော်ရခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကြူ ဒေါ်ခွန်စုရုပ်စလုံးကို တစ်ပြိုင်နက် ခံစားရတော့မှာပဲ"

"သေလိုက်ပါလား. . . အဲဒါ ရှင်မှ မပြတ်သားတာ"

ယမင်းခိုင်က အမြင်ကတ်ကတ်နှင့် ပြောချလိုက်သည့် သူသည် သွားပေါ် အောင် ပြီးလိုက်ပြီး. . .

"မသေပါရစေနဲ့ဦး. . . ခုမှ မိန်းမရမယ် ကြံကာ ရှိတယ်၊ ယောကျ်ားဆို အသေရရ အရှင်ရရ လိုချင်နေတဲ့မိန်းမနဲ့

"ဟာ. . . ရှင်"

ယမင်းခိုင်သည် လက်ရွယ်ကာ သူ့ပါးပြင်သို့ အား ရိုက်ချလိုက်သည်။ သို့သော် ဤတစ်ချီတွင်တော့ ဇော်ထိုက်ပါး ပေါ် သို့ မထိတွေ့လိုက်ရတဲ့ ဇော်ထိုက်၏လက်ဖြင့် ဆုပ်ကိုင်ဖမ်း ခြင်းကို ခံလိုက်ရ၏။

"ရှင်. . လွှတ်. . လွှတ်နော်"

ဇော်ထိုက်က မလွှတ်သေးဘဲ မြဲမြံစွာ ဆုပ်ကိုင်ထား

"ခင်ဗျားက မိန်းမပါ၊ နစ်နာစရာရှိရင် ခင်ဗျားပဲ နစ်နာ ပါ၊ ကြားဖူးတယ် မဟုတ်လား၊ ဆူးကျလဲဖက်၊ ဖက်ကျလဲဖက်တဲ့ စဉ်းစားပါ ဒေါ်ယမင်းခိုင်၊ ကျုပ်က ဘယ်မိန်းကလေးကိုမှ အော ကျခံပြီး ခယတဲ့ထုံးစံ မရှိခဲ့ပါဘူး၊ အထူးသဖြင့် ကိုယ်မချစ်တ ကိုယ့်ဘဝကို ချည်နှောင်ချင်တဲ့လူဆိုရင် သာဆိုးသေး၊ ဒီ လက်ထပ်ပြီးရင် ခင်ဗျား ကျုပ်ကို မယားတစ်ယောက်ရဲ့ အာဏာတွေ သုံးပြီး ချည်တိုင်မှာ ချည်ဖို့ မကြိုးစားရဘူး၊ ကျ သာ ကျုပ်နေချင်သလို နေမယ်၊ ခင်ဗျားကိုလည်း ကျုပ်မခြယ် ဘူး၊ ခင်ဗျားကြိုက်တဲ့လူ တွေ့ရင် ခင်ဗျားကို ကျုပ်ကွာ အဲဒီအချိန်ဆိုရင် မိဘတွေကလည်း နားလည်ပြီး ခွင့်လွှတ် မယ် ထင်တာပဲ"

စကားဆုံးသည်နှင့် ယမင်းခိုင်လက်ကို လွှတ်

သည်။ ယမင်းခိုင်သည် တုန်လှုပ်ချောက်ချားစွာဖြင့် သူ့အား နား မလည်စွာ ကြည့်လိုက်သည်။ သူတ အေးဆေးစွာ ဆက်ပြော၏။

"ခင်ဗျားကို လက်ထပ်ပေမယ့် လက်ဖျားနဲ့တောင် တို့မှာ ဟေတ်ဘူး၊ ကျုပ်က ချစ်သူနဲ့ပဲ လက်ထပ်ပေါင်းဖော်ချင်တဲ့ကောင် ကိုးဗျ၊ မချစ်တဲ့လူနဲ့ဆိုရင်တော့ စိတ်သာချ၊ ကျုပ်က ခင်ဗျားကို အလှပဲ ကြည့်မယ်၊ ခင်ဗျားကလည်း လှတာကိုး"

"ရှင်နော်"

"ဘာလဲ. . . ခင်ဗျားမကျေနပ်ဘူးလား၊ ဒါဆိုလည်း ရုပါ တယ်၊ ကျုပ်အရှုံးမရှိပါဘူး"

"အို. . . ဘာလို့ မကျေနပ်ရမှာလဲ. . . ကျေနပ်တယ်၊ တာယ်နော်. . . ရှင် လက်ဖျားနဲ့တောင် မတို့ရဘူးနော်၊ ရှင်ကတိ ပေးမှာလား"

ယမင်းခိုင် ပျာပျာသလဲ ပြောလိုက်သည်။ သူ စိတ်ပြောင်း သွားမှာ စိုးရိမ်လွန်း၍ဖြစ်သည်။

"ကျုပ်က ယောကျ်ားပါဗျ၊ ပေးပြီးတဲ့ကတိကို ဘယ်တော့မှ ဖျောက်တတ်ပါဘူး၊ အဲ. . . တစ်ခုတော့ ခင်ဗျားဆီက ကတိလည်း ပြန်တောင်းရဦးမယ်"

"ဘာလဲ"

ဇော်ထိုက်သည် ယမင်းခိုင်မှက်နှာကို စေ့စေ့စပ်စပ် ကြည့် ဘာ မထေမဲ့မြင်ပြုံးဖြင့် ပြုံးလျက်. . .

"ခင်ဗျားကလည်း မိန်းမမာယာ သဲကိုးဖြာ သုံးပြီး ကျုပ်ကို အဓိဖမ်းဖို့ မကြိုးစားနဲ့ဗျနော်"

"ရှင့်ကိုမျာ. . အဟင်း. . ဟင်း. . ရှင်က ရှင့်ကိုယ်ရှင် အဆော်အထင်ကြီးတယ်နော်"

"သိနိုင်ဘူးလေဗျာ. . . မိန်းမတွေကတော့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com

ချောတယ်လို့ ပြောကြတာပဲ၊ ခင်ဗျားစိတ်ထဲလည်း ကျုပ်ကို ဘယ်လို ကောက်ချက်ချထားတယ်ဆိုတာ ကျုပ်မှန်းဆလို့ရပါတယ်"

"ရှင့်တိုလား. . . လူပျော့လူညံ့လို့ပဲ မြင်တယ်၊ ကိုယ့်အပြစ်တို့ သူများထံ လွှဲချချင်တဲ့လူလေ၊ ကိုယ့်အလှကို ကိုယ်အထင်ကြီးတဲ့လူလို့"

"ပြီးတော့ရော. . "

"တော်ပြီရှင်. . . ရှင်ပြန်ရင် ကောင်းမယ်ထင်တယ်"

"သတို့သားလောင်းကို ဒီလိုပဲ နှင်ရသလား. . . ပြန်မှာပါ နေပါဦး. . . ခင်ဗျားဆီက ကတိမတောင်းရသေးဘူး၊ သြော်. . . ဘုရားလောင်း ဥဒေါင်းမင်းတောင်မှ ဥဒေါင်းမရဲ့မာယာညွှတ်ကွင်းနဲ့ ထောင်ဖမ်းတော့ ဖမ်းမိသေးတာပဲ၊ ကျုပ်လို ပုထုဇဉ်လူသားက ဒုတ့် အမိရဲ့မာယာနည်းဗျူဟာထဲက နည်းတစ်နည်းပဲသုံး မိမှာပဲ၊ အဲဒီတော့ မာယာစစ်ဆင်ရေး ရည်ရွယ်ချက်တွေ ရှိရင် ဖျက်သိမ်းထားပေးပါ့မယ်ဆိုတာရယ်၊ မာယာညွှတ်ကွင်းနဲ့ ထောင်ဖမ်းတဲ့အလုပ်ကို မလုပ်ပါဘူးဆိုတာရယ် ကတိပေးပါလို့ တလေးတစားနဲ့ တောင်းပန်ပါတယ် သတို့သမီးခင်ဗျ"

ပြောင်ချော်ချော်နှင့် ထိုင်ရာမှ ထကာ ဦးညွှတ်ရင်း ပြောကြားလိုက်သဖြင့် ယမင်းခိုင် စိတ်လှုပ်ရှားစွာ ရပ်လိုက်ပြီး. . .

"ဖြစ်ရလေ. . . ကျွန်မအတွက် စိတ်ချပါ၊ ကျွန်မ ဝမ်းမြောက်ဝမ်းသာစွာနဲ့ကို ရှင်တောင်းတဲ့ကတိကို ပေးပါတယ်၊ ရှင့် ဘက်ကလည်း ကျွန်မကို ပေးထားတဲ့ကတိ တည်အောင် ထိန်းနော်"

"အိုကေ. . . စိတ်ချ၊ ကျုပ်က မချစ်တဲ့သူဆိုရင် မစင်ထက်တောင် ရွံသေးတယ်"

"ကောင်းပါတယ်. . . ဒီလိုမြင်နိုင်ပါစေလို့လည်း ကျွန်မက ဆုတောင်းပါတယ်"

"ပြန်မယ်. . . လက်ထပ်ပြီးတာနဲ့ ညရထားနဲ့ပဲ မန္တလေးသွားမယ်၊ နောက်နေ့ ပြင်ဦးလွင် တက်တာပေါ့၊ ဒါမှ လူကြီးတွေ ဝမ်းသာမှာ မရိပ်မိမှာ"

"ကောင်းပါတယ်"

"ဒီကြားထဲမှာ ကျွန်တော် မလာတော့ဘူး. . . ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ်"

"ဒါဖြင့် သွားမယ်၊ ကျုပ်ဘဝမှာ စင်သီယာသာ မရှိခဲ့ရင် ခင်ဗျားနဲ့ လက်ထပ်ရတာ ပျော်စရာ သိပ်ကောင်းမှာ၊ ဘာဖြစ်လို့လဲဆိုတော့ သတို့သမီးက သိပ်လှနေတာကိုးဗျ"

ဦးခေါင်းကို ဆတ်ခနဲ ညွှတ်ကိုင်းပြီးနောက် ပြုံးကာ ထွက်သွားသည်။ ယမင်းခိုင်ရင်ထဲ အမည်မသိနိုင်သော ဝေဒနာတစ်ရပ်ကို ခံစားရင်း ထိုင်ခုံပေါ်တွင် အရှုပ်ကြိုးပြတ် ထိုင်ချကျန်ခဲ့သည်။ မိခင်ဒေါ်သင်းသင်းခိုင်ကို ငိုရှိက်ကာ ပြောကြားလိုပါသော်လည်း သနားစဖွယ်ကောင်းသော မိခင်၏စကားများကို ကြားယောင်လာသည်။

"သမီး. . . ဇော်ထိုက်အမေ မန္တယ်က မေမေတို့ကို သိပ်ကူညီတာ၊ လေးဘီးဝယ်ဖို့ ငွေမပြည့်တုန်းကလည်း မန္တယ်က စိုက်ပေးထားတာ၊ အတိုးလည်း မယူဘူး၊ ဆပ်တာတောင် မကျေသေးဘူး ဖေဖေ ပင်စင်ယူပြီး တွင်ခုံလေး ထောင်ချင်တယ်ဆိုတော့လည်း လိုတဲ့ငွေကို ထုတ်ပေးခဲ့ပြန်တယ်၊ ခု. . သမီးကို လာတောင်းဆာက သူ့အခက်အခဲတစ်ခုကို ကူညီပေးဖို့ တောင်းပန်ပြီး ခွင့်တောင်းရှာတာ၊ သူက နှလုံးရောဂါသည်ပါ သမီး"

"ဘာအခက်အခဲ ရှိလို့လဲ မေမေ"

"ဩော်. . . သူ့သားက သိပ်ကိုကလေးဆန်၊ အရာရာကို

www.burmeseclassic.com

www.burmeseclassic.com

လိုတရုပ်စံနဲ့ဆိုတော့ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ အသုံးအဖြုန်းကြီးတယ်၊ သူ့ဘဝရှေ့ရေး ကောင်းဖို့အတွက်က အစစအရာရာမှာ တတ်သိ လိမ္မာရေးခြားရှိပြီး အိမ်ထောင်တစ်ခုလုံးကို ခိုင်ခိုင်နင်းနင်း ဦးစီးနိုင်မယ့် သမီးလို မိန်းကလေးမျိုးနဲ့ လက်ထပ်စေချင်ရှာတယ်တဲ့လေ"

မိခင်ပြောခဲ့သောစကားနှင့် ယခုစကား တခြားစီဖြစ်ခဲ့ပြီး ယမင်းခိုင် မျက်ရည်များ အိုင်ထွန်းလာသည်။ အံကြိတ်လိုက်သည်၊ မိခင်အသံကိုကား ဆက်လက်ကြားယောင်နေဆဲပင်။

"သမီးဘဝရှေ့ရေးအတွက်ပါ သမီးရယ်၊ ရှင်းရှင်းပြောရရင် မေမေတို့ တစ်မိသားစုလုံးအတွက်ပါ အထောက်အကူ ရတယ်လေ၊ သမီးတို့ လက်ထပ်ပြီးတာနဲ့ သူတို့ ပိုင်ဆိုင်ခွင့်မှန်သမျှကို သမီးတို့နှစ်ယောက်နာမည်နဲ့ လွှဲပြောင်းပေးမှာ၊ ခုလည်း သမီးကို လာတောင်းတဲ့အခါ မေမေတို့ကို ငွေနှစ်သိန်း ထုတ်ပေးသွားတယ်၊ မင်္ဂလာစရိတ်အတွက် မဟုတ်ဘူး၊ မေမေတို့လုပ်ငန်း တိုးချဲ့ဖို့တဲ့လေ၊ အရင်အကြွေးလည်း ဆပ်စရာ မလိုတော့ဘူးတဲ့၊ သမီးကို ငွေနဲ့ ရောင်းစားတာ မဟုတ်ဘူးနော် သမီး၊ မေမေတို့က တရားရှိပါတယ်၊ သမီးမှာ ချစ်သူရှိနေရင် ဘယ်လက်ခံပါ့မလဲ သမီးရယ်၊ မရှိလို့လည်း ရဲရဲတင်းတင်း လက်ခံလိုက်တာပါ"

မိခင်ပြောတုန်းက ရင်ခုန်စွာနဲ့ ကျေနပ်ခဲ့ပါသည်။

"မေမေတို့ ဝမာလူမျိုးတွေမှာ ခုလို သားရှင်တွေဘက်က တန်ဖိုးထားပြီး တောင်းရမ်းခြင်း ခံရတဲ့ မိန်းကလေးရဲ့ဂုဏ်သိက္ခာဟာ သိပ်ကို မြင့်မားပြီး ဂုဏ်ယူစရာကောင်းပါတယ် သမီးရယ်၊ ယခုခေတ်မှာလို သားရှင်တွေ စွေးတွက်,တွက်ပြီးမှ ဂုဏ်ချင်းထပ်ဥစ္စာချင်း ထပ်ပြီး လက်ထပ်ကြတဲ့ခေတ်မှာ ရှားရှားပါးပါး သမီးကို တန်ဖိုးမြင့်ပေးတာကိုပဲ မေမေတော့ သိပ်ဝမ်းသာတယ် သမီးရယ်၊

သမီးစိတ်ထဲ ရှင်းပါတယ်နော်၊ မေမေ မန္တယ်ကို အကြောင်းပြန်လိုက်တော့မယ်"

ယမင်းခိုင်သည် မိခင်စကားကို နှားလည်တစ်ဝက် မလည်ခြင်းတစ်ဝက်ဖြင့် ခေါင်းညိတ်ခဲ့ပါသည်။ ခေါင်းညိတ်ပြီး ရုက်မကြာခင် လက်ထပ်ရန်ပင် စီစဉ်ပြီးကြလေပြီ။

ယခုတော့ ကျဆင်းလာသောမျက်ရည်များကို လက်ဖမိုးဖြင့် သုတ်လိုက်သည်။ ဖြစ်သမျှအကြောင်းတို့ကို မိမိသာလျှင် ခါးစည်းခံတော့မည်။ မိမိအတွက် ပေးခွင့်ရှင်နေသော မိဘမောင်နှမများကို မည်သူ့ကိုမျှ ဖွင့်ဟတိုင်ပင်ခြင်း မပြုတော့ရန် ဆုံးဖြတ်လိုက်သည်။ တစ်ဆက်တည်း၌...

အချစ်ရေးနှင့်အိမ်ထောင်ရေးသည် ဒွန်တွဲနေတတ်သကဲ့သို့ အပြန်အလှန် အကျိုးသက်ရောက်မှုလည်း ရှိနေတတ်သည်ကို တွေးမိသည်။

"ယမင်းရေ...ယမင်း"

မိခင်ခေါ်သံကြောင့် မိမိမျက်နှာအနေအထားကို အတတ်နိုင်ဆုံး ပြင်လိုက်သည်။ ဟန်ဆောင်ပြုံးရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃)

"ယမင်းရေ. . . ယမင်း"

"ရှင်. . "

အတိတ်သို့ ခေတ္တအလည်ရောက်သွားခဲ့သော ယမင်းခိုင်သည် ဒေါ်ထွေး၏ခေါ်သံကြောင့် အလန့်တကြား ဖြစ်သွားသည်။

"ကိုးနာရီတောင် ထိုးပြီးပြီ၊ ခုထိ မပြင်သေးဘူးလား"

"အို. . . ဟုတ်ပါရဲ့. . . ပြင်ပြီ၊ ခုပဲ ရေချိုးတော့မလို့ပါ ထွေးထွေး"

ယမင်းခိုင်သည် ပြောပြောဆိုဆိုနှင့် ည့ဉ်ခန်းမှနေ၍

လေ့ကားပေါ်သို့ အပြေးတပိုင်း တက်လိုက်သည်။

ရေချိုးအလှပြင်ခြင်းတို့ကို တစ်နာရီနီးပါး စိတ်ရှည်လက်ရှည် ပြုလုပ်လိုက်သည်။

ဘီအီးဒီဆင်း ကျောင်းသူပီပီ ဆံထုံးအမျိုးမျိုး ထုံးသောအတတ်ကိုတော့ ယမင်းခိုင် ကျွမ်းကျင်သည်။ ဆရာမပီပီ ပန်းအမျိုးမျိုးကိုလည်း မရိုးအောင် ပန်တတ်သည်။ ယိုးဒယားဆံထုံးနှင့် ဂျပန်ဆံထုံးပုံစံနှစ်မျိုးကို ပေါင်းစပ်ထုံးထားသောဆံထုံးအတွက် သစ်ခွပန်းနဲ့မှ လိုက်ဖက်လေရာ ပန်းမဝယ်ရသေးသည့်အဖြစ်ကို သတိရလိုက်သည်။

ဝတ်ထားသော မရမ်းစေ့ရောင် ဘီဘဲလ်ဂျင်းနှင့် မရမ်းစေ့ရောင် ကြိုးလုံးဇာနှင့် လိုက်ဖက်သော ဆံထုံးခရမ်းရောင်လေးကို ဆံထုံး၌ စိုက်လိုက်သည်။

လက်ဝတ်လက်စားဘူးကို ဖွင့်ကြည့်လိုက်သည်နှင့် ယမင်းခိုင် ရင်ထဲ နာကျင်သွားသည်။ ပြိုးပြိုးပျက်ပျက် လက်နေသော စိန်တစ်ဆင်စာ၊ ပတ္တမြားတစ်ဆင်စာတို့သည် ယမင်းခိုင်ကို လှောင်ပြောင်နေသည်။ ဘူးကို ပြန်ပိတ်လိုက်သည်။

ယောကျ်ားမဖြစ်သူ ဒေါ်သူဇာနွယ်သည် မိမိအား ရွှေ၊ ငွေ၊ စိန်၊ ပတ္တမြားတို့ဖြင့် ဝယ်ယူကာ သူ့သားအား အလုပ်အကျွေးပြုခိုင်းလေခြင်းလား ဟူသောအတွေးကြောင့် ရင်မှာ တုန်ခနဲ နာကျင်လာရှိစဉ်. . .

"ယမင်းရေ. . ဒေါ်ထွေးဝင်မယ်နော်"

"ဝင်ခဲ့လေ"

မိခင် ဆင်ထားသော ပုလဲပုတီးလေးကိုသာ လည်တိုင်၌ ဆွဲလိုက်သည်။ ဒေါ်ထွေးသည် စေ့ထားသောတံခါးကို တွန်းလှစ်ကာ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"အားပါး. . . လှလိုက်တာ မိန်းကလေးရယ်"

ယမင်းခိုင် ကျေနပ်စွာ ပြုံးလိုက်သည်။ မည်သည့်မိန်းကလေးမဆို မိမိအား လှသည်ပြောခြင်းအတွက် နှစ်သက်ဂုဏ်ယူတတ်ကြသည်။

"ဒီမှာကြည့်စမ်. . . ဘာလဲလို့၊ အတော်ပဲကွယ်. . . ဝတ်ထားတဲ့အရောင်နဲ့ ဟပ်နေတာပဲ"

ဒေါ်ထွေးသည် ခရမ်းရောင် ပြေးနေသော သစ်ခွပန်းတစ်ပွင့်ကို မြွောက်ပြရင်း ပြောလိုက်သည်။ ယမင်းခိုင်မျက်နှာဝင်းပသွားသည်။

"ဟယ်. . . ကြည့်စမ်း၊ အတော်ပဲ ထွေးထွေးရယ်၊ ခုနကတောင် ယမင်း သစ်ခွပန်းကို တမ်းတသေးတယ်၊ ဘယ်ခြံက ရတာလဲဟင်၊ ထွေးထွေးက သိပ်ချစ်ဖို့ကောင်းတယ်၊ ယမင်းဆန္ဒကို ဖြည့်ပေးနိုင်တယ်"

ဒေါ်ထွေးက ပြုံးလျက်. . .

"ပန်းပေးလို့ ချစ်ဖို့ကောင်းတာဆိုရင် ကျုပ်ကို မချစ်နဲ့"

ယမင်းခိုင်က မျက်စောင်္ကာ ပန်းကို လှမ်းယူရင်း. . .

"ဘာကြောင့်. . . "

"ဒီပန်းကို ကလေးဝယ်တာလေ၊ ဆယ့်ငါးကျပ်တောင် ပေးရတယ်တဲ့"

"ဟင်. . . သူဝယ်တာ"

ယမင်းခိုင် စိတ်ထဲ အလိုမကျချင်တော့၊ ပန်းကို မှန်တင်ခုံပေါ်သို့ အသာအယာ တင်လိုက်သည်။ ဒေါ်ထွေးက ပျာပျာသလဲနှင့်. . .

"အမယ်လေး. . . မပန်ဘဲတော့ မနေပါနဲ့၊ ကလေးက အကျင့်ပါနေပြီလေ၊ သူ့အမေ မန္တယ်အတွက် ဒီလိုပဲ သွားစရာ

ဘာစရာ ရှိတိုင်း ပန်းချဝယ်ပေးနေကျမို့ အကျင့်ပါလာတာလေ၊ အမေခိုက်လို့အေ. . . ကိုယ့်ဘာသာကိုယ် ပန်စရာရှိ ပန်လိုက်ပေါ့အေ"

ယမင်းခိုင် ပြုံးလျက်နှင့်ပင်. . .

"မစိုးရိမ်ပါနဲ့ ထွေးထွေးရဲ့၊ ယမင်းကလည်း ပန်မလို့ပါပဲ၊ ပန်းဆိုရင် ဘယ်သူပေးပေး ပန်တာပဲ၊ ပန်းကလေးတွေဟာ ပန်းပန်သူ သူတို့ရဲ့အလှဟာ ဂုဏ်တင့်လေပဲ၊ ယမင်းက ပန်းမရွေးတတ်ပါဘူး ဒါပေမယ့် ပန်းဆိုတာ သူ့နေရာနဲ့သူ မပန်တတ်ရင် တိုက်ဂေါ်ဘီးလို့ အပြောခံရမှာလည်း စိုးရသေးတယ်"

ဆံထုံးကို ဖြေတ်ကာ ပန်းကလေးကို တင့်တယ်စွာ ပန်လိုက်သည်။ ဒေါ်ထွေးသည် ကြည့်မဝသည့်အလား ယမင်းခိုင်ကို ခြေဆုံးခေါင်းဖျား ကြည့်ရင်း. . .

"လူကလည်းလှ၊ ဝတ်ထားတဲ့ပုံကလည်းလှ၊ ပန်းကလေးကလည်းလှနဲ့၊ ကဲ. . . အောက်ထပ်မှာ မောင်တော် စောင့်နေပြီ. . . သည်တဆန့်ဆန့်နဲ့လေ"

"ဆယ်နာရီထိုးဖို့ ငါးမိနစ်ပဲ လိုတော့တာကိုး၊ ပြီးပြီလေ. . . ဆင်းတော့မယ်၊ ထွေးထွေး ရှေ့ကဆင်း"

"အို. . . ကိုယ့်ဘာသာကိုယ် ဆင်းပါလား၊ ကျုပ် အပေါ်မှာ လုပ်စရာရှိသေးတယ်"

"အဲဒီလိုတော့ မရက်စက်ပါနဲ့ ထွေးထွေးရယ်၊ ယမင်း မနေတတ်လို့ပါ"

"အေး. . . အေး. . . မိန်းကလေးကလည်း လှတာကိုး၊ ကလေးတော့ ငိုက်ကျသွားမှာ မြင်ယောင်သေးတယ်၊ လာ. . . သာ"

ယမင်းခိုင်သည် ပုလဲလုံးကလေးများဖြင့် သီကြားသော

www.burmeseclassic.com

www.burmeseclassic.com

လက်ကိုင်အိတ်ကို ကိုင်ကာ ကလေးအတွက် လက်ဆောင်ထုပ်ကို ယူလျက် ဒေါ်ထွေးနောက်မှ ကပ်၍ဆင်းခဲ့သည်။

အောက်ထပ်ဧည့်ခန်းထဲတွင် လည်တဆန့်ဆန့်နှင့် စောင့်နေသော ဇော်ထိုက်သည် ယမင်းခိုင်၏အလှကို မှင်သက်စွာဖြင့် ရုတ်တရက် ငေးမိသွားသည်။

"ကလေးရေ.. ရော့.. ရော့.. မျက်လုံး"

ဒေါ်ထွေးက တစ်စုံတစ်ခုကို ကောက်ဟန်ပြုပြီး လှမ်းပေးသလို လုပ်လိုက်သည်။ ဇော်ထိုက် ရှက်ရမ်းရမ်းကာ မျက်နှာရဲရဲဖြင့်...

"ဟာ... လှလို့ကြည့်တာ ဘာဖြစ်လဲ ထွေးထွေးရဲ့၊ သူက လည်း တမင် ကလေးကြည့်အောင် ပြင်လာတာပဲ မဟုတ်လား"

"ဘာ... ရှင်ကြည့်ဖို့ ပြင်တာမဟုတ်ဘူး၊ ပြင်သင်တဲ့ နေရာမို့ ပြင်တာ၊ ရှင့်ကြောင့်ဆိုရင် ဝေးသေး"

ယမင်းခိုင် ပြောပြောဆိုဆိုနှင့် ရှေ့မှ ထွက်ကာ ကားရှိရာသို့ ထွက်သွားသည်။ ဇော်ထိုက်သည် ယမင်းခိုင်၏နောက်ကျောကို ငေးကြည့်ရင်းမှ ထွေးထွေးအား ပခုံးတွန့်ပြလိုက်သည်။

"ကောင်းတယ်... ဒီက လမ်းခင်ပေး၊ မင်းက ဖျက်ပစ်နဲ့ နီးစပ်တော့မှာပဲ ဒီပုံစံအတိုင်းဆိုရင်၊ ကဲ.. လိုက်သွားလေ"

"ထွေးထွေးဖို့ ပဲပလာတာ ဝယ်ခဲ့မယ်နော်၊ အဟဲ... ရင်ခုန်လိုက်တာ ထွေးထွေးရယ်"

"ဩော်... ကလေးရယ်၊ မင်းမှာလည်း ခက်နေပြီ"

"တီတီ... တီတီ"

ယမင်းခိုင်ထံမှ ဟွန်းသံထွက်လာသည်။

"တွေ့လား... မာနဘုရင် အလှရှင်က အစွမ်းပြနေပြီ"

ဇော်ထိုက်သည် ရယ်ရယ်မောမောဖြင့် ဒေါ်ထွေးကို နှုတ်

ဆက်ကာ ကားရှိရာသို့ လှမ်းလာခဲ့လေသည်။ ဖိလစ်ဂျစ် ရှေ့ခန်းဘောင် မိန့်မိန့်ကလေး ထိုင်နေသော ယမင်းခိုင်က...

"ရှင်နဲ့ တွဲထိုင်ချင်လို့ ထိုင်နေတာ မဟုတ်ဘူးနော်၊ လူမြင်ကွင်းတယ်အောင်လို့ ထိုင်တာ"

"မသိပါဘူး... ကျုပ်က ကျုပ်နဲ့မှား တွဲထိုင်ချင်သလားဆိုပြီး ဝမ်းသာသွားတာ"

"ကြောင်တယ်နော်"

ဇော်ထိုက်သည် ဒရိုင်ဘာနေရာ ဝင်ထိုင်လိုက်ပြီး ကားကို စက်နှိုးလိုက်သည်။ ယမင်းခိုင်က တံခါးပိတ်ရင်း မိမိတို့ကို မျက်စိဆုံး ကြည့်နေသော ဒေါ်ထွေးကို လက်ပြလိုက်သည်။

"ကင်ပွန်းတပ်အိမ်က ဘယ်နားမှာလဲ"

"ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(..)မှာ သိရဲ့လား"

"သိတာပေါ့... ပြင်ဦးလွင်မှာ ဇော်ထိုက် ခြေမချဖူးတဲ့နေရာ မရှိဘူး"

"ယုံပါတယ် ရှုပ်မှန်း"

"ဒါက အကင်းပဲ ရှိသေးတယ်... သဝန်မတိုနဲ့ပျ"

"မဆိုင်လိုက်တာ... ရှင်နဲ့ ဘာဆိုင်လို့လဲ"

"မသိနိုင်ဘူးလေ... လင်မယားဆိုတာ ချစ်သဝန်တိုတတ်တယ်လို့ ပြောကြတာပဲ၊ ဒေါ်ဆရာမနဲ့ကျွန်တော် လင်မယားမဟုတ်လား"

ယမင်းခိုင် မျက်နှာရဲသွားသည်။

"တော်... ရှင် ဘာမှဆက်မပြောရင် ကောင်းမယ်"

"ဟုတ်ကဲ့ခင်ဗျ... မှန်တာ ပြောတော့လဲ လက်မခံချင်ပါဘူး"

"ရှင်နော်... ရှင်၊ ကျွန်မစိတ်ညစ်အောင် မလုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဆောရီးဗျာ"

ဇော်ထိုက်သည် လျှောင်ပြုံး၊ပြုံးထားသောမျက်နှာကို ပြ
ကာ ကားကို ဂရုတစိုက် မောင်းလိုက်သည်။

ယမင်းခိုင်သည် နှုတ်ဆိတ်သွားသော ဇော်ထိုက်ကို မ
မသာ အကဲခတ်လိုက်သည်။ တိုက်ဆိုင်ခြင်းကြောင့်လား မသိပ်

သူသည်လည်း မရမ်းစေ့ရောင် ရခိုင်လုံချည်နှင့် နိုင်ငံခြ
ဖြစ် ရှပ်အင်္ကျီအဖြူပေါ်တွင် ဗေဒါရောင်အစင်းကလေးများ
သော အင်္ကျီလက်ရှည်ကို ဝတ်ထားသည်။

မျက်ခုံးကောင်းပြီး ဆက်လုံနီးပါး ဖြစ်နေသည်။ ထို့ကြော
ရည်းစားများခြင်းဖြစ်ပေမည်ဟု ယမင်းခိုင် မှတ်ချက်ချလိုက်သေ
သည်။

အမြဲတမ်းလိုလို ကြည်လင်နေသောမျက်လုံးကို ကြည့်ရင်
'ကြာ' မျက်လုံးဟုလည်း စိတ်ခုစွာ ကောက်ချက်ချလိုက်သေးသည်
ညို့အားကလည်း များသေးသည်။ ပေါ်လွင်သောနှာတံ၊ ထူမယော
ရှိသော်လည်း ပီရိသောနှုတ်ခမ်းက တစ်ဖက်သားကို အမြဲတမ်
မခံချင်အောင် စတတ်ပြီး ပြုံးယောင်သန်းနေသည်။ အသားသည်
မည်သော်လည်း မဖြူလွန်းချေ။

"ကျွန်တော့်ကို ခိုးမကြည့်နဲ့လေဗျာ၊ ကျွန်တော်
ယောက်ျားလေးမို့ ရှက်တတ်တယ်ခင်ဗျ"

"သေလိုက်ပါလား. . . ရှင့်ကို ကြည့်ချင်လွန်းလို့ ကြည့်
တာ မဟုတ်ဘူး၊ လူကြားထဲ ရောက်ရင် လူမှားမှာစိုးလို့ မှတ်
အောင် ကြည့်ထားတာ"

"တော်ပါသေးရဲ့ဗျာ. . . သိပ်များ စိတ်ဝင်စားနေသလား
လို့ ရင်တောင် ခုန်ချင်သွားတယ်"

"သေ. . သေ၊ ဟော. . ရှေ့က တစ်ခြံကျော်က ခြံဆိုင်

ရောက်ပြီ"

ယမင်းခိုင် ညွှန်ပြသောအိမ်တွင် ကားသုံးလေးစီးခန့် ရပ်
ထားသည်။ ထိုကားများအနီးတွင် ဇော်ထိုက်ကားကို ရပ်လိုက်သည်။

ယမင်းခိုင်၏သူငယ်ချင်း ခင်မာလာက ကြိုဆိုသည်။

"လာ. . လာ. . သူငယ်ချင်း၊ နောက်ကျတယ်နော်"

"ဟုတ်တယ်. . . မအားသေးလို့၊ ကိုယ့်အမျိုးသားလေ. .
ဦးဇော်ထိုက်တဲ့"

"သိပါတယ်ရှင့်. . . ပြင်ဦးလွင်က ကျဉ်းကျဉ်းလေးပဲ၊
ကြားဖူးသလို တစ်ခါတစ်ရံလည်း မြင်ဖူးတယ်၊ ကျွန်မကိုလည်း
မိတ်ထားပါ၊ ယမင်းနဲ့ ဆိန်းဘတ်ချပဲ"

သွက်လက်သော ခင်မာလာက သူ့ကိုယ်သူ မိတ်ဆက်ကာ
ဦးဆောင်ခေါ် သွားပြီး လွတ်နေသော စားပွဲဝိုင်း၌ နေရာချပေးလိုက်
သည်။

"မန္တလေးမုန့်တီပဲ. . . ယမင်းကြိုက်တယ်မဟုတ်လား"

"နင့်လက်ရာဆို ကောင်းမယ်ဆိုတာ ငါသိပါတယ်၊ ကြိုက်
မှာပေါ့"

"ကိုယ့်ဇည့်သည် ကိုယ်ပဲ ဧည့်ခံလိုက်ဦးနော်၊ မာလာ လိုက်
ဧည့်ခံလိုက်ဦးမယ်၊ ဦးဇော်ထိုက် အားမနာနဲ့နော်၊ လိုတာရှိရင်
ယမင်းကိုသာ ခိုင်းပေတော့. . . ခွင့်ပြုပါဦး"

"ဟုတ်ကဲ့. . . စိတ်ချလက်ချသာ ထားခဲ့ပါ ခင်ဗျာ"

မန္တလေးမုန့်တီနှင့် ဟင်းခါးအချို့ပွဲများကို စားသောက်ပြီး
ခြင်း၌ ခင်မာလာ ပြန်ရောက်လာပြီး. . .

"ဘယ့်နယ့်လဲ မတော်လိုက်ရတဲ့ ယောက်မရေ၊ စားလို့
ကောင်းရဲ့လား"

"လုပ်ပြီ. . . မိမာနော်"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလုပ်ပြီလဲ ယောက်မရဲ့၊ ဦးဇော်ထိုက်ရေ. . . ကျွန်
လက်ရာတွေနဲ့ ယမင်းလက်ရာ ဘယ်သူ့လက်ရာက သာသလဲ"

ခင်မာလာကလည်း ဟောဟော ဒိုင်းဒိုင်း။ ဇော်ထိုက်က
လည်း ပျော်ပျော်နေတတ်သူ၊ တွေ့ကြလေပြီ။ ယမင်း စိတ်ရှုပ်သွား
သည်။

"ကျွန်တော် အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော့်
အိမ်ရှင်မလက်ရာကလွဲရင် ဘယ်သူ့လက်ရာမှ ကျွန်တော်မကြိုက်
ဘူး၊ ဒါပေမယ့် အလှူရှင်တွေရဲ့လက်ရာမှန်သမျှ အကောင်းချည်းပ
ပဲလေ၊ စားကောင်းအောင် ပြောတာနော်"

ခင်မာလာသည် ပွင့်လင်းစွာ ရယ်မောရင်း ယမင်းခိုင်
ပခုံးကို ဖက်၍ နီရောင်ပြေးနေသောပါးပြင်ကို ဆွဲလိမ်မိလိုက်ရင်း

"ဘယ့်နှယ့်လဲ ယောက်မရေ၊ မောင်တော်ကတော့ ဖွဲ့နဲ့
ဆန်ကွဲဖြစ်နေပြီ၊ ငါက ယောက်မ မတော်လိုက်ရပေမယ့် အလှ
ကြိုက်တဲ့ ညည်းအတွက် ယောကျ်ားချောချော ရထားတဲ့အတွက်
ခွင့်လွှတ်လိုက်ပါတယ်"

"ဘာတွေပြောနေတာလဲ မိမာ"

"ဟုတ်တာတွေ ပြောနေတာလေ၊ ဒီလို ဦးဇော်ထိုက်ရဲ့
ကျွန်မအစ်ကိုက သူ့ကို ကြိုက်လိုက်တာမှ အသေအလဲ၊ ဒါပေမယ့်
မမချောက မလှလို့ မကြိုက်ဘူးတဲ့လေ"

"ဩော်. . . ဩော်"

ယမင်းခိုင် မျက်စိမျက်နှာပျက်လာပြီး. . .

"ပြန်တော့မယ်"

"နေပါဦး အမိရဲ့၊ ဟိုနားက မောင့်သူငယ်ချင်းတွေ မေးနေ
တယ်၊ မောင်နှမလားတဲ့၊ မောင်နှမဆိုရင် မိတ်ဆက်ပေးပါတဲ့လေ
ဘယ့်နှယ့်လဲ ဦးဇော်ထိုက်. . . မိတ်ဆက်ပေးရမလား"

"သူ့သဘောလေ"

"တော်စမ်းပါ မာလာရယ်"

ခင်မာလာသည် ယမင်းခိုင်၏ ရှက်ဒေါသဖြစ်နေသော
မျက်နှာလေးကို စေ့စေ့ကြည့်ကာ ရယ်မောရင်း. . .

"ကြွေရုပ်ကလေးလို လှနေတာကိုး အမိရဲ့၊ ဦးဇော်ထိုက်ရေ
ခွင် သိပ်ပြီးက်ကောင်းတယ်နော်"

"ဟုတ်ကဲ့. . . အာ"

ဇော်ထိုက်သည် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ သူ့မျက်
နှာသည် ရဲသွားလေသည်။

"ဦးဇော်ထိုက်က ကိုယ့်ငါးချဉ် ကိုယ်ချဉ်တတ်တာကိုး"

ဇော်ထိုက် အရှက်ပြေ ရယ်မောလိုက်သည်။ စကားပြော
နိုင်လွန်းသော ခင်မာလာကို အနှိုးပေး၍ မတ်တတ်ရပ်ကာ
စကားစ ဖြတ်လိုက်သည်။

"ကျွန်တော်တို့ နောက်တစ်ပွဲ ဆက်စရာရှိသေးလို့ ခွင့်ပြုပါ
ဦး ဒေါ်ခင်မာလာ"

"ဟုတ်လား. . . ကျွန်မက ယမင်းကို ချောဆွဲထားမလား
ဦးဟာ"

"မလုပ်ပါနဲ့ဗျာ. . . ဒေါက်တာအေဂျွန်တို့ ကျွန်တော့်ကို
ဦးဆဲနေပါဦးမယ်ဗျ၊ ကိုင်း. . . ယမင်း သွားရအောင်"

"သွားမယ် မိမာ"

"လာခဲ့ဦးဟယ်. . . နင်နဲ့ စကားဒအားအားဆေးဆေး ပြော
ချင်သေးတယ်၊ တစ်နေ့တော့ လာပို့ပေးပါဦးနော် ဦးဇော်ထိုက်"

"သူသွားချင်တဲ့နေရာ ပို့ပေးဖို့ အဆင်သင့်ပါပဲ"

"ဝိုင်လှချည်လား ယမင်းရယ်၊ နည်းတောင်းရဦးမယ်"

ယမင်းခိုင်သည် ခင်မာလာနှင့် ငေးစေရန် သွက်သွက်

www.burmeseclassic.com

www.burmeseclassic.com

ကလေး လွှဲထွက်ခဲ့သည်။ ကားပေါ် တက်၍ လက်ပြန္နတ်ဆင်
လိုက်သည်အထိ ခင်မာလာ၏အသံ တိတ်မသွားသေးချေ။

"ဦးဇော်ထိုက်ရေ. . . ပို့ပေးဖို့ မမေ့နဲ့နော်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ဇော်ထိုက်သည် အလိုက်သင့် တံ့ပြန်ရင်း ကားမောင်းထွက်
ခဲ့လေသည်။ ယမင်းခိုင်သည် ခင်မာလာ၏အိမ်နှင့် ဝေးသောအခါ
သက်ပြင်းချနိုင်လေသည်။

သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါး နေလိုသော်လည်း
ဇော်ထိုက်က အနားမှာ ရှိနေခြင်းကြောင့် စိတ်ကျဉ်းကြပ်သည့်
အပြင် အမှားပါမှာစိုး၍ ထိန်းချုပ်ထားရသော ဝေဒနာတစ်ရပ်
ကြောင့် စိတ်ညစ်ကာ ခေါင်းပင် ကိုက်လျက်ရှိသည်။

"ခင်မာလာဆီ သွားချင်ရင် ပြောလေ၊ ကျွန်တော် ရုံးသွား
ရင်း လှည့်ပို့ခဲ့ပြီး အပြန်ကျရင် ဝင်ခေါ်မယ်"

"ဟင့်အင်း. . . ကျွန်မ မသွားချင်ပါဘူး"

"ဘာဖြစ်လို့လဲ. . . ခင်မာလာက ခင်စရာကောင်းသားပဲ
သူငယ်ချင်းတွေ မဟုတ်လား"

"သူငယ်ချင်းမှ အချစ်ဆုံးသူငယ်ချင်းမို့ ခက်နေတာပေါ့
သူက ကျွန်မကို ရှင်နဲ့ ပတ်သက်ပြီး စစ်စစ်ပေါက်ပေါက် မေးတော့
မှာ၊ ကျွန်မ မုသားသုံးရမယ့်အလုပ် မလုပ်ချင်ဆုံးပဲ၊ အေးအေး
နေပါရစေတော့"

ဇော်ထိုက်သည် ယမင်းခိုင်၏ နွမ်းလျသောအသွင်ကို ဝေ
ကြည့်လိုက်သည်။ ကားသည် အတန်ငယ် ယိမ်းထိုးသွားသည့်
အကြည့်ကို လမ်းမပေါ် သို့ ပြန်လွှဲလိုက်ရသည်။

"ကျွန်တော် တစ်ခုတော့ တောင်းပန်ရဦးမယ်"

"ဘာများပါလိမ့်"

"ဩော်. . . လူကြားထဲ ရောက်ရင် ကျွန်တော်နဲ့ ခင်ဗျား
ကြားမှာ လင်မယားချင်း ခေါ်တဲ့ အခေါ်အဝေါ်တွေ လိုနေပြီ"

"ဘယ်လိုမှ မသုံးလည်း ရတာပဲ"

"ဘယ်ရမှာလဲ. . . ကျွန်တော့်သူငယ်ချင်းတွေက ခင်ဗျား
သူငယ်ချင်းတွေထက် ဆိုးတယ်ဗျ"

မြတ်စွာဘုရား ဟူ၍ပင် ယမင်းခိုင်သည် ရင်ထဲ၌ ဘုရား
ဝင်လိုက်ရှာသည်။

"ကျွန်တော်ကတော့ ကျွန်တော့်ဘဝထဲကို မလိုလားဘဲနဲ့
ဆက်သက်မဲ့ ရောက်လာတဲ့အတွက် သက်. . လို့ပဲ ခေါ်မှာ၊ မှတ်ထား
နော်. . . သက်ဆိုရင် ခင်ဗျားကိုခေါ်တာ"

ယမင်းခိုင် မျက်စောင်းခဲကာ. . .

"ယမင်းကို အားလုံးက ယမင်းလို့ ခေါ်နေတာပဲ၊ ဒီအတိုင်း
ခေါ်လည်း ရတာပဲလေ"

"မတူဘူးလေ. . . ကျုပ်က ခင်ဗျားယောကျ်ားပဲ၊ သူများ
ခေါ်သလိုထက် ထူးတဲ့ အခေါ်အဝေါ် ဖြစ်သင့်တာပေါ့။ ကိုင်း. . .
ကျုပ်ကိုရော ဘယ်လိုခေါ်မှာလဲ၊ မောင်လား၊ ကိုကိုလား၊ ခင်ဗျား
ဆက် ကျုပ်က နှစ်လကြီးများတောင် ကြီးတယ်နော်၊ မောင်ခေါ်လဲ
ဘာထူးမှာပဲ၊ ကိုကိုခေါ်လည်း စိတ်မဆိုးပါဘူး. . . အဟဲ"

"ကြောင်တယ်နော်. . . ကြောင်လွန်းလို့ ကြောင်လို့ပဲ ခေါ်
မယ်"

"ဗျာ. . မောင်. . ဟုတ်လား"

"သေလိုက်ပါလား"

"မသေပါရစေနဲ့. . . မယားစစ်စစ် မရသေးလို့ပါဗျာ"

ယမင်းခိုင် အောက်နှုတ်ခမ်းကို ကိုက်ကာ ငြိမ်သက်နေ
လိုက်သည်။ စကားတောင်စားနဲ့ စကားပြောရမှာကို လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

စိတ်၌ မခံချိမခံသာနှင့် အနေရခက်လွန်းလှသည်။

"ဟော. . . ရောက်ပြီ၊ သတိထားနော် သက်"

တစ်ထပ်တိုက်ပုကလေး ရှိသော ခြံဝန်းတစ်ခုထဲ ချိုးဝင်ကာ ဆင်ဝင်အောက်၌ ရပ်လိုက်သည်။

"ဟော. . ဟော. . ပေါ်တော်မူကြီး လာပြီဖေ့"

အသံကျယ်ကျယ်နှင့် လူတစ်ယောက် ပြေးထွက်လာသည်။ အသားဖြူဖြူ၊ အရပ်မနိမ့်မမြင့်နှင့် ကရင်ကပြား ဖြစ်ဟန်တူသည်။ ဇော်ထိုက်သည် ယမင်းခိုင်အား အားပေးပြီး ပြီးရင်း. . .

"မောင့်အချစ်ဆုံးသူငယ်ချင်းလေ၊ ဒေါက်တာအေဂျန်တဲ့"

"ညော်. . . ဟုတ်လား၊ ဝမ်းသာပါတယ် ဒေါက်တာ"

ဒေါက်တာအေဂျန် လက်ကမ်းလိုက်သဖြင့် ယမင်းခိုင် တုံ့ပြန်လိုက်ရသည်။ လက်ကို ဆုပ်ကိုင်ရင်း. . .

"သိပ်ကိုဝမ်းသာတယ်ခင်ဗျာ၊ ဇော်ထိုက်လို ခြေများတဲ့ ကောင်ကို တစ်ခါတည်း ရိုက်ချိုးထားနိုင်တဲ့ ဒေါ်ယမင်းခိုင်ကို ချီးကျူးပါတယ်၊ တကယ်တော့လည်း ဇော်ထိုက် အိမ်က မခွာနိုင်တာ သူ့အလွန် မဟုတ်ပါဘူးဆိုတာ ဝန်ခံရမလို ဖြစ်နေပြီ၊ အိမ်ရှင်က သိပ်ကို လှနေတာကိုး"

"ဟေ့ကောင်. . . လွန်ပြီနော်"

ဇော်ထိုက်သည် ဒေါက်တာအေဂျန်လက်ထဲမှ ယမင်းခိုလက်ကို ဆွဲယူလိုက်သည်။

"တိုလိုက်တာကွာ. . . မင်း မိန်းမယူရင် ငါ့ညီမပါကွာ ကိုင်း. . . လာကြ၊ အထဲမှာ မာမီစောင့်နေတယ်"

အိမ်ထဲ ဝင်လိုက်သည်နှင့် အုန်းခနဲ ရယ်မောသံ ထွက်ပေါ်လာသည်။ ယမင်းခိုင် ခြေလှမ်း တုံ့ခနဲဖြစ်သွားသည်။ ယောကျ်ားဝိုင်းက ယမကာမျိုးစုံ သောက်သုံးရင်း ဟားတိုက်နေကြသည်။

ထမင်းစားခန်း၌ အမျိုးသမီးဝိုင်း ရှိနေသည်။ ဇော်ထိုက်သည် ဆင်းခိုင့် လက်ကို ဆွဲ၍ အမျိုးသမီးဝိုင်း သွားဟန်ပြင်လိုက်သည်။

"ဦးဇော်ထိုက်ရေ. . . ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ခင်ဗျားနဲ့ချောနဲ့ မိတ်ဆက်ပေးဦးလေဗျာ"

"တိုလှချည်လားဗျ. . . ခေါ်ခဲ့ပါဦး"

"ဟာဗျာ. . . ခင်ဗျားတို့ သိဖို့မလိုပါဘူး၊ ကျုပ်တစ်ယောက်တည်း သိရင် ကိစ္စပြီးတာပဲ၊ လွတ်လွတ်လပ်လပ် သောက်ကြစမ်းပါ"

ဇော်ထိုက်သည် ပြောပြောဆိုဆိုနှင့် ထမင်းစားခန်းဘက်သို့ ယမင်းခိုင်အား ဆွဲခေါ်ခဲ့လေသည်။ ယမင်းခိုင်မှာ မဲ့ပြုံးနှင့် စိတ်ရှုပ်ထွေးစွာ လိုက်ပါခဲ့သည်။ ထမင်းစားခန်းဝ၌ ဆီးကြိုနေသော အမျိုးသမီးကြီးသည်. . .

"လာ. . . သမီး၊ ဇော်ကြီးဇနီးက မိန်းမချောပဲ၊ ဒါကြောင့် အိမ်က မခွာနိုင် ဖြစ်နေတာပေါ့၊ ဟုတ်လား ဇော်ကြီး"

"အဟဲ. . . မာမီထင်လို့ပါ၊ ကျွန်တော် ရုံးတော့ တက်ပါတယ်"

"ခွေးကောင်. . . ရုံးမှ မတက်ရင် ဂူထဲသာ ဝင်နေတော့"

ဒေါက်တာအေဂျန်သည် ရယ်မောကာ ပြောလိုက်သည်။

"ပါးစပ်ပုပ်က. . . မာမီက အေဂျန့်မာမီလေ၊ သက်လိုပဲ အက်စ်အေတီ လုပ်ခဲ့တာ၊ ခုတော့ ပင်စင်ယူလိုက်ပြီ"

"လာ. . လာ. . သားနဲ့သမီး ထမင်းစားလိုက်ဦး၊ စင်သီယာ စောင့်နေတယ်"

ဇော်ထိုက်နှင့်ယမင်းခိုင်ရင်ထဲ ဒိန်းခနဲ လှုပ်ရှားသွားကြသည်။ စားပွဲ၌ ထိုင်နေသော အမျိုးသမီး လေးငါးဦးခန့် ရှိနေသည်။ အနီရောင်ဝတ်စုံနှင့် အတော်လှသော အမျိုးသမီးတစ်ဦးသည်

www.burmeseclassic.com

ထရပ်ကာ ဇော်ထိုက်အား. . .

"လာ. . . ဝရန်းပြေး၊ ဒီတစ်ခါတော့ ချည်ပြီးတုပ်ပြီးသား ကို ခံတာပဲ"

"မပြေးပါဘူးဗျာ. . . ချည်တိုင်မှာ မိနေလို့ပါ"

ဇော်ထိုက်ကလည်း အပြုံးမပျက် ပြောလိုက်သည်။ ယမင်းခိုင်ရှင်ထဲ တလှပ်လှပ် ခံစားနေရသည်။

"သက်. . ဒါ. . မောင့် သူငယ်ချင်း စင်သီယာလေ၊ မန္တလေးမှာ ဗိသုကာပဲ၊ ကန်ထရိုက် လုပ်တယ်၊ စင်သီယာ. . . ဒါ ကိုယ့်ဇနီးလေ. . . မလှဘူးလား"

ယမင်းခိုင်ကို စင်သီယာက လက်ကမ်းသောအခါ ယမင်းခိုင်သည် တုံ့ပြန်နှုတ်ဆက်လိုက်ရသည်။

"ဝမ်းသာပါတယ်ရှင်. . . ရှုပါမိတဲ့သူငယ်ချင်းအတွက် သိပ်ချော် သိပ်မိတဲ့ဇနီး ရထားတာ တွေ့ရတော့ အိုင် ဝမ်းသာပါတယ်"

"ယမင်းလည်း ဝမ်းသာပါတယ်၊ မောင့်လိုပဲ ယမင်းကို သူငယ်ချင်းအရင်းတစ်ယောက်လို ခင်မင်နိုင်ပါတယ် စင်သီယာ"

ယမင်းခိုင် အပြုံးလှလှလေးနှင့် စကားလုံးများကို သတိထား သုံးစွဲကာ ပြောကြားလိုက်သည်။ ဇော်ထိုက်သည် ယမင်းခိုင်၏အပြုံးကို အကဲခတ်ရင်း စိတ်ထဲ၌ ကြိတ်၍ ခိုးကျူးလိုက်သည်။

"စကားလုံး အသုံးအစွဲ တော်ပါပေ့ ဆရာမရယ်"

"ဟေ့. . . ပိုပြီးရင်လည်း လာလေကွာ၊ ဟိုမှာ စောင့်နေကြတယ်"

"မာမီ. . . ကျွန်တော်ထားခဲ့ပြီနော်၊ သက်. . မောင် ဝိုင်းခဏသွားလိုက်ဦးမယ်"

"သွားလေ မောင်"

"အဟမ်း. . . အဟမ်း၊ ဇော်ထိုက်တို့ အပိုးကျိုးနေလိုက်ဘာကွာ၊ အောက်သွားကျန်သေးရဲ့လား"

ဇော်ထိုက်မှ ယမင်းခိုင်ကို ခွင့်ပန်မှုကို ဒေါက်တာအေဂျန်က စလိုက်သည်။ စင်သီယာ ပြုံးလျက်. . .

"မနာလို မရှိနဲ့လေ ဂျွန်. . . သူ့ကုသိုလ်နဲ့သူလေ"

"ယူသာ မဖြစ်ပါစေနဲ့ကွာ၊ လာဟေ့ ဇော်ကြီး"

ယမင်းခိုင်ကတော့ ပြုံး၍သာ နေလိုက်သည်။ ပြောချင်တာတွေ ပြောကြပါစေ၊ ယမင်းခိုင်ကတော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိ၍ ရင်ထဲ ကြိတ်မနိုင် ခဲမရ ဝေဒနာတစ်ရပ်ကြောင့် နှုတ်ကတတ်နိုင်သမျှ နည်းစေရန် ထိန်းချုပ်ထားလိုက်သည်။

ထိန်းချုပ်ထားသော ဝေဒနာရပ်တို့ များလာသောအခါ မိမိနှားခိုရာ 'ထိုက်ဂေဟာ' သို့ ပြန်ချင်စိတ်များ ကိန်းအောင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ခဏတော့ နေပါဦးလား ဒေါ်ယမင်း"

ဒေါက်တာအေဂျွန် လှမ်းတားလိုက်သည်။

"ယမင်း ခေါင်းကိုက်လို့ပါ ဒေါက်တာ၊ မောင့်ကို ထားခဲ့မယ်လေ"

"ဟင့်အင်း. . . သက်၊ မောင်လိုက်မယ်၊ ကိုင်း. . . အပေါင်းအသင်းတို့၊ ကျွန်တော်မျိုးကို ခွင့်လွှတ်ပါ၊ ကြားကြတဲ့အတိုင်းပါပဲ ဇနီးဖြစ်သူက ပြန်ချင်တော့ ကျွန်တော်ပြန်ရပါလိမ့်မယ်ခင်ဗျ၊ တာ့. . . တာ၊ ဘိုင့်. . . ဘိုင်"

ယမင်းခိုင်ပခုံးကို ဖက်တွဲကာ မည်သူမှ မတားနိုင်ခင် အော်ထိုက် ခေါ်ခဲ့လေသည်။ ဒေါက်တာအေဂျွန်နှင့် စင်သီယာသည် အံ့ဩလိုက်လာရင်း အိမ်ရှေ့ဝအထိ လိုက်ပို့ပေးသည်။

"ဒေါက်တာနဲ့စင်သီယာ. . . ယမင်းပြန်ပါဦးမယ်၊ အိမ်ကိုသည်း လာလည်ပါနော်"

"ကောင်းပြီ. . . မလာမှာ မပူနဲ့၊ အိမ်ရောက်ရင် ဆေးသောက်လိုက်ဦးနော် ဒေါ်ယမင်း"

"ဟုတ်ကဲ့ရှင့်"

"ဂျွန်. . သွားပြီ၊ မင်းကို ငါ့အိမ်လည်ဖို့ မဖိတ်ဘူးနော်"

"မင်းမဖိတ်လည်း နေလေ၊ အိမ်ရှင်မ ဖိတ်တာနဲ့ ဆိုလောက်သွားပြီ၊ ငါလာလို့ရပြီပဲ"

"အေးလေ. . . မင်းက ပြောနိုင်ပြီပေါ့၊ စင်သီယာ. . . ကိုယ်သွားမယ်"

"ကောင်းပြီ"

နှုတ်ဆက်ပြီးသည်နှင့် ကားကို ဝူးခနဲ မောင်းထွက်လာသည်၊ ယမင်းခိုင်သည် ခေါင်းကိုက်သည့်အထဲမှ ဇော်ထိုက်၏ ဆိုင်းတော်တွဲခေါ်မှုကို ခံခဲ့ရသဖြင့် ရင်ထဲ လှိုက်ဖိုကာ ကတုန်ကယင်



"ဦးဇော်ထိုက်ရေ. . . ယူ့ဇနီးချောက ပြန်ချင်ပြီတဲ့"

စင်သီယာအသံကြောင့် ဇော်ထိုက်သည် ထိုင်ရာမှ ထလိုက်သည်။ အနားမှ မိတ်ဆွေတစ်ဦးက လှမ်းဆွဲသည်။

"နေပါဦး. . . နောက်ဆုံးလာတဲ့လူက အရင်ဆုံးပြန်ချင်လို့ရမလား"

ယမင်းခိုင် အားနာစွာ ပြုံးရင်း. . .

"မောင် နေခဲ့ချင်နေခဲ့လေ၊ ယမင်းပြန်နှင့်မယ်၊ ပြီးမှ မောင်အေးနဲ့ ကားကို ပို့ခိုင်းလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည်။

"သတ်. . . သိပ်ခေါင်းကိုက်နေသလား"

"ရပါတယ်. . . သက်သာသွားမှာပါ"

"ဒါဆို အိမ်ပဲ အရင်ပြန်မယ်၊ ထွေးထွေးဖို့ ပဲပလာတာ နောက်မှ မောင်အေးကို ဝယ်ခိုင်းလိုက်မယ်"

"ဟာ. . . တစ်ခါတည်း ဝယ်သွားပါ။ ခါတ်ဆီက ခဏခဏ ထွတ်ရင် ဘယ်လောက်ပို့မလဲ"

"သက် သိပ်ပင်ပန်းမှာပေါ့"

"ရပါတယ်ဆိုမှ. . . ဒါထက် လူကြားမဟုတ်တော့ဘူးလေ၊ သက်တုန်းပဲလား"

"အဟတ်. . ဟာ. . အကျင့်ပါသွားလို့ပါ သက်ရာ၊ အဲ. . ဒေါ်ဆရာမရယ်"

ယမင်းခိုင်သည် နောက်သို့ လျော့ရဲစွာ မှီချကာ မျက်လုံးကို မှိတ်ထားလိုက်သည်။ ဘုံကြွေးပြတ်သည့်အလား ပုံပုံကလေး ရှိသည်။ ဇော်ထိုက် စိုးရိမ်စွာ ကားကို ထိုးရပ်လိုက်သည်။

"ဘာ. . ဘာဖြစ်လို့လဲ၊ သိပ်မူးနေသလား"

ယမင်းခိုင် မျက်လုံးဖွင့်ကာ. . .

"အို. . . မဟုတ်ပါဘူး၊ သိပ်နုံးနေလို့ပါ၊ ရပါတယ်. . . ဆက်မောင်းပါ"

ဇော်ထိုက် သက်ပြင်းချသံကို ယမင်းခိုင် ကြားလိုက်ရသည်။ ကားကို ညင်သာစွာ မောင်းခဲ့ရသည်။ အိမ်ဆီသို့သာ ဦးတည်လိုက်သည်။

"ဟင်. . . အိမ်ရောက်လာပြီ၊ ထွေးထွေးဖို့ ပဲပလာတာ ရော မဝယ်ခဲ့ပါလား"

"ပြီးမှ မောင်အေးကို ဝယ်ခိုင်းပါ့မယ်၊ ခင်ဗျားနားလိုက်ပါ"

ဒေါ်ထွေး တံခါးဖွင့်ကာ ကြိုသည်။

"ထွေးထွေး. . . သူခေါင်းမူးနေလို့ အရင်ပြန်ပို့တာ၊ ထွေးထွေးအတွက် ပဲပလာတာ မောင်အေးကို အခုပဲ ဝယ်ခိုင်းမယ်"

"နေပါစေ. . . မောင်အေး မနက်ကတည်းက စေးကဝယ်လာပေးပြီးပြီ၊ သမီး ဆေးသောက်လိုက်နော်၊ ဒေါ်ထွေး ဟောလစ်ဖျော်လိုက်မယ်"

"ရပါတယ်. . . ရေနွေးနဲ့ပဲ သောက်မလို့ ထွေးထွေး၊ အစားတွေ စုံနေလို့ပါ"

ယမင်းခိုင် ပြောပြောဆိုဆိုနှင့် အပေါ်ထပ်သို့ တက်ခဲ့သည်။ အိပ်ယာထက် ရောက်သည်နှင့် အဝတ်ပင် မလဲနိုင်တော့ဘဲ လှဲချလိုက်သည်။

ခရီးကြမ်း မဟုတ်ပါဘဲလျက်နှင့် ခေါင်းမူးနောက်သွားရသောကြောင့် မဖြစ်သင့်ပါ။ နွေရာသီ ဆိုသော်လည်း အေးမြသော ဤမြို့၏ရာသီဥတုမှာ နေထိုင်၍ကောင်းလွန်းလှပါသည်။

စိတ်ကို ထိန်းချုပ်ထားရလွန်း၍ ခေါင်းနောက်ကျိသွားခြင်း ဖြစ်ပေမည်။

"မိန်းကလေး. . . ရော့. . ရေနွေးနဲ့ဆေး၊ ကလေး ပို့ခိုင်းလိုက်တယ်၊ သောက်လိုက်ဦးနော်. . ထ. . ထ"

"ဩော်. . . ထွေးထွေးရယ်၊ ယမင်း လာမှာပေါ့"

ယမင်းခိုင် ထိုင်လိုက်ပြီး ဒေါ်ထွေးပေးသောဆေးနှင့် ရေနွေးကို သောက်ချလိုက်သည်။ ပြီးရင် အဝတ်အစား လဲလှယ်လိုက်ရင်း. . .

"ထွေးထွေး. . . သူ အရက်သောက်တတ်တယ်နော်"

"အင်း. . . တစ်ခါတစ်လေ ပိုင်းကောင်းရင် သောက်သေးတယ်၊ ဒါပေမယ့် စွဲစွဲမြဲမြဲတော့ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ယမင်းလည်း အံ့သြသွားတာပေါ့၊ ယမင်း ဒီကိုရောက်တာ တစ်ပတ်ရှိပြီ၊ တစ်ခါမှ သူသောက်တာ မတွေ့ဖူးဘူး"

"သိပ်သောက်မလာပါဘူး. . . မူးမှ မမူးတာ၊ ဒါတွေက မိန်းကလေးတွေရဲ့အပေါ်မှာ မူတည်နေတာပဲ၊ ကိုယ်လိုချင်တဲ့ပုံစံသွင်းယူလို့ ရပါတယ်၊ ကလေးဟာ သဘောကောင်းပါတယ်၊ လောကကြီးအကြောင်း သိပ်သိတာ မဟုတ်ပါဘူး၊ မိဘကို ချစ်တတ်တယ်၊ အိမ်သားတွေကိုလည်း ခင်တွယ်တတ်ပါတယ်၊ သမီးကိုလည်း အတော်ဂရုတစိုက် ရှိတယ်နော်၊ သူ ဖွင့်မပြောပေမယ့် သမီးကို ချစ်နေရှာတာ ဒေါ်ထွေးသိပါတယ်"

"ထွေးထွေး ထင်လို့ပါ၊ စင်သီယာနဲ့တောင် တွေ့ခဲ့တယ်"

"ဟုတ်လား"

"ဒေါက်တာအေဂျန် အိမ်မှာ"

"ဘယ်လိုနေလဲ"

"လှတယ်နော်"

"ဒါ မေးတာ မဟုတ်ပါဘူး၊ သူ့စီ့အခြေအနေ"

"ယမင်း အကဲမခတ်တတ်ဘူး၊ စင်သီယာက ဖော်ရွေပါတယ်၊ ယမင်းအပေါ် ဂရုတစိုက် ခင်ခင်မင်မင် ရှိပါတယ်၊ ယမင်းလည်း ခင်မိတယ်၊ အိမ်ကို လာဖို့တောင် ခေါ်ခဲ့သေးတယ်"

ဒေါ်ထွေး မျက်လုံးပြူးသွားသည်။

"လုပ်ပြီ ယမင်းကတော့၊ ပိုနေမြဲ ကျားနေမြဲပဲ ကောင်းပါတယ်၊ သူသာ ဝင်ထွက်လာရင် ကလေးနဲ့ အနေနီးစပ်ပြီး ပါသွားမှာ မစိုးရိမ်ဘူးလား"

"ဘာစိုးရိမ်စရာရှိလဲ. . . ယမင်းတို့က ဘာမှမဆိုင်ဘဲ"

"ဒီလိုမပြောနဲ့လေ၊ အေးလေ. . . ခုနေတော့ ဒေါ်ထွေး ဘာမှကို မပြောချင်ဘူး၊ ကဲ. . . မိန်းကလေး တစ်မျှေးလောက် အိပ်

ကြိုက်ဦး"

ဒေါ်ထွေးသည် ပြောပြောဆိုဆိုနှင့် ထွက်ခွာသွားသည်။

ယမင်းခိုင် အိပ်ယာထက်၌ နွမ်းခွေစွာ လဲလျောင်းရင်း အိပ်ပျော်ရန် ကြိုးစားလိုက်သည်။ အိပ်၍မရပါ။

"ယမင်းရေ. . . ယမင်း၊ ရန်ကုန်က ဖုန်းလာတယ်ဟေ့"

ဒေါ်ထွေးအသံသည် ဟိန်း၍ထွက်လာသဖြင့် ယမင်းခိုင် အိပ်နေရာမှ လူးလဲထကာ ပြေးဆင်းခဲ့သည်။

ဇော်ထိုက်သည် ဖုန်းဆက်နေရာမှ ယမင်းခိုင်ကို လက်ယပ် ခေါ်ရင်း. . .

"လာပြီ မေမေ့သမီး၊ ခေါင်းမူးနေလို့ အိပ်နေတာ၊ ဆင်းပြေးခဲ့ရတယ်၊ မေမေ တယ်လီဖုန်းတစ်လုံးလောက် ဝယ်ပေးဦး၊ အပေါ်ထပ်မှာ တစ်လုံးတပ်ထားရအောင်နော် မေမေ၊ ကိုင်း. . . မေမေ့သမီးနဲ့ပြော"

ယမင်းခိုင်သည် ကမ်းပေးသော စကားပြောခွက်ကို ယူကာ လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင် ကြိုးစားရင်း. . .

"မေမေနွယ်လား. . . သမီးပါ"

အန်တီနွယ်ဟု ခေါ်ခဲ့သော ဒေါ်သုဇာနွယ်ကို မေမေနွယ်ဟု မည်သူမှ သင်ကြားပေးခြင်း မရှိပါဘဲလျက် ပြောင်း၍ခေါ်လိုက်နိုင်သည်။ သဏ္ဌာန်လုပ် သရုပ်တူစေရန် အဓိက ဖြစ်သည်။ မိမိသောကကို မည်သူ့ကိုမျှ ဝေမျှမခံစားစေချင်ပါ။ နှစ်ဖက်မိဘများစိတ်ချမ်းသာရေးသည် အဓိကဖြစ်သည်။

"သမီး ခေါင်းမူးတယ်ဆို၊ ဆေးသောက်ရဲ့လား၊ ဘာဆေးသောက်ထားလဲ"

"ဟို. . မောင်တိုက်တဲ့ဆေး သောက်ထားပါတယ် မေမေ၊ ခု သတ်သာသွားပါပြီ"

www.burmeseclassic.com

"သား အိမ်ကပ်ရဲ့လား"

"ကပ်ပါတယ် မေမေ။ . . ဘယ်မှ မသွားပါဘူး"

"သမီးကိုရော ကြင်နာရဲ့လား"

ယမင်းခိုင်မျက်နှာတွင် နှင်းဆီပန်းကလေးများ ဖူးပွင့်လာသည်။ ဇော်ထိုက် ရယ်ချင်နေပြီ၊ မိခင်အမေးတို့ကို ရိပ်မိသဖြင့် ရှက်စနိုးဖြစ်နေသော ယမင်းခိုင်ကို ငေးကြည့်ရင်းမှ ခပ်တိုးတိုးလေး

"အားမနာနဲ့နော်. . . အမှန်အတိုင်းဖြေ"

"ကြင်. . ကြင်နာပါတယ် မေမေ"

"ဘယ်တွေ သွားပြီးကြပြီလဲ"

"ဘယ်မှ မသွားရသေးပါဘူး၊ မောင် ခွင့်မရသေးလို့ပါ။ ဒီနေ့လည်း အလှူတွေ တစ်ခုပြီးတစ်ခု ဆက်နေတာနဲ့ သမီးလည်း နည်းနည်းပင်ပန်းသွားတယ်၊ မေမေနွယ်ရော နေကောင်းတယ်နော် ဖေဖေရော. . ."

"အားလုံးနေကောင်းကြပါတယ်၊ မေမေလည်း သမီးရဲ့ ကျေးဇူးကြောင့် စိတ်ချမ်းသာလို့ ရောဂါတောင် ယူပစ်သလိုပဲ ပျောက်နေတယ်၊ တကယ်ပါ သမီးရယ်၊ မေမေ အပိုပြောတာ မဟုတ်ပါဘူး၊ မေမေလာချင်ပေမယ့် သားနဲ့သမီး လွတ်လွတ်လပ်လပ် နေရအောင် တမင်မလာဘဲ နေတာ၊ သားနဲ့ ပတ်သက်ပြီး မကျေနပ်တာရှိရင် မေမေ့ဆီ ဖုန်းဆက်နော်၊ မေမေ ချက်ချင်း လိုက်လာခဲ့မယ်"

"ဟုတ်ကဲ့ပါ မေမေ၊ ခုထိတော့ ဘာအပြစ်မှကို မတွေ့သေးပါဘူး မေမေ"

ယမင်းခိုင်က အလိုက်သင့် ဖြေကြားနေရသည်။ မျက်နှာတစ်ပြင်လုံး ပူစပ်ပူလောင်ဖြစ်နေသည်။ ဤကြားထဲမှ ဇော်ထိုက်က

"သူတော်ကောင်းလေးပါခင်ဗျာ၊ ဘာအပြစ်မှ မရှိပါဘူး"

ယမင်းခိုင်သည် ဒေါ်သူဇာနွယ်၏အကြင်နာစကားများ၊ နောက်ဆိုက် မိမိကိုသာ အရေးပေးသောစကားတို့ကြောင့် ရင်ထဲ၌ နေသောက်သော ဝေဒနာတစ်ရပ်ကို ထပ်ဆင့်ရလိုက်ပြန်သည်။ ဆက်မှ ဖုန်းချသွားသည့်တိုင်အောင် ဖုန်းခွက်ကို ရုတ်တရက် မချဘဲ ငိုင်နေမိသည်။

"နားထောင်လို့ကောင်းလိုက်တာဗျာ၊ မောင်. . မောင်နဲ့"

ဇော်ထိုက်ထံမှ အသံထွက်လာသောအခါမှ သတိရပြီး စကားပြောခွက်ကို ချလိုက်သည်။ တစ်ဆက်တည်း ဆိုဖာပေါ်ရှင်းသတင်းစာ ဖတ်နေသော ဇော်ထိုက်ကို မျက်မှောင်ချိုး၍ ကြည့်ပြီး. . .

"သူများစကားပြောနေတာ ဘာလို့ နားထောင်ပြီး ဝင်ဝင် ပြောရတာလဲ၊ အရာရှိတစ်ယောက်လုံး လုပ်နေပြီး လူမှုရေးအသိ အားမခေါင်းပါးတယ်"

ဇော်ထိုက်သည် သူ့နဖူး သူရိုက်ကာ. . .

"ဟောဗျာ. . . သေလိုက်ပါတော့၊ လင်မယားကြားမှာ ဘာမှုရေး စည်းထားသင့်သလား"

"တော်စမ်းပါ. . . ဒီလင်မယားဆိုတဲ့စကားကြီး၊ ပြင်ပရယ်စမ်းတွေကြားမှာရယ်ကလွဲရင် ရှင် ကျွန်မကို စကားပြောဖို့ ရှားတဲ့သူ၊ ကျွန်မ စိတ်ကျဉ်းကြပ်တယ်၊ ရှင်ပေးထားတဲ့ကတိ ရှင်မေ့ပြီလား၊ တစ်ယောက်ကိုတစ်ယောက် နှောင်ဖွဲ့ချည်နှောင်စေတဲ့ စကားတွေ ပြောစရာမလိုဘူး၊ ခင်မင်စရာအကြောင်းလည်း မရှိဘူး၊ ကျွန်မကို မဆိုင်တဲ့သူစိမ်းတွေပဲ"

ဇော်ထိုက် မျက်နှာတင်းသွားသည်။

"ဟ. . . မာလှချည်လား"

"ဟုတ်တယ်. . . မာမာပဲ၊ ရှင့်ကို ကျွန်မ မယုံရဘူး၊

www.burmeseclassic.com

www.burmeseclassic.com

သောက်လည်း သောက်တယ်၊ ပွေလည်း ပွေတယ်၊ အသောက်သမာ
က မူးတဲ့အခါ ခရမ်းကားဘူးလို့ ပြောနိုင်သလား"

"တန္ဆေးပါက မူးပဲ မူးတတ်တယ်. . . မရမ်းဘူးဗျ"

"ဘာပဲပြောပြော အမူးသမားကို ကျွန်မကြောက်တယ်
ခွင့်ပေးခဲ့တဲ့ကတိ ချိုးဖောက်မှာ ကျွန်မကြောက်တယ်"

"ဒါဆိုရင် ခင်ဗျားကို အစကတည်းက ကတိမပေး
တကယ်ယူခဲ့ရင်ရော ခင်ဗျားဘယ်လိုနေမလဲ"

ဇော်ထိုက်က သွေးတိုးစမ်းသောစကား ဆိုလိုက်သည်နှ
ယမင်းခိုင်သည် မျက်လုံးဝိုင်းကာ ထိတ်လန့်တကြား ကြည့်လျက်. .

"အို. . . ဒါဆိုရင် ရှင် ကျွန်မခန္ဓာကိုယ်သွေးသားပဲ ရမယ်
မေတ္တာနဲ့ တံပြန်မှုကို ဘယ်တော့မှ ရမှာမဟုတ်ဘူးဆိုတာ မြဲမြံမှု
ထားပါ။ ကျွန်မ အလိုမတူဘဲ အနိုင်ကျင့်ရင် လင်ယောကျ်ားပေမ
ကျွန်မကတော့ ကာမဘီလူး၊ အချစ်ဓားပြလို့ပဲ မြင်မှာပဲ. . . မှတ်
လိုက်မှာပဲ"

ယမင်းခိုင်ထံမှ ထိုကဲ့သို့သော စကားလုံးကြမ်းကြမ်းမှ
ထွက်လာလိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် ဇော်ထိုက်မှာ တုန်လှု
သွားသည်။ ဒေါသတကြီး ယမင်းခိုင်ထံပါး ဝုန်းကနဲ ရောက်သွ
ကာ ပခုံးနှစ်ဖက်ကို ကြမ်းတမ်းစွာ ဖိုပ်ယမ်းလိုက်သည်။

"ဒီမှာ. . . ကျုပ်မျက်နှာကို သေသေချာချာ ကြည့်စ
ကာမဘီလူးလား၊ အချစ်ဓားပြလား၊ ကျုပ်နေရာမှာ အခြ
ယောကျ်ားဆိုရင် ဘယ်သူကမှ ခင်ဗျားကို အလှကြည့်နေ
မဟုတ်ဘူး၊ ကျုပ်လို နွားကျခံမှာ မဟုတ်ဘူး၊ ကျုပ်ဆိုတဲ့အကော
က. . . "

"ရှင်. . လွှတ်နော်. . ကျွန်မကို အနိုင်မကျင့်နဲ့"

"အို့ဗျာ. . . မလွှတ်နိုင်သေးဘူး၊ ကျုပ်စကားဆုံးအော

းသောင်၊ ကျုပ်ဆိုတဲ့အကောင်က အချစ်ကိုသာ လိုချင်တဲ့ကောင်၊
ခင်ဗျားဆီက အချစ်ကလွဲရင် ဘာကိုမှ မလိုချင်ဘူး၊ ဒါကို ခင်ဗျား
းလည်ထားလိုက်တော့"

"ဘာ. . . ကျွန်မဆီကအချစ် ဟုတ်လား"

"ဟုတ်တယ်. . . ခင်ဗျားက အချစ်နဲ့ ပတ်သက်ပြီး လုံးဝ
နဲခဲ့ဖူးတော့. . အဟဲ. . ကျုပ်စိတ်ထဲမှာတော့ ခင်ဗျားရဲ့ချစ်ဦးသူ
ခွင့်လာတယ်လေဗျာ၊ ကျုပ်ကို ချစ်လာမယ့်နေ့ကို ကျုပ်စောင့်နေ
ယ်၊ ကျုပ်ကို မချစ်ဘဲ အခြားတစ်ယောက်ကို ချစ်သွားလည်း
ကျုပ်ကတိအတိုင်းပဲပေါ့"

ယမင်းခိုင် အံ့သြစွာဖြင့် သူ့အား အကဲခတ်လိုက်စဉ် သူ
သည် ဆုပ်ကိုင်ထားသောလက်ကို လွှတ်ကာ ချာကနဲ လှည့်ထွက်
သွားသည်။ ယမင်းခိုင်သည် နာကျင်သွားသော ပခုံးနှစ်ဖက်ကို
ဆတ်ဖြင့် စမ်းသပ်ရင်းမှ သူ့စကားများကို ပြန်တွေးရင်း ဒေါသဖြစ်
သည်။ အနား စာအုပ်စင်တွင် ရှိနေသော စာအုပ်တစ်အုပ်ဖြင့်
ဇော်ထိုက်၏နောက်ကျောသို့ ပစ်ပေါက်လိုက်သည်။ မထိပါ။ ကြမ်း
ကြေးဆက်ကို ကျသွားသည်။

"ဘုတ်. . "

ဇော်ထိုက် လှည့်ကြည့်လိုက်သည်။ ကျားသစ်မ၏ဒေါဟန်
ပြည့်ရှိနေသော ယမင်းခိုင်ကို ပြုံးပြလိုက်သည်။

"ခင်ဗျားအသားထိလို့ လက်စားချေတာလား"

"မဟုတ်ဘူး. . . ရှင့်ကို မုန်းလို့. . . မုန်းလို့၊ ကျွန်မဆီက
ချစ်တော့ ရှင်တစ်သက်မရဘူး မှတ်ထားပါ၊ မကျေနပ်ရင် အခု
ားပေး"

"ဒါတွေ အစကတည်းက ခင်ဗျားတွေးခဲ့ဖို့ကောင်းပါတယ်၊
ခုမှတော့ ပိတိဖြာပြီး စိတ်ချမ်းသာနေကြတဲ့မိဘတွေကို ငဲ့ညှာပြီး

www.burmeseclassic.com

www.burmeseclassic.com

'ကွာ' စကား မပြောကြေးကွာ၊ စိတ်ကို ကောင်းကောင်းထားနော်

ယမင်းခိုင်သည် အောက်နှုတ်ခမ်းကို ကိုက်လိုက်ပြီး ချာ
ကျောခိုင်းတာ အိမ်ထဲမှ ထွက်ခွာခဲ့သည်။ စိန်ပန်းပြာပင်ကို မှီ
တည်ဆောက်ထားသော ခုံတန်းလျားလေးတွင် ထိုင်ချလိုက်သည်

အလှမွေးထားသောမြက်ခင်းစိမ်း၏အစပ်၌ တရုတ်စက
ပင်လေးတစ်ပင် ရှိနေသည်။ တရုတ်စကားပွင့်တို့သည် မြက်ခင်
စိမ်းပေါ်တွင် ရွှေရွက်လေး တင်နေသည်။

နှင်းဆီကိုနှစ်သက်သည်ဆိုသော ဇော်ထိုက်အတွက် 'ထိုင်
ဂေဟာ' တွင် နှင်းဆီရောင်စုံပန်းခင်းကြီး ဖြန့်ကြက်ထားသည့်အလာ
ရှိနေသည်။ ကားဂိုဒေါင်၏မလှမ်းမကမ်းတွင် စံပယ်ရုံကလေးတစ်
ရှိနေသည်ကို ယမင်း တွေ့လိုက်ရသဖြင့် ထိုင်ရာမှ သွက်လက်စွာ
ထကာ စံပယ်ရုံကလေးဆီ လှမ်းလိုက်သည်။

"စံပယ်ကြက်ရုံးတွေပါလား၊ မောင်အေးရေ. . . မော
အေး"

ယမင်းခိုင် ဝမ်းသာသွားသည်။ စံပယ်ပန်း ကြိုက်သော
သူမအတွက် စံပယ်ရုံကလေးတစ်ရုံ တွေ့လိုက်ရခြင်းသည် ကွဲကွ
နေသော မိတ်ဆွေဟောင်းတစ်ဦးကို ပြန်တွေ့လိုက်ရသကဲ့သို့ ဖြ
နေသည်။

ကားဂိုဒေါင်၏အပေါ်ထပ်တွင် အိမ်တစ်အိမ်သဖွ
တည်ဆောက်ထားသောအခန်း၌ မောင်အေး နေသည်။ မောင်အေ
သည် စာဖတ်နေရာမှ ယမင်းခိုင် ခေါ်သံကြောင့် ပြေးဆင်းခဲ့သည်

"ဗျာ. . . လာပြီ အစ်မ. . . လာပြီ"

မောင်အေး အနားသို့ ရောက်လာသောအခါမှ. . .

"အစ်မကို ပေါက်တူးပေးစမ်းကွာ၊ စံပယ်ရုံဘေးက မြ
ကလေးတွေ ရှင်းပြီး မြေဆွေးထားချင်လို့"

"ဟာ. . . ကျွန်တော်လုပ်ပေးမှာပေါ့"

"အစ်မဘာသာ လုပ်နိုင်ပါတယ်ကွယ်"

"မင်း စာကျက်ပျက်သွားပါ့မယ်၊ အစ်မကိုသာ ပေါက်တူး
ပေး"

"ပြတင်းပေါက်မှာ အစ်ကို ကြည့်နေတယ် အစ်မ၊ အစ်မ
လုပ်လုပ်တာ မြင်ရင် ကျွန်တော့်ကို ဆူလိမ့်မယ်၊ သွားပါ အစ်မ
ကျွန်တော် အခု လုပ်ပါ့မယ်၊ အစ်မ ထိုင်ကြည့်နေ"

ယမင်းခိုင် အိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ ပြတင်း
ပေါက်မှ ရုပ်ကြည့်နေသောဇော်ထိုက်ကို တွေ့လိုက်ရသည်။ ချက်
ခြင်း မျက်နှာလွဲလိုက်ပြီး ပွားထွက်နေသော စံပယ်ပင်ပေါက်
လေးများကို သံတူရွင်းဖြင့် တူးယူလိုက်သည်။

"ဒီအပင်ကလေးတွေလည်း စိုက်ရဦးမယ်၊ မင်းက မြေ
ပေးကွယ်၊ အစ်မက ဒီအုံကို မြေဆွေးပေးပါ့မယ်"

မောင်အေးသည် ထပ်မံအထွန့်မတက်ဘဲ ခိုင်းသည်တို့ကို
လုပ်ဆောင်နေစဉ် ဇော်ထိုက်သည် အနားသို့ ရောက်လာပြီး. .

"မောင်အေး မင်းဘာလုပ်နေတာလဲ"

"ဗျာ. . . အစ်မခိုင်းထားလို့ပါ၊ စံပယ်ပင် စိုက်မလို့တဲ့"

ယမင်းခိုင်သည် သံတူရွင်းကို အသာထောင်ကာ ဇော်
ထိုက်ကို မော့ကြည့်လိုက်သည်။ ဇော်ထိုက်က. . .

"ရှုပ်ကရှုပ်နဲ့. . . စံပယ်ပင် ဘာလုပ်မလို့လဲ"

ယမင်း သံတူရွင်းကို ချကာ ထိုင်ရာမှ ထလိုက်သည်။

"ဆောရီးပဲ ဦးဇော်ထိုက်၊ ကျွန်မ ရှင့်ဆီမှာ ခွင့်မပန်ဘဲ
ထင်ရာစိုင်းလိုက်မိတယ်"

ဇော်ထိုက် စိတ်ရှုပ်စွာဖြင့်. . .

"ဟောဗျာ. . . ကျွန်တော်က အဲဒါ ပြောတာ မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်လှတဲ့နှင်းဆီတွေ ရှိလျက်နဲ့ စံပယ်ပင်ကို ဘာလုပ်ဖို့ စိုက်နေတာလဲ သိချင်လို့ပါ"

"ဩော်. . . ဒါလား၊ ကျွန်မက နှင်းဆီထက် စံပယ်ကို ပိုကြိုက်လို့ပါ"

ဇော်ထိုက်သည် ယမင်းခိုင်အား အံ့သြသလို ကြည့်ကာ. .

"စံပယ်ကို ပိုကြိုက်တယ်"

"ဟုတ်တယ်. . . စံပယ်ပန်းကလေးတွေ ပွင့်နေတာ မြင်ရင် ကျွန်မ သိပ်စိတ်ချမ်းသာတယ်၊ စံပယ်ပန်း ခူးပြီးရင် ဘုရားပန်းကပ်ရတာကို ကျွန်မငယ်ငယ်ကတည်းက လုပ်ခဲ့တဲ့ အလုပ်တစ်ခု အနေနဲ့ ကျွန်မဆက်လုပ်နေချင်လို့ပါ။ ဒီအတွက် ကျွန်မကို ခွင့်လွှတ်နော်"

"ခင်ဗျားလုပ်ချင်တာတွေ ကျွန်တော့်ကို ပြောရင် ကျွန်တော် စီစဉ်ပေးပါ့မယ်၊ မိန်းကလေးတန်မဲ့ သံတူရွင်း ပေါက်တူးကိုင်တာ ကျွန်တော့်မျက်စိထဲ ကြည့်မရလို့ပါ"

"ဒါကတော့ ဦးဇော်ထိုက်ရယ်၊ ရှင်က ရွှေပုံပေါ်မှာ မွေးလာတဲ့ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ မိန်းကလေးတွေ ပေါက်တူးကိုင်ထူးဆန်းနေမှာပေါ့၊ ကျွန်မတို့လို ဘဝကို ရုန်းကန်လာတဲ့သူအတွက ပေါက်တူးတို့ သံတူရွင်းတို့ ကိုင်တာ မဆန်းပါဘူး"

"ဒါပေမယ့်ဗျာ. . . ကျွန်တော့်ရှေ့မှာတော့ ခင်ဗျား မလုပ်နဲ့"

"အင်းလေ. . . ရှင့်အိမ်ပဲ၊ ရှင့်သဘောပေါ့"

ဇော်ထိုက်သည် ပြောပြောဆိုဆိုနှင့် ထွက်ခွာသွားသော ယမင်းခိုင်ကို ကြည့်၍ မိမိကိုယ်မိမိ အားမလိုအားမရ ဖြစ်နေသည်။ ဤမိန်းကလေးနှင့် ပတ်သက်လာတိုင်း သူ့အပြောတို့သည် မချောမွေ့တတ်ချေ။

"ကျွန်တော်ဘာလုပ်ရမလဲ အစ်ကို. . . ဆက်ပေါက်ရလား"

မောင်အေးက ငေါင်တောင်တောင်ဖြစ်သွားသော ဇော်ထိုက်ကို မေးလိုက်သည်။ ဇော်ထိုက်သည် လွတ်နေသောမြေကွက်ကို ညွှန်ပြရင်း. . .

"အဲဒီနေရာမှာ မြောင်းပေါင်သုံးခု ချထားကွာ၊ မြေဆွေးတွေ ထည့်ထား၊ မနက်ဖြန် ငါ ဆယ့်နှစ်ရာသီ ပွင့်နေတတ်တဲ့ စံပယ်မျိုးတွေ ရှာခဲ့မယ်၊ အဲဒီမှာ စိုက်ဖို့"

"အစ်မ သိရင် ဝမ်းသာမှာပဲ"

"မင်းက ထင်နေ. . . သူက ငါဘာပဲလုပ်လုပ် အကောင်းဘဲတာ မဟုတ်ဘူး၊ ကဲပါ. . . ဒီစံပယ်ရုံကလည်း အိမ်ဘေးကနှင်းစင်နားမှာ စင်တင်ပေးထားလိုက်၊ ဒီအပင်ပေါက်တွေလည်း အိမ်ရှေ့က ရွက်လှအတန်းနားမှာ အိုးတစ်လုံးနဲ့ စိုက်ပေးထားလိုက်၊ မြေကွက်လပ် မှန်သမျှမှာ စံပယ်ပင်တွေ စိုက်ပေးလိုက်ကွာ၊ မနက်ဖြန် မာလီနှစ်ယောက် ငါလွှတ်ပေးမယ်၊ သစ်ခွရုံတစ်ရုံလောက်ပါ ဆောက်ပေးရမယ်"

"တော်ရုံလုပ်ပါ အစ်ကိုရာ၊ တော်ကြာ ရက္ခပေဒဥယျာဉ်နဲ့ မှားပြီးဝင်လာကြဦးမယ်"

"မင်း ပင်ပန်းပါတယ်၊ မာလီတစ်ယောက်လောက်တော့ ထပ်ငှားလိုက်မယ်"

"မငှားပါနဲ့ အစ်ကိုရာ၊ လူဝင်လူထွက် ရှုပ်ပါတယ်၊ ကျွန်တော့်မှာ ဒီအလုပ်ပဲ အညောင်းပြေ လုပ်ဖို့ရှိတာ၊ ကျွန်တော် နိုင်ပါတယ်"

"မင်း စာကျက်ပျက်မှာစိုးလို့ ပြောတာ"

"စာချည်းလည်း ကျွန်တော် အမြဲမကြည့်နေနိုင်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုရာ၊ ညောင်းလာတာနဲ့ ခြံထဲ အလုပ်ထလုပ်ရင် အညောင်းပြေသွားတာပဲ၊ ထပ်မငှားပါနဲ့၊ မနက်ဖြန်တစ်ရက်ပဲ သစ်ခွဲခုံ ဆောက်ဖို့နဲ့ စံပယ် စနစ်တက္ကို စိုက်ပေးဖို့သာ တစ်ယောက်လွတ် ပေးရင် တော်ပါပြီ၊ မာလီတွေကဲ့တော့ ကျွမ်းပြီးသားမို့လို့ပါနော် အစ်ကို"

"အေး. . . အေး"

မောင်အေးသည် စာပေးစာယူစနစ် ပထမနှစ် ဖြေဆိုနေသော ကျောင်းသားတစ်ဦးဖြစ်သည်။ ဇော်ထိုက်နှင့် ဆွေမျိုးနီးစပ်တော်သည်။ ဇော်ထိုက် ပြင်ဦးလွင် ပြောင်းလာကတည်းက အဖော်လိုသဖြင့် ဒေါ်သူဇာနွယ်က ခေါ်ကာ ထားပေသည်။ ဇော်ထိုက်သည် ဘယ်နေရာကြည့်ကြည့် မိခင်မေတ္တာလောင်းရိပ်အောက်မှ လွတ်မြောက်ရန်နေရာ မရှိပါချေ။

"ကလေးရေ. . . ရေချိုးတော့ဟော့၊ ထမင်းစားရအောင်"

ဒေါ်ထွေးအသံ ပျံ့လွင့်လာသဖြင့် ဇော်ထိုက်သည် အိမ်ကြီးဆီသို့ လှမ်းခဲ့လေသည်။





ဇော်ထိုက် ကားပေါ်မှ ဆင်း၍ အိမ်ဆီသို့ လှမ်းခဲ့စဉ် အိမ်ထဲမှ ယမင်းခိုင်နှင့် ခင်မာလာတို့ ထွက်လာကြသည်။

"သူငယ်ချင်းနှစ်ယောက် ပြောစရာမှ ကုန်ရဲ့လားဗျ၊ ကုန်သေးရင် ကျွန်တော်စောင့်နေပေးပါ့မယ်"

ဇော်ထိုက်က ခင်မာလာကို အသောနှင့် စတင်နှုတ်ဆက်အားဆိုလိုက်သည်။ ခင်မာလာက ပြုံးလျက်. . .

"စကားဆိုတာကတော့ ဘယ်ကုန်နိုင်ပါ့မလဲရှင့်၊ ဒါပေမယ့် ဒီမောင်ကတော့ လည်တဆန့်ဆန့်နဲ့၊ မောင်တော်အတွက် ဦးနေစာချက်ခိုင်း နောက်ကျမှာစိုးလို့တဲ့လေ ပြန်ချင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား သက်"

"မဟုတ်ပါဘူး. . . သူ ပိုပြောတာ၊ သွားရအောင် မောင်"

မိမိတို့အကြောင်းများ ခင်မာလာကို ဖွင့်ပြောလိုက်သလား ဟု ရင်တထိတ်ထိတ် ဖြစ်ခဲ့သော ဇော်ထိုက်မှာ ယမင်းခိုင်ဆီမှ ပြောသံကြားလိုက်ရမှ ရင်ထဲ အံတန်ငယ် အေးသွားသည်။

"သက် နေခဲ့ချင်နေခဲ့လေ၊ မောင် ညကျမှ တစ်ခေါက်လာခေါ်မယ်"

"အေးလေ. . . နေပါဦးလား၊ ညစာစားပြီးမှ ပြန်ကြ၊ ဦးဇော်ထိုက်ပါ နေလေ"

"ကျေးဇူးတင်ပါတယ်. . . ကျွန်တော်တော့ အိမ်မှာ ကိစ္စလေးတွေ ရှိနေလို့ပါ၊ သက် နေချင်နေခဲ့လေ"

"ဟင့်အင်း. . . လိုက်မယ်နော်၊ မိမာ ငါပြန်လိုက်ဦးမယ် နော်၊ နင်လည်း လာလည်ပါဦး၊ သမီးပါ ခေါ်ခဲ့ပါ၊ ငါထိန်းပေးပါ့မယ်"

"တို့ကိုတော့ သိပ်မမျှော်နဲ့ဟော့၊ ရှေ့အပတ်ထဲမှာ မောင် ပြန်လာရင် တစ်လလောက်ကတော့ ငါ ဘယ်မှ လည်နိုင်မှာ မဟုတ်ဘူး၊ နင်သာ လာခဲ့"

"တော်တော်တရားတယ်. . . သွားမယ်"

ယမင်းခိုင်သည် မဲ့ကာ ပြောပြီး ကားပေါ် တက်လိုက်သည်။ ဇော်ထိုက်သည် ခင်မာလာကို နှုတ်ဆက်ပြီး ကားမောင်းထွက်ခဲ့သည်။ ယမင်းခိုင်ကို ငဲ့စောင်းကြည့်လိုက်သည်။ မျက်နှာတင်းကာ တစ်စုံတစ်ရာကို တွေးနေဟန်ရှိသည်။ မှိုင်းဝေနေသည်။ ဇော်ထိုက် ပြောလိုသောစကားတို့သည် လည်ချောင်းဝ၌ တစ်ဆို့ပျောက်ကွယ်သွားသည်။ ယခုနေ စကားပြောလျှင် အဆင်ပြေမည် မဟုတ်မှန်း သူနားလည်သည်။

အိမ်ရောက်သည့်တိုင် စကားမပြောမိကြချေ။ ယမင်းခိုင်

သည် အိမ်သို့ ရောက်ရောက်ချင်း အပေါ် ထပ်သို့ တန်းတက်ခဲ့သည်။ အိပ်ရာထဲ ခွေအိပ်လိုက်သည်။

"သူတို့အတွက်ကို မမြင်ချင်မှအဆုံး မန္တလေးနဲ့ပြင်ဦးလွင်မှာ ခြေရာချင်း ထပ်လို့လေ၊

ဦးဇော်ထိုက် လက်ထပ်တဲ့သတင်း ပါလာတော့ အားလုံးက ငေးသီယာနဲ့ပဲ ထင်ထားတာ၊ မဟုတ်လည်း မဟုတ်ရော အံ့အားသင့်ကုန်ကြတာပေါ့၊

ငါက သတို့သမီးနေရာမှာ နင့်နာမည်လည်း တွေ့လိုက်ရရော နှမြောလိုက်တာဟယ်၊ စေ့စပ်တာဆိုရင်လည်း ငါ လိုက်ပြီးကုန်ခိုင်းမှာပါ၊

မနေ့က စင်သီယာ ပြင်ဦးလွင်ကို တက်လာသေးတယ်၊ သတိထားနော်၊ အချို့မိန်းမသားတွေရဲ့အချစ်ဟာ ကြောက်ဖို့ကောင်းတယ်၊

ဦးဇော်ထိုက်ကတော့ ခပ်ပျော်ပျော်. နေတတ်ပုံပဲ၊ သူ့ကို ကြိုးကိုင်နိုင်ဖို့ လိုတယ်၊ မကိုင်နိုင်ရင်တော့ ရှုပါကလည်း မိမိဆီတော့ ကိပင်တွေ ရှိလွန်မှာ ငါစိုးရိမ်တယ် သူငယ်ချင်း"

ခင်မာလာစကားတို့သည် နားထဲမှာ ပဲ့တင်ထပ်လျက် ရှိသည်။

"ယမင်း. . အဝတ်လည်း မလဲသေးပါလား၊ နေမကောင်းဘူးလား သမီး"

"ကောင်းပါတယ် ထွေးထွေးရယ်"

ဒေါ်ထွေးရောက်လာသဖြင့် အိပ်နေရာမှ ထကာ အဝတ်လဲလိုက်သည်။

"ကလေးက မျောက်မီးခဲ ကိုင်မိသလို ဖြစ်နေပြီ၊ ကျုပ်မှာ ဘင်းအိုးတန်းလန်းထားပြီး လာခဲ့ရတာ၊ သွားကြည့်ပါဦး၊ နေကောင်း

www.burmeseclassic.com

www.burmeseclassic.com

ရဲ့လားလို့တဲ့လေ"

"ဘာမှမဖြစ်ပါဘူး"

"မဖြစ်ရင်လည်း လာခဲ့၊ ကလေးကို တစ်ခုခု ဖျော်ပေးလိုက်ပါကွယ်၊ စတော်ဘယ်ရီတွေ့ ရှိနေတယ်၊ ဒီကောင်က ရုံးက ပြန်လာလာချင်း တစ်ခုခု စားလိုက်ရမှ နေသာထိုင်သာ ရှိတာ၊ ဒါပေမယ့် ခုတော့ အစားမေ့ပြီး မယားအတွက် အရေးကြီးနေတယ်လေ"

ယမင်းခိုင် မျက်နှာရဲသွားသည်။

"အပိုတွေပါ. . . ယမင်း မေ့လို့၊ လာ. . . ထွေးထွေး"

ဒေါ်ထွေးလက်ကိုဆွဲကာ အောက်ထပ်သို့ ဆင်းခဲ့သည်၊ ဇော်ထိုက်သည် နှစ်ဦးသား ဆင်းလာသည်ကို တွေ့မှ စိတ်အေးသွားသည့်အလား မီးဖိုခန်းဘက် ဝင်ကာ ရေခဲသေတ္တာ ဖွင့်လျက် ဟိုကြည့်ဒီကြည့် ကြည့်ကာ. . .

"ထွေးထွေး ကျွန်တော်ဆာတယ်. . . ဘာရှိလဲ"

"ရမှာပေါ့. . . ယမင်းက စတော်ဘယ်ရီဖျော်ရည် ဖျော်ပေးမလို့တဲ့"

"ဩော်. . . မြန်မြန်နော်"

ရေခဲသေတ္တာနားမှ ခွာကာ ထမင်းစား စားပွဲ၌ ထိုင်စောင့်နေသည်။ ယမင်းခိုင်သည် ဖန်ခွက်တစ်ခွက်ကို အရင်ယူကာ သူ့အတွက် ဦးစွာ အညာခြွေပြီးသား စတော်ဘယ်ရီနှင့် နွားနို့သကြားတို့ကို ရောပြီး စတော်ဘယ်ရီကို ခွေ့ကာ မွှေနှောက်လိုက်သည်၊ ဇွန်းဖြင့် နာနာမွှေပြီး သူ့ရှေ့၌ ချပေးလိုက်သည်။

"ကျန်တဲ့သူတွေရော မသောက်ဘူးလား"

"လုပ်ပါ့မယ်. . . ရှင်က ဆာနေတယ်ဆိုလို့ အရင်ဖျော်ပေးတာ"

"ဩော်. . ကျေးဇူးကမ္ဘာ"

"မလိုပါဘူး"

ဒေါ်ထွေးသည် သူတို့နှစ်ဦးအား တမင်ထားခဲ့ကာ ရှောင်အောက်ဆင်းသွားသည်။ ယမင်းခိုင်သည် နောက်ထပ်ဖျော်ရည်ထပ်ဖျော်၍ ဖျော်ရည်ကို ဖန်ခွက်၌ ထည့်ပြီး ပိုနေသောဖျော်ရည်. . .

"ထပ်ယူဦးမလား"

"ဘယ်သူ့ကို မေးတာလဲ"

"ရှင့်ကိုပေါ့"

"ပိုရင် ယူမယ်လေ"

"တမင်ပိုဖျော်ထားတာပဲ၊ ရှင် မဝဘူးထင်လို့"

ယမင်းခိုင်လေသံ မာသည်။ သို့သော် ဆိုလိုရင်းက ဂရုစိုက် ရှိနေသဖြင့် ဇော်ထိုက်ရင်ထဲ ကြည်နူးသွားသည်။

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး. . . ရှင့်မိဘတွေရဲ့ကျေးဇူးနဲ့စာရင် ကျွန်မက အများကြီးပါ"

ယမင်းခိုင်သည် ဒေါ်ထွေးအား ခေါ်ရန် ပြတင်းပေါက်မှ ခေါင်းကြည့်လိုက်သည်။

"ဟင်"

အံ့ဖွယ်ကောင်းလွန်းလှသည်။ စံပယ်ပင်များ အပြည့်ဖြစ်သော မြောင်းသုံးမြောင်းအပြင် စံပယ်ပင်များကို ခြံပတ်ပတ် ဝန်းကျင်၌ တွေ့ရသည်။ ရင်ထဲမှ ကြည်နူးသွားသဖြင့်. . .

"စံပယ်ပင်တွေပါလား. . . ရှင်စိုက်ခိုင်းတာလားဟင်"

"ဟုတ်တယ်. . . မင်းကြိုက်တယ်ဆိုလို့လေ၊ ကျေနပ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

ယမင်းခိုင် ဇော်ထိုက်ထံ အကြည့်ပြုလိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်. . . စံပယ်ပန်းကလေးတွေ ပွင့်လာရင် ရှင်လည်း ကျွန်မကို ကျေးဇူးတင်သွားမှာ၊ စံပယ်အနံ့က ရင်ကို အေးစေတယ်၊ စံပယ်ပွင့်ကလေးတွေကလည်း အပြစ်ကင်းစင်ပါတယ်"

"အပြောနဲ့တင် ကျေးဇူးတင်သွားပါပြီဗျာ. . . လာသောက်ဦးလေ"

"ထွေးထွေးတို့ကို ခေါ်လိုက်ဦးမယ်၊ ထွေးထွေးရေ. . . မောင်အေးရော. . . ဒီမှာ ဖျော်ရည်လာသောက်ပါဦး"

ဇော်ထိုက်ရင်ထဲ ကြည်ရွှင်လာသည်။ ယမင်းခိုင်၏ဟန်ကလေးသည် တစ်ခါတစ်ရံ သွက်လက်လှုပ်ရှားပုံမှာ ကလေးဆန်နေတတ်သည်။

"လာလိမ့်မပေါ့. . . ဒေါ်ဆရာမ သောက်နှင့်ပါလား"

ယမင်းခိုင်သည် ပြောစရာစကားကို သတိရသဖြင့် သူနှုတ်မှက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီး ဖျော်ရည်ကို တစ်ငုံသောက်လိုက်သည်။ ပြီးလျှင်. . .

"ကျွန်မ ရန်ကုန်ခဏပြန်ချင်တယ်"

"ဟင်. . . ဘာလုပ်ဖို့လဲ"

ဇော်ထိုက်၏ကြည်ရွှင်သောစိတ်ကလေး ကြာရှည်မလိုက်ရပါချေ။ ရင်တထိတ်ထိတ် ဖြစ်သွားသည်။

"ပိုစတင် ချရင် စေလိုရာစေဆိုပြီး ပြန်တင်မလို့ပါ"

"အဓိပ္ပါယ်မရှိတာဗျာ. . . ပြင်ဦးလွင်တစ်ခုတည်းပါ ပြောင်းတင်ခဲ့ပြီပဲ၊ ခင်ဗျားယောကျ်ားက ပြင်ဦးလွင်မှာပဲ ရှိနေတာ မဟုတ်လား"

ဇော်ထိုက်သည် စိတ်တိုစွာဖြင့် ပြောချလိုက်သည်။ ယမ

ခိုက်မှောင်ချီလျက် အကြည့်စိမ်းကို ပို့ကာ. . .

"ကျွန်မ ရှင့်ကို စကားကောင်းကောင်းပြောပြီး တိုင်ပင်နေမလိုလားအပ်တဲ့ အပိုစကားတွေ မထည့်ပါနဲ့"

"ကျုပ်ပြောတာ အပိုစကားလား၊ ခင်ဗျားသာ အဓိပ္ပါယ်မဲ့နေတာ၊ ခင်ဗျားယောကျ်ား. . . အဲ. . . အားလုံးကလက်ခံထားတဲ့ ယောကျ်ားက ပြင်ဦးလွင်မှာပဲ တာဝန်ကျနေတော့ ခင်ဗျား ပြင်ဦးလွင်ကို တင်တယ်၊ ဒါ သဘာဝ ကျပါတယ်၊ စေလိုရာစေရအောင်၊ ဟာဗျာ. . . ကျုပ်မပြောတတ်တော့ဘူး၊ ပြင်ဦးလွင်မှ ဘယ်မှာမှ မလုပ်နဲ့ဗျာ၊ သာတောင် ကောင်းသေး"

"ဩော်. . . ဒါလား ခေတ်ပညာတတ်လူငယ်၊ ရယ်ဖို့ ကောင်းနေပြီ ဦးဇော်ထိုက်၊ ရှင့်လို ကျိကျိတက် ချမ်းသာတဲ့ သူဌေးတောင် ဘီအီးဘွဲ့ ရလို့ အေအီးဝင်လုပ်နေသေးတာ၊ ကျွန်မလူတန်းစားမျိုးက ပိုတောင် အလုပ်လုပ်သင့်ပါသေးတယ်"

"ခင်ဗျား ငွေလိုလို့လား၊ မီးခံသေတ္တာသော့ရော၊ ဘဏ်ငွေစာအုပ် မှန်သမျှ ခင်ဗျားပိုင်နေတာပဲ၊ ကြိုက်သလို သုံးနိုင်သေး"

"ရှင်ဟာ ငွေစကားသိပ်ပြောတယ်၊ ဒါဖြင့် ရှင်ဘာလို့ အလုပ်လုပ်လဲ"

"ဒါကတော့ တတ်သည့်ပညာ မနေသာလို့ ဝင်လုပ်တာ တတ်ထားတဲ့ပညာတွေ မို့မတက်အောင်လေ"

"ကျွန်မလည်း ဒီအတိုင်းပဲပေါ့"

"ဘာပဲပြောပြော ခင်ဗျား ပြင်ဦးလွင်ကလွဲပြီး ဘယ်မှာမှ သွားမလုပ်ရဘူး၊ ရန်ကုန်လည်း သွားစရာမလိုဘူး"

"ရှင့်. . . ကျွန်မလွတ်လပ်ခွင့်ကို ကြိုးကိုင်တာလား"

"ထင်ချင်သလို ထင်ဗျာ၊ ခင်ဗျားကို ကျုပ်မပါဘဲ ဘယ်မှ

www.burmeseclassic.com

www.burmeseclassic.com

မလွတ်ဘူး. . . ဒါပဲ"

ဇော်ထိုက်သည် သူ၏သောက်လက်စ ဖန်ခွက်ကို စား ပေါ် သို့ ဆောင့်ချလိုက်သည်။ ဖျော်ရည်စက်များ စင်ထွက်လာ သည်။ ထိုင်ရာမှ ထလိုက်သည်။ ယမင်းခိုင်လည်း မခံချင်သဖြင့်. .

"အင်းပေါ့. . . ကျွန်မက ရှင့်အမေ ဝယ်ပေးထားတဲ့အရ ကိုး၊ ရှင်လျောင်ထားလည်း နေရမှာပဲပေါ့"

"ဘာ. . . ခင်ဗျားဘာပြောတယ်"

ဇော်ထိုက်သည် ရှူးရှူးရှားရှားနှင့် ယမင်းခိုင်အပါး ဝုန်း အလာ ဒေါ်ထွေးရောက်လာပြီး. . .

"ဟဲ့. . . ကလေး ဘယ်လိုဖြစ်နေတာလဲ"

"ဟာဗျာ. . . ထွေးထွေး၊ သူ. . သူ. . မသိဘူးဗျာ"

ဇော်ထိုက်သည် ပြောစရာစကားစ ရှာမရတော့။ စိတ်လှု ရှားလွန်းသဖြင့် ယမင်းခိုင်ကို လျင်မြန်စွာ ကျောခိုင်းပြီး ဧည့်ခန်း သို့ ခြေသံပြင်းပြင်း နင်း၍ ထွက်ခွာသွားသည်။

ယမင်းခိုင်သည် ဝေ့သီလာသောမျက်ရည်များကို သုတ် ပစ်လိုက်သည်။ ဖျော်ရည်ကိုပင် ကုန်အောင်မသောက်ဘဲ ထသွား သော ဇော်ထိုက်၏ဖန်ခွက်ကို ငေးရင်းမှ ဇော်ထိုက်စကားများ ပြန်တွေးနေမိသည်။ ဇော်ထိုက်သည် စေတနာလား၊ သို့တည်းမဟုတ် တမင်ကလဲ့စားချေကာ မိမိအား ပညာရှိ နှိပ်စက်ခြင်းနှင့် နှိပ်စ နေရော့သလား၊ နာကျင်စိတ်နှင့်အတူ လှိုက်မောလာသည်။

"မိန်းကလေး"

"ရှင်. . "

"ဘာဖြစ်ကြပြန်ပြီလဲကွယ်"

"ဒီလိုပါပဲ ထွေးထွေးရယ်၊ ညနေစာ ဘာချက်မလဲထ ယ်မှင်း ချက်မယ်"

အာရုံကို ပြောင်းလဲယူလိုက်သည်။ သို့သော်. . .

"အားလုံးချက်ပြီးနေပြီ သမီး၊ ညစာအတွက် စဉ်းစားနေ ဘာ"

ညည တီဗွီကြည့်ရင်းဖြစ်စေ၊ စာဖတ်ရင်းနှင့်ဖြစ်စေ ဇော် ထိုက်သည် တစ်ခုခု စားနေတတ်သည်။

"ဂျင်းသုပ်မြင်းခွာရွက်သုပ်တွေကလည်း ရှိနေပြီဆိုတော့"

ယမင်းခိုင်သည် တရုတ်စကားပင်ကို မြင်ယောင်ရင်း. . .

"ရပြီ. . . ဒီည ယမင်းလုပ်ပေးမယ်နော်"

ပလတ်စတစ် ခြင်းတောင်းလေးတစ်ခု ယူကာ ခြံထဲသို့ ဆင်းခဲ့လေသည်။ မြက်ခင်းပေါ် ဒူးထောက်လျက် တရုတ်စကားပွင့် လေးများကို ကောက်လိုက်သည်။

"အစ်မ ကျွန်တော်ဝိုင်းကောက်ပေးရမလား၊ ဘာလုပ်မလို့ ဆောင် အစ်မ"

ပန်းပင်များကြားတွင် ပေါင်းနှုတ်နေသော မောင်အေးက မေးလိုက်သည်။

"သုပ်ပေးမလို့လေ"

"ဟင်. . . တရုတ်စကားပွင့်က သုပ်စားလို့ရတယ်"

"အေးပေါ့"

"ကျွန်တော်ကောက်ပေးမယ်၊ ထားခဲ့လေ အစ်မ"

"လာပြန်ပြီလား တစ်ယောက်၊ ဒီအိမ်မှာ ငါဘာလုပ်လုပ် ကြိုးစားဆီးနေကြတာပဲလား၊ ငါ့မှာ ဘာမှလုပ်ပိုင်ခွင့် မရှိတော့ ဘူးလား မောင်အေး"

ယမင်းခိုင်သည် ကုလားမနိုင် ရခိုင်မဲသလို ဖြစ်နေသည်။ ဆောင်အေးက ပျာပျာသလဲ ခေါင်းခါယမ်းရင်း. . .

"မဟုတ်ပါဘူး အစ်မရာ၊ ကျွန်တော်က စေတနာနဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com

"အေး. . . စေတနာနဲ့ဆိုရင် ငါဘာလုပ်လုပ် နင်တို့ ဝင်မပါနဲ့၊ ငါ အကူအညီလိုလို့ တောင်းတဲ့အခါကျမှသာ အကူအညီပေး၊ မှတ်ထား"

"ဟုတ်ကဲ့"

ကားဂိုဒေါင်အကွယ်၌ ပလတ်စတစ် ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ စီးကရက်သောက်နေသော ဇော်ထိုက်သည် ယမင်းခိုင်နှင့်မောင်အေး ပြောနေသံကို အစအဆုံး ကြားကာ ပြုံးမိလိုက်သည်၊ ယမင်းခိုင်ကို မြင်နိုင်သောနေရာသို့ လျှောက်သွားလိုက်သည်။

နေဝင်ခါနီးအချိန်သည် အကျည်းတန်များကိုပင် လှစေတတ်ရာ ယမင်းခိုင်လို လှပြီးသားလူအတွက် အလှသည် ရင်ကို သိမ့်ခနဲ လှုပ်ရှားသွားစေသည်။ တစ်ပတ်လျှိုဆံထုံးမှ ရှည်လျားသော ဆံမြီတ်သည် လေ၏အနှောင့်၌ ပျော့ပျော့လေး လူးလွန့်နေသည်၊ သနပ်ခါးရေကျဲသာ လူးထားသော မျက်နှာပြင်သည် နေ့၏ အရောင်ဟပ်မှုကြောင့် လက်နေသယောင် ဝင်းဝါစိုပြည်နေသည်။

နွဲ့သောခန္ဓာကိုယ်လေးသည် မြက်ခင်းထက်ဝယ် ကျွဲကျွဲကလေးနှင့် ကဗျာဆန်လှသည်။ လက်ချောင်းလှလှလေးများနှင့် ပန်းကလေးများကို ကောက်ယူနေပုံမှာ တယုတယ နိုင်လှသည်။ ဇော်ထိုက်သည် သက်ပြင်းချလိုက်သည်။ ယမင်းခိုင်နှင့်အတူ ပန်းကလေးများကို ဝိုင်းကောက်ပေးလိုလှပါသည်။ သို့သော် ကြည်လင်နေသောမျက်နှာလေးသည် သူ့ကြောင့် ပျက်စီးသွားမှာ စိုးရိမ်သဖြင့် တိတ်တခိုးအကြည့်နှင့်သာ ကျေနပ်လိုက်ရသည်။



အခန်း(၆)

ဇော်ထိုက်အား ယမင်းခိုင် တိတ်တခိုး ကြည့်လိုက်သည်။ ဒေါ်ထွေးသည် တီဗွီကြည့်လေ့ မရှိပါ။ တရုတ်စကားပွင့်သုပ်ကို မောင်အေးနှင့် နှစ်ယောက်တည်း စားပြီးသည်နှင့် မိမိနေရာ အသီးသီးသို့ ထွက်ခွာသွားကြသည်။ ဒေါ်ထွေးသည် ဘုရားဝတ်ပြုနေပါမည်။

ထို့ကြောင့် တရုတ်စကားပွင့်သုပ်ကို သူကိုယ်တိုင် ကျွေးရတော့မည်။ အသင့်ပြင်ထားသောဗန်းကို မယူကာ သူ့ထံသို့ လှမ်းယူသည်၊

www.burmeseclassic.com

ညင်သာသောခြေသံလေးကြောင့် ဒေါ်ထွေးမဟုတ်မှန်း သိသည်နှင့် သူ့ရင်ထဲ နွေးထွေးလာသည်။ ဝန်းကို 'ဘေးခုံတွင် တင်ပြီး ပြန်အလှည့်၌ သူ မနေသာတော့ဘဲ. . .

"ဒေါ်ဆရာမ"

ယမင်းခိုင်သည် မျက်လုံးနှင့်သာ ထူးလိုက်သည်။

"တီဗွီမကြည့်တော့ဘူးလား"

"မကြည့်ချင်လို့ပါ"

"ဘာဖြစ်လို့လဲ. . . မကြိုက်ဘူးလား၊ ကျွန်တော်တို့ ယောက်တည်း ပျင်းလို့၊ ဒါဖြင့် ဗွီဒီယို ကြည့်ပါလား၊ ဘာကားကြည့် မလဲ"

"ဘာမှမကြည့်ချင်ဘူး၊ စာပဲ ဖတ်တော့မယ်၊ စားလိုက်ဦး နော်"

"ဒါ ဘာသုပ်လဲ"

သိလျက်သားနဲ့ တမင်မသိဟန်ပြု၍ မေးလိုက်သည်။ သူ့အပါးမှ မထွက်ခွာစေချင်သေးပါ။

"တရုတ်စကားပန်းပွင့်လေးတွေ ပြုတ်ပြီး သုပ်ထားတာပါ"

"ဟုတ်လား. . . ကျွန်တော်က အဲဒီပန်းကလေးတွေကို သုပ်စားရတယ်လို့ တစ်ခါမှ မကြားဖူးဘူး"

"စားလို့ရတယ်. . . ဆေးဖက်လည်း ဝင်တယ်လို့ မေမေ ပြောတာပဲ၊ သွေးတိုးသမားနဲ့လည်း တည့်တယ်တဲ့၊ ကျွန်မတို့အိမ်မှာ တော့ သုပ်စားနေကျပဲ၊ သူ စားကြည့်လိုက်ပါလား၊ မကြိုက်ရင် ကျွန်မ တစ်ခုခု ထပ်လုပ်ပေးမယ်"

"သေတော့ မသေတတ်ပါဘူးနော်"

ဇော်ထိုက်က စချင်လာသည်။

"ဩော်. . . သေတတ်မှတော့ ရှင့်ကို ကျွေးပါ့မလား"

"ကျွေးလည်း ကိစ္စမရှိပါဘူး၊ သေတတ်မှန်း သိပေမယ့် သည်း ခင်ဗျားကျွေးတာဆိုရင် စားလိုက်မှာပဲ"

ပြောပြောဆိုဆိုနှင့် အသုပ်ပန်းကန်တို့ မ,ယူကာ တစ်ဇွန်း စားရင်း. . .

"ကောင်းတယ်. . . ဒါပေမယ့် အဖော်နဲ့ စားရင် ပို ကောင်းမယ်၊ ယူရော စားပါလား"

ယမင်းခိုင် ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။ ဝင်းနေသော သူ့အနားတွင် အဖော်အဖြစ် နေပေးလိုပါသော်လည်း တော်တ်မှ ခြောက်လှန့်ခဲ့သော သူ့စကားတို့သည် ခေါင်းထဲမှ ပြေး ထွက်မသွားခဲ့သေးပါချေ။

"ထွေးထွေးတို့နဲ့ စားပြီးပြီ"

"ဒီမှာ အမျှားကြီးပဲ. . . ထပ်စားပါဦးနော်၊ ကျွန်တော်ပျင်း လို့"

ဤသို့ဆိုပြန်တော့လည်း ဇော်ထိုက်သည် သနားစဖွယ် ကလေးငယ်တစ်ဦးလို ဖြစ်နေပြန်သဖြင့် ယမင်းခိုင် သနားသွား သည်။

သူ ထိုးပေးနေသောပန်းကန်ကို ယူကာ သူနှင့် မလှမ်းမ ကမ်းတွင် ထိုင်လိုက်သည်။ သူကျေနပ်စေရန် တစ်ဇွန်းခပ်စားလိုက် ပြီး သူ့အား ကမ်းပေးလိုက်သည်။

"ကျွန်မက ဝနေပြီ၊ သူပဲ စားတော့၊ ရေနွေးပဲ သောက် တော့မယ်"

ဇော်ထိုတ်သည် ခေါင်းမဖော်တမ်း စားရင်း. . .

"သိပ်ကောင်းတာပဲ. . . ဒီတစ်ခါပဲ စားဖူးသေးတယ်"

"ကြိုက်ရင် နောက် မကြာမကြာ သုပ်ပေးမယ်"

"ကျွန်တော်လည်း ပန်းကူကောက်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ရေနွေးကြမ်းပူပူနှင့်အသုပ်သည် ပြင်ဦးလွင်ကဲ့သို့သော ရာသီဥတုနှင့် ကိုက်ညီလှသည်။

ခွေးကလေးများ စို့လာသည်။

အသုပ်ပန်းကန် ပြောင်သွားသောအခါ ဇော်ထိုက်သည် ဆုံမောရင်း. . .

"ကောင်းသလား မမေးနဲ့၊ ပန်းကန်သာ ကြည့်တော့"

ဤသို့ဆိုပြန်တော့လည်း ယမင်းခိုင်ပင် ပြုံးမိသွားသည်။ မိမိလက်ရာကို နှစ်ခြိုက်စွာ စားသုံးခြင်းအတွက် ပီတိဖြစ်သွားရခြင်းသည် မိမိအလွန် မဟုတ်ပါ။

"ရှေ့အပတ်မှာ ခွင့်တစ်ပတ် ယူထားတယ်၊ ဘယ်သွားသလဲပြော. . . အကုန်လိုက်ပို့ပေးမယ်"

"ကျွန်မ ဘယ်သိမလဲ၊ ထွေးထွေးကို မေးလေ"

"ဟဲ့. . . ထွေးထွေးကို မေးရအောင် ထွေးထွေးက လိုက်မှ မဟုတ်ဘဲ၊ ဘယ့်နှယ့်. . . ဟန်းနီးမွန်း ထွက်တဲ့ကြား လိုက်ဖြစ်မလားလို့"

ဒေါ်ထွေးသည် လေ့ကားထက်မှ ဆင်းလာရင်း အသံကျယ်ကျယ်ဖြင့် သူတို့အား လှမ်းစလိုက်သည်။ ယမင်းခိုင်မျက်နှာသွေးဖြာသွားသည်။

ဇော်ထိုက်သည် ရယ်ရင်း. . .

"ဟန်းနီးမွန်းအစစ်မှ မဟုတ်ဘဲ၊ ထွေးထွေးလည်း လိုက်မှာ မုချတို့ စစ်ကိုင်းတို့အထိ သွားမယ်"

"တော်ပါ. . . ကျုပ်ရောက်ဖူးသားပဲ၊ ပူပူလောင်လောင်ကြီး"

ဒေါ်ထွေးသည် သူတို့အနား ထိုင်လိုက်သည်။

"ထွေးထွေး မလိုက်ရင် ယမင်းလည်း မလိုက်တော့ဘူး

"မိန်းကလေးကလည်းကွယ်. . . ခုပဲ ဒေါ်ထွေး ပြောစရာရှိလို့ ဆင်းလာတာ"

"ဘာပြောမလို့လဲ"

"ဒေါ်ထွေး ရန်ကုန်ပြန်ချင်လို့"

"ဟင်. . "

နှစ်ဦးစလုံး ဟင်ခနဲ အာမေဋိတ်သံ ထွက်သွားသလို မျက်နှာအသီးသီး ပျက်သွားကြသည်။

"ထွေးထွေးကလည်းဗျာ"

"ထွေးထွေး သွားရင် ယမင်းလည်း လိုက်မယ်"

"သွားကြ. . . ဒီလောက်တောင် သွားချင်နေကြလည်း သွားကြ၊ ဒီကောင့်ကို တော်တော်မေတ္တာရှိနေကြတယ် ထင်တယ်"

"အို့ကွယ်. . . ကလေးကလည်း"

ဇော်ထိုက်သည် စိတ်ပျက်လက်ပျက် ထကာ သူအိပ်နေကျ အခန်းထဲသို့ ဝင်သွားသည်။ ဇော်ထိုက်သည် အောက်ထပ်စာကြည့်ခန်းနှင့် ကပ်လျက်အိပ်ခန်း၌ပင် အိပ်သည်။ ဇော်ထိုက်နောက်ကျောသည် မြင်ကွင်းမှ ပျောက်ကွယ်သွားမှ ယမင်းခိုင်သည် ဒေါ်ထွေးအား လှမ်းကြည့်လိုက်ပြီး. . .

"ထွေးထွေးကလည်း လုပ်တော့မယ်၊ ယမင်းတို့ အခက်အခဲလည်း သိသားနဲ့"

"သိတော့ သိတာပေါ့၊ ဒါပေမယ့် ငါ့အားကိုးနဲ့ ညည်းတို့ခရီး ပိုစိမ်းနေမှာစိုးလို့"

"အဲ့ဒါ ပိုကောင်းတာပေါ့!"

"မကောင်းပါဘူး မိန်းကလေးရယ်၊ နစ်နာစရာရှိခဲ့ယမင်း ပိုနစ်နာမှာပါ။ ဒေါ်ထွေးမှာ သားသမီး မရှိပေမယ့်-သမီးချင်းစာနာမိလို့ပြောတာပါ။ တရားဝင် လက်ထပ်ပြီးတာကို မခံတင်းပြီး

www.burmeseclassic.com

www.burmeseclassic.com

စိမ်းကားနေကြပေမယ့် လင်မယားက လင်မယားပါပဲ သမီးရယ်၊ အပျိုဆိုတဲ့ဂုဏ် သမီးမှာ မရှိတော့သလို ရလည်း မရနိုင်တော့ပါဘူး၊ ဒီတော့ သမီးကသာ ဒွေးပေးလိုက်၊ တစ်ထွာလောက်ပဲလျှော့၊ သူက တစ်မိုင်လောက် လျှော့ပြီးသား ဖြစ်သွားမှာပါ"

ဒေါ်ထွေးသည် ယမင်းအား ကြိတ်၍ဆုံးမသည်။

"ထွေးထွေး ယမင်းနေရာက မခံစားကြည့်သေးလို့ပါ၊ ယမင်းကို သူက မာယာနဲ့ သိမ်းသွင်းတယ်လို့ ပြောဦးမှာပဲ"

"လင်မယားပဲ သမီးရယ်. . . ဘာပြောပြောပေါ့"

"ယမင်းကို မာနကြီးတယ်ပဲပြောပြော အဲဒါတော့ မခံဘူး ထွေးထွေး၊ ဣန္ဒြေသိက္ခာနဲ့ ပတ်သက်ရင် နည်းနည်းလေးမှ အပွန်းအပဲ့ မခံနိုင်ပါဘူး"

ဒေါ်ထွေးသည် ခေါင်းမာသောယမင်းကို လက်လျှော့သည့် အလား သက်ပြင်းချကာ. . .

"ကဲ. . . ဒေါ်ထွေးတော့ မပြောတတ်တော့ဘူး၊ ခု ဒေါ်ထွေး သွားမှာက ကလေးလည်း ခွင့်ယူထားတုန်း၊ သမီးလည်း ကျောင်းမဖွင့်ခင် သွားမလားလို့၊ နောက်ဆိုရင် သွားလို့ရတော့မှာ မဟုတ်ဘူးလေ"

"ဒါကတော့ ထွေးထွေးသဘောပေါ့၊ ယမင်းကိုတော့ သူ ထည့်မယ် မထင်ပါဘူး၊ ထွေးထွေးမရှိရင် သမီးရှိမှ ဖြစ်မှာပါ၊ သူက စိတ်ဆိုးပြီး ထည့်လည်း လူကြီးတွေက သူ့တစ်ယောက်တည်း ထားခဲ့ရမလားလို့ အပြစ်တင် မေးမြန်းရင် ခက်မယ်၊ အဲဒီတော့ မလိုက်တာပဲ အေးမယ်"

"စဉ်းစားတတ်သားနဲ့ ယမင်းရယ်၊ ကလေးကို ခွင့်လွှတ်ပြီး ချစ်တတ်လာအောင် စဉ်းစားထားပေါ့. . . ဟုတ်လား"

ဒေါ်ထွေးသည် ယမင်းခိုင်ကို ထားခဲ့ကာ ဇော်ထိုက်အခန်း

ဆင်းဝင်ခဲ့သည်။ ဇော်ထိုက်သည် နဖူးပေါ် လက်တင်ကာ မျက်စိမှိတ်အကြောင်သားနှင့် စဉ်းစားခန်း ဝင်နေသည်။

"ကလေး. . ."

"ခင်ဗျာ. . ."

ဒေါ်ထွေးသည် ကုတင်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဇော်ထိုက်သည် အိပ်ရာမှ ထကာ မကျေမနပ်နှင့်. . .

"ဒေါ်ထွေးလည်း မကောင်းဘူး"

"ဟဲ့. . . ငါက ဘာမကောင်းတာလဲ"

"သူ့ဆရာမဘက်က"

"ကျုပ်ဆရာမ မဟုတ်ပါဘူး. . . မင်းဆရာမပါ"

ဒေါ်ထွေးသည် သူဇာနွယ်၏ညီမဝမ်းကွဲဖြစ်သည်။ ဇော်ထိုက်ကို မွေးဖွားပြီးကတည်းက ကျန်းမာရေး ချို့တဲ့သော ဒေါ်သူဇာနွယ်ထက် ဒေါ်ထွေး၏လက်ပေါ်တွင်သာ အနေများခဲ့သော ဇော်ထိုက်သည် ဒေါ်ထွေးကိုလည်း မိခင်တစ်ဦးပမာ ချစ်ခင်သည်။ ခွေးဆိုးဆိုးတတ်သည်။

"ဒါဖြင့် ကလေးကို ဘာလို့ ထားခဲ့ဖို့ စဉ်းစားရတာလဲ"

"အဲဒါ မင်းအတွက်ကွယ့်"

"သားအတွက်. . . ဟုတ်လား"

"ဟုတ်တယ်လေ. . . ဒေါ်ထွေးရှိနေတော့ မင်းက ထွေးထွေးနဲ့ ကျုပ်ကိုပဲ ခုတုံးလုပ်နေကြတော့ မင်းတို့ချင်း ပိုစိမ်းနေတာ၊ ထွေးထွေးမရှိရင် ပြောစရာရှိရင် မင်းကို သူပြောလာမယ်၊ မင်းက သူ့ကို ပြောရတော့မယ်၊ နှစ်ယောက်တည်းဆိုတော့ တစ်ဦးနဲ့ တစ်ဦး တိုင်တိုင်ပင်ပင်နဲ့ ရိုင်းပင်းကူညီနိုင်ရင်း ရင်းနှီးသွားနိုင်တယ်"

ဇော်ထိုက်က ပခုံးတွန့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com

"ထွေးထွေးက ထင်နေ၊ ဒီလောက်မာနကြီးတစ်ခွဲသားနဲ့ မိန်းမမျိုး မမြင်ဖူးပေါင်ဗျာ"

"ဟဲ့... အဲဒါကတော့ မိန်းမမာန ထားမှာပေါ့၊ ကိုယ့်အပေါ် ဒီလောက်ချိုးချိုးဖဲ့ဖဲ့ ပြောထားတဲ့သူကိုပဲ ပါးလျက်နားလျက် လိုက်လုပ်ရမလား၊ မင်းပဲ ပြန်စဉ်းစားကြည့်စမ်း၊ ယောကျ်ားဆို အသေရဏ အရှင်ရဏ လိုချင်တဲ့မိန်းမဆို"

"ဟာ... ဒါကတော့ အနိုင်လိုချင်လို့ ပြောတဲ့စကားဟာကို သူ ဒီလောက်အမှတ်ထားဖို့ မကောင်းဘူး"

"အနိုင်လိုချင်တဲ့သူဟာ အရှုံးတွေကို အရင် ရင်ဆိုင်ရတတ်တယ် ကလေးရဲ့"

"သူကိုက တင်းလွန်းပါတယ် ထွေးထွေးရာ"

"မိန်းမသဘောလည်း နားမလည်သေးပါလား၊ ရည်းစားတွေ ဒီလောက်ထားခဲ့ပြီးမျာဟယ်... အုံပါရဲ့၊ ကဲ... မနက်ဖြန် ငါသွားဖို့ လုပ်ပေး"

"တစ်ပတ်တည်းနော်"

"ဒီထက်မက ကြာချင်ကြာမယ်"

"ဘယ်ဖြစ်မလဲ... ကလေးရုံးပြန်တက်ရင် သူတင် ယောက်တည်း ဖြစ်နေမှာပေါ့"

"အမယ်လေးဘဲ့နော်... ပြုစုခဲ့ရကျိုးနပ်ပါရဲ့၊ ကလေးရယ်၊ ကျုပ်တစ်ယောက်တည်းမျာ မင်းဒီလိုပြောခဲ့ရဲ့လားလို့ ပြန်စဉ်းစားစမ်း"

ဇော်ထိုက်သည် ရှက်ကိုးရှက်ကန်းနှင့် ဒေါ်ထွေးပါးကို ဆွဲလိမ်ကာ...

"ထွေးထွေးကလည်းဗျာ"

"ဘာခုမှ ထွေးထွေးကလည်း၊ မင်းအကြောင်းကို ငါသိပ်

ဘယ် ကလေးရယ်၊ လှလှမြင်တိုင်း ကြိုက်တဲ့ကောင်၊ ခုတော့ လှတာလေးကို မြင်ရက်နဲ့ ညစာခက်နေပြီ မဟုတ်လား၊ ဒါပေမယ့် မင်းကိုယ်မင်း သေသေချာချာ ဆန်းစစ်ဦးနော်၊ တကယ်ချစ်တာ ဟုတ်ရဲ့လားလို့"

"သူ့ကိုလား... ချစ်မှာ"

ဇော်ထိုက်မျက်နှာသည် မချိမချဉ်ဖြစ်နေသည်။ ဒေါ်ထွေးသည် ထိုင်ရာမှ ထကာ...

"မင်းကလည်း ဒေါသမကြီးနဲ့၊ ကိုယ်က လွန်ခဲ့သူပဲ၊ ပြီးတော့ ယောကျ်ားပဲ၊ သဘောထားကြီးကြီးနဲ့ အနစ်နာခံပြီး ဂရုစိုက်ပါလို့ ချင်တယ်"

"အင်းပါ ထွေးထွေးရယ်၊ သူ့ကိုသာ ပြောလိုက်ပါ၊ မျက်နှာငင်ကြီး ချီမထားပါနဲ့လို့... ဟား... ဟား... ဟား"

ဒေါ်ထွေး အတန်ငယ် စိတ်ပေါ့ပါးသွားသည်။ အခန်းထဲမှ ထွက်ခဲ့သည်။ ဇော်ထိုက်သည် အိပ်ယာပေါ် ပစ်လဲရင်း ဖက်ခေါင်းကို ဖက်ကာ မျက်စိမှိတ်လိုက်သည်။ သို့သော် ပြီးနေသောအပြီး ပျောက်မသွားပါ။

ထွေးထွေးအကြောင်းကို သူ သဘောတူပါသည်။

ထွေးထွေးပြောသကဲ့သို့ သူ့ကိုယ်သူ ဆန်းစစ်ရဦးမည်။ သဘာမြင်တိုင်း ကြိုက်တတ်သော ဝါသနာထက် ရင်မှ ပေါက်ဖွားလာသော အချစ်ဟုတ်မဟုတ်ကို ဆန်းစစ်ရပေဦးမည်။

မိဘအသိုင်းအဝန်း၏ ဖူးဖူးမှုတ်ကာ အလိုလိုက်ခြင်း ခံခဲ့ရသော သူ့ဘဝ၌ သူ့အား ဆန့်ကျင်ဘက်စကားဆိုသူ မရှိခဲ့ပါ။ သူတို့တိုင်းကျ ထင်တိုင်းကြိုက ပျော်ပျော်နေခဲ့သော သူ့ဘဝသည် အိမ်ထောင်ရေး၌လည်း ဒီအတိုင်း ဖြစ်လိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် သူထင်သလို ဖြစ်မလာခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

ယမင်းခိုင်သည် သူ့ကို ဆန့်ကျင်ဖို့သက်သက်များ သူ့ဘဝထဲ ရောက်လာလေသလားဟုပင် တွေးထင်မိသည်။

ယမင်းခိုင်ကို သံသယဖြစ်နေသလား။

ယမင်းခိုင်ကတော့ သူ့ကို နာကျည်းမုန်းတီးနေသည်မှာ သေချာသည်။ မိမိအတွက် စားဝတ်နေရေးကို လုပ်ကိုင်ပေးသည်မှာလည်း သူ့မိဘများ၏ကျေးဇူးရှင်သားမို့ ကျေးဇူးပြုခြင်းပါဟု အတိအလင်း ပြောပြီး လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယမင်းခိုင်ကို တော့ သူလန့်သည်။

မိမိ၏တရားဝင်မယား ဖြစ်နေပါလျက်နှင့် ယမင်းခိုင် အချစ်နှင့်ဘဝကို ပိုင်ဖို့အရေး ကြိုးပမ်းရန် အင်မတန် ခက်ခဲနေပြီး လမ်းစပင် ရှာ၍မရပါ။

ဇော်ထိုက်သည် စိတ်ပျက်စွာဖြင့် ဖက်ခေါင်းအုံးကို လွှင့်ပစ်ကာ မှောက်၍ အိပ်လိုက်သည်။ တစ်ခဏတွင်း၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။



ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်သဖြင့် ယမင်းခိုင်ခေါင်းထဲ မကြည်လင်ပါ။ သို့သော် မိမိထက် အမြဲတမ်းလိုလိုထက်ကြွလန်းဆန်းနေတတ်သော သူ့အသွင်သည် အနည်းငယ် ညှိုးနွမ်းနေသည်ဟု ယမင်းခိုင် ထင်သည်။

"နေကောင်းရဲ့လား"

ဟူ၍ မေးချင်ပါသော်လည်း သူ့အား ဂရုစိုက်သည်ဟု ထင်သွားမည်စိုးသဖြင့် မမေးတော့ပါ။

မိမိပြင်ဆင်ပေးသော နံနက်စောစောစာ လက်ဖက်ရည်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ကို အေးဆေးဖွာ စားသောက်နေသော သူ့ကို ယမင်းခိုင် မသိမသာ အကဲခတ်လိုက်သည်။ ယခင်နေ့များကကဲ့သို့ ဒေါ်ထွေးကို သူစားချင်သည်များကို မှာကြားသလို မိမိအား မှာကြားလေမလားဟု နားစွင့်လိုက်သည်။ သို့သော် သူက ဘာမှမပြောသဖြင့် မိမိလည်း စတင်မေးရန် မစုံမရဲ ဖြစ်နေသည်။

သူ စားသောက်ပြီးစဉ် သူ့ပန်းကန်များ သူယူ၍ ဆေးလိုက်ရာ...

"အို... ထားလိုက်ပါ၊ ကျွန်မလုပ်နိုင်ပါတယ်"

"ရပါတယ်"

သူက ပြီးအောင်ဆေးကြောပြီး နေရာတကျ ပန်းကန်များကို မှောက်ကာ ထားပြီးမှ ထွက်သွားလေသည်။ ထိုအခါ ယမင်းခိုင်သည် စားပွဲတွင် ဝင်ထိုင်လိုက်သည်။ အံ့ဩသွားရသည်။ မိမိအတွက် လက်ဖက်ရည် ငှဲ့ပေးထားသကဲ့သို့ ပေါင်မုန့်ထောပတ်သုတ်ပေးထားသည်။ ကြက်ဥကို အခွံခွာပေးထားသည်။

နားလည်ရခက်သော သူ့အကြောင်းကို တွေးရင်း စားသောက်နေစဉ်...

"အစ်မ..."

"ဩော်... မောင်အေး၊ ထပ်စားဦးမလား"

"စားပြီးပြီ အစ်မ၊ မစားတော့ပါဘူး၊ ကျွန်တော်စေးသွားပေးရမလားလို့"

"ရတယ်... အစ်မဘာသာ လျှောက်သွားမယ်"

"ကျွန်တော် ကားနဲ့ လိုက်ပို့ပေးရမလား၊ အစ်ကိုကတော့ ရုံးဒီနေ့တစ်ရက် သွားရဦးမှာမို့ လေ့ကျင့်ခန်းလုပ်ပြီး ရေမိုးချိုးနဲ့ မအားလို့ ပို့ပေးနိုင်မှာ မဟုတ်ဘူး"

"ရပါတယ်... အစ်မ လမ်းလျှောက်သွားမယ်၊ မင်းလည်း

"အစ်ကို မေးခိုင်းလို့ပါ"

"အဲဒီအတိုင်း ပြောလိုက်"

"စေးက နည်းနဲ့နည်းဝေးတယ် အစ်မ၊ ကျွန်တော် မောင်းပို့ပေးမယ်"

ယမင်းခိုင်သည် ဇော်ထိုက် ရုံးမီရေး တွက်ဆပြီး...

"ဒါဖြင့်လည်း အစ်မကို ကားသော့ပေး၊ အစ်မကိုယ်တိုင်မောင်းပြီး သွားလိုက်မယ်၊ မင်းက ငရုတ်ဆုံတစ်ဆုံထောင်းထားပြီး ဟင်းသွန်ဖြူနဲ့ကျင်းကို နွှာပေးထား... ဟုတ်လား၊ ခုတော့ ကားထုတ်လိုက်တော့"

"ဟုတ်ကဲ့"

"ဩော်... မောင်အေး၊ မင်းအစ်ကိုလည်း ဘာစားချင်လဲ ပြောခဲ့ပါ"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

ယမင်းခိုင်သည် ခြင်းတောင်းနှင့် ပိုက်ဆံအိတ်ကို ယူကာ အိမ်ရှေ့ဘက် ထွက်ခဲ့သည်။ အားကစားဝတ်စုံနှင့် ခြံထဲ၌ ပေါက်တူးနေသော ဇော်ထိုက်ကို တွေ့ရသည်။ တစ်သက်လုံး လုပ်ခဲ့ဖူးမတူသော ဇော်ထိုက်၏ပေါက်တူးပေါက်မှုမှာ ဟန်ချက်မညီသည့်ကြားထိသွားနိုင်သည်။

"မောင်အေး... မီးဖိုထဲမှာ ဘာမှမလုပ်ထားနဲ့တော့၊ ပြန်လာမှ လုပ်တော့မယ်၊ ဟိုမှာ မင်းအစ်ကိုဆီက ပေါက်တူးချောင်... ထိနေဦးမယ်"

"ဒုက္ခပါပဲ... အစ်ကိုကလည်း မီးဖိုထဲ သွားကူတဲ့၊ အစ်မ ချက်ခိုင်းတဲ့ ကျိုင်းတုံတစ်ခင်း ချမလို့ မြောင်းပေါက်နေတာကို ပေါက်မယ်တဲ့၊ အစ်မကလည်း အစ်ကို့ကိုပဲ ကူတဲ့၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်ရမလဲ"

"မင်းအစ်ကိုဆီက ပေါက်တူးပဲ ယူပြီး ပြန်ပေါက်လိုက်
ကဲ. . . အစ်မ မေးခိုင်းထားတာလည်း ဖြေဦးလေ၊ ဘာစား
တယ်တဲ့လဲ"

"အစ်မစားချင်တာ ချက်ပါတဲ့၊ သူက ဘာဖြစ်ဖြစ် ကြိ
တယ်တဲ့"

"ခက်နေပါပြီ၊ ကဲ. . . သွားမယ်"

ယမင်းခိုင်သည် ကားကို ကျင်လည်စွာ မောင်းထွက်သွ
သည်။

ဆောင့်ထွက်သွားသောကားလေးကို ဇော်ထိုက် လှမ်
ကြည့်ရင်းမှ စိတ်ပူသွားသည်။ ယမင်းခိုင်မှ ကားကျင်လည်
မောင်းတတ်ရဲ့လား ဟူသောအတွေး ဝင်လာ၍ဖြစ်သည်။ ကျွန်
ရော မောင်းဖူးရဲ့လား ဟူသောအတွေး ဝင်လာသဖြင့် စိုးရိမ်တ
ဖြစ်နေစဉ်. . .

"ပေး အစ်ကို. . ကျွန်တော်ပေါက်မယ်"

"နေစမ်းပါ. . . မင်းဘာသာ ငရုတ်သီးလေးဘာ
ထောင်းထားပေးလိုက်"

"အဲဒါ ခက်တာပေါ့ အစ်ကိုရာ၊ ကျွန်တော်တော့ အစ်
အစ်မတို့နှစ်ယောက်ကြားမှာ လုံးပါး,ပါးတော့မယ် ထင်တာ
အစ်မကလည်း အစ်ကို ပေါက်တူးထိနေဦးမယ်၊ မပေါက်စေနဲ့
အစ်ကိုကလည်း အစ်မကို ကူနဲ့. . . ကြင်နာနေလိုက်တာ"

"စကားမရှည်စမ်းနဲ့ မောင်အေး၊ မင်း မီးဖိုထဲမှာ ထော
စရာရှိတာ ထောင်းပြီးမှ လာပေါက်၊ သူက ချက်ပြုတ်ပြီး
ပန်းပင်စိုက်မှာဆိုတော့ ငါပေါက်ထားနှင့်မယ်၊ ပြီးမှ မင်းဆင်း
သွားကွာ"

မောင်အေးသည် ချစ်ကြောက်ရိုသေသော ဇော်ထိုက်ကို
ဘာမှပြန်မပြောသော်လည်း ရင်ထဲမှာတော့. . .

"ကြင်နာလှချည်လား အစ်ကိုရေ. . . မချစ်ဘူးဆို"
ဟူ၍ မေးချင်နေသည်။

ယမင်းခိုင် စွေးမှ ပြန်ရောက်တော့မှ ဇော်ထိုက်သည်
သားရဲရဲနှင့် သွေးပူလေ့ကျင့်ခန်း လုပ်နေသည်။ မောင်အေး
ခြင်းမှ မြေကို မြေဆွေးနှင့် သမနေသည်။

"ဟေ့. . . ဆွဲခြင်းသွားဆွဲပေးလေကွာ"

ယမင်းခိုင်ကို မြင်မှ ရင်ထဲ အေးသွားသောဇော်ထိုက်သည်
ခြင်းအေးကို လှမ်းပြောလိုက်ရာ မောင်အေးမှာ ပြေး၍ကြိုသည်။
မင်းခိုင်သည် ခြင်းကို မပေးဘဲ. . .

"လုပ်စရာရှိတာ ဆက်လုပ်ပါ၊ သွား. . သွား. . အစ်မ
အေး"

မောင်အေး စောဒက မတက်ဝံ့ဘဲ ပြန်လာသည်။ ဇော်
ထိုက်သည် သဲအိတ်ကို သဲသဲမဲမဲ လက်သီးနှင့် စွတ်ထိုးနေရင်းမှ. .

"မောင်အေး"

"ဗျာ. . "

"မိပူစုံးကို လှမ်းခေါ်လိုက်ရင် ကောင်းမလား"

"ဘာလုပ်ဖို့လဲ အစ်ကိုရ"

"ဟ. . . ခိုင်းဖို့ပေါ့။ မင်းအစ်မတစ်ယောက်တည်း ပင်ပန်း
မှာပေါ့"

"ထွေးထွေးသိရင်တော့ သိပ်ရင်နာတော့မှာပဲ အစ်ကို

"ဘာဖြစ်လို့လဲ"

"သူတစ်ယောက်တည်း အစ်ကို့ကို ချက်ပြုတ်ကျွေးနေတုန်း

www.burmeseclassic.com

www.burmeseclassic.com

ကတော့ အစ်ကို ပူဖော်မရလို့လေ"

ဇော်ထိုက် ဟက်ခနဲ တစ်ချက်ရယ်ကာ. . .

"ပြောစရာတွေတော့ ဖြစ်ကုန်ပြီထင်တယ်၊ ထွေးထွေးက ငယ်ငယ်ကတည်းက လုပ်ပေးနေကျမို့လား မသိဘူး၊ ငါ့စိတ်ထဲမှာ ဘယ်လိုမှ မနေဘူး၊ သနားရမှန်းလည်း မသိတာ အမှန်ပဲ၊ သူ့ကို တော့ နုနုလှလှလေးနဲ့ ချွေးတလုံးလုံး လှုပ်ရှားနေတာကို ငါမကြည့်ရက်တာ အမှန်ပဲ မောင်အေး၊ အဟဲ. . . ငါက လှတာ ကြိုက်သလို အလှပဲ ကြည့်ချင်နေတဲ့ကောင်ကိုး"

"အစ်မကိုတော့ ကျွန်တော်အကဲမခတ်တတ်ဘူး၊ အစ်ကို ကတော့ ခိုက်နေပြီ မဟုတ်လား"

သဲအိတ်ထိုးမှုကို ရပ်နားကာ အသာခုန်ပေါက်၍ အကြေး လျှောရင်းဖြင့်. . .

"အဲဒါတော့ ငါဝန်ခံလို့မရသေးဘူး မောင်အေး၊ ငါက လှတာ မြင်တိုင်း အရူးအမူး လိုက်ကြိုက်ခဲ့တယ်၊ ကြာတော့ ရိုးပြီး ဖြတ်ခဲ့တဲ့ရည်းစားတွေကလည်း တစ်ယောက်ပြီးတစ်ယောက် ဆိုတော့ ငါ့ကိုယ်ငါ ဆန်းစစ်နေတုန်းပဲ"

"အစ်ကိုက မလွယ်ကြောပဲ"

"အဲဒီမိန်းကလေးတွေကလည်း လွယ်ခဲ့တာကိုး"

"အစ်မကတော့ အဲဒီလိုမဟုတ်ဘူးနော် အစ်ကို၊ မာနတော အတော်ကြီးတယ်"

"သူ့မာနလေးကိုက တစ်မျိုးစချင်စရာ ဖြစ်နေတာကို ငါက သဘောကျနေတာ၊ ဒါကတော် မိပူစူးကို ခေါ်လိုက်ရင် ကောင်း မလား၊ ပြောပါဦး မောင်အေး"

"ကျွန်တော် ဆရာလုပ်တာ မဟုတ်ဘူးနော်၊ အစ်ကိုမေး ပြောရမှာ"

"ပြောစမ်းပါ မိကျောင်းသားရဲ့"

ဇော်ထိုက်သည် မောင်အေးပခုံးကို ခပ်ဖွဖွလေး လှမ်းထိုးရင်း ကြိမ်းလိုက်သည်။

"မခေါ်စေချင်ဘူး အစ်ကို"

"ဘာဖြစ်လို့"

"မိပူစူးက မြီးကောင်ပေါက်မို့ အပိုးကလည်းမကျိုး၊ ဆတ်လေးခါပြီး စပ်စပ်စုစုသိပ်နိုင်တာ၊ ထွေးထွေးနဲ့ကျွန်တော်တို့ နှစ်ဦးစာ သိတဲ့ ပြဿနာကို သူနဲ့ဆိုရင် မောင်းခတ်ပြီးသား ဖြစ်သွားမှာပဲ"

"အေး. . . ဟုတ်သားပဲ၊ မင်းတော်တယ်၊ ဒါဖြင့် ငါသွားကူ ထိုက်ဦးမယ်"

"ဝုန်းဒိုင်းကြဲသံတော့ ကျွန်တော်မကြားရဲဘူးနော် အစ်ကို"

"ခွေးကောင်"

ဇော်ထိုက်သည် ချွေးသုတ်ပုဝါဖြင့် ချွေးသုတ်ရင်း နောက်ဖေးပေါက်မှ ဝင်ခဲ့သည်။ ရေခဲသေတ္တာမှ ရေပုလင်း ထုတ်ရင်း မောင်းခိုင် ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ယမင်းခိုင်သည် နားသယ်စပ်မှ ချွေးများ စီးဆင်းနေသည်။ သူ့စိတ်ထဲ မကောင်း၊ ရေကို အသောက်လိုက်ပြီး ပုလင်းကို စားပွဲပေါ် တင်လိုက်ပြီးမှ ယမင်းခိုင်ထံ လျှောက်ရင်း. . .

"ကျုပ်ဘာလုပ်ပေးရမလဲ"

"မလို. . . အား. . . "

ယမင်းခိုင် လှည့်အကြည့်၌ ငါးကို လှီးနေသောဓါးသည် ချော်ပြီး လက်ကို လှီးမိသွားသည်။ သွေးများ ဖြာထွက်လာသည်။ သူသည် လျင်မြန်စွာဖြင့် အနားရောက်သွားကာ. . .

"ပြစမ်း. . . တော်တော်များသွားလား"

www.burmeseclassic.com

www.burmeseclassic.com

ယမင်းခိုင်လက်ကို ဆတ်ကနဲ ဆွဲယူလိုက်သည်။ ယမင်းခိုင် တုန်လှုပ်သွားသည်။ လက်ကို ရုန်းရင်း. . .

"ရတယ်. . . နန္ဒင်းသိပ်လိုက်မယ်"

"လာဗျာ. . . ကျုပ်ဆေးထည့်ပေးမယ်၊ ဒါတွေ မလုပ်တော့နဲ့ဗျာ၊ ဝယ်စားကြမယ်"

"မဟုတ်တာ. . . ရှင်လွှတ်ပါ၊ နန္ဒင်းထည့်လိုက်မယ်"

ဇော်ထိုက် တွေဝေသွားသည်။ ရုန်းနေသောသူမလက်ကို လွှတ်ရန်၊ ဆွဲရန်၊ ဝေခွဲရစဉ်. .

"သိပ်မထိပါဘူး ဦးဇော်ထိုက်၊ မီးဖိုချောင်မှာ ဓားထိတာ လောက်ကတော့ အသေးအမွှားပါ။ နန္ဒင်းသိပ်ရင် သွေးတိတ်သွားပြီ အနာလည်း မရင်းတော့ပါဘူး၊ ပြီးတော့ ကျွန်မ ငါးဆက်ကိုင်ရင်း မယ်"

"မကိုင်နဲ့တော့ဗျာ. . . မောင်အေး ဆက်ကိုင်လိမ့်မယ် ကျုပ် နန္ဒင်းသိပ်ပေးမယ်နော်"

ဇော်ထိုက်က ပြောပြောဆိုဆိုနှင့် နန္ဒင်းပုလင်းကို ဖွင့်ကာ သူ့လက်ဖြင့် ကော်ယူပြီး သိပ်ပေးသည်။ ယမင်းခိုင်မျက်နှာသည် ဖြူဖျော့ကာ နှုတ်ခမ်းများ တဆတ်ဆတ် တုန်သွားသည်။ မျက်ရည်များ ရစ်ဝိုင်းလာသည်။ သွေးက မတိတ်။ နန္ဒင်းမှုန့်နှင့် သွေးစများ ရောနှောကာ တစက်စက် ကျဆင်းလာသည်။

"မောင်အေး. . . မောင်အေးရေ၊ ဆေးသေတ္တာ ယူခဲ့စမ်း"

ဇော်ထိုက် အသံကုန် ဟစ်အော်လိုက်သည်။ ယမင်းခိုင် သွေးထွက်နေသောလက်ညှိုးကို သူ့လက်မနှင့်လက်ညှိုးဖြင့် ဖိကာ ဖိထားလိုက်သည်။

ယမင်းခိုင် ငိုချင်စိတ်ဖြင့် ရင်ထဲ လှိုက်တက်လာ မျက်ရည်များ ရစ်ဝိုင်းလာသည်။

ဇော်ထိုက်သည် မျက်ရည်ဝိုင်းသော မျက်လုံးအစုံဖြင့် မော့ကြည့်သော ယမင်းခိုင်အကြည့်ကြောင့် ရင်ထဲ တုန်ခါသွားသည်။ သူများ သိပ်နာကျင်နေသလား ဟူသောအတွေးဖြင့် ကြင်နာစွာ တီးတိုးမေးလိုက်သည်။

"သိပ်နာနေသလားဟင်"

ယမင်းခိုင် ခေါင်းကို ခါကာ အကြည့်လွှဲလိုက်သည်။

မောင်အေး ဆေးသေတ္တာ ယူလျက် ရောက်လာသည်။

"ဂွမ်းနဲ့ပတ်တီးထုတ်လေ မောင်အေး"

"ကျွန်တော့်လက်မှာ သဲတွေနဲ့"

"နေ. . နေ. . ငါလုပ်မယ်၊ ယူ လက်ဆေးထားလိုက်"

ယမင်းခိုင် လက်ကို လွှတ်ပေးလိုက်သည်နှင့် ယမင်းခိုင်လက်ကို စင်ကြယ်စွာ ဆပ်ပြာနှင့်ဆေးလိုက်သည်။ ငါးညှိုနှံ့ ပျောက်အောင် ဆေးရသည်။ သွေးက ပိုထွက်လာသည်။

"ဘာဖြစ်လို့လဲ အစ်ကို"

"ဓားထိတာပေါ့. . . မင်းပဲ ငါးဆက်ကိုင်လိုက်တော့၊ ဦးရင် ရေခဲသေတ္တာထဲသာ ထည့်ထား၊ အပြင်ကပဲ ဝယ်စားတော့မယ်"

ယမင်းခိုင် ရေဆေးပြီးသောလက်ကို လှမ်းဆွဲကာ လက်ဆုံပုဝါသစ်တစ်ထည်ဖြင့် သူကိုယ်တိုင် သုတ်ပေးပြီးမှ တင်ချာရည်ကို ဂွမ်းနှင့် တို့ကာ ဒဏ်ရာကို ဖိကပ်လိုက်သည်။

"အား. . "

"စပ်လား. . . နည်းနည်းတော့ စပ်မှာပေါ့"

ဇော်ထိုက်သည် မျက်နှာဖျော့တော့တော့လေးနှင့် အားနာခိုပ် သန်းနေရှာသော ယမင်းခိုင်ကို သနားကြင်နာစွာ ငုံ့ကြည့်ကာ မေး. . .

www.burmeseclassic.com

www.burmeseclassic.com

"တက်ခ်နပ်စ်ဆေး ထိုးလိုက်ရအောင်၊ ဂျွန်ကို ဖုန်းဆ
လိုက်မယ်နော်"

"အဲဒီဆေးထိုးပြီးတာ နှစ်လပဲ ရှိသေးတယ်၊ ထိုးဖို့ မ
သေးပါဘူး"

"ဂျွန်ကိုတော့ ပြကြည့်ဦးမှ ဖြစ်မှာပါ"

ယမင်းခိုင် ပြုံးယောင်သန်းသွားပြီး ပတ်တီးသေသပ်
စည်းပေးနေသော ဇော်ထိုက်ကို မျက်တောင်မခတ် ကြည့်ရင်း. .

"ရယ်စရာကောင်းနေပြီ ဦးဇော်ထိုက်၊ ဒီဒဏ်ရာ
လောက် ဇာခွဲရင် ဦးဇော်ထိုက်ကို ဝိုင်းလျောင်ကုန်လိမ့်မယ်"

"ဘာဖြစ်လဲ. . . လောင်ပါစေ၊ အရေးစိုက်စရာ မလို
ဘူး၊ ယူ.ဒဏ်ရာ သက်သာဖို့ အရေးကြီးတယ်"

"မပူပါနဲ့ ဦးဇော်ထိုက်၊ ဒီဒဏ်ရာလောက်နဲ့ ဘာမှမဖြစ်
ဘူး၊ ကျွန်မက ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ဘဝ
ဆင်းလာတဲ့လူမှ မဟုတ်တာ"

"ဟာဗျာ"

ဇော်ထိုက်ရင်ထဲ နင့်သွားသည်။ သူပြောခဲ့ဖူးသော စကား
တစ်ခွန်းဖြင့် ယမင်းခိုင်သည် သူ့ကို ပြန်နှက်လေပြီ။ မင်္ဂလာဆောင်
ပြီးညက မန္တလေးသို့ ညရထားဖြင့် လာခဲ့စဉ် ရထားပေါ်၌ ယခု
အား သူပြောခဲ့သည့်စကားကို ပြန်လည်သတိရကာ ရင်ထဲ နင့်သွား
သည်။

"စိတ်ချလက်ချ အိပ်နော်၊ ကျုပ်က ကတိပျက်မှာကိုတော်
သေမလောက် ကြောက်တဲ့လူစားဗျ၊ ခင်ဗျားကိုလေ ကျုပ်မိဘ ဝမ်း
ပေးတဲ့ အဖိုးတန် အရုပ်ကလေးတစ်ရုပ်လို ခြေမွေးမီးမလောင်
လက်မွေးမီးမလောင် ထားပြီး အလှသက်သက် ကြည့်ထားမှာဗျ
စိတ်ချ"

ဟူ၍ဖြစ်သည်။

ဆေးသေတ္တာကို ချောက်ခနဲ ပိတ်လိုက်သည်။

"မင်းက အမှတ်သည်းခြေကြီးတာကိုး"

"ဒါကတော့ ခံရတဲ့သူတွေက ပိုပြီးမှတ်တာပေါ့၊ မောင်
အေးရေ. . . ငါးကို မုတ်ုးလိုက်နဲ့နော်၊ မွှန်းပြီး အကောင်လိုက် ထား
ခဲ့ ငါးရံ့ဆန်လျော်ဟင်း ချက်ပေးမလို့"

ယမင်းခိုင်သည် ဇော်ထိုက်ကို ကျောခိုင်းကာ မောင်အေး
ငါးကိုင်ရာသို့ ကပ်သွားလေသည်။ ဇော်ထိုက်သည် ဆေးအိတ်ကို
ကာ ရှေ့သို့ လှမ်းအထွက်. . .

"ဦးဇော်ထိုက် အိမ်မှာပဲ ချက်မယ်နော်၊ ဘာမှမဝယ်လာနဲ့"

"အညောင်တွေ မိနေပါဦးမယ်"

ရယ်သံတို့ ထွက်လာသည်။ မောင်အေးက. . .

"အစ်ကိုရေ. . . လူကြားရင် ရယ်ကုန်ကြတော့မှာပဲ"

"ဟုတ်တယ် ဦးဇော်ထိုက်၊ ရုံးမှာတော့ ဒီအကြောင်း သွား
ပြောနဲ့နော်၊ လူတွေ လျောင်ကုန်မယ်"

ဇော်ထိုက်သည် စိတ်ကိုစွာဖြင့် ဆေးသေတ္တာကို ဝုန်းခနဲ
စ်ချက်ကာ ထွက်သွားလေသည်။ စေတနာကို နားမလည်ခြင်းဟု
ဒေါသထွက်နေသည်။

"အစ်ကိုက အစ်မကို အတော်ဂရုစိုက်တာပဲ"

"မိန်းမတွေကို အရောဝင်တတ်တဲ့ သူ့ဝသီကြောင့် နေမှာ
ပေါ့"

မောင်အေး သူ့အစ်ကိုဘက်မှနေ၍ ခံပြင်းသွားသည်။
သို့သော် သူပြန်မပြောရဲပါ။ ယမင်းခိုင်သည် အစ်ကိုနှင့်မှ ပတ်သက်
၍ တော်စပ်သည်ဆိုတော့ အစ်ကိုလောက် မရင်းနှီး၍ မပြောရဲပါ
ခေါ့။

www.burmeseclassic.com

www.burmeseclassic.com

"ပြီးရင် ဆိတ်ကလီစာ ကိုင်လိုက်နော်၊ ဒီမြို့က ငါးသိပ်ရှားတာ၊ ဆိတ်နဲ့အမဲချည်းပဲ၊ အမဲသားက အစ်မ မဝယ်ရဲတော့ ဆိတ်ကလီစာပဲ ဝယ်လာခဲ့တာ၊ မင်းအစ်ကို ကြိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

ဤသို့ဆိုပြန်တော့လည်း ယမင်းခိုင်သည် ဇော်ထိုက်အပေါ် ဂရုတစိုက် ရှိပြန်သဖြင့် မောင်အေးမှာ တွေးရခက်သွားသည်။

ယမင်းခိုင် ဝယ်လာသမျှသည် ဇော်ထိုက် ကြိုက်တတ်သည်ချည်းသာဖြစ်နေသည်။

ဤအမည်ခံ လင်မယားနှစ်ဦးကြားဝယ် မိမိသည် ဒေါ်ထွေးကိုယ်စား ခေါင်းခြောက်ရပေတော့မည်။

မပြောရဲသဖြင့်သာ နေနေရသဖြင့် ပြောချင်သည်မှာ ပါးစပ်ယားနေသည်။

"မုန်းကြေတာလည်း မဟုတ်ဘဲနဲ့များ အိုက်တင်ခံနေရသေးတယ်၊ အချိန်တွေ နှမြောဖို့ ကောင်းလိုက်တာဗျာ"

ဟူ၍ဖြစ်သည်။

"မောင်အေး. ."

"ဗျာ. ."

"စာမရတာရှိရင် ငါ့ကို လာမေးနော်"

"ဟုတ်ကဲ့ အစ်မ. . . ရေမကိုင်နဲ့ဦး၊ ရေနဲ့အလုပ်တွေ ကျွန်တော်လုပ်မယ်နော်"

"အေးပါ. . . ဒီတစ်ရက်တည်း မင်းလုပ်ပေးပေါ့၊ မနက်ဖြန်ဆိုရင် ရပါပြီ၊ သတ္တိကြောင်တာတော့ မဟုတ်ပါဘူး၊ အနာမကျက်ရင် ဖိုးစောက တပြောပြော ဖြစ်နေမှာစိုးလို့"

မောင်အေးက ရယ်လိုက်ရင်းဖြင့်. . .

"အစ်မကလည်း အစ်ကိုပြောရင်တော့ လန့်တယ်ပေါ့၊ အစ်ကိုကလည်း သည်းတာပါဗျာ"

"မသည်းသင့်တဲ့နေရာ သည်းတော့ စိတ်ရှုပ်တာပေါ့တဲ့"

"ဒါက သူက အစ်မကို. . ."

"မောင်အေးရေ. . . ငါသွားတော့မယ်ဟေ့၊ ခွင့်တင်ပြီးဘာနဲ့ ပြန်ခဲ့မယ်၊ ဘာမှဦးမလဲလို့ မေးလိုက်ဟေ့"

ဇော်ထိုက်အသံသည် ပျံ့လွင့်လာသည်။ ယမင်းခိုင် မောင်အေးအား ခပ်တိုးတိုးဖြင့်. . .

"မမှာတော့ဘူး ပြောလိုက်"

"ဟုတ်ကဲ့ အစ်ကို. . . ဘာမှမမှာတော့ဘူးတဲ့"

"အေး. . . အေး"

ဇော်ထိုက် ထွက်သွားသောကားသံကို ယမင်းခိုင် နားစွင့်ထောင်သည်။ သွားခါနီးတိုင်း ဒေါ်ထွေးဖြစ်စေ၊ မောင်အေးကိုဖြစ်စေ အော်၍နှုတ်ဆက်သွားတတ်သည်။ မိမိအား တစ်ခါမှ နာမည်ခေါ်၍ နှုတ်မဆက်တတ်ပါ။ သို့သော် မိမိအား ရည်စူး၍ အော်နှုတ်ဆက်ကြောင်းကိုတော့ ယမင်းခိုင် သိပါသည်။ သို့သော်လည်း သူ့ထံမှ ဘိုက်ရိုက်နှုတ်ဆက်ခြင်းကိုတော့ ခံလိုသည်။

မိန်းမသားများသည် မိမိခင်ပွန်းဖြစ်သူက ဂရုတစိုက် နှုတ်ခြင်းကို ခံယူချင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၈)

သူသည် ဖုန်းပြောနေသော ယမင်းခိုင်ကို ဂရုတစိုက် ကြည့်မိသည်။ မျက်နှာသည် အတန်ငယ် ချောင်သွားသည်။ ထွေး ထွေး သွားပြီး သုံးညမြောက်ညဦး ရန်ကုန်မှ တယ်လီဖုန်း လာသည်။ မေမေနှင့်သူပြောပြီး ယမင်းခိုင်ကို ပေးလိုက်ရသည်။ ယမင်းခိုင်ထံမှ . . .

"ထွေးထွေးရှိသလားဟင်၊ ထွေးထွေးနဲ့လည်း သမီးပြောချင်သေးတယ် မေမေ"

ဆိုလိုက်သဖြင့် သူ ပို၍စိတ်ဝင်စားသွားသည်။ ယမင်းခိုင် ထွေးထွေးကို ခေါ်လျှင် သူနှင့် ပတ်သက်တော့မည်ကို အလိုလို သိသည်။ ထွေးထွေးသည် သူတို့နှစ်ဦး၏ပုဏ္ဏားတိုင် ဖြစ်သောကြောင့်ပင်။

"ထွေးထွေးလား"

". . . . . "

"မြန်မြန်ပြန်ခဲ့ပါ ထွေးထွေးရယ်၊ ထွေးထွေးကို ခိုင်းဖို့ ဟုတ်ပါဘူး၊ သမီးမနေတတ်ဘူး ထွေးထွေးရယ်"

ယမင်းခိုင်အကြည့်က သူ့ထံ ဝင်လာသဖြင့် သူသည် နေရာမှ ထကာ စာအုပ်စင်မှ စာအုပ်များကို ရှာဖွေဟန် ပြုလိုက်သည်။

"ယမင်းမကြောက်တတ်ပေမယ့် အိမ်က အကျယ်ကြီး ဆိုတော့လား၊ အပေါ်ထပ်မှာ တစ်ယောက်တည်းဆိုတဲ့အသိက ရှိနေသော့ လန့်ပြီးအိပ်မရလို့ အိပ်ဆေးသောက်အိပ်နေရတယ် ထွေးထွေးခဲ့"

ယမင်းခိုင်သည် အသံကို နှိမ့်၍ပြောလိုက်သော်လည်း အသံကိုက ကြားလိုက်ရသဖြင့် စိတ်ထိခိုက်သွားသည်။ သူသည် သတိမထားမိလိုက်သော အချက်တစ်ချက်ကြောင့် ယမင်းခိုင် စိတ်ဆင်းရဲနေခြင်းအတွက် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။

ယမင်းခိုင်သည် ချောက်ချားစွာဖြင့် နှစ်ညတောင် အိပ်ခဲ့ရပါလား ဟူသောအတွေးဖြင့် ကြင်နာစွာ ငဲ့စောင်းကြည့်ပြီး

"ထွေးထွေးနဲ့ ကျွန်တော်ပြောဦးမယ်"

"ထွေးထွေး. . . သူပြောဦးမလို့တဲ့"

". . . . . "

"ဟုတ်ကဲ့ပါ ထွေးထွေး"

www.burmeseclassic.com

www.burmeseclassic.com

ယမင်းခိုင်သည် သူ့အား ငဲ့ကြည့်ကာ စကားပြောခွက်ကို ယမ်းရင်း. . .

"ရော့လေ"

သူသည် စာအုပ်ပစ်ချကာ လျင်မြန်စွာဖြင့် ယမင်းခိုင်ထံမှ စကားပြောခွက်ကို လှမ်းယူပြီး. . .

"ထွေးထွေး. . ကျွန်တော်ကြားတယ်၊ အရမ်းစိတ်မကောင်းဖြစ်သွားတယ်"

ယမင်းခိုင် ရှက်သွားသည်။ သူကြားသွားပြီဟူသောအသိက ရှက်အားပိုစေသည်။ မျက်နှာမထားတတ်သဖြင့် မီးဖိုဘက်ခန်းထွက်ခဲ့ကာ ဇော်ထိုက်အတွက် ခရမ်းချဉ်သီးကျယ်ရီကို အတုံးလှလှလေးများ လှီးနေလိုက်သည်။

ဇော်ထိုက်စကားပြောသံ တိတ်ဆိတ်သွားစဉ် တီဗွီမှ သတင်းလာနေသည်။

"မောင်အေးရေ. . . ဒီမှာ ကျယ်ရီလာယူစား၊ ဒရဝမ်ဦးကြီးကိုလည်း သွားပို့ပေးဦး"

မောင်အေး ရှိရာ ဂိုဒေါင်ဘက်သို့ ပြတင်းပေါက်မှ လှမ်းပြောလိုက်သည်။ ပြီးလျှင် ပြင်ဆင်ထားသောဗန်းကို ယူလျက် ဇော်ထိုက်နား လာခဲ့သည်။

ဇော်ထိုက်အကြည့်သည် ယမင်းခိုင်ထံ ကျရောက်လာသည်။ ယမင်းခိုင်ထံမှ ဗန်းကို ဆီးယူလိုက်ပြီး. . .

"ဒီမှာပဲ ထိုင်စားပါ၊ နောက်မှာ ထွေးထွေးလည်း မရှိတဲ့နဲ့"

"ဟုတ်သားပဲ၊ ရော့. . . အစ်မပန်းကန် ကျွန်တော်ယူလာတယ်"

မောင်အေးသည် ယမင်းခိုင်အတွက် လာပို့သွားပြီး အိမ်တံခါးများကို လိုက်လံပိတ်ပေးပြီး အိမ်ရှေ့မှ ဆင်းသွားလေသည်။

ဇော်ထိုက်သည် ကျယ်ရီကို ခက်ရင်းဖြင့် ထိုးစားရင်းမှ. . .

"အပေါ်ထပ်မှာ တစ်ယောက်တည်း မအိပ်ရဲတာကို ဘာဖြစ်လို့ ကျွန်တော့်ကို မပြောတာလဲ"

"ကြောက်လို့"

"ဘာကို ကြောက်တာလဲ"

"ရှင် တလွဲတွေးမှာကို ကြောက်တဲ့အကြောက်ထက် တစ်ယောက်တည်း ဇွတ်အိပ်လိုက်တာမှ ပိုကောင်းတယ် ထင်ပြီး မပြောဘူး"

ယမင်းခိုင်၏မာနသည် မည်သည့်အခါမှ လျော့ပါးခြင်းနှိမ့်ပါလားဟူ၍ ဇော်ထိုက် တွေးမိသည်။

"မာနကြီးမှန်း သိပါတယ်ဗျ၊ ဒါပေမယ့် နှစ်ယောက်တည်းရှိတဲ့အိမ်မှာ ကျွန်တော့်မှ မပြောရင် ခင်ဗျားဘယ်လိုလုပ်မလဲ၊ ပြောစမ်းပြီး ကျွန်တော် အပေါ်မှာပဲ အိပ်တော့မယ်"

"ရှင်. . "

ယမင်းခိုင် မျက်လုံးအဝိုင်းသားဖြင့် သူ့အား အဆိုတ်ဆန့် ကြည့်လိုက်ရာ ဇော်ထိုက်ရင်ထဲ လှိုင်းခတ်သွားသည်။

"မင်းအခန်းနဲ့ ကပ်လျက်အခန်းမှာ အိပ်မှာပါ၊ အိပ်မရရင် ခြေခိုဖြစ်၊ ကြောက်ရင်ဖြစ်ဖြစ် ကျွန်တော့်ကို အော်နှိုးလိုက်ပေါ့၊ ကျွန်တော် သတိနဲ့ အိပ်ပေးမယ်. . . မကြောက်နဲ့နော်"

"ကျွန်မ မကြောက်တတ်ပါဘူး၊ ဒါပေမယ့် တစ်မျိုးပဲလေ၊ သောက်ကြိုးကျယ်တဲ့အိမ်မျိုးမှာ လူနည်းနည်းလေးနဲ့ မနေခဲ့ဖူးသော့ သွေးလန့်သလိုပဲ"

"ဩော်. . . ယမင်းရယ်"

သူ့ရင်ထဲမှာ ကရုဏာချောင်းကလေး ဖြတ်သန်းစီးဆင်းသွားလေသည်။

www.burmeseclassic.com

"နောက်ပြန်တဲ့ကျရင် အပေါ်ထပ်နဲ့အောက်ထပ်၊ ခြေခန်းနဲ့ ဦးခိုခန်းနဲ့ ဆက်သွယ်ထားတဲ့ ဘဲလ်တွေ တပ်ပေးမယ်၊ သန့်ဘက်ခါမှ မြေလေး ဆင်းကြတာပေါ့. . . ဟုတ်လား"

"ရှင့်သဘောလေ"

တီဗွီမှ ဇာတ်လမ်းဆီသို့ မျက်စိရောက်အသွားဌ် ယမင်းခိုင်သည် ချက်ချင်း မျက်နှာလွှဲကာ စားသောက်စ ပန်းကန်ကို ယူကာ ထလိုက်သည်။

"မကြည့်တော့ဘူးလား"

"ဟင့်အင်း. . . သူစားပြီးရင်လေ နောက်ဖေးစားပွဲမှာ တင်ထားနော်၊ မနက်ရောက်မှ ကျွန်မဆေးမယ်"

ဇော်ထိုက် ပြုံးရုံပြုံးနေသည်။ ယမင်းခိုင် ဘာကြောင့် ထသွားမှန်း သူနားလည်ပါသည်။ တီဗွီမှ ဇာတ်လမ်းသည် 'ဟတ်တူဟတ်' ဖြစ်နေသောကြောင့်ပင်။

"ဩော်. . . ကျွန်မ ရှင့်အတွက် အိပ်ယာပြင်ထားလိုက်မယ်နော်"

"ရပါတယ်. . . ကျွန်တော့်ဘာသာ ပြင်ပါ့မယ်"

ယမင်းခိုင် ထပ်မံမပြောတော့ဘဲ သူ့အား ထားရစ်ကာ အပေါ်ထပ်သို့ တက်ခဲ့သည်။ ပင့်သက်မောသော သက်ပြင်းတစ်ခုကို ခက်ခက်ခဲခဲ ချလိုက်မိသည်။ သူတို့ နှစ်ယောက်အိပ်ခန်းမကြီးနှင့် ကပ်လျက်အခန်းကို ရှင်းလင်းကာ ဖြူဖွေးသောအိပ်ယာခင်းနှင့် အစွပ်များကို စွပ်ပြီး ရေတကောင်းနှင့် ဖန်ခွက်ကိုပါ ယူ၍ထားပေး သည်။ အလှတင် ပန်းအိုးကိုလည်း သူ့အိုးမှ ငုံနေသော နှင်းဆီပန်း တစ်ပွင့်ကို ထိုးစိုက်ပေးလိုက်သည်။

နေ့ခင်းကမှ မီးပူတိုက်ထားသောအင်္ကျီများမှ ညအိပ်အင်္ကျီ တစ်ထည်ကိုလည်း ကုတင်ပေါ်၌ တင်ထားပေးခဲ့လေသည်။

ဘုံ၏ဝတ္တရားကို ယမင်းခိုင် မပျင်းပါ။ မိခင်ဒေါ်သင်းခိုင်သည် အိမ်ထောင်သက် သုံးဆယ်နီးပါးလုံး အိမ်ထောင်မှုကို ဖြေးလှသည်။ တစ်ခါမှ ညည်းညူသံ မကြားဖူးချေ။ မိမိကိုလည်း ဤသို့ စိတ်ထား ထားနိုင်ရန် ဆုံးမခဲ့လေသည်။

"အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဆိုတဲ့ လိမ္မရတဲ့ အချက်သုံးချက်ထဲမှာ သမီးက အိမ်ထောင်မှုအချက် အောင်ဝင်သွားပြီမို့ အိမ်ထောင်မှုကိစ္စအဝဝ ပြုံးပြုံးလေးနဲ့ ပျော်ပျော်လေး လှုပ်ရှားပေတော့ သမီးရေ"

ဇော်ထိုက်သည် လိုအပ်မည်ထင်သမျှကို ပြင်ဆင်ခဲ့ပြီးမှ အခန်းသို့ ကူးခဲ့သည်။

မိမိ ဤအခန်းတွင် မအိပ်လိုပါသော်လည်း ဒေါ်ထွေးက "မိန်းကလေးဆိုတာ ဘယ်တော့မှ ကိုယ့်ရဲ့မင်္ဂလာဦးညကို မိမိက အရင်စွန့်စွာဖို့ မကြိုးစားရဘူး၊ ဒါဟာ အိမ်ထောင်သည် မိန်းကလေးရဲ့ဝတ္တရားတစ်ခုပဲ၊ နောက်. . မိမိအိမ်ကို မိမိက အရင်မစွန့်ခွာရဘူးလို့ ရှေးလူကြီးတွေက ပြောကြတော်ဝင်မိန်းမတွေဟာ သူတို့ဘက်က ချို့ယွင်းချက် တစ်ခုမှ မရှိရအောင် နေကြရတယ်"

ဒေါ်ထွေးပြောခဲ့ကတည်းက ယမင်းခိုင်သည် မင်္ဂလာပေါ်၌ မိမိတစ်ယောက်တည်း အိပ်စက်ခဲ့သည်မှာ ယနေ့ညဉ်၊ လစ်ဟာနေသော ညာဘက်မှ ကွက်လပ်ကို ကြည့်မိတိုင်း ဒဏ်ရာသော ဝေဒနာတစ်ရပ်သည် ယနေ့အထိ ပျောက်ကွယ်သွားသေးပါ။ ညအိပ်အင်္ကျီကို လဲလှယ်ပြီး ဗေလီယံဖိုက်ကြားသောက်ကာ နှစ်ယောက်အိပ်ကုတင်၏ ဘယ်ဘက်၌ ဆွဲတက်အိပ်စက်လိုက်သည်။

ခြေသံသဲ့သဲ့ကို နားထဲက ကြားယောင်နေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးဖွင့်၍မရတော့ပါ။

ဇော်ထိုက်သည် စေ့ထားသောတံခါးကို အသာတွန်းဖွ
လိုက်သည်။ လွယ်လင့်တကူပင် ပွင့်သွားသည်။ နှစ်ယောက်အ
ကုတင်၏ဘယ်ဘက်အစွန်းတွင် အိပ်ပျော်နေသော ယမင်းခိုင်း
တွေ့လိုက်ရသည်။ ပင့်သက်ချကာ တံခါးကို ပြန်စေ့ခဲ့ပြီး တစ်ဖ
ခန်း ကူးခဲ့သည်။ ပြည့်စုံစွာ ပြင်ဆင်ပေးထားသောကြောင့် စိတ်
မှာ ယမင်းခိုင်ကို ခိုးကျူးမိသည်။ နှင်းဆီပွင့်လေးကို ငုံနမ်းလိုက်
ပြီးမိသေးသည်။ ယမင်းခိုင်ကိုယ်စား ပန်းများကို နမ်းခြင်း
ဖြေသိမ့်နေသော သူ့အဖြစ်ကို ပန်းကလေးများသာ သိခဲ့ပါ
ဘယ်သို့ ရှိချေမည်နည်းဟုလည်း ခပ်ကြောင်ကြောင် တွေးလိုက်
သေးသည်။

အိပ်ယာနှင့် ကျောနှင့် ကပ်သည့်တိုင်အောင် အိပ်
သေးပါချေ။ ယမင်းခိုင်၏လှုပ်ရှားမှုဟန်များသည် သူ့ကို စိုးမိုး
ချေပြီ။ ယမင်းခိုင် မျက်နှာညှိုးလျှင်ပင် သူ မနေတတ်တော့
ထို့ကြောင့် ယနေ့မှစ၍ ယမင်းခိုင်အား ပျော်ပျော်နေစေရန် သူ
ပင် စ၍အလျှော့ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

သို့တိုင်အောင် အိပ်မရသေးချ။ ယမင်းခိုင်များ အ
တကြား ထအော်လေမလားဟူသောအတွေးဖြင့် နားတစ်ဖက်စွင့်ရ
ခြင်းကြောင့် သူအိပ်မရပါ။ အရုဏ်တက် အုန်းမောင်းခေါက်
ကြားမှ သူ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။



အခန်း(၉)

နှစ်ခြိုက်စွာ အိပ်ပျော်နေသော သူ့အား ယမင်းခိုင် မနှိုး
သို့သော် စိုးရိမ်စိတ်ကလေးကတော့ ဝင်ရောက်လာသည်။
များ မကောင်းဖြစ်လား ဟူသောစိတ်ကလေးကြောင့် ခြိတုံခြတုံ
နေသည်။

ဝင်၍ သူ့နဖူး စမ်းသပ်လိုပါသော်လည်း အပျိုရိုင်း
မဝံ့မရဲပါချေ။ အောက်ထပ်သို့ ညင်သာစွာ ပြန်ဆင်းခဲ့
သည်။

"မောင်အေး"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . ."

မနေနိုင်သဖြင့် မောင်အေး ရေလောင်းနေရာသို့ သွားကာ ဦးရိုးစိတ်ကို ဖွင့်ချလိုက်သည်။

"နင့်အစ်ကို ဒီလိုပဲ နေမြင့်အောင် အိပ်တတ်လား"

"တစ်ခါမှတော့ ဒီလိုမအိပ်ပါဘူး"

"နေများ မကောင်းလို့လား မသိဘူး. . . သွားကြည့်ပေးစမ်းပါ"

မောင်အေးသည် ရေပိုက်ကို ပန်းခင်း၌ ချပြီး သွားဟန် ပြင်လိုက်သည်။

"ညော်. . . အောက်ထပ်မှာ မဟုတ်ဘူးနော်၊ အပေါ်ထပ်မှာ"

မောင်အေး အံ့သြစွာဖြင့် ယမင်းခိုင်ကို လှမ်းကြည့်ရင်း. .

"ဗျာ. . တယ်ဟုတ်ပါလား၊ အစ်ကိုက ဒီလိုဆိုတော့လည်း

"ဟဲ့. . . ဘာတွေပြောနေတာလဲ၊ ဘုရားခန်းနဲ့ ကပ်လျက် အခန်းမှာ၊ ငါတစ်ယောက်တည်း ကြောက်မှာစိုးလို့ လာအိပ်ပေးတာကို အတွေးမချော်နဲ့"

"အစ်ကိုက ဒီလိုတော့လည်း သိတတ်သားပဲ၊ အစ်ကို့ကို စိတ်ရင်းကောင်းပါတယ် အစ်မရယ်၊ မိဘတွေက အလိုလိုက်ထားပြီး ဆိုးချင်တိုင်းဆိုး နွဲ့ချင်တိုင်း နွဲ့နေခဲ့တာ၊ အစ်မနဲ့ကျမ သူကျွတ်ခဲ့တာ"

"ရှေ့နေလုပ်ပါလား မောင်အေး၊ ဘီအေအောင်ပြီး အယ်လ်အယ်လ်ဘီ ဆက်တက်လေ၊ ကဲ. . . သွားကြည့်ပေးစမ်း

မောင်အေး ခေါင်းကုတ်ကာ. .

"အဲဒါမှ အခက်ပဲ၊ ကျွန်တော်က အစ်ကိုမခိုင်းဘဲ အထပ် တက်လေ့ မရှိဘူး အစ်မ"

"ငါခိုင်းတာပဲ"

ဟု ပြောရန် ပြင်လိုက်သော်လည်း မပြောဖြစ်လိုက်ပါ။ ယမင်းခိုင်သည် ဟန်ဆောင်အိမ်ရှင်မသာဖြစ်သည် ဟူသောအတွေးက ကြီးစိုးလာသည်။ အိမ်ကြီးရှင် ဦးဇော်ထိုက်သည် သည်သည့်စည်းကမ်းများ သတ်မှတ်ထားကြောင်းကို ယမင်းခိုင် သိပါ။

"အေးလေ. . . နေပါစေတော့၊ ကိုးနာရီမှ မနိုးရင်တော့ သွားနှိုးလိုက်မယ်"

အိမ်ထဲ ပြန်ဝင်ခဲ့သည်။ အလှပန်းအိုးကို ထိုးရင်း သူ့အသံ နားစွင့်နေရသဖြင့် ဆူးများ မကြာခဏ ခြစ်မိသည်။

"ဟောဗျာ. . . ရှစ်နာရီတောင် ခွဲပြီးပြီ၊ ဘယ်သူမှလည်း နှိုးကြပါလား"

ယမင်းခိုင် မီးဖိုထဲ ဝင်ခဲ့သည်။ လိုးထားသောပေါင်မုန့်ကို ကောင်လိုက်သည်။

နှစ်ယောက်စာ ပြင်ထားသောစားပွဲ၌ ထိုင်လိုက်ရင်း ကော်ဖီသောက်သည်. . .

"ဒီအချိန်အထိ စောင့်နေရသလားဗျာ၊ စားနှင့်ရောပေါ့၊ ကားနေမှာပေါ့ဗျာ၊ တစ်ခါတည်း လာစားနော်"

သူသည် လက်ဖက်ရည်ကို နှစ်ယောက်စာ ငှဲ့ထည့်ပေးပြီး ကြက်ဥအခွံခွာလိုက်သည်။ အစားအသောက်တွင် သူနှင့်ယမင်းခိုင် ညီအချက် တူညီနေသည်။ ကြက်ဥကို မကျက်တကျက် ပြုတ်သော်လည်း ယမင်းခိုင်က မကြိုက်သဖြင့် အကျက်ပြုတ်သည်။

ထိုအခါ ဇော်ထိုက်က သူလည်း အပြုတ်သာ ကြိုက်သည် ကြက်ဥအကျက်ပြုတ်သာ စားကြတော့သည်။ ပေါင်မုန့်ကို

www.burmeseclassic.com

www.burmeseclassic.com

လည်း မီးတောင်ခု ယမင်းခိုင် ကြိုက်သည်။ ဇော်ထိုက်ကလည်း ဤ
သို့ဝင်၊ ယမင်းခိုင် ပေါင်မုန့်မီးကင်ပန်းကန် ချလိုက်သည်နှင့်
သည် သွတ်လက်စွာ ယူ၍ ထောပတ်သုတ်လိုက်သည်။

"အတူတူပဲ စားကြရဲ့အောင်နော်၊ တစ်ယောက်တည်
စားရတာ သိပ်ပျင်းတာပဲဗျာ"

"ရပါတယ်. . . ယမင်းခိုင်က အဖြည့်ခံသက်သက်ပဲဟ
ဇော်ထိုက်သည် ယမင်းခိုင်အား တောင်းပန်သောအကြ
ဖြင့် ကြည့်လိုက်ရာ ယမင်းခိုင် မျက်လွှာချကာ ကြက်ဥကို ဆ
တို့၍ စားလိုက်သည်။

"စေးသွားဦးမလား. . . လိုက်ပို့ပေးမယ်လေ"

"ခုနကပဲ မောင်အေးကို ခိုင်းပြီးသွားပြီ. . . မလို
ဘူး"

"ဒါဖြင့် ဘဲလ်တပ်ဖို့တော့ ကျွန်တော်စေးသွားလိုက်ဦးမ

"ကျွန်မအတွက်ဆိုရင်တော့ မတပ်ပါနဲ့တော့ ဦးဇော်ထို
ညက ကျွန်မ ဦးဇော်ထိုက် အပေါ်ထပ်မှာ ရှိတယ်ဆိုတဲ့အသိစိ
ကောင်းကောင်းအိပ်ပျော်ပါတယ်၊ နောက်လည်း ဒေါ်ထွေး ပြန်
မှာပဲဟာ. . . အဝိုအလုပ်တွေပါ"

"ကျွန်တော်က ခင်ဗျားအတွက်ပါ"

"ကျေးဇူးတင်ပါတယ်. . . ဒါပေမယ့် ကျွန်မက ဧည့်သ
လို ဖြစ်နေတဲ့သူတစ်ယောက်ပဲဟာ၊ ဒီလောက် ကျွန်မအ
ဦးစားပေးဖို့ မသင့်ပါဘူးလေ"

"ပြောတော့ဗျာ. . . ခင်ဗျား တကယ်အမှတ်ကြီးတာ
ကိုင်းဗျာ. . . မတပ်စေချင်ရင်လည်း မတပ်ပါဘူး၊ စကားနဲ့
အနိုင်မယူပါနဲ့လား"

"ကျွန်မ အနိုင်မယူရဲပါဘူး၊ အနိုင်ယူချင်သူတွေဟာ

ရင်ဆိုင်ရတယ် မဟုတ်လား"

"လာပြန်ပြီ ဒီစကား၊ ထွေးထွေးလည်း အဲဒီလိုပဲ ပြောတတ်

"ကျွန်မလည်း ထွေးထွေးဆီက ရတဲ့စကားမို့ ပြောတာ

သူ ရယ်မောလိုက်သည်။ ယမင်းခိုင်က ပြုံးရုံပြုံးနေလိုက်

"မနေ့က မေမေက ဖုန်းဆက်ရင်း ပြောတယ်၊ တယ်လီဖုန်း
လည်း ဝယ်ထားတယ်၊ ကားတစ်စီးလည်း ဝယ်ရမလားတဲ့၊
သူ့သမီး ယမင်းအတွက်တဲ့လေ၊ ကျွန်တော် ဆုံးသွားတဲ့အခါ
ချာရှိရင် ကားမသုံးရမှာစိုးလို့တဲ့ဗျ၊ ကျွန်တော်ကတော့ ဝယ်
ိုက်တယ်"

"အို. . . ဘာလို့ ဝယ်ခိုင်းရတာလဲ၊ ကျွန်မ မလိုချင်ဘူး"

"ဘယ်ဟုတ်မလဲ. . . ကျောင်းတက်တဲ့အခါလည်း ယူသွား
ရောပေါ့၊ မေမေတို့အတွက် အပန်းမကြီးပါဘူး"

"မလိုပါဘူး ဦးဇော်ထိုက်ရယ်၊ ငွေကြေးက ရှင်တို့အတွက်
ပန်းကြီးပေမယ့် ကျွန်မအတွက် မလိုအပ်ဘဲ၊ တစ်သက်လုံး
ိုင်ကား စီးလာတဲ့ လူတန်းစားမှ မဟုတ်တာ၊ ကျေးဇူးတင်ပါ
မေမေနွယ်ကို ပြောလိုက်ပါ. . . မဝယ်နဲ့လို့"

ဇော်ထိုက် ပေါက်ကွဲလုလု ဖြစ်လာသောစိတ်ကို ထိန်းချုပ်
အနေဖြင့် စားလက်စကို ရပ်ပစ်ကာ ထိုင်ရာမှအထ. . .

"ဦးဇော်ထိုက်. . . ရှင် ဒီလိုတော့ မလုပ်ပါနဲ့၊ စားစရာကို
အောင်စားပါ၊ ကျွန်မကို မကျေနပ်ရင် ရှင် ရိုက်ချင်ရိုက်ပစ်နိုင်ပါ
ကျွန်မက ရှင့်မိဘ ဝယ်ပေးထားတဲ့ အဖိုးကြီးများတဲ့အရှင်ပဲ၊
ခန်းခိုးခိုးပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဘာဗျ"

"ဒုန်း. . . ဒုန်း. . . ဒုန်း"

ဇော်ထိုက် စားပွဲကို လက်သီးနှင့် ထုလိုက်သည်။ ထိုင်ခုံ ခြေဖြင့် ကန်ထုတ်လိုက်သည်။

ယမင်းခိုင် နှုတ်ခမ်းကို တွန့်ရုံ ပြုံးကာ. . .

"အိုး. . . ဆောရီး၊ ကျွန်မမှားသွားတယ်၊ ရင်ထဲမှာ ထ သင့်တဲ့စကားတွေ တစ်ခါတစ်ရံ ပြောမိသွားတယ်၊ ဆောရီးနော်

ဇော်ထိုက်မျက်နှာသည် နီရဲနေသည်။ လက်သီးကိုလည် ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

အသံတုန်ဖြင့်. . .

"ခင်ဗျား ဒီစကားတွေကို မေ့သင့်ပါပြီဗျာ"

"ခံရတဲ့လူဆိုတာ တစ်သက်မေ့ဖျောက်ပစ်လို့မရ ဦးဇော်ထိုက်"

"ဒါဆိုရင် အမိ မေ့နိုင်တဲ့အထိ ကျုပ်ဘာလုပ်ပေးရမ မကျေနပ်ရင် ကျုပ်ကို စတွေ့တုန်းကလို ရိုက်ပစ်လိုက်ဗျာ၊ ရိုက်. . . ရိုက်"

ဇော်ထိုက်သည် ယမင်းခိုင်အနား တိုးကပ်လာသ ယမင်းခိုင် ကြောက်လန့်တကြားဖြင့်. . .

"အို. . အို. . ကျွန်မကြောက်တယ်၊ အဲဒီလိုတော့ အ မကိုင်နဲ့. . . ကြောက်တယ်"

ယမင်းခိုင်သည် မျက်နှာကို စားပွဲပေါ် အပ်ကာ ငိုချ သည်။ ဇော်ထိုက် ဒေါသလွင့်စင်သွားသည်။

"ခင်ဗျားပဲ အမျိုးမျိုးဗျာ၊ ကျုပ်တော့ ရူးချင်ပြီ၊ စိတ်ခ ကျွန်တော်ကပဲ တောင်းပန်ပါတယ် အမိရယ်၊ နောက်ဆိုရင် ကြောက်အောင် မပြုတော့ပါဘူး၊ တိတ်ဗျာ. . . မျက်ရည်ဆို

တော် ကြောက်တယ်"

ယမင်းခိုင်၏ရှိုက်သံ စဲသွားသည်။

"ခေါင်းကိုက်နေဦးမယ်. . . ကျွန်တော် သိပ်မှားသွားတယ် ဗျာ"

ယမင်းခိုင် ခေါင်းမတ်ကာ မျက်ရည်များကို သုတ်လိုက်ပြီး နောက်. . .

"ကျွန်မ မှားတာပါ၊ ကျွန်မစကားကြောင့် ဦးဇော်ထိုက် စိတ်ထိခိုက်သွားရင်လည်း ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မက ရင် ထဲက စကားတွေ ထိန်းရခက်တော့ တစ်ချက်တစ်ချက် လွတ်သွား တယ်၊ ထိန်းချုပ်နိုင်အောင် ကြိုးစားပါ့မယ်"

ဇော်ထိုက် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ မျက်ရည် ကြားက ဟန်ဆောင်ပြုံးကာ ပြေပြေပြပြစ် စကားဆိုနေသော ယမင်းခိုင်ကို အံ့အားသင့်သွားသည်။

ငူတူတူကြီး ရပ်နေဆဲ။

"ဒီနေ့ ဘာစားချင်သလဲ၊ အုန်းနို့ခေါက်ဆွဲ စားမလား"

"ဘာမှ မစားချင်ဘူးဗျာ. . . အရက်ပဲ မူးနေအောင် သောက်ပစ်ချင်တယ်၊ အဲဒါ အကောင်းဆုံးပဲ"

ဇော်ထိုက် စိတ်ရှုပ်ထွေးစွာနှင့် ပြောလိုက်သည်။ အမှန် ဆာယ် သူ မူးချင်နေသည်။ သူ မမူးရင်တော့ ရူးတော့မည် ထင်ပါ သည်၊ စိတ်လှုပ်ရှားလွန်းသဖြင့် ခေါင်းကို လက်နှစ်ဖက်နှင့် ထိုးဖွ ကာ ယမင်းခိုင်ဘေးမှ အပြေးတစ်ပိုင်း ထွက်ခွာသွားသည်။

ယမင်းခိုင်မျက်ရည်များ တလိမ့်လိမ့် ကျဆင်းလာပြန် သည်၊ အိမ်နောက်ဖေး တံခါးဝမှ စောင့်ကြည့်နေသော မောင်ဘေး နှင့်လည်း ခေါင်းကုတ်ကာ ခြံထဲ ပြန်ဆင်းသွားလေသည်။

ကားစက်သံ ကြားရသဖြင့် ယမင်းခိုင် ထွက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကားနောက်ပိုင်းသာ မြင်လိုက်ရသည်။

"မောင်အေး"

"ဟာ. . "

"မင်းအစ်ကို ဘယ်သွားမယ် ပြောသွားသလဲ"

မောင်အေး ပျာပျာသလဲ ရောက်လာပြီး. . .

"ကျွန်တော်လည်း မသိလိုက်ဘူး"

"ဒုက္ခပါပဲ"

"ဒေါက်တာ့အိမ် နေမှာပေါ့"

"အေးအေး. . . ထမင်းစားချိန်မှ ပြန်မလာရင်တော့ ဖုန်းဆက်လိုက်တာပေါ့၊ ကဲ. . သွား. . သွား၊ လုပ်စရာရှိတာ လုပ်ပြီး စာကျက်တော့၊ လိုမှ ငါခေါ်မယ်"

"ဟုတ်ကဲ့"

ယမင်းခိုင် တံခါးမကြီးကို ပိတ်ကာ ပြန်ဝင်ခဲ့သည်။ စိတ်ထဲမှာ ဇော်ထိုက်အတွက် စိုးရိမ်စိတ်ကလေး ကိန်းအောင်းနေသည်။





အခန်း(၁၀)

ဒေါက်တာအေဂျန်သည် စိုးရိမ်စိတ်ဖြင့် ဇော်ထိုက်ထံမှ ဖုန်းပုလင်းကို လှုပ်လိုက်သည်။

"တော်ပြီကွာ. . . မင်းသိပ်လွန်နေပြီ"

ဇော်ထိုက် မူးနေပြီ။ မူးချင်နေသူအတွက် မူးနေပြီ။

"ပေးစမ်းကွာ ဂျွန်၊ မင်းဘာမှမသိဘူး၊ ငါ့အတွက်က နားလေကောင်းလေပဲ"

ဇော်ထိုက် ခွက်မှ လက်ကျန်ကို မော့လိုက်သည်။ ဒေါက်တာအေဂျန်မှာ စိတ်မသက်မသာဖြစ်နေပြီ။ သူနှင့်ဇော်ထိုက်သည်

www.burmeseclassic.com

www.burmeseclassic.com

သောက်နေကျဖြစ်သော်လည်း တစ်ပက်လောက်သာ။ ယခုလို မူးအောင်မသောက်ဖူးပါချေ။

"မင်းမိန်းမက ဖုန်းခဏခဏ ဆက်ခေါ်နေတယ်ကွာ၊ ပြန်ခေါ်ကောင်းပြီ. . . မျော်ရောပေါ့"

"သူလား မျော်မှာ. . . ဝေးသေး"

"မင်းရှူးနေသလား၊ မင်းတို့လင်မယား သိပ်ချစ်ကြတယ်ဆိုကွ"

"အေး. . . ရှူးနေတယ်၊ ငါရှူးနေတယ်၊ ငါတို့လင်မယား သိပ်ချစ်ကြတယ်၊ ဟတ်. . ဟား. . ဟား. . ဟား၊ မိန်းမဆိုတာ မီးတူတယ်ဆိုကြတုန်းက ငါက မိန်းမဆိုတာ ဖယောင်းပါ။ ကိုယ်လိုတဲ့သွင်းလို့ရပါတယ်လို့ ပြောခဲ့သေးတယ်၊ ခုတော့ကွာ. . . ဟုတ်တယ် မိန်းမဆိုတာ မီးနဲ့ အတူတူပဲ၊ မီးမှ တကယ့်မီးတောက်မီးလျှံကြီးငါ့တစ်ကိုယ်လုံး လောင်မြိုက်ဝါးမြိုနေပြီကွာ၊ သိရဲ့လား ဂျွန်၊ မင်းသိရဲ့လား"

ဇော်ထိုက်သည် ပုလင်းကို မ,လိုက်ပြန်သည်။ ဒေါက်တာအေဂျွန်က အနည်းငယ် ငဲ့ပေးပြီး. . .

"ဒါပြီးရင် တော်တော့ကွာ၊ မင်းကို ငါပြန်ပို့ပေးမယ်၊ နေဝင်ရင် ဆရာမ ကြောက်နေဦးမယ်၊ သူတစ်ယောက်တည်း မဟုတ်လား"

"အေး. . . ဟုတ်တယ်၊ သူက ကြောက်တတ်တယ်"

ဇော်ထိုက်သည် ထိုင်ရာမှ ထလိုက်သည်။ ယိုင်လဲတာပြန်ကျသွားသဖြင့် ဒေါက်တာအေဂျွန်က တွဲခေါ်လိုက်ရသည်၊

"ရတယ်. . . မမူးပါဘူးကွ"

မမူးဘူးသာ ဆိုသော်သူသည် လမ်းပင် မလျှောက်နိုင်တော့ပါချေ။ ဒေါက်တာအေဂျွန်က တွဲလျက် ကားပေါ် တင်လိုက်

သည်။

"ငါမောင်းမယ်ကွ"

"ဒီကောင်တော့ သေတော့မှာပဲ၊ မင်းမောင်းရင် အိမ်ရောက်ဘဲ သချိုင်းရောက်သွားမှာကွ"

"တယ်ခက်ပါလား ဂျွန်ရ၊ သေသွားလည်း အေးတာပေါ့၊ ငါ့ကို လောင်မြိုက်နေတဲ့မီးနဲ့ ဝေးသွားတာပေါ့"

ဒေါက်တာအေဂျွန် ကားကို မောင်းထွက်ခဲ့သည်။

"မောင်းလေကွာ. . . သူမျော်နေလိမ့်မယ်၊ မီးတောက်ကြီးမျော်နေလိမ့်မယ်"

"မောင်းနေတာပဲကွ"

"မြန်မြန်မောင်း"

"ဒီထက်မြန်ရင် မသာပေါ် သွားမှာပေါ့ကွ၊ မင်းက မသာချင်ပေမယ့် ငါက မိန်းမ မရသေးလို့ မသေနိုင်သေးဘူးကွ"

ဒေါက်တာအေဂျွန်က ဒေါသဖောင်းစွာ ပြောကြားလိုက်သည်၊ ဇော်ထိုက် နာရမှန်းမသိ၊ ဒေါက်တာအေဂျွန်၏ပခုံးကို မှီကာ အိပ်ပျော်သွားလေပြီ။

ဒေါက်တာအေဂျွန်သည် အတော်ပင် အံ့အားသင့်နေသည်၊ ဇော်ထိုက်နှင့်သူသည် အထက(၁)ဒဂုံတွင် မူလတန်းမှ အဆင့်တန်းအထိ တစ်တန်းတည်း နေခဲ့သော သူငယ်ချင်းနှစ်ဦးဖြစ်သည်။ တက္ကသိုလ် ရောက်မှ အမ်စီတက်ပြီး ဇော်ထိုက်သည် အာရှတိုက် တက်သဖြင့် ကျောင်းချိန်၌ ကွဲကွာသွားသည်။ သို့တိုင်အောင် ဇော်ထိုက်သည် သူရှိရာ အမ်စီသို့ လာရင်းနှင့် အမ်စီကလေးအချို့နှင့် ငြိသွားတတ်သေးသည်။ အရက်ကို အပျော့ဆန်ဖြင့်သာ ဝင်မော့တတ်သော်လည်း မူးအောင် မသောက်ဖူးချေ။ အခုလို လူမှန်းသူမှန်း မသိအောင် မသောက်စဖူး သောက်

www.burmeseclassic.com

သဖြင့် သံသယ စိတ်ကလေး ဝင်လာသည်။ သူ့ဇနီးနှင့်သူ ဘာမှ
အဆင်မပြေ ဖြစ်နေသနည်း ဟူသောအတွေးက ဝင်ရောက်လာ
သည်။

'ထိုက်ဂေဟာ' သို့ ဝင်ရောက်လိုက်သည်နှင့် ခြံဝတွင်
ဒရုဝမ်နှင့်အတူ စောင့်နေသော မောင်အေး၊ ပေါ်တီကိုအောက်
ထိုင်ကာ သိုးမွေးထိုးနေသော ယမင်းခိုင်တို့ကို အသီးသီး တွေ့လိုက်
ရသည်။

ကားရပ်သည်နှင့် ယမင်းခိုင်သည် မျက်စိပျက်မျက်နှာ
ပျက်စွာဖြင့် ဇော်ထိုက်အား ကြည့်ပြီး. . .

"သူ. . သူ ဘာဖြစ်တာလဲ ဒေါက်တာ"

"ဘာမှမဖြစ်ပါဘူး. . . အသောက်လွန်ပြီး အိပ်နေတာ"

"အို. . . "

ယမင်းခိုင်သည် မှင်သက်စွာဖြင့် ရပ်နေသည်။ ယမင်းခို
ဤကဲ့သို့ အမူးလွန်နေသော သူ့ကို မမြင်ဖူးပါချေ။ သူ့မိဘား
အသိုင်းအဝန်း၌ အရက်သောက်တတ်သူ မပါချေ။

ဒေါက်တာအေဂျန်နှင့်မောင်အေးသည် သူ့အား ခေါင်
တစ်ယောက်၊ ခြေထောက်တစ်ယောက် မ,ယူလိုက်သည်။ မော
အေးက. . .

"အပေါ်ထပ်အထိတော့ ဖြစ်မှာမဟုတ်ဘူး၊ အောက်ထ
အခန်းမှာပဲ ထားရအောင်"

"အေး. . . ကောင်းပါတယ်"

အောက်ထပ်အိပ်ခန်းရှိ ဇော်ထိုက်အိပ်နေကျ ကုတင်ပေ
တင်လိုက်သည်။ ယမင်းခိုင်သည် ဇော်ထိုက်ဖိနပ်ကို ချွတ်ပေး
စောင်ပါးတစ်ထည် လွှမ်းခြုံပေးလိုက်သည်။

"သူ တစ်ခါမှ ဒီလိုမမူးဖူးဘူး ဆရာမ၊ ကျွန်တော်တော

ခေတ်အံ့သြသွားတယ်"

ယမင်းခိုင်က မျက်ရည်လဲ့နေသောမျက်လုံးအစုံဖြင့်
ဒေါက်တာအေဂျန်အား ကြည့်ကာ. . .

"သူ ဘာမှမဖြစ်နိုင်ပါဘူးနော် ဒေါက်တာ"

"ခုတော့ ဘာမှမဖြစ်ဘူး၊ နိုးလာရင်တော့ သူ သိပ်ခံရလိမ့်
မယ်"

"ရှင်. . "

"ခေါင်းကိုက်မှာပေါ့. . . အဲဒီအခါ ဘလက်ကော်ဖီထဲ
သံဝှာရာရည်လေး ညှစ်ထည့်ပြီး တိုက်လိုက်ပေါ့"

"ဟုတ်ကဲ့"

မျက်နှာငယ်လေးနှင့် ရှိနေသော ယမင်းခိုင်ကို သူ သနား
မိသည်။ အားငယ်နေဟန် ရှိသည်။ ဇော်ထိုက်ကို အရိပ်တကြည့်
ကြည့် ကြည့်နေသည်။

"ကျွန်တော် မာမီကို လွှတ်ပေးရမလား"

"အို. . . ရပါတယ်ရှင်၊ လူကြီးတွေကို ဒုက္ခမပေးပါနဲ့"

"ဒါဖြင့် ကျွန်တော်ပြန်မယ်၊ မောင်အေးကို ခဏပို့ခိုင်းမယ်
. . . ဖြစ်မလား"

"ရပါတယ် ဒေါက်တာ"

"အကူအညီလိုရင် ဖုန်းဆက်ပေါ့. . . ဟုတ်လား၊ မောင်
အေးလည်း ဒီမှာပဲ ညအိပ်လိုက်ပေါ့"

"ဟုတ်ကဲ့ ကိုကိုဂျွန်"

"သွားမယ် ဒေါ်ယမင်း၊ သိပ်လည်း စိတ်ပူမနေပါနဲ့၊ ဘာမှ
မဖြစ်ပါဘူး"

"ဟုတ်ကဲ့"

ယမင်းခိုင် ခေါင်းညိတ်ရင်းမှ ဖြေလိုက်သည်။ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com

အောင်ရွှန်သည် ပဟေဠိဆန်သော ထိုလင်မယားကို ထားခဲ့ကာ ပြန်ခဲ့သည်။

မောင်အေးသည် ရင်တထိတ်ထိတ် ရှိနေသည်။ သူ့အား ဒေါက်တာအောင်ရွှန် မေးမြန်းပါက မည်ကဲ့သို့ ဖြေရမည်နည်းဟု စဉ်းစားနေသည်။

သို့သော် ဒေါက်တာအောင်ရွှန်သည် သူ့အိမ်ရောက်သည့် တိုင်အောင် မမေးပါချေ။

"မင်းအစ်ကိုနဲ့အစ်မကို ဒီညတော့ သေသေချာချာ ဂရုစိုက်လိုက်နော်၊ လိုအပ်ရင် ငါ့ဆီ ဖုန်းဆက်ဖို့ မမေ့နဲ့. . . ကြားလား"

"ဟုတ်ကဲ့ အစ်ကို"

"အေး. . . အေး. . . သွားတော့"

မောင်အေး စိတ်ပေါ့ပါးစွာဖြင့် ကားကို မိုင်နှုန်း အနည်းငယ် မြှင့်ကာ ပြန်ခဲ့သည်။ အိမ်သို့ ရောက်သော် အိမ်တံခါးသည် ဖွင့်ထားသည်။ ယမင်းခိုင်သည် ဇော်ထိုက်အပါး၌ ထိုင်နေဆဲပင်

"အစ်မ တစ်ခုခု စားဦးမလား"

"ဟင့်အင်း. . . ရတယ်၊ ငါမဆာပါဘူး၊ မင်း တီဗွီကြည့်ချင်ရင် ဖွင့်ကြည့်လေ"

"မကြည့်ဘူး အစ်မ၊ မျက်စိအကျင့်ပါမှာ စိုးရတယ်၊ စာကျက်ပျက်မယ်၊ ကျွန်တော် မီးဖိုခန်း စတိုခန်းမှာ အိပ်မယ်၊ အစ်မ တစ်ခုခု ဖြစ်ရင် နှိုးနော်၊ အစ်မလည်း အိပ်ပါ၊ ကျွန်တော် ရှိနေတာပဲ၊ စာကြည့်နေမှာ"

"အေး. . အေး. . ငါလည်း ဒီမှာပဲ အိပ်မှာပဲ"

ဇော်ထိုက်ကုတင်နှင့် ယှဉ်လျက်တွင် တစ်ယောက်အိ ကုတင်လွတ်တစ်လုံး ရှိနေသည်။

"ကျွန်တော် အိပ်ယာပြင်ပေးရမလား အစ်မ"

"နေ. . နေ. . ရတယ်၊ ငါ ဒီဒရင်းဘက်မှာ အိပ်မယ်"

မောင်အေး မီးဖိုခန်းဘက် ထွက်ခဲ့သည်။ တံခါးများ သော့ခတ်ပိတ်ပြီး စတိုခန်းရှိ ကုတင်လွတ်တွင် ဖျာတစ်ချပ် ခင်းကာ ခေါင်းအုံးတစ်လုံး ပစ်တင်လျက် ကျောဆန့်လိုက်သည်။ အိမ်ရှေ့ပူနောက် မချမ်းသာ ဆိုသကဲ့သို့ ဖြစ်နေချေပြီ။ သို့သော် လူငယ် တစ်ဇာခြင်း၌ အိပ်ပျော်သွားသည်။ ဖျတ်ခနဲ တစ်ရေးနိုး၍ အစ်မကို ကြည့်လိုက်သောအခါ သုံးနာရီထိုးလုလု ဖြစ်နေပြီ။ အစ်ကို့ အစ်မ ဘယ်လိုရှိချေသနည်း ဟူသောအတွေးဖြင့် အသာအယာ ခေါင်းခန်းသို့ လှမ်းခဲ့သည်။

အံ့ဖွယ်ကောင်းသောမြင်ကွင်းတစ်ရပ်ကို သူတွေ့မြင်လိုက်ရသည်။ အစ်မသည် အစ်ကို့ကုတင်ဘေး ကုလားထိုင်တစ်လုံး၌ ထိုင်လာ အစ်ကို့မျက်နှာကို စိုးရိမ်တကြီးဖြင့် တစိမ့်စိမ့် ကြည့်နေရသည်။ တစ်ချက်တစ်ချက် နှာခေါင်းဝသို့ လက်လေး ခံကာ စမ်းသပ်နေသကဲ့သို့ နဖူးပြင်နှင့်လည်ပင်းမှ ထွက်သော ချွေးများကိုလည်း သုတ်ယူကိုင်ပုဝါဖြင့် ညင်သာစွာ သုတ်ပေးနေသည်ကို တွေ့ရ၏

"အစ်မ မအိပ်ရသေးဘူးလား၊ ကျွန်တော်စောင့်ပေးမယ်" ဟူ၍ ပြောလိုက်လျှင် အစ်မ ရှက်သွားမှာစိုးရသေးသည်။ သူ့အကြင်နာလေးနှင့်သူ ရှိပါစေတော့ဟု တွေးကာ ခေါင်းသူ ပြန်ခဲ့သည်။ စိတ်ထဲ၌ ကြိတ်၍ အစ်ကိုဖြစ်သူအတွက် ဆုတောင်းသွားသည်။ မနက်ကျမှ အစ်ကို့ကို ပြောရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



စာခန်း(၁၁)

"အဲဒါပဲ အစ်ကို၊ မနက်ကျမှ အစ်ကို့ကို ပြောမယ်ဆို
ကျွန်တော်လည်း ပြန်အိပ်ပျော်သွားတာပဲ၊ ဒါကြောင့် အစ်မ ဘ
အခုိန် အိပ်သလဲ ကျွန်တော်မသိဘူး"

သူ့ရင်ထဲ၌ ကြည်နူးမှုဖြင့် တလှပ်လှပ် ခုန်လာသည်
"မင်းတကယ်ပြောတာလား မောင်အေး. . . ဟုတ်ရဲ့လ
ကွာ"

"အစ်ကို့ကို ကျွန်တော်ညာပါ့မလား"

"ဒါဆိုရင် အခြေအနေတွေက အလားအလာ သိပ်ကော

ပြော်ပေါ့"

"အစ်ကိုရဲ့ကြိုးစားမှုပေါ်မှာ မူတည်မှာပေါ့၊ စားတော့
အစ်ကို၊ ဩော်. . . ဘလက်ကော်ဖီနဲ့ သံပုရာရည်လေး
ထားနှင့်ပါလား၊ ခေါင်းကိုက်သေးသလား"

"သက်သာသွားပါပြီ"

ဇော်ထိုက်သည် မောင်အေး ကမ်းပေးသောကော်ဖီခွက်ကို
အနည်းငယ် သောက်ပြီးနောက် သူ့ကုတင်ဘေး ဒရင်း
လေး၌ အိပ်ပျော်နေသော ယမင်းခိုင်ထံ ပြန်လာခဲ့သည်။
ခိုင် အိပ်ပျော်နေဆဲ၊ သနပ်ခါး၊ မိတ်ကပ် ဘာမှမရှိဘဲ ပကတိ
နေသော အသားဖြူဖြူ၌ အဝါရောင် စွက်လျက်ရှိသည်။
နှောင်သောမျက်ခုံး၊ ပေါ်လွင်သောနှာတံ၊ မထူမပါး ခပ်ဖူးဖူး
သော နှုတ်ခမ်းနှင့် ပြစ်မျိုးမှည့်မထင် လှလွန်းသူကို မျက်
တောင်မခတ် ငေးကြည့်နေမိသည်။

ကြာရှည် ရပ်ကြည့်မနေရဲ၊ ညည့်ခန်းသို့ ပြန်ထွက်ခဲ့သည်။
အရေးသမား ထင်မှာ စိုးရိမ်သည်။ သတင်းစာတစ်စောင်ကို
ဖတ်လိုက်သည်။ သို့သော် ခေါင်းထဲတွင် ဘာသတင်းမှ
ဝင်မလာ။ သူ့မျက်လုံးထဲတွင် ယမင်းခိုင်အလှသည်သာ
နေသည်။

နားထဲတွင် မောင်အေးပြောသော သူ၏အကြင်နာလုပ်ရပ်
များကြောင့် လှိုက်မောနေသည်။ ယမင်းခိုင်ကို သူစွဲလန်းနေ
ခဲ့ပြီ။ အရင်ရည်းစားများနှင့် မတူသောအချစ်ဖြစ်သည်။

အစွဲလန်းဆုံး ထင်ရသော စင်သီယာကိုပင် ဥပေက္ခာ ပြု
နိုင်ခဲ့သည်။ စင်သီယာကို စွဲလန်းခြင်းသည် ယမင်းခိုင်နှင့်
လိုက်သောအခါ မြင့်မိုရ်တောင်နှင့် ဆီးစေ့ပမာ ကွာခြားလွန်း
သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖတ်မရသော သတင်းစာကို ချကာ ပြတင်းပေါက်မှ
ရှိ ခြံဆဲသို့ ကြည့်လိုက်သည်။ လေနုအေးတို့က သူ့အား ကလ
သည်၊ နှင်းဆီ၊ စံပယ်ရနံ့၊ ဖယောင်းပန်းရနံ့တို့က ရောဖက်လ
ရင်ကို နွေးစေသည်။

ထိုစဉ် ညင်သာသောခြေသံလေးသည် သူ့နောက်
ရောက်ရှိလာသည်။ သူ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ရင်
သိမ့်ကနဲ ဖြစ်သွားသည်။

"ခုတော့လည်း အကောင်းပါလား"

ယမင်းခိုင်စကားက ကြင်နာမှု မပါ,ပါ။

"ဘာစားပြီးပြီလဲ"

"ယမင်းကို စောင့်နေတာ"

"ဘလက်ကော်ဖီ သောက်ပြီးပြီလား"

"မောင်အေး တိုက်ပါတယ်"

နှစ်ဦးသား ယှဉ်၍ ထမင်းစားခန်းသို့ လာခဲ့သည်။
သောက်အပြီးဌ သူက. . .

"ရေချိုးလိုက်တော့. . . မန္တလေး ဆင်းရအောင်"

"မန္တလေး. . . မပူလွန်းဘူးလား"

"နားနားနေနေ သွားကြမယ်လေ၊ စစ်ကိုင်း မုံရွာအထိ
အဝတ်အစား သုံးလေးစုံလောက် ထည့်ခဲ့လေ"

ယမင်းခိုင် ခေါင်းညိတ်လိုက်သည်။ ဘယ်မှ မသွား
သော်လည်း စောဒက မတက်တော့။ ထိုင်ရာမှ ထလိုက်
သံပတ်ပေးထားသောစက်ရုပ်သဖွယ် လှုပ်ရှားလိုက်သည်။

ပြင်ဦးလွင်မှ စတင်ထွက်လာချိန်က နံနက်(၁၀)
ထိုးလုနေပြီ။ မန္တလေးနယ်နိမိတ်ထဲ ဝင်လာလေ ပူစပ်ပူ
ဖြစ်လာလေနှင့် ယမင်းခိုင် ခေါင်းနောက်လာသည်။

"ညက ကျွန်တော်သိပ်များသွားတယ်၊ လူမှန်းသူမှန်း မသိ
ခင် ဖြစ်သွားတယ်၊ တော်တော်စိတ်ပူသွားသလား"

ဇော်ထိုက်က သွေးတိုးစမ်း စကားဆိုသည်။ ယမင်းခိုင်က

"ကျွန်မ အရက်သမား မမြင်ဖူးဘူး"

"အရက်သမား မဟုတ်ပါဘူးဗျာ၊ ဒီလို ဒီတစ်ခါပဲ သောက်
သေးတယ်"

"ကျွန်မ လန့်သွားတာတော့ အမှန်ပဲ၊ ကျွန်မတို့ အသိုင်း
ဝန်းမှာ အမူးလွန်တဲ့သူ မရှိဖူးတော့ မြင်လည်း မမြင်ဖူး၊ ကြုံ
လည်း မကြုံဖူးနဲ့ ဘာလုပ်ရမှန်း မသိဘူး၊ အရမ်းကို ကြောက်သွား
တာ"

ဇော်ထိုက်သည် ယမင်းခိုင်အား မသိမသာလေး ငဲ့စောင်း
ကြည့်လိုက်သည်။ ထိတ်လန့်မှု မပြေပျောက်သည် ယခုတိုင် ရှိနေဆဲ။

"ဆောရီး. . . ကိုယ်သိပ်မှားသွားတယ်၊ ယူ ကြောက်မယ်
သတိမထားလိုက်မိဘူး"

"ကျွန်မကြောက်တာက ရှင်အမူးလွန်ပြီး သေသွားမှာ စိုး
တာယ်၊ အရက်စွဲသွားမှာလည်း စိုးတယ်၊ ရှင်သာ တစ်ခုခု ဖြစ်
သွားရင် ကျွန်မအပေါ် လူကြီးတွေက ပြောတော့မယ်၊ ကျွန်မ
ဘက်ကြီးတွေရဲ့အမျက်ကို မခံနိုင်ဘူး"

ဇော်ထိုက် နင့်ကနဲ ဖြစ်သွားသည်။ ယမင်းခိုင်သည် မိမိ
ကြောင့် ကြင်နာခြင်းထက် လူကြီးများ အပြစ်ဖို့မှုကို ထိတ်လန့်နေ
ခြင်းဖြစ်သည်။ ရင်နင့်စွာဖြင့် စကားလမ်းကြောင်း ပြောင်းလိုက်
သည်။

"မန္တလေးတောင် အရင်တက်ရအောင်နော်"

"ဟုတ်ကဲ့"

မန္တလေးတောင်ခြေ၌ ကားရပ်လိုက်သည်။ ကားတန်းများ

www.burmeseclassic.com

www.burmeseclassic.com

ကို အလုံပိတ်ကာ ကားစောင့် ကလေးတစ်ယောက်ကို ကားအပြင်
လှေကားထစ်များကို တစ်ထစ်ချင်း နင်းတက်ခဲ့ကြသည်။

"ရောက်ဖူးသလား"

"ဟင့်အင်း"

"မြွေကြီးနှစ်ကောင်ရှိတဲ့ မန္တလေးတောင်လေ"

"ဟုတ်ကဲ့"

ယမင်းခိုင်အပြောတို့သည် အေးစက်နေသည်။ ဇော်ထိုက်
ရင်ကို မနွေးစေနိုင်။ ခြေလှမ်းနှေးလွန်းသဖြင့် သူစောင့်ခေါ်
သည်။ ခရီး၏လေးပုံတစ်ပုံပင် မရောက်သေး။ မိမိ၏လက်မောင်
ကို တစ်စုံတစ်ယောက် လှမ်းဆုပ်ခြင်းကို ခံလိုက်ရသည်။

"သူ. . . မူးတယ်"

"ဟင်. . "

ဇော်ထိုက် တုန်လှုပ်စွာဖြင့် ယမင်းခိုင်ကို လှမ်းထိန်းလိုက်
သည်။ လှေကားဘေးဘက်၌ရှိ အုတ်ခုံတန်းလျား ရှိရာ တွဲခေါ်၍
ထိုင်စေသည်။ ချွေးဒီးဒီး ကျကာ နှုတ်ခမ်းသားများ တဆတ်ဆတ်
တုန်နေသည်။ မျက်လုံးကို မှိတ်ကာ တိုင်တစ်တိုင်ကို မှီထားလိုက်
သည်။ သူသည် လက်ကိုင်ပုဝါဖြင့် ခပ်ပေးရင်း. . .

"ယမင်း. . . ယမင်း"

"ဘာဖြစ်တာလဲ သူငယ်"

"မူးသွားလို့ပါ"

ခရီးသွားအမျိုးသမီးကြီးက သူတို့ကို လှမ်းမေးလိုက်သည်။
ယမင်းခိုင် မျက်လုံးကို ဖွင့်ကာ လက်ကိုင်အိတ်ထဲမှ ရှူဆေးဘူး
ယူရှူသည်။ သူက ရေတစ်ခွက် ပြေးခပ်သည်။

"အဒေါ်မှာ သွေးဆေးပါတယ်. . . သောက်မလား"

လူမှုရေးစိတ်ဓါတ်ရှိသော ထိုအမျိုးသမီးကြီးအား ယ

နှုံးခိုသောအပြုံးဖြင့်. . .

"ရပါတယ် ဒေါ်ဒေါ်. . . သက်သာသွားပါပြီ"

"ရေသောက်လိုက်ဦးနော်"

ဇော်ထိုက် ခပ်ပေးသောရေကို ယမင်းခိုင်က တစ်ဝက်သာ
သောက်သည်။ ကျန်သောရေကို ဇော်ထိုက်က ဆက်သောက်လိုက်
ဖြင့် ယမင်းခိုင်သည် မူးဝေသော ဝေဒနာကြားမှ ရင်ခုန်ကာ
ဦးက်မောသွားသည်။

"ဖြည်းဖြည်းဆက်တက်ခဲ့ပေါ့၊ နားနားနေနေပေါ့ကွယ်၊
သိပ်ပြင်းတာကိုး၊ ကဲ. . . သွားမယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

ဇော်ထိုက်က လှိုက်လှဲစွာ ပြောလိုက်သည်။ ယမင်းခိုင်က
ဇော်ထိုက်အား. . .

"မြွေကြီးနှစ်ကောင် ရောက်ခါနီးပြီလား"

"အဝေးကြီး လိုသေးတယ်၊ သွားနိုင်မယ် မထင်ဘူး၊ ပြန်
ကြာပေါ့"

ယမင်းခိုင် ခေါင်းညိတ်ရင်း. . .

"ညက အိပ်ပျက်သွားလို့ပါ"

"ဟုတ်ပါရဲ့. . . ကိုယ်သတိလစ်သွားတယ်"

ယမင်းခိုင် ထိုင်ရာမှ ထလိုက်သည်။ အနည်းငယ် ယိမ်းထိုး
သွားသည်။ သူက လှမ်းတွဲရင်း. . .

"လျှောက်နိုင်ရဲ့လား. . . ကိုယ်ပွေ့သွားမယ်လေ"

"ရပါတယ်. . . တွဲမယ်နော်"

ယမင်းခိုင် လက်ကိုင်အိတ်ကို သူ ယူကိုင်လိုက်သည်။ ညာ
ဘက်ဖြင့် ယမင်းခိုင်ကို တွဲကာ ခေါ်ခဲ့သည်။ ဘုရားဖူးအချို့သည်
ကြည့်အား ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။ တီးတိုးဝေဖန်

www.burmeseclassic.com

www.burmeseclassic.com

သွားကြသည်း

"သည်းလွန်းတယ်နော်"

ဟူ၍လည်းပါသည်။ ဇော်ထိုက်က အရေးမစိုက်ပါ။ ပြုံး နိုင်လျှင် ယမင်းခိုင်အား ကဲ့လေးတစ်ယောက်ပမာ ချီပိုး၍ ပြေး ဆင်းချင်နေသည်။

ကားနား အရောက်၌ ကားပေါ် တက်ရန် ပြင်နေသော ယမင်းခိုင်အား စွေ့ကနဲ ပွေ့ကာ တင်ပေးလိုက်သည်။ ဖျော့ သောမျက်နှာသည် ရဲသွေးနီသွားသည်။

"ဆေးခန်းတစ်ခု သွားမယ်နော်"

ကားစက်နှိုးရင်း သူပြောလိုက်သည်။

"ရပါတယ်. . တစ်နေရာမှာ ခဏနားချင်တယ်၊ အိပ်ပျော် ထားလို့ပါ။ ဘာမှမဖြစ်ပါဘူး"

"ကိုယ့်ကို မှီပြီး မှိန်းလိုက်ပါလား"

ယမင်းခိုင်က သူ့အား ဖျတ်ကနဲ ကြည့်သည်။ သူ့မျက်နှာ သည် ကရုဏာရိပ်သန်းကာ တည်ကြည်နေသည်။ ခေါင်းကလေး ညိတ်ကာ. . .

"ကျေးဇူးပဲနော်"

ဆိုလျက် ဟန်မဆောင်နိုင်ဘဲ ပခုံးထက် ခေါင်းတင်ထား မျက်လုံးအစုံကို မှေးမှိတ်ထားလိုက်ရှာသည်။ ဇော်ထိုက် ကားကို ညင်သာစွာ မောင်းထွက်ခဲ့လေသည်။ ဘယ်ကို သွားရမှန်းမသိ မန္တလေးဟိုတယ်၌ တည်းမည် မှန်ပါသော်လည်း လောလောဆယ် ဆေးခန်းတစ်ခု ပြရဦးမည်။ စင်သီယာကို သတိရသွားသည်။ စင်သီ ယာအစ်မကြီးသည် ဆေးခန်းဖွင့်ထားသည်။ ကားကို စင်သီယာအိမ် သို့ ဦးတည်လိုက်သည်။

ကားရပ်သွားသောအခါ ယမင်းခိုင် ခေါင်းကို မတ်လိုက်

သည်၊

"တီ. . . တီ. . . တီ"

စင်သီယာ ပြေးထွက်လာသည်။ ယမင်းခိုင် အံ့သြသွား သည်း

"အလို. . . ထူးထူးဆန်းဆန်း ည့်သည်ကြေပါလား. . . ကြ"

"ယူ့အစ်မကြီး ရှိလား စင်သီယာ၊ သက် ခေါင်းသိပ်မူးနေ သာ ပြချင်လို့"

"ရှိတယ်. . လာလေ. . ယမင်း"

စင်သီယာ ယမင်းခိုင်ကို ယုယစွာဖြင့် တွဲခေါ် သည်။

"ဒီက တမင်အလည်လာတယ် အောက်မေ့နေတာ၊ ခုတော့ ကျွန်မလာပြတာကိုး၊ မူးတာပဲ ကျေးဇူးတင်ရမလို ဖြစ်နေပြီ၊ လာကြွား တာတော့ မဟုတ်ပါဘူးနော်"

စင်သီယာသည် ပွင့်လင်းသွက်လက်စွာပင် ရှိနေသည်။ ဇော်ထိုက်သာ အတိအလင်း ဖွင့်မပြောထားပါလျှင် ဇော်ထိုက်နှင့် စင်သီယာတို့ကို ချစ်သူများအဖြစ် မည်သို့မှ ယမင်းခိုင်အနေနှင့် သိနိုင်မည် မထင်ပါ။ သူတို့နှစ်ဦးသည် သူငယ်ချင်း အရင်းအချာ များမှာ ပြောဆိုဆက်ဆံနေကြသည်။

"ယူကတော့ ပြောတော့မယ်၊ လက်ထပ်တာတောင် နှစ်ပတ်ကျော်ပဲ ရှိသေးတာ၊ အပျိုကြီးပီပီ ဇတ်စွတ်မနေနဲ့"

"အေးလေ. . . ယူက ပြောအားရှိပြီကိုး"

စင်သီယာအစ်မကြီးသည် ယမင်းခိုင်အား စမ်းသပ်ပြီး. .

"သွေးပေါင်သိပ်ကျနေတယ်. . . ဒရစ်သွင်းရမယ်၊ မင်းဘာ သာလောက်ညှဉ်းဆဲထားသလဲမှ မသိတာ"

"ဟာဗျာ. . . မမကြီးကလည်း"

www.burmeseclassic.com

www.burmeseclassic.com

ဇော်ထိုက် ရှက်သွားသည်။ ယမင်းခိုင် မျက်လုံးမှိတ်ထားလိုက်သည်။ သူတို့အနောက်အပြောင်ကို ယမင်းခိုင် ရှက်လန့်တကြား ခံစားရသည်။ ဇော်ထိုက်က ယမင်းခိုင်လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ. . .

"ဒရစ်သွင်းလိုက်မယ်နော်. . . သွင်းထားတုန်း အိပ်ဟော့အောင် အိပ်လိုက်နော် သက်"

မမကြီးက ဒရစ်သွင်းပေးသည်။ သူ၏နှာစ်တစ်ယောက်အား ထားခဲ့ပြီး တစ်ဖက်ခန်းရှိ ဆေးခန်းသို့ ကူးသွားသည်။ ယမင်းခိုင် အိပ်နေသောအခန်းသည် စင်သီယာ့အခန်းဖြစ်သည်။

"ဇော်ကြီး. . . ယူက သူနေမကောင်းတာ မသိဘူးလား"

"မသိဘူး. . . မန္တလေးတောင်ပေါ် တက်တော့မှ မူးတယ်ဆိုလို့ ပြန်ဆင်းပြီး မမကြီးကို သတိရတာနဲ့ တန်းလာခဲ့တာလေ"

"ဒီလောက်ပူလောင်တဲ့ ရာသီဥတုမှာမှ ဘုရားဖူး လာတယ်လို့ ငပလီတို့ဘာတို့ သွားပါလား၊ ပြင်ဦးလွင်မှာလည်း ကောင်းသားနဲ့၊ ယူကတော့ ကြောင်သလား မမေးနဲ့"

"ကဲ. . . ပြောစရာရှိတာ အပြင်ရောက်မှ ပြောတော့ သက် အိပ်မရဘဲ နေမယ်"

"အားပါး. . အကြင်နာတွေ. . အကြင်နာတွေ၊ အခြားသူတွေအပေါ်များ သူ့သက်အပေါ် ထားတဲ့အကြင်နာရဲ့ ဆယ်ပုံတစ်ပုံပဲ ထားခဲ့မိရင် ကောင်းမယ်နော်"

"တော်စမ်းပါ စင်သီယာ"

ဇော်ထိုက်သည် စင်သီယာကို ဟန့်လိုက်ပြီး ယမင်းခိုင်နှာမှ ဆံစကလေးများကို ပင့်တင်ပေးရင်း တီးတိုးခေါ်လိုက်သည်။ ယမင်းခိုင်သည် မျက်ရည်ဝဲလျက်ရှိသည်။

"မောင် အပြင်မှာ စောင့်နေမယ်နော်၊ သက် အိပ်လိုက်ဦး

နော်"

"ကဲပါ ကိုယ်တော်ရယ်၊ ယူ စောင့်နေပါ၊ ကိုယ် ယူတို့အတွက် မနက်စာ စီစဉ်လိုက်ဦးမယ်၊ ဆရာမလည်း မမကြီးကိုပဲ ကူလိုက်ပါ၊ ပြီးကာနီးလောက်မှ ကျွန်မ လာခေါ်မယ်"

"ကောင်ပြီ"

ဆရာမ ထွက်သွားသည်။ စင်သီယာက ယမင်းခိုင်၏ ညှပ်နေသော လက်တစ်ဖက်ကို အသာဆုပ်ကာ. . .

"ဘာမှအားမငယ်နဲ့နော် ယမင်း၊ ကိုယ်တို့ကတော့ ပွင့်ပွင့်ပင်းလင်းပဲ၊ ဇော်ထိုက်ကြီးနဲ့ကိုယ်ဟာ သူငယ်ချင်းဘဝနဲ့ ချစ်ခင်ယုယဆိုစာကတော့ ယူ ယုံထားလိုက်ပါ၊ ကိုယ့်အပေါ် ဘာသံသယမှ မရှိစေချင်ဘူး"

ဇော်ထိုက်က မျက်မှောင်ခါကာ. . .

"သက်ကို ဘာတွေပြောနေတာလဲ စင်သီယာ၊ သက်က ဘောထား ကြီးပြီးသား၊ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပြီဆိုတာ သက် နားလည်ပြီးသားပါ"

"မောင့်ကိုရော စင်သီယာကိုပါ ယမင်းနားလည်ပါတယ်၊ မောင်. . . ယမင်းတစ်ယောက်တည်း နားချင်တယ်၊ စင်သီယာနဲ့ ဆေးသွားပြောနေပါလားကွယ်နော်"

"သက်. . အိပ်လေ၊ မောင်စောင့်နေမှာပေါ့"

"သက်က မောင် အဲ့ဒီလို စောင့်နေတော့ ဘယ်အိပ်တတ်တော့လဲ. . . သိသားနဲ့"

"ဒါဖြင့်ရင် မောင် စျေးချိုခဏသွားလိုက်ဦးမယ်၊ သက် အိပ်နေနော်၊ စင်သီယာ. . . ကိုယ် စိတ်ချသွားမယ်နော်"

"သည်းလိုက်ကြတာ. . . အပျိုကြီးအခန်းမှာ ကိုယ်တော့ ကိုန်းခေါ်ပြီကွယ်၊ ကဲ. . ကြွ. . ကိုယ်တော်"

www.burmeseclassic.com

www.burmeseclassic.com

စင်သီယာက ရယ်မောပြောဆို နောက်ပြောင်နေနိုင်ခြင်းမှာ အံ့သြဖွယ်ကောင်းလွန်းသဖြင့် ယမင်းခိုင်သည် ဇော်ထိုက်ကိုပင် မယုံနှင့်တော့။

တကယ်တမ်း အသည်းနှင့်အောင် ချစ်ခဲ့ကြသူများသည် ဤကဲ့သို့ ပြောဆိုနေနိုင်ကြမည်လား၊ ဟန်ဆောင်ပြောကြသည် ဆိုသော်ငြားလည်း မျက်လုံးများသည် လွမ်းရိပ်ချစ်ရိပ် မဝေကြသည်မှာ သေချာသည်။ ချစ်သူတွေတဲ့လား။

"မောင် ခဏလေးပါ၊ ချက်ချင်းပြန်လာမယ်နော်"

"နားကြားပြင်းကတ်တယ်ဟေ့"

ယမင်းခိုင်လက်ကို မလွှတ်ချင်လွှတ်ချင် လွှတ်ကာ ဇော်ထိုက် ထွက်သွားသည်။ စင်သီယာက ပြုံးကာ ကျန်ခဲ့သည်။ ယမင်းခိုင်က ဇော်ထိုက်နောက်ကျောကို ငေးနေရာ မြင်ကွင်းမှ ပျောက်သွားသောအခါမှ. . .

"စင်သီယာ"

"ဘာလဲ ယမင်း"

"မောင်နဲ့စင်သီယာ သိပ်ချစ်ခဲ့ကြတယ်ဆို"

စင်သီယာက ရယ်ကျဲကျဲဖြင့်. . .

"အဟတ်. . အဟတ်. . ဘယ်သူပြောတာလဲ"

"မောင်"

"အိုး. . . ဇော်ကြီးကဖြင့် လုပ်ပြီ၊ ယမင်းကို အချစ်စမ်းပြီထင်တယ်"

"ရှင်. . "

"ကိုယ်ပြောမယ်. . . သေသေချာချာ နားထောင်နော်၊ ကိုယ်တို့ အာရ်အိုင်တီ တက်တော့ ဖတ်စရိုးယားမှာ တွေ့ခဲ့ကြတယ်၊ ကိုယ်က ဘွိုင်းဖရင့် များတယ်၊ ဇော်ကြီးလည်း ပါတယ်၊ ဇော်ကြီးက

ချွဲဆိုရင် စိတ်ဝင်စားတော့ ကိုယ်နဲ့ တွဲမိကြတယ်၊ သူ ပရိုပို့စ်လုပ်တော့ ကိုယ်ကလည်း လွယ်လွယ်ကူကူပဲ လက်ခံခဲ့တယ်၊ ငယ်သေးတာကိုး၊ အသက်က ဆယ့်ရှစ်နှစ်တောင် မပြည့်သေးဘူး မဟုတ်လား၊ အတွဲဆိုပေမယ့် သူငယ်ချင်းတွေလိုပါပဲ၊ နောက်တော့ ဇော်ကြီးက ခြေမျှားသား၊ အီကိုကွင်းတို့၊ ဘီအီးဒီကွင်းတို့ စုံနေတာပါပဲ၊ လိုက်ရှိတ် လိုက်တွဲသေးတယ်၊ ကိုယ်ပြောတာတွေ ယူမသိသေးဘာ ပါရင် ယူ စိတ်ထိခိုက်မှာလည်း စိုးရသေးတယ်"

"ရပါတယ်. . . ယမင်း မောင့်ကို ခွင့်လွှတ်ပြီးသားပါ"

"နောက်တော့ ကျောင်းပြီးသွားတယ်၊ ဒီလိုပါပဲ ကိုယ်နဲ့က ချည်းစားမဟုတ် ဘာမှမဟုတ်ဘဲ ပြီးသွားကြတယ်၊ သူငယ်ချင်းအဖြစ်ကတော့ ခိုင်မြဲပြီး ကျန်ခဲ့ပါတယ်လေ"

"သူက ပြင်ဦးလွင်မှာ အေအီးအဖြစ် ရောက်လာ၊ ကိုယ်က မန္တလေးဆိုတော့ တွေ့ကြတဲ့အခါ တွဲမိကြတယ်လေ၊ သူငယ်ချင်းအနေနဲ့ပါ၊ သူရောကိုယ်ရော ကိုယ့်ဘာသာရေးကို ကိုယ်လေးစားကြတော့ ယူလို့မရဘူးဆိုတာလည်း အစကတည်းက သိကြပြီးသားပဲ၊ ကိုယ်လည်း အပျိုဘဝ အားရရင် မိဘသဘောတူတဲ့သူနဲ့ ယူဖို့ ရယ်ဒီပဲ၊ ခုတော့ အသက်က နှစ်ဆယ့်လေးနှစ်ပဲ ရှိသေးတာ၊ အိမ်ထောင်ရေးနဲ့ဆဲ ကိုယ်မနေချင်သေးဘူး၊ ကိုယ့်မှာ သဘောတူထားဘာ ရှိတယ်ဆိုတာလည်း ဇော်ကြီးလည်း သိတာပဲ"

ယမင်းခိုင် ခေါင်းထဲ ရှုပ်ထွေးသွားသည်။ ဇော်ထိုက်အပေါ် သူ နားမလည်နိုင်တော့ပါ။ ဇော်ထိုက်သည် သူ့အား တမင်ရိုးခြင်းပေလားဟူသောအတွေးဖြင့် မျက်ရည်များ ရစ်ဝဲလာလေသည်။

"ကိုယ်တို့အပေါ် သံသယ ရှင်းပါတယ်နော်"

ယမင်းခိုင် နှုတ်မှ ဖြေရန် အားအင်ပျောက်ဆုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကိုသာ ညိတ်လိုက်သည်။

"ဇော်ကြီးအချစ်ကို ရတဲ့ ယမင်းဟာ သိပ်ကို ကံထူးပါတယ်၊ ဇော်ကြီးဟာ သူ့ကိုယ်သူကလွဲရင် ဘယ်သူ့ကိုမှ ဂရုတစိုက် ချစ်တတ်တဲ့သူ မဟုတ်ဘူး၊ ယမင်းကိုတော့ သိပ်ကြင်နာနေပါလား"

ယမင်းရင်ထဲ ပြင်းထန်သော ငလျင်လှိုင်းတစ်ခု လှုပ်ရှားသွားသည်။

"ဟန်ဆောင်နေတာ. . . သူ ယမင်းကို တမင်ကလဲ့စားခြေနေတာ"

ဟူ၍ ရှင်ထဲ အလန့်တကြား ပြောကြားလိုက်သည်။

"ကဲ. . . ယမင်းအိပ်တော့နော်၊ နှစ်ပြန်လွှတ်ပြီး စောင့်ကြည့်ခိုင်းထားမယ်၊ ကိုယ် ယမင်းတို့အတွက် စားဖို့ စီစဉ်လိုက်ဦးမယ်၊ ခု မနက်စာ စားပြီး ညနေ နေအေးမှ ပြင်ဦးလွင်ကို ပြန်တက်ပေါ့. . . ဟုတ်လား"

"ယမင်းတို့အတွက် ဒုက္ခမရှာပါနဲ့ စင်သီယာ"

"မဟုတ်တာကွယ်၊ ကဲ. . အိပ်. . အိပ်"

စင်သီယာသည် ယမင်းခိုင်အား နှုတ်ဆက်ကာ ထွက်အသွားဌ သူနာပြုဆရာမလေး ပြန်ဝင်လာသည်။ ယမင်းခိုင် မျက်လုံးမှိတ်ကာ အနားယူရင်း အိပ်ပျော်သွားသည်။



အိပ်ပျော်ရန် ကြိုးစားသော်လည်း အိပ်မရပါ။ ဇော်ထိုက်ဆေးဝေနာတစ်ရပ် ငြိတွယ်နေသည်။ ဒီနေ့တစ်နေ့လုံး မန္တလေးဌ ဖြားလာလှုပ်ရှားခဲ့သမျှတို့ကို ပြန်လည်မြင်ယောင်ကာ အိပ်မရနိုင်။ စင်သီယာနှင့်ယမင်းခိုင် ရင်နှီးမှု ရနေသည်ကို တွေ့ရတော့ သူ ဝမ်းသာသည်။

စင်သီယာသည် စိတ်ရင်းကောင်းသူတစ်ယောက် ဖြစ်မှန်း သူ နားလည်ခံယူထားသကဲ့သို့ ယမင်းခိုင်လည်း နားလည်သွားပေပြီလား။

www.burmeseclassic.com

www.burmeseclassic.com

စင်သိယာနှင့်မမကြီးတို့အား သူ စွေးချိုမှ ပြေးဝယ်ခဲ့သော လက်ဆောင်များကို ပေးပြီး မနက်စာ စားသောက်ပြီးသည်နှင့် ပြန်ခဲ့ကြသည်။ မမကြီးကလည်း ယမင်းအတွက် သောက်ဆေးများကို တော်တော်များများ ပေးလိုက်သေးသည်။

"စွေးချိုသွားချင်တယ်"

ယမင်း တောင်းဆိုသမျှကို သူလိုက်လျောခဲ့သည်။

"မန္တလေးဟိုတယ်မှာ ကည်းပြီး ညစွေးတို့ ဘုရားကြီးကို သွားမလားလို့"

"ကောင်းသားပဲ. . . အငြိမ့်လည်း ကြည့်ချင်တယ်"

သူ သိပ်ပျော်သွားခဲ့သည်။ ယမင်းခိုင်သည် လောကကြီး အဆက်အသွယ် မဖြတ်ထားသေးပါလား ဟူသောအသိက တဖြတ်တက် စေခဲ့သည်။

"ဒါပေမယ့် မနက်စောစော ဘုရားကြီးမှာ မျက်နှာတော် သစ်အမီ ဖူးပြီးတာနဲ့ ပြင်ဦးလွင်ပဲ ပြန်ရအောင်နော်၊ ဒီမှာ သိပ် တယ်"

မန္တလေးဟိုတယ်၌ အိပ်ခန်းတစ်ခန်း ယူကာ ပစ္စည်းများ ထားလိုက်သည်။ နှစ်ယောက်အိပ်ခန်းဖြစ်နေသည်။ သို့သော် ကုတင် တစ်လုံးစီ ခွဲထားသည်။ ယမင်း မျက်နှာလွှဲကာ သူ့အကြည့်ကို ရှောင်လွှဲနေတတ်သည်။ ပစ္စည်းထားပြီးသည်နှင့်. . .

"သွားရအောင်လေ"

"အင်း. . "

သူ မသွားချင်သေးပါ။ ယမင်းကို သူ့ရင်ထဲမှ စကားများကို ပြောချင်နေသည်။ သို့သော် စကားစ ရှာမရပါ။ စီကာပတ်လည်း သူ မပြောတတ်ပါ။

စွေးချိ၌. . .

"ယမင်း အိမ်က ခန်းဆီးတွေကို သိပ်မကြိုက်ဘူး၊ ဇာတွေ ဆိုတော့ ပြင်ဦးလွင်ဥတုနဲ့ မကိုက်ဘူးလေ၊ မိုးအတွက်တော့ ရက်ပိတ်လှလှလေးတွေ ဝယ်ပြီး ဆောင်းအတွက်တော့ ကီမိုနို အကြမ်းဝယ်ရင် ကောင်းမယ်၊ ဝယ်မယ်နော်. . . သူ"

"ဝယ်လေ. . . အိမ်ရှင်မသဘောပေါ့"

"ခနဲ့တာလား"

"တကယ်ပါ. . . မင်းကို တစ်အိမ်လုံးကို အပ်နှင်းထားပြီး ပြီ၊ ရာသက်ပန်အတွက် ပြောတာနော်"

ယမင်း မျက်မှောင်ခါကာ. . .

"ဘာတွေပြောမှန်းလဲ မသိဘူး"

ပြောပြောဆိုဆို လူအုပ်ကြားမှာ အဆောတလျင် တိုးကာ ဖွက်သွက်ကလေး လှမ်းသွားခဲ့သည်။

ထိုစဉ်က နှစ်ဦးချင်းသာဆိုလျှင် စကားဆက်မိလိမ့်မည် မဟုတ်ပါသည်။

ယမင်းခိုင် ဝယ်သမျှကို သူက ဒိုင်ခံသယ်ပေးခဲ့သည်။

"သူ ဘာအရောင်ကြိုက်သလဲ"

"အပြာ. . "

ယမင်းခိုင်သည် အပြာရောင်သွေး အမျိုးမျိုးကိုသာ ဝယ်ခဲ့သည်ကိုတော့ သတိပြုမိတော့ ရင်မှာ နွေးနွေးနှင့် တွေးချင်ရာ တွေးကာ သူပျော်ခဲ့ရသေးသည်။

"ညီမလေး သိပ်ကံကောင်းတာပဲ၊ မောင်လေးက မိန်းမ သိပ်စိတ်ရှည်တယ်နော်. . . ရှားမှရှားပဲ"

တရုတ်ကီမိုဆိုင်မှ စွေးသည်အမျိုးသမီးက ပြောလိုက်သော် သူသည် ကျေနပ်စွာဖြင့် တဟဲဟဲ ရယ်ခဲ့ရသေးသော်လည်း ယမင်းက သူ့အား စွေကြည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com

"ဂ္ဂနွေကို မရဘူး"

ဟု ပြုံးပြုံးငြင်စွာ ပြောခဲ့သေးသည်။ ယမင်းခိုင်အပြောကို သူ နာရမှန်း မသိခဲ့ပါ။ အထုပ်ကို ကောက်ယူတော့. . .

"ပေးလေ. . . များနေပြီ"

သူက လွတ်မပေးတော့ ယမင်းခိုင် မျက်နှာညိုသွားသည်။ ဆိုင်က ထွက်အလာ လူရှင်းသောနေရာအရောက်၌ ယမင်း ရပ်ကာ. . .

"ဒီလိုဆိုရင် ရှင့်ဟာရှင် ကားပေါ်မှာ သွားထိုင်နေတော့ အထုပ်အပိုးတွေ တပွေ့တပိုက်ကြီးနဲ့ မနိုင်မနင်း ဖြစ်နေတဲ့သူနား ကြော့ကြော့မော့မော့ကလေး လိုက်ချင်တဲ့မိန်းမ မဟုတ်ဘူး သိလား ရှင့်ယုယမှုအတွက် ကျွန်မ ဂုဏ်ယူတတ်မှာ မဟုတ်ဘူး၊ သွားတော့ ကျွန်မဘာသာ ကျန်တာတွေ ဝယ်ခဲ့ပြီး လာခဲ့မယ်"

"ဒီလိုတော့ မလုပ်ပါနဲ့၊ လမ်းပျောက်နေလို့ ကိုယ်ဆွေး ဦးမယ်၊ ကဲ. . ရော့. . ရော့"

ပေါ့ပါးသော အထုပ်ကလေးနှစ်ထုပ်ကို ယမင်းခိုင် လှမ်းပေးလိုက်ရသည်။ ယမင်းခိုင်၏မျက်နှာ ဝင်းလာသည်။

"ထပ်ပေးဦးလေ"

"နေလည်း သိပ်ကောင်းတာ မဟုတ်ဘဲနဲ့များ"

"တစ်ဆိုင်တော့ ဝင်ရဦးမယ်"

ယောကျ်ားပုဆိုးများ ရောင်းသောဆိုင်၌ ယမင်းခိုင်သည် ပုဆိုးများကို ဝယ်ယူနေသည်။ သူ မမေးခဲ့ပါ။ ဘယ်သူ့အတွက် ဝယ်ဝယ်၊ မေးလျှင် တွန့်တိုရာကျနေဦးမယ်၊ သူကတော့ ပုဆိုးဝယ်သည်။ ဆွမ်းကျွေးလောက်နှင့် အိမ်နေရင်းလောက်သာ ဝတ်သည် တိုက်ပုံစလည်း ဝယ်ပြန်သည်။ သူကတော့ ငေးကြည့်နေသည် စွေးဝယ်သောအခါ ပြုံးရွှင်ပြီး စွေးဆစ်ကျွမ်းကျင်သော ယမင်း

သူ တအံ့တသြ ငေးနေခဲ့သည်။

ဟိုတယ်ပြန်ရောက်တော့ သူ ရေအရင်ချိုးလိုက်သည်။ ခိုင်က မချိုးသေး၊ ဝယ်လာသမျှကိုလည်း အိတ်ထဲ သိုသိပ်စွာ ထားပြီး ပြီ။ သူတို့နှစ်ဦး ဝတ်ရန် အင်္ကျီရော လုံချည်များကိုပါ ထုတ် ထားပြီးပြီ။

ယမင်းခိုင်သည် ရေချိုးခန်းထဲသို့ အဝတ်ကို ယူသွားကာ လဲခဲ့လေသည်။ သူ့စိတ်ထဲ ကြိတ်၍ပြုံးလိုက်မိသည်။ ကျော် ယမင်းခိုင်ကို စောင့်နေလိုက်သည်။

အလှပြင်ခြင်းက မြန်ဆန်လှသည်။ ဘယ်အချိန်က သွေး သောမှန်း မသိသော သနပ်ခါးပုလင်းထဲက သနပ်ခါး အရည် ခပ်ပါးပါး လူးလိုက်ပြီး ကရင်ပတ်ဖ် တို့ကာ နှုတ်ခမ်းနီလေး ခြယ်သည်။ ဆံပင်ကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်လိုက် ပြီး ရိုးရိုးလေးဖြင့် သူ့စိတ်ထဲမှာ အဆန်းတကြယ် ရှိသည်မှာ

"သွားရအောင်လေ"

"နေပါဦးလား"

"ခြောက်နာရီတောင် ရှိတော့မယ်၊ ကျွန်မ ဆာနေပြီ"

သူ သက်ပြင်းချကာ အင်္ကျီကို ကောက်စွပ်လိုက်သည်။

"ဒီမှာပဲ စားရမလား"

"ကျွန်မအကြိုက် ပြောရမလား"

"ပြောလေ"

"ရှမ်းထမင်းချဉ်တို့ ရှမ်းခေါက်ဆွဲတို့ စားချင်တယ်"

"ကောင်းပြီလေ"

သူတို့ ညစျေးတန်းအနီးဆိုင်တစ်ခုဌ၌ပင် စားခဲ့သည်။ နှစ်ယောက်သားမှ တရုတ်မျက်နှာသုတ်ပုဝါနှင့် အိပ်ရာခင်းအချို့ကို

www.burmeseclassic.com

www.burmeseclassic.com

ဝယ်ယူသေးသည်။

"မေမေနွယ်တို့ လာတဲ့အခါ လိုအပ်မလားလို့၊ အိမ်
သိပ်မရှိဘူးနော်"

မဲနယ်၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေး၊ အိမ်အသုံးအဆ
တို့ကို ယမင်းခိုင် ဝယ်ယူနေသဖြင့် သူ အံ့သြခဲ့ရသည်။ မိမိ
ဤပစ္စည်းများကို ဝယ်ယူရမှန်း မသိခဲ့။ အိမ်မှာ အမြဲရှိနေ
သည်။ မေမေတို့ဒေါ်ထွေးတို့၏ကျေးဇူးကား ကြီးမားလှပေ
ယခုတော့ ယမင်းခိုင်ကျေးဇူးဟု တွေးကာ ပြုံးလိုက်မိသေး

ကားနှင့် တစ်လမ်းဝင် တစ်လမ်းထွက် အငြိမ့်ရှာ
မန္တလေး၏ဆောင်းနှင့် နွေရာသီများ၌ အငြိမ့်တို့သည် နေ
ကြား ကပြလျက်ရှိနေသည်။

"မဗေဒါအငြိမ့် ကြည့်ချင်တယ်၊ ပန်းမျိုးတစ်ရာ
ကြိုက်တယ်"

ယမင်းခိုင်သည် ဆုတောင်းကောင်းသော မိန်းက
ဖြစ်သည်ထင်၏။ မဗေဒါအငြိမ့် ကနေသည်ကို တွေ့ရ
ဝင်ကြည့်ခဲ့သေးသည်။ ပန်းမျိုးတစ်ရာအငြိမ့်လည်း တွေ့ရ
လှုပ်ရှင်တော် ပျက်သောပျက်လုံးများကို ယမင်းခိုင်သည် သွား
ပေါ်အောင် ရယ်မောတတ်သည်။ သူ့အကြည့်ကတော့ အငြိ
ပေါ်ထက် ယမင်းခိုင်ထံ၌သာ ရစ်ဝဲခဲ့ကြောင်းကို ယမင်းခိုင်က
မသိခဲ့ပါချေ။

ဟိုတယ်ပြန်ရောက်တော့ နှစ်နာရီပင် ထိုးနေပြီ၊ ကား
အသီးသီး၌ ခေါင်းချကာ ချက်ချင်းပင် အိပ်ပျော်သွားခဲ့ကြ

နိုးလာသောအခါ ခြောက်နာရီပင် ခွဲနေသည်။ သူတ
တော့ ယမင်းခိုင် ပြုံးယောင်သန်းလျက်. . .

"ကျွန်မ လေးနာရီတုန်းက တစ်ခါနိုးသေးတယ်

နေတာနဲ့ မန္တလေးတော့ဘဲ ပြန်အိပ်လိုက်တာ"

"မထူးပါဘူး. . . စစ်ကိုင်းသွားရအောင်လေ"

"ကျွန်မငြင်းရင် ရှင်စိတ်ဆိုးမှာလား"

"ဘုရားဆိုတာ ဖူးကောင်းပါတယ်"

"စစ်ကိုင်းမှာလည်း သိပ်ပူမှာ၊ ဘုရားကြီးပဲ ဖူးပြီး ပြင်ဦး
ကို ပြန်တက်ရအောင်နော်၊ ဆောင်းရောက်တော့မှ ပုဂံ၊ ညောင်
ဦးလေး၊ စစ်ကိုင်း အကုန်သွားမယ်၊ အဲ. . . ပြောသာ ပြောရ
ဆောင်းအထိ ကျွန်မ နေနိုင်ခဲ့ရင်ပေါ့"

"မင်းတစ်သက်လုံး ကိုယ့်အနားမှာ ရှိနေရမှာပဲ"

ဟူသောစကားကို သူ့ရင်ထဲ၌သာ ပြောခဲ့သည်။

"ငပလီ သွားမလား. . . ခွင့်ထပ်ယူလိုက်မယ်"

"ငပလီဆိုတာ တကယ့်လင်မယားတွေအတွက်သာ
ဦးမွန်း ထွက်သင့်တဲ့နေရာပါ၊ ဘယ်မှမသွားချင်ဘူး၊ ပြင်ဦးလွင်
ပြန်ရအောင်ပါ"

ယမင်းခိုင်ကို သူအလျှော့ပေးခဲ့သည်။ နှစ်ဦးတည်း သွား
နေခြင်းသည် ရင်းနှီးမှုကို ပိုမိုဖန်တီးနိုင်မည်ဟု ယူဆကာ သွား
ချင်ပါသော်လည်း ယမင်းခိုင် စိတ်မပါတော့ သူ အတင်းအကြပ်
ခေါ်ရက်ပါ။

ယမင်းခိုင် မျက်နှာညှိုးမှာ သူ စိုးရိမ်သည်။

ထို့ကြောင့် ဘုရားကြီး ဝင်ဖူးပြီး ပြင်ဦးလွင် ပြန်တက်ခဲ့
ကြသည်။ ထိုက်ဂေဟာ ရောက်တော့ အိမ်အကျယ်ကြီးတွင် ရှောင်နေ
သူ ယမင်းခိုင်နှင့် ဆုံရန် ခက်ခဲသွားခဲ့ဖြို့။

အိပ်မရသဖြင့် လှဲနေရာမှ ထလိုက်သည်။ ယမင်းခိုင်
သို့ နားစွင့်သည်။ အသံမကြားရချေ။ အောက်ထပ်သို့ ဆင်းခဲ့
ခြံဘန်းလျားလေး၌ ဂီတာကို ကိုင်ရင်း ငိုင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၇)

"ဟုတ်တယ် ဂျွန်၊ ငါ့ရင်ထဲမှာ သူမသူ ဖြစ်နေတယ်"

မန္တလေးမှ ဝယ်လာသောထိုးမုန့်နှင့် အရိုးတောင်း လက်ဖက်ထုပ်များကို ဒေါက်တာအေဂျွန်အိမ်သို့ သူတစ်ဦးတည်း သွားပို့ခဲ့သည်။

ဒေါက်တာအေဂျွန် ရိပ်မိနေသော သူတို့နှစ်ဦး၏လျှို့ဝှက်ချက်ကို သူ မငြင်းချင်တော့။ အစအဆုံး ဖွင့်ဟဝန်ခံမိပြီ။

"မင်းညံ့တယ်"

"ငါညံ့တယ်"

ဂီတာမတီးခဲ့သည်မှာ ကြာလေပြီ။ ယခု တီးချင်လာ ဘာသီချင်း တီးရမှန်းမသိ။ ယခင်က မြူးမြူးကြွကြွ တေးသီချင်း သာ သူတီးခဲ့သည်။ ယခု သူ တီးချင်စိတ်မရှိ။

နောက်ဆုံး၌ တစ်ပုဒ်တည်းကိုသာ တီးခတ်ရင်း သီ လိုက်မိသည်။

လွမ်းမိုး၏ 'ရင်တွင်းမေ' ဖြစ်သည်။

ရင်ထဲမှာ တစ်ယောက်တည်း ရှိခဲ့ဖူးပါသည်။

တကယ်မှ တစ်ယောက်တည်းသာပါ။

အတွဲများခဲ့ရခြင်းသည် ရင်ထဲက ချစ်ခဲ့၍မဟုတ် ဤသည်ကို ယမင်းခိုင် နားလည်အောင် မည်သို့ပြောပြရမည်နည် သူ့ကို နားလည်စေချင်ပါပြီ။

နောက်ထပ်တစ်ခါ 'ရင်တွင်းမေ' ကိုသာ တစ်ဖ တီးခတ်လိုက်သည်။ တရုတ်စကားပွင့်လေးများက ကြွေဆဲ၊ လူးလွန့်ဆဲ ရှိနေသည်။

ဂီတာတီးပြီးချိန်၌ ညသည် တိတ်ဆိတ်မှုဖြင့် မှောင်မိုက် ဆဲပင်။ ငြိမ်သက်စွာ ထိုင်နေမိဆဲပင်။

ခြင်အကိုက်ကိုလည်း သူ မသိပါ။ သူ့ရင်ထဲ၌ ယမင်း သည်သာ ပိုင်စိုးထားလေပြီ။

www.burmeseclassic.com

"အေးလေ. . . ခု မင်း သူ့ကို ချစ်ပြီမဟုတ်လား၊ ဖွင့်ပြော
ပေါ့"

"ယုံပါ့မလား"

"ယုံတာမယုံတာ သူ့အလုပ်၊ ဖွင့်ပြောရမှာက မင်းအလုပ်
"အနိုင်ကျင့်ရာမျှား ကျသွားမလားကွ"

"ဟ. . . မဆိုင်လိုက်တာ၊ ကိုယ့်ရင်ထဲက ဆန္ဒကို တင်ပြ
တာဟာ အနိုင်ကျင့်တာတဲ့လားကွာ၊ မင်းတော့ သွားပြီ၊ အရင်တုန်
က ရည်းစားတွေအပေါ် အာချောင်ခဲ့တာရဲ့ တစ်ဝက်ပဲ ထားပြီး
ပြောကြည့်စမ်းကွာ"

"ငါမပြောရဲဘူး. . . သူနဲ့ စကားပြောတိုင်း ငါ့ရင်ထဲမှာ
တစ်မျိုးပဲ၊ ဖွင့်ပြောမယ် လုပ်တိုင်း ခြေဖျားလက်ဖျားတွေ အေးစက်
ပြီး လူကို ဘယ်လိုဖြစ်သွားမှန်းတောင် မသိပါဘူးကွာ"

"မင်းတို့ လက်ထပ်တာ ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ငါးရက် ရှိပြီ"

"အံ့ပါရဲ့. . မင်း သူ့ကို အလှထိုင်ကြည့်နေတယ်၊ အတင်
နသားပါယား လုပ်ပစ်လိုက်ပါလား"

"ဟ. . . ငါ့ကို စကားတစ်ခွန်းတည်းနဲ့ မထိရဲအောင် ပိတ်
ထားတယ်ကွာ၊ သူ့ဆန္ဒ မပါဘဲ ရယူရင် ကာမဘီလူး၊ အချစ်ဓားပြ
လို့ပဲ မှတ်ယူလိုက်မယ်တဲ့"

ဒေါက်တာအေဂျွန် ဟက်ဟက်ပက်ပက် ရယ်မောရင်း. .

"ကောင်းကွာ. . . မင်းတော့ ရေရေလည်လည် ခံနေရပြီ
ဝင့်ဆိုတာ တမလွန်ဘဝ တိုင်အောင်တောင် မစောင့်ဘူးနော်
လက်ရှိအကျိုးပေးတာပဲ၊ ဒါကြောင့် ထင်တယ်၊ မိန်းမသားများ
အတွက် အကောင်းဆုံးလက်နက်ဟာ နှုတ်ဖျားပေါ်မှာ ရှိတယ်တဲ့
မိန်းမရဲ့စကားဟာ တော်တော်ထက်မြက်တာပဲ၊ ဒါပေမယ့် ယမင်

းကိုတော့ ကြင်ကြင်နာနာ ရှိသားပဲ"

"အဲဒါ ဝတ္တရားပါကွာ၊ သူ့အမေရဲ့အဆုံးအမက ရှိသေး
၊ သူ့အမေက အိမ်ထောင်မှု နိုင်နင်းသလို စည်းကမ်းလည်း
ကောယ်၊ သူ့အဘိုးကြီးကိုလည်း သိပ်ဂရုစိုက်တာ၊ သူကတော့
ကြီးတွေကို ငဲ့ညှာပြီး ဝတ္တရားအရ ပြုစုပေးတာကွ၊ မာယာလို့
ောင်နဲ့ အကြင်နာနဲ့ သိပ်ဂရုစိုက်တာပဲဆိုပြီးတော့လည်း သာယာ
နေနော်တဲ့၊ သိပ်စကားတတ်တယ်ကွာ၊ မပြောချင် နေရော၊ ပြော
ရင်လည်း ပိသာလေးနဲ့ ဘေးပစ်ပဲ၊ လူကို ပူထူသွားတာပဲ၊
ည်စလိုက်တာကွာ၊ ဘာပြောရမှန်း မသိဘူး"

"ဟား. . . ဟား. . ဟား"

ဒေါက်တာအေဂျွန်ရယ်မောသံသည် လှိုက်လှိုက်လဲ့လဲ့
ကြီးပေါ်လာသည်။

"ဘာရယ်တာလဲ. . . မင်းကို အကြံကောင်းများ ရမလား
ငါပဲပါတယ်၊ မင်းက ရယ်နေ"

"ဟ. . . ငါက ဘာပြောရမှာလဲ၊ မင်းဘာသာ မင်းခံစား
တို့ ရင်ဖွင့်ပြီး ရအောင်ပိုးပေါ့ကွ၊ ခုမှ ကြားဖူးတယ်၊ ကိုယ့်မိန်းမ
ယ် လူပျိုလှည့်ရတယ်လို့၊ မင်းအဖြစ်ကတော့ ရယ်စရာပဲ"

"ငါတော့ စိတ်ညစ်လို့ သူနဲ့ အဝေးဆုံးနေရာကို ထွက်ပြေး
စိတ်တောင် ပေါက်ပေါက်လာတယ်၊ ဒါပေမယ့် မမြင်ရရင်လည်း
နေတတ်တော့ဘူး၊ ခုမှပဲ အချစ်ဆိုတာကို နားလည်သလိုလို ရှိလာ
သ်၊ ငါထင်တယ် ဂျွန်၊ ငါ သူ့ကို သိပ်ချစ်နေပြီ"

"ချစ်စရာကောင်းတဲ့လူ. . . လှတဲ့သူမို့ ချစ်တာလား ဇော်
ဉ်း အရင်တုန်းက ကာဗယ်တွေကိုလည်း မင်း ဒီလိုပဲ ပြောခဲ့တယ်
ောက်လား"

"မတူဘူး. . . လုံးဝမတူဘူး၊ မင်းတောင် ငါ့ကို မယုံရင်

www.burmeseclassic.com

www.burmeseclassic.com

သူကရော ငါ့ကို ယုံပါ့မလား"

"ကြိုးစားပေါ့ကွာ. . . အခ်ိန်က စကားပြောလာပါလိ
မယ်၊ သူ့စရိုက်နဲ့ အကြိုက်လေးတွေကိုလည်း လေ့လာလိုက်လေ
ပြီး မင်း ချစ်နေကြောင်းကို အခွင့်သာတိုင်း သူသိအောင် ပြော
ဘယ်မိန်းမ,မဆို ကိယ့်အပေါ် ကြင်နာဂရုစိုက်မှုကို လိုချင်ကြ
ချည်းပါပဲကွာ"

"အေးလေ. . . ငါကြိုးစားကြည့်ဦးမယ်၊ ပြန်တော့မှ. .
ထမင်းစားခ်ိန် နီးနေပြီ၊ မင်းက လိုက်ခဲ့ဦးမလား"

"ငါဆေးခန်းသွားရဦးမယ်. . . သောက်ဦးမလား"

"တော်ပါပြီ. . . ငါ့အတွက် စိုးရိမ်တကြီးဖြစ်ပြီး စိ
ဆင်းရဲသွားတာကို ငါမကြည့်ရက်ပါဘူး"

မာမီကို နှုတ်ဆက်၍ ပြန်ခဲ့သည်။ ထင်သည့်အတိုင်
ယမင်းခိုင် ခြံထဲ၌ ရှိနေသည်။ တရုတ်စကားပန်း ကောက်နေ

"စံပယ်တွေ ဖူးကုန်ပြီ၊ မနက်ဖြန် ပွင့်တော့မယ် ထင်တယ်
စံပယ်ပင်နား ရောက်တော့ သူလှမ်းပြောလိုက်သည်
ယမင်းခိုင်က မော့ကြည့်ကာ. . .

"ဟုတ်တယ်. . . မနက်ဖြန်ဆို ပွင့်မှာ"

"ကိုယ်လည်း ကူကောက်ပေးမယ်နော်၊ ညကျရင် သုပ်မ
လား"

"ဟုတ်ကဲ့"

တရုတ်စကားပွင့်များကို သူက ဝိုင်းကူကောက်ပေးသည်

"ဂျွန်ကိုလည်း ဆေးခန်းက အပြန်မှာ ဝင်စားဖို့ ခေါ်ဦးမ
ပိုသုပ်လိုက်နော်"

"ရေနွေးကြမ်းနဲ့ပဲ ရမှာနော်၊ အရက်ကော့ မလုပ်ပေးနဲ့
ဘူး"

"ကိုယ်ကလည်း လုပ်ခိုင်းရက်ပါ့မလားကွယ်"

ယမင်းခိုင်က သူ့အား ငဲ့စောင်းကြည့်လိုက်သည်။

"ရန်ကုန်ကို သွားချင်သေးလား၊ ခွင့်(၅)ရက် ကျန်သေး
တယ်. . . လိုက်ပို့ပေးမယ်လေ"

"ကြော်. . . ပြောဖို့ မေ့သွားတယ်၊ သူ ခုန သွားနေတုန်းက
မေမေနွယ်တို့ဆီက ဖုန်းလာတယ်၊ သူတို့ လာခဲ့မယ်တဲ့၊ ကျွန်မ
အတွက်လည်း ထရန်စဖာ ကျပြီလေ၊ အထက(. .) ပြင်ဦးလွင်မှာ
ပဲ"

"ဟုတ်လား. . . ကိုယ်တော့ ပျော်သွားပြီ၊ ယူရော ကျေနပ်
ရဲ့လား"

"မကျေနပ်ဘူးဆိုတော့ရော ဘာတတ်နိုင်မှာမို့လို့လဲ"

သူ သက်ပြင်းချလိုက်ရင်း ယမင်းခိုင်အား စေ့စေ့ကြည့်
လိုက်သည်။

ယမင်းခိုင်က မျက်လွှာချကာ ပန်းများကိုသာ တယုတယ
ကောက်နေသည်။

"မေမေတို့ ဘယ်တော့ လာမှာလဲ"

"ဘယ်ရက် လာမယ်ဆိုတာကို မပြောဘူးတဲ့၊ သူတို့ဘာသာ
ဘာနဲ့ လာမယ်၊ ကြိုဖို့ မလိုဘူးတဲ့လေ၊ သူ့ကိုတောင် မေးသေးတယ်၊
ဘယ်သွားတာလဲတဲ့၊ သမီးက ဘာလို့ လိုက်မသွားလဲလို့ စကားဆက်
လာမှာစိုးတာနဲ့ ရုံးကိစ္စရှိလို့ ခဏသွားနေတာပါလို့ ညာပြီး မုသား
သုံးလိုက်ရတယ်"

"ကိုယ့်ကို ယူလိုက်မှ မုသားသုံးတတ်လာတာလား"

"ဒါကို ဝဋ်ကြွေးတစ်ရပ်အနေနဲ့ပဲ မှတ်ယူလိုက်ပါတော့"

"ကိုယ်က စခဲ့တာကို ယမင်းက အတည်ပေါက် မှတ်ယူခဲ့
တာကိုး၊ တကယ်တော့ ကိုယ် ယမင်းစိတ်ကို စမ်းခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com

ယမင်းခိုင်သည် ဇော်ထိုက်ကို နားမလည်ဟန်ဖြင့် ငဲ့ကြည့်လိုက်သည်။

"ယမင်းကို စတွေ့ကတည်းက ကိုယ်စိတ်ဝင်စားသွားတယ်၊ ဒါပေမယ့် ဝသီက ပါနေတော့ ဂ့ကြီစယ်မိတာကို အတည်ယူပြီး ဒေါသတကြီး ဖြစ်သွားတော့ ကိုယ်လည်း အတည်ပေါက်နဲ့ ကတိတွေ ပေးလိုက်တာပါ၊ တကယ်တော့ မေမေတို့ ပေးစားမယ့်သူကို သားယူပါ့မယ်လို့ အစကတည်းက ကတိပေးပြီးသားပါ"

ယမင်းခိုင် ထိုင်ရာမှ ထလိုက်သည်။

"ကျွန်မ နားမလည်ဘူး ဦးဇော်ထိုက်၊ ရှင့်ကို ကျွန်မ မယုံဘူး၊ ရှင်ဟာ စကားအမျိုးမျိုး ပြောတတ်တာပဲ၊ ကျွန်မ ဘာကို ယုံရမှာလဲ"

ဇော်ထိုက် ရှက်ရွံ့စွာ ခံစားလိုက်ရသည်။

"စကားအမျိုးမျိုး ပြောတာပဲ"

ဟူသောအသုံးသည် သူ့အား အထင်သေး ရှုတ်ချခြင်း ဖြစ်သည်ဟု သူ ယူဆလိုက်၏။

ထို့ကြောင့် ရှက်ရှက်ဖြင့်. . .

"ယုံချင်ယုံ. . . မယုံချင်နေဗျာ၊ ကျုပ်တကယ်ပြောတာ"

ကမူးရှူးထိုး ပြောကာ ထိုင်ရာမှ ထလိုက်သည်။ ယမင်းခိုင်က ခပ်သဲ့သဲ့ကလေး ရယ်မောကာ. . .

"အဟင်း. . ဟင်း၊ ကျွန်မ ဘာကိုယုံရမှာလဲ၊ ယောကျ်ားဆိုရင် အသေရရ အရှင်ရရ လိုချင်တယ်ကိုလား၊ မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်နေရတဲ့ ဒုက္ခဆိုတာလား၊ အရုပ်ကလေးလိုပဲ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ထားမယ်ဆိုတာကိုလား ရှင့်စကားတွေက များလွန်းတော့ ဘာကို ယုံလိုက်ရမှာလဲ"

ဇော်ထိုက်မျက်နှာသည် ချက်ချင်း နှင်းဆီခင်းနှင့်အပြိုင်

ဇရဲနီလာသည်။ ပါးစပ်မှာလည်း ဖွင့်မရတော့။ ပြောစရာ စကားတို့သည် ဘဲဥအစရှာမရသလို ပျောက်ဆုံးသွားလေပြီ။

"ရှင်စဉ်းစားပါ. . . ရှင့်ကိုယ်ရှင် ဆန်းစစ်ပါဦး၊ သေသေချာချာ စဉ်းစားပြီးမှ ကျွန်မအတွက် တစ်ခွန်းတည်းသောစကားကို သာ ပြောပါ ဦးဇော်ထိုက်"

ပြောပြောဆိုဆိုနှင့် ယမင်းခိုင် သူ့အပါးမှ ရှောင်ဖယ်သွားလေပြီ။ ဇော်ထိုက်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရာ လက်ထဲမှ တရုတ်စကားပွင့်တို့သည် ကြေမွသွားသည်။

ပန်းကြေတို့ကို လက်မှ လွှတ်ချလိုက်သောအခါ မြက်ခင်းပြင်သို့ အပိုင်းအစများ ပြန့်ကျဲသွားသည်။ ပန်းကလေးများက ပြောကြားသွား သယောင်ယောင်ပင် ထင်လိုက်သေးသည်။

"မတရားဘူး. . . မတရားဘူး၊ သူ့ချစ်သူကို မထီရက်တိုင်း ကို့ကို ခြေမွတယ်"

ဟူ၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၄)

ပန်းသီနေသော ယမင်းခိုင်လက်သည် တဆတ်ဆတ် စုန့်လာသည်။

"မွေးလိုက်တာနော်. . . နှင်းဆီနဲ့နဲ့လည်း မတူဘူး၊ ကိုယ်တောင် စံပယ်ပန်းကလေးတွေကို နှစ်သက်လာပြီ"

စံပယ်ပန်းလေးများကို လက်ခုပ်ထဲ ထည့်ကာ ယူနမ်းလိုက်သည်။

ယမင်းခိုင်သည် မိမိအနား နီးကပ်နေသော ဇော်ထိုက် အနေအထားကြောင့် အသည်းတအေးအေး ရှိနေသည်။

"ဒါပေမယ့် ဆူးရှိတဲ့နှင်းဆီကိုတော့ မြတ်နိုးတယ်လေ၊ ဆူးတတ်မှန်း သိပေမယ့်လည်း ဆူးလေးနဲ့ မာန်ဝင့်နေတာကိုပဲ ပိုပြီးမြတ်နိုးနိုး ဖြစ်ရတယ်၊ ဆရာမရော နှင်းဆီကို မချစ်ဘူးလား"

ဇော်ထိုက်ကို မကြည့်ပါဘဲနှင့် အမေးကို တုံ့ပြန်လိုက်သည်။

"ပန်းတိုင်းကို ချစ်တာပဲ"

"ပိုချစ်တဲ့ပန်းတော့ ရှိမှာပါ၊ နှင်းဆီကိုရော ဘယ်လိုမြင်သလဲ၊ ကိုယ်လည်း ဝိုင်းသီပေးမယ်လေ"

"ရပါတယ်. . . မသီပါနဲ့၊ အပ်က တစ်ချောင်းတည်းရယ်"

ယမင်းခိုင်သည် ဘာကြောင့်ရယ်မသိ၊ သူ့အား မြန်မြန်ပြန်စေချင်ပြီ။ မိမိအပါးတွင် သူရှိနေခြင်းသည် အသက်ရှူမဝသလိုလို သွေးလည်ပတ်မှုနှုန်း ပိုမြန်လာသလိုလို ဘာလိုလိုနဲ့ ရင်ဘဖိုဖို ရှိနေသည်။

ဇော်ထိုက်ကလည်း သူ့အား မကြည့်ဘဲ ခေါင်းငုံ့ကာ သီနေသော ယမင်းခိုင်အပေါ် အားမလိုအားမရဖြစ်နေသည်။ အားကို ဆွဲယူမှော့လိုသော်လည်း သူ မဝံ့ရဲပါ။

သူ့သတ္တိမျှားသည် ဘယ်ဆီသို့ လွင့်ပါးပျောက်ကွယ်သွားသည် မသိပါ။

"ပြောလေဗျာ. . . နှင်းဆီကို ဘယ်လိုမြင်သလဲ"

"ပန်းလို့ပဲ မြင်တာပေါ့"

ယမင်းခိုင် အပြုံးလေးက မချိမချဉ်နှင့် သူ့အား မော့ကြည့်ကာ ပြောလိုက်သည်။

ဇော်ထိုက် ကြည်မွေ့သွားသည်။

"ဟာဗျာ"

အပြုံးတို့ တောက်ပလာသည်။

www.burmeseclassic.com

www.burmeseclassic.com

"တိတိ. . တိတိ. . တိတိ"

"အစ်ကိုရေ. . . မေမေကြီးတို့ လာပြီဟျ"

ကားဟွန်းသံ၊ မောင်အေး အော်သံတို့ကြောင့် သူသည် ခုံတန်းလျားလေးမှ ထလိုက်သည်။ ရန်ကုန်အိမ်မှ ကားဝင်လာသည် ကို တွေ့ရသည်။

"မေမေတို့ လာပြီတဲ့၊ သက်လို့ပဲ ခေါ်တော့မယ်၊ ကိုယ့် ရော မောင်လို့ပဲ အမြဲခေါ်နေတော့နော်၊ လာ. . . သက်"

ယမင်းခိုင်ဆီမှ ပန်းခြင်းလေးကို ယူကာ စောင့်ခေါ်သည် ယမင်းခိုင် ခြေလှမ်းသွက်သွက်လေး လှမ်းလိုက်သည်။

"သမီးက ပြင်ဦးလွင်နဲ့ တည့်တယ်ထင်တယ်၊ အသား ဝင်းပြီး ပိုလှလာတယ်"

"မေမေတို့က ညကြီး ခရီးဆက်တယ်၊ မပင်ပန်းဘူးလား ဖေဖေရော မပါဘူးလား၊ ဟင်. . . ညီမလေးလည်း ပါတယ်"

ယမင်းခိုင်သည် ဒေါ်သူဇာနွယ်ကို တွဲဖက်ကာ ခေါ်လိုက် သည်။ ယမင်းခိုင်၏ညီမ ရွှေစင်ခိုင်ပါ ပါလာသည်။

ဒေါ်ထွေး ပါမလာချေ။ ယမင်းခိုင်ခေါင်းထဲ၌ ရုတ်တရက် အိပ်ယာအနေအထားကို သတိရကာ ဧည့်ခန်းတွင် ထိုင်မိကြသည် နှင့်. . .

"မောင်ရေ. . . မေမေတို့ တစ်ညလုံး ကားစီးလာရတာ ဆိုတော့ ညောင်းနေမှာ မောင်၊ မောင်အေးနဲ့က အိပ်ရာပြင်ပေး လား၊ သက် မေမေတို့ဖို့ ကော်ဖီဖျော်လိုက်ဦးမယ်နော်၊ ရှမ်း မောင်"

ယမင်းခိုင်က မျက်နှာရွှင်ပျပျနှင့် ပြောလိုက်ရာ ဇော်ထွဋ် က သဘောပေါက်စွာ ပြုံးလျက်. . .

"ဟုတ်သားပဲ. . . မောင်လုပ်လိုက်မယ်၊ မေမေ ညောင်း

ပေါ့၊ သား သွားပြင်လိုက်ဦးမယ်၊ လာဟေ့ မောင်အေး၊ ပစ္စည်း တစ်ခါတည်း ယူသွားရအောင်"

ဇော်ထိုက်နှင့်မောင်အေး ပစ္စည်းများ ယူကာ တက်သွား သည်။

"သားက တယ်ဟုတ်နေပါလား သမီး၊ ခုတော့လည်း လှလိုပါလား"

"မောင်က ဘယ်တုန်းက ဆိုးလို့လဲ မေမေ၊ လာ. . . ဖော်ဖောက်ရအောင်နော်၊ ပြီးမှ ရေချိုးပြီး အနားယူလိုက်တာ နော် မေမေ"

"အေး. . အေး. . ကောင်းတယ်"

ဒေါ်သူဇာနွယ်သည် ချွေးမချော ယမင်းခိုင်ကို ကြည်နူး ကြည့်ရင်း ပီတိဖြာနေသည်။

"မိပုစူးဆိုရင် ဆတ်စလူးကျမှာစိုးလို့ တောက အမျိုးနီးစပ် နှင်းခင်ကို မှာလိုက်ရတယ်၊ နှင်းခင်. . . ဒါက နင့်အစ်မပဲ၊ စကား နားထောင်နော်"

နှင်းခင်သည် အသက်ဆယ့်ရှစ်နှစ်ကျော်ခန့်သာ ရှိသေး သည်၊ အသားညိုညိုနှင့် ချပ်ရည်သန့်သန့်ကလေး ရှိသည်။ ညှိချော ဖြစ်သည်။

"ညီမက ချစ်စရာလေးပဲ၊ ရွှေစင်နဲ့နှင်းခင်က ထွေးထွေး နေးမှာပဲ အိပ်ကြပေါ့၊ ပြီးမှ မမ ပြင်ပေးမယ်"

"ရွှေစင်လည်း ကျောင်းက ခွင့်ယူပြီး လိုက်လာရတာ၊ နှစ်တိန္တယ်ကလည်း အတင်းခေါ်တာနဲ့"

"မေမေတို့ နေကောင်းလား"

"ကောင်းကြပါတယ်"

"ဒါထက် မေမေ ဒီမှာ အကြာကြီး နေမှာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com

"မနေပါဘူး သမီး. . . တစ်ပတ်လောက်ပဲ"

"ထွေးထွေးက ဘာလို့ ပြန်မလိုက်လာတာလဲ မေမေ

"သမီးထွေးထွေးက မဟာစည်မှာ တရားဝင်နေပြီ သမီ
ဒီတစ်ခေါက် ထွေးထွေးက သူ့ကလေးအကြောင်း သိပ်မပြော
ဘူး၊ စိတ်ချလက်ချ ရှိသွားပြီနဲ့တူတယ်"

ယမင်းခိုင်သည် ယောကျ်မနှင့်ညီမတို့အား လိုလေ
မရှိ ကျွေးမွေးနေချိန်တိုင်အောင် ဇော်ထိုက် ဆင်းမလာသေး
ဇော်ထိုက်အခက်အခဲကို ယမင်းခိုင် နားလည်သည်။ အဆင်ပြေ
မည်ဟု ယုံကြည်သည့်တိုင်အောင် ညအတွက် ယမင်းခိုင် ရင်တုန်
ပြီ။

"ဦးဘတုတ်ကတော့ မောင်အေး နေတဲ့အခန်းမှာပဲ နေ
နော် မေမေ"

ဒရိုင်ဘာဦးဖိုးတုတ်အတွက်ပါ ယမင်းခိုင်က စီစဉ်ပေ
သည်။ ဒေါ်သူဇာနွယ်ကတော့ ပြုံးပြုံးဖြင့် ခေါင်းညိတ်ကာ. .

"သမီးက အိမ်ရှင်မပဲ၊ သမီး စီစဉ်ပေါ့၊ သမီးရဲ့အစီအ
မေမေတို့ လိုက်နာရမှာပေါ့ သမီးရဲ့၊ မေမေတို့က ဧည့်သည်ဖြစ်
ပြီလေ"

"သက်ရေ. . . သက်"

အပေါ်ထပ်မှ ဇော်ထိုက်၏ခေါ်သံ ထွက်ပေါ်လာသ
ယမင်းခိုင်သည် ပျာပျာသလဲ ထကာ. . .

"သမီးသွားလိုက်ဦးမယ်၊ မေမေတို့ကို ပြီးမှ လာခေါ်
မယ်နော်"

"သက်. . "

"လာပြီ မောင်. . . လာပြီ"

ရွှေစင် ပြုံးကာ. . .

"မမယမင်းက အခုတော့လည်း သိပ်ချစ်လို့ပါလား၊ မေမေ
ရင် ဝမ်းသာမှာ၊ ဒီလိုမှ ဖြစ်ပါ့မလားလို့ စိုးရိမ်နေတာ"

"အန်တီလည်း သားကို ပူနေတာ၊ သမီးအပေါ် ကြင်နာပါ့
းလို့၊ ခုတော့ ပိုလွန်းနေပြီ၊ နားတောင် ပူလာပြီ"

ဒေါ်သူဇာနွယ်နှင့် ရွှေစင်ခိုင်သည် ရယ်မောလိုက်ကြ
သည်၊ အောက်ထပ်မှ ရယ်သံပျံ့လွင့်လာသည်ကို ယမင်းခိုင်တို့
ကြားလိုက်ရသည်။

ဇော်ထိုက် အိပ်နေကျအခန်း၌ ဒေါ်သူဇာနွယ်အတွက်
ဆင်ထားသည်။ ဇော်ထိုက် သုံးပြီးသားများဖြစ်နေရာ. . .

"ကြည့်ပါဦး. . . ဘာလိုသေးလဲ"

"ဒုက္ခပါပဲ. . . ဒါတွေကို ဖယ်လိုက်ပါ၊ အသစ်ပြင်မှပေါ့၊
ဆင်. . အဲ. . သူ့အနံ့တွေ စွဲနေမှာပေါ့"

"မောင်လို့ပဲ ပြောပါ၊ ကိုယ်စိတ်မဆိုးတတ်ဘူး"

"စိတ်ညစ်ရတဲ့အထဲ ဘာမှန်းလဲ မသိဘူး၊ မောင်အေး. . .
တွေကို ဒုက္ခပေးဖို့ မင်းယူသွားလိုက်"

ဗီရိုဖွင့်ကာ အသစ်များ လျင်မြန်စွာ ခင်းပေးလိုက်သည်။
ဆဲတွင် ဇော်ထိုက်အသုံးအဆောင်များတော့ ရှိမနေတော့ပေ။
ဇော်ထိုက်က ဝိုင်းလုပ်ပေးသော်လည်း ပုံစံမကျပေ။

"ကဲပါ. . . မေမေ့ကို ဆင်းတွဲခေါ်ပါတော့၊ လုပ်လည်း
ပြတ်တတ်ဘဲနဲ့၊ မေမေလစ်မှ အောက်ထပ်က ပစ္စည်းတွေကိုလည်း
အိပ်ခန်းထဲ ယူခဲ့နော်၊ သွားလေ မေမေ့ဆီကို"

"သွားမှာပေါ့. . . ညကျရင် ကိုယ်က သက်နဲ့ အိပ်ရမှာ
"

"အင်းပါ. . . ခက်နေပါပြီ၊ ဘာလို့ မေးတာလဲ"

"မကြောက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့လဲ. . . ရှင့်ကတိကို ရှင်တည်အောင် ထိန်းသိ
မယ်လို့ ယုံပါတယ်"

ယမင်းခိုင် ကြောက်ကန်,ကန်နေသည့်အပြောနှင့် ရ
လိုက်သည်။ ဇော်ထိုက်က စပ်ဖြဲဖြဲနှင့်. . .

"ကတိဆိုတာ အခြေအနေပေါ်မှာ မူတည်ပြီး ပြောင်း
တတ်တယ်နော်"

"ဦးဇော်ထိုက်. . . ရှင်. . . "

"ရှူး. . . မေမေတို့ လာပြီ"

ဇော်ထိုက် ပြောပြောဆိုဆိုနှင့် အိပ်ခန်းထဲမှ လျင်မြန်စ
ထွက်သွားသည်။ ယမင်းခိုင် မကျေမနပ်နှင့် ကျန်ခဲ့သည်။

ထိုနေ့ တစ်နေ့တာလုံး ယမင်းခိုင်သည် ချက်ရေးပြုတ်
ကို လုံးပမ်းရင်း ဇော်ထိုက်ကို ရှောင်ရှားနေသည်။ ဇော်ထိုက်
မိခင်အနား ကပ်ခွါနေသည်။

"မေမေ့ကို သားကျေးဇူးတင်တယ်"

"ဘာအတွက်လဲ သား"

"ခွေးမအရှာတော်လို့လေ"

"အစကတော့ မယူချင်ဘူးဆို"

"ဒါကတော့ သိမှမသိဘဲ မေမေ၊ ဒါပေမယ့် သူက သား
နိုင်တယ်ဆိုရင် မေမေ ဘယ်လိုခံစားရမလဲ"

"သားက သူနိုင်နေတာကိုပဲ ကျေနပ်တာ မဟုတ်လား
မေမေကတော့ မခံနိုင် မရှိပါဘူး၊ သားကျေနပ်ရင် ပြီးတာပဲ"

"ဒါပေမယ့် သားဘာဖြစ်နေလဲ သိလား"

"ဘာဖြစ်နေလို့လဲ. . . ဆွေမှေ မျိုးမှေ၊ မိဘမှေဖြစ်နေ
ပျော်လို့ရွှင်လို့"

"ဒါက မေမေထင်တာကိုး၊ သားက အကျဉ်းသား ဖြစ်

"အိမ်ထောင်ပါဆိုမှ သားရယ်၊ အကျဉ်းသား မကဘူး၊
ောင်ထဲ ကျနေတာလေ၊ အချစ်ထောင်ပေါ့၊ မကျေနပ်ဘူးလား၊
ပြန်ခေါ်သွားမယ်"

"အမလေး. . . ဒီလိုတော့ မကျီစားလိုက်ပါနဲ့ မေမေ၊
ကိုသာ ရိုက်ချင်ရိုက်လိုက်ပါ"

ဇော်ထိုက်သည် မိခင်ရင်ခွင်တွင် ခေါင်းဝှေ့ကာ နွဲ့လိုက်
၊ ဒေါ်သူဇာနွယ်က ဇော်ထိုက်ခေါင်းကို လက်ကလေးဖြင့်
တ်သပ်ပေးရင်း. . . .

"သားအတွက်လေ. . . မေမေတို့က သားနောက်ဆုံးနှစ်မှ
ွေးမရှာပုံတော်. ဖွင့်ခဲ့တာ၊ သားတွဲသမျှ မိန်းကလေးတွေကို
း ဥပေက္ခာ မပြုပါဘူး၊ လေ့လာတယ်လေ၊ သူတို့နဲ့သားနဲ့က
ဘူတယ်၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ သုံးမယ်၊ ဖြုန်းမယ်၊ ပျော်
ပါးမယ်ပေါ့၊ ဒါဆိုရင် အိမ်ထောင်သည်ဘဝရဲ့ဘဝဟာ ဝိပြင်
မဟုတ်ဘူး၊ နောက်ဆုံးတော့ မေမေ ဘယ်ရွှေထောင့်က ကြည့်
အပြစ်အနာဆာ ရှာမရတဲ့ မိန်းမမြက်လေး ယမင်းခိုင်လက်ထဲ
ကို ဝက္ကအပ်လိုက်တာပဲ၊ က. . . အစက သားချစ်သူမှ သား
ထပ်ချင်တယ်ဆို၊ ခုတော့ သားချစ်သူ မဟုတ်တဲ့ မိန်းကလေး
သားစွန့်ပစ်နိုင်သေးလား၊ နောက်ဆိုရင် သားသမီးအနှောင်အဖွဲ့
လေလေ သားတစ်ယောက် ပိုပြီးချည်တိုင်မြဲလေ ဖြစ်ဦးမှာ
မြင်သေးတယ်"

ဇော်ထိုက် ငြိမ်နေလိုက်သည်။ ရင်ထဲ၌ အစိုင်အခဲ ဖြစ်နေ
သောကကျောက်ဆောင်ကို ရိုက်ခွဲပစ်ချင်နေသည်။

"ဟာ. . . ကြည့်၊ မောင်က ကလေးလုပ်ပြီး မေမေ့ကို
လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

"လာ. . . သမီး"

ဇော်ထိုက်သည် မိခင်ရင်ခွင်မှ ခွာလိုက်သည်။ ယမင်းခိုင်ကို ခပ်စိမ်းစိမ်းလေး စိုက်ကြည့်လိုက်သည်။ ကုတင်ခြေရင်းတွင် ထိုင်လိုက်သော ယမင်းခိုင်သည် ဇော်ထိုက်အကြည့်ကို ဥပေက္ခာပြုလိုက်သည်။

"ညကျရင် မေမေတစ်ယောက်တည်း အိပ်လို့ဖြစ်ပါ့မလား သမီးလာအိပ်ပေးမယ်လေ"

"မလုပ်ပါနဲ့ သမီးရယ်၊ သားက မေမေ့ကို ဒီအတွားကြီး ရှုပ်တယ် ဖြစ်နေပါဦးမယ်"

"အာ. . . မဖြစ်ပါဘူး၊ သား လာအိပ်ပေးရမလား"

"မေမေ နေကောင်းပါတယ် သားနဲ့သမီး၊ ဟောဒီသမီး အလိမ္မာလေးလက်ထဲ သားကို ထည့်လိုက်နိုင်ကတည်းက မေမေ နေကောင်းသွားပြီ၊ နောက်ဆိုရင် မြေးတွေ ထိန်းရင်း မေမေ့ ဒေါင်ဒေါင်မြည်တဲ့အတွားကြီး ဖြစ်နေမှာ"

ယမင်းခိုင်ပါးပြင်သည် ရှက်သွေးစို့နေသည်။ ဇော်ထိုက် တစိမ့်စိမ့်ကြည့်နေသည်။

"နော်. . သား၊ နီးပြီလား. . မြေးရဖို့လေ"

"ဗျာ. . အဲ. . သားဘယ်သိမှာလဲ၊ မေမေ့သမီး မေးလေ"

"အို. . . ယမင်းလည်း ဘယ်သိမှာလဲ"

ဒေါ်သူဇာနွယ် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်ပြီးနောက် ရှက်သွေးဖြာနေသော သားနဲ့သမီးအား ချစ်မျက်လုံးဖြင့် ကြည့်ကာ. . .

"ဒါ ရှက်စရာလားကွယ်၊ ခမ္မတာပဲဟာ၊ ကဲ. . တဲ့သွားအိပ်ချေတော့၊ မေမေလည်း အိပ်တော့မယ်"

"မေမေ့ကို သမီးကန်တော့ပါတယ်"

ယမင်းခိုင်သည် ကြမ်းပြင်ထဲ ကျုံ့ကျုံ့ကလေး ထိုင်လိုက် ဇော်ထိုက်လည်း ဘေးမှ ဆောင့်ကြောင့်ထိုင်ကာ ယမင်းခိုင်အား ဦးတိုက်ချလိုက်သည်။

"သာမု. . သာမု. . သာမု၊ ဒီလင်ဒီမယား ကိုယ်စိတ်ကြိုက် ကျန်းမာရွှင်လန်းပြီး ချစ်ချစ်ခင်ခင်နဲ့ အိုအောင်မင်းအောင် ရှင်းခိုင်ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ မေမေ"

ဇော်ထိုက်ထံမှ အသံထွက်လာသည်။ ယမင်းခိုင်က ရှက်နီဆဲပင်။

နှစ်ဦးသား နှစ်ယောက်အိပ်ခန်း ရောက်သောအခါ ယမင်းခိုင် မျက်ရည်များ ရစ်ဝဲလာသည်။

ဇော်ထိုက် အံ့ဩသွားသည်။

"ဘာဖြစ်လို့. . . ဘာဖြစ်လို့လဲဟင်"

ခေါင်းကို ခါယမ်းလိုက်တော့ မျက်ရည်စက်က ပါးပြင်မှ လိမ့်ဆင်းသွားသည်။

"ကိုယ့်ကို ကြောက်လို့လား"

ခေါင်းကို ဆတ်ခနဲ ခါလိုက်သည်။ နောက်. . နှုတ်ခမ်းတောင်းစေ့ကာ ဇော်ထိုက်အား ခပ်တင်းတင်း ကြည့်လိုက်သည်။

"ရှင့်ကို ဘာလို့ ကြောက်ရမှာလဲ၊ ရှင်ဟာ အချစ်ဓားပြမှတ်တာ၊ ကတိတည်တဲ့လူတစ်ယောက်လို့ ယုံကြည်ပြီးသားပဲ"

"ဟာဗျာ. . . ဒီလိုစကားမျိုးနဲ့ပဲ ကျုပ်ဘဝကို ချုပ်နှောင်သွားပါနဲ့ သက်ရာ"

"နှစ်ယောက်တည်း ရှိတယ်လေ. . . ဘာသက်လဲ၊ အနှစ်နဲ့ ကျွန်မကို အပိုင်စီးဖို့ ကြံနေတာလား"

ဇော်ထိုက်သည် သောကဝေသီစွာဖြင့် ယမင်းခိုင်အား

www.burmeseclassic.com

www.burmeseclassic.com

စိုက်ကြည့်ကာ. . .

"တော်ပါတော့ ဒေါ်ယမင်းရယ်၊ ကျုပ် ခင်ဗျားကို လာ
မြောက်အရှုံးပေးပြီးသားပါ။ ကျုပ်ကတိလည်း ကျုပ်ထိန်းပါ
ခုတော့ အိပ်တော့ကွယ်၊ နေ့ခင်းကလည်း မအိပ်ဘူး မဟုတ်လား
ပင်ပန်းနေပြီ၊ ကိုယ်လည်း အိပ်တော့မယ်"

သူသည် အသင့်ရှိနေသော ဆေးပုလင်းများမှ အိပ်ဆေ
ပုလင်း ရှာဖွေကာ ဆေးတစ်ပြားကို ယူသောက်လိုက်သည်။

"မင်းကို စကားတွေ အများကြီး ပြောချင်သေးတယ်၊ ဒါ
မယ့် မင်းကို ကြည့်ရတာ သိပ်တုန်လှုပ်နေသလိုပဲ၊ နောက်တော့
ပြောတော့မယ်၊ အိပ်တော့နော်. . . နေမကောင်း ဖြစ်နေဦးမ
စိတ်ချလက်ချသာ အိပ်ပါ"

ဇော်ထိုက်သည် ညအိပ်အကျီကို လဲလှယ်ဝတ်ဆင်
စားပွဲပေါ်ရှိ ပန်းအိုးမှ နှင်းဆီပွင့်ကို နမ်းလိုက်သည်။

နောက် ကုတင်ညာဘက်စွန်း၌ လဲလျောင်းလိုက်သည်

ယမင်းခိုင်သည် သက်ပြင်းချကာ ညအိပ်အကျီကို
လျက် ရေချိုးခန်းထဲ ဝင်သွားသည်။ ဇော်ထိုက် မျက်လုံးမှိတ်ထ
လိုက်သည်။ မကြာခင် ခြေသံသဲ့သဲ့နှင့်အတူ မီးခလုတ်ပိတ်သံ ကြ
လိုက်ရသည်။ ထို့နောက် သူ့နံဘေး၌ ယမင်းခိုင် ဝင်အိပ်လိုက်မှ
သူ သိလိုက်သည်။

"သူ. . "

"ဟင်. . "

"ကျွန်မ စိတ်ချလက်ချ အိပ်ပါရစေနော်"

"အိပ်ပါ"

"နောက်ပြီး ကျွန်မ ညာဘက်စောင်းအိပ်တတ်တယ်
သူ့ဘက် တမင်လှည့်အိပ်တာ မဟုတ်ဘူးနော်၊ တလွဲမတွေးလိုက်

နှုတ်နိုက်. . . ကျွန်မအိပ်ပြီ"

ဇော်ထိုက်သည် မှိတ်ထားသောမျက်လုံးကို လုံးဝဖွင့်
ကြည့်ခဲ့ပါ။

မျက်လုံးထဲ အမှောင်ကြီးစိုးနေရာမှ အိပ်ပျော်ခြင်း တရား
ဆွဲယူသွားလေသည်။

ယမင်းခိုင်သည် လပြည့်ဝန်း၏အရောင်ဝါဝါအောက်မှ
ဇော်ထိုက်မျက်နှာကို ငေးကြည့်လိုက်သည်။

အပြစ်ကင်းစင်သော ကလေးတစ်ဦးပမာ အိပ်ပျော်နေ
သော ဇော်ထိုက်မျက်နှာကို ငေးကြည့်လိုက်သည်။

အပြစ်ကင်းစင်သောကလေးတစ်ဦးပမာ အိပ်ပျော်နေ
သော ဇော်ထိုက်သည် သူထင်ထားသလို ကျားရိုင်းမဟုတ်ပါချေ။

ဇော်ထိုက်အပေါ် သူ ယနေ့တိုင် နားမလည်သေးပါချေ။
မျက်လုံးသည် အိပ်ဆေးအရှိန်ကြောင့် လေးလံလာသော်လည်း မျက်
ညဉ်များက ပြင်ပသို့ အလည်ရောက်နေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၅)

"သက်ရယ်"

ဟုသာ ရင်တွင်း၌ ညည်းတွားရင်း ယမင်းခိုင် ပါးမို့မို့ထက်၌ လိမ့်ဆင်းနေသော မျက်ရည်ချောင်းလေးများကို ဖျက်သိမ်းပစ်ချင်သည်။ ပင့်သက်မောနှင့်အတူ. . .

"သက်က အခု သွားချင်လို့လား"

ယမင်းခိုင်က မျက်ရည်သုတ်ရင်း ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

ယမင်းခိုင်၏မိခင် ဒေါ်သင်းသင်းခိုင် မူးလဲ၍ ဆေးရုံတင်

ခဲ့ကြရသည့်အကြောင်း တယ်လီဖုန်း လာသဖြင့် ယမင်းခိုင် သောကပူပန်မှု မျက်ရည်ဝေရသည်။

"ဒါဖြင့် မောင် အခုပဲ လိုက်ပို့မယ်"

"ဟင့်. . "

ယမင်းခိုင်က တုန်လှုပ်စွာဖြင့် သူ့အား မော့ကြည့်လိုက်သည်။

သူ့မိခင် ဒေါ်သူဇာနွယ်ကတော့ အခြေအနေအရပ်ရပ်ကို သေသေဆိတ်စွာဖြင့် အကဲခတ်နေသည်။

"ဟုတ်တယ်လေ. . . ခုည မောင်လိုက်ပို့ပေးပြီး နောက်နေ့ ပြန်မယ်၊ ရထားလက်မှတ် လုပ်နေရင် ကြာနေဦးမလားလို့"

"အို. . . မဟုတ်တာ မောင်ရယ်၊ မောင်ဖင်ပန်းမှာပေါ့၊ နောက်ဖြန် ရထားနဲ့မှပဲ သက် သွားပါ့မယ်၊ ရထားလက်မှတ်ပဲ ယူပေးခဲ့ မောင်"

ယမင်းခိုင်က အပူရုပ်ကို ဟန်လုပ်ကာ ပြောကြားလိုက်သည်။

ဇော်ထိုက်က ယမင်းခိုင်ကိုသာ ကြင်နာစွာ ငေးကြည့်နေသည်။ သူ့အတွေးဌ် ယမင်းခိုင်၏သောကကို သူသာ အားလုံးယူလိုက်ချင်သည်။

ဒေါ်သူဇာနွယ်က မနေသာသဖြင့် သားနှင့်ချွေးမ စကားကြား ဝင်လိုက်ရသည်။

"ကိုင်း. . . ဘာမှမပြောကြနဲ့တော့၊ မေမေတို့လည်း ပြန်ဆပဲ၊ မနက်ဖြန်စောစော မန္တလေးကနေ တစ်ခါတည်း ဆင်းကြတာပေါ့၊ မေမေလည်း မခိုင် ကြည့်ချင်တယ်"

"ဟင်. . . ဒါဆို မောင်တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

ယမင်းခိုင်က ပူပန်စွာ ပြောလိုက်သည်။ ဇော်ထိုက်ရင်၌

www.burmeseclassic.com

www.burmeseclassic.com

ဂယက်ရိုက်သွားသည်။

"မောင်အေး ရှိသားပဲ သမီးရဲ့"

"ထွေးထွေးမှ မရှိတာ၊ မောင် စားရသောက်ရတာ ကသိမှာပေါ့"

ရင်တွင်းမှ စကားလေလား၊ အပေါ်ယံ ရွှေမှုန်ကြဲ စကားလေလား၊ ဇော်ထိုက် မဝေခွဲနိုင်ပါ၊ သို့သော် ရင်မှာတော့ ယမင်းခိုင် စကားကြောင့် နွေးထွေးသွားသည်။

"အမယ်လေးတဲ့. . . သမီးယောကျ်ားက ကလေးလားလို့"

"မေမေ့သားက အစားအသောက် ရွေးတတ်လို့ပါ"

ယမင်းခိုင်က ရှက်ပြုံးကလေးဖြင့် ပြောလိုက်သည်။ ဇော်ထိုက်ကတော့ အငေးမင်းသား လုပ်ကာ ယမင်းခိုင်ကိုသာ ငေးနေမိသည်။

"နောက်ပြီး မေမေက ရောက်တာမှ နှစ်ရက်ပဲ ရှိသေးတယ်၊ ချက်ချင်းပြန်တယ်ဆိုတော့ ပင်ပန်းပါ့မယ်၊ မေမေ့သားနဲ့ နေခဲ့ပါလား၊ သမီးပဲ သွားလိုက်မယ်လေ၊ မေမေရှိတော့ မေမေ့သား အတွက် သမီး နောက်ဆံမတင်းရဘူးပေါ့နော် မေမေ"

ယမင်းခိုင် ပြောသမျှသည် သူ့အတွက်သာ ဖြစ်နေ၍ ဇော်ထိုက်ရင်ဝယ် တသိမ့်သိမ့် လှုပ်ရှားလာသည်။ မနေသာသဖြင့်

"မောင့်အတွက် မပူပါနဲ့ သက်ရယ်၊ မောင်နေတတ်ပါတယ်"

"မေမေ့အတွက်လည်း မပူပါနဲ့ သမီး၊ ခိုင့်အတွက် မေမေ ပူတယ်၊ ကဲ. . ကဲ. . ပစ္စည်းတွေ သိမ်းကြတော့၊ ဒီည ညဉ့်မနက်ခင် မန္တလေး ဆင်းမယ်၊ ညအိပ်ပြီး စောစောဆင်းသွားလိုက်ရင် အဆင်ပြေမယ်"

ဒေါ်သူဇာနွယ် ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထသွား

သည်။ ယမင်းခိုင်ကလည်း ဒေါ်သူဇာနွယ် နောက်ပါးမှ လိုက်သွားသည်။ ဇော်ထိုက်မှာ နေမထိ ထိုင်မသာ ဖြစ်ကျန်ခဲ့သည်။ ထိုင်လိုက်၊ လိုက်၊ လမ်းလျှောက်လိုက်နှင့် လူးလာခေါက်တုံ့ ဖြစ်နေသည်။

အဆုံးမှာတော့ ခြံဝင်းတွင်းရှိ ခုံတန်းလျားပြဲ ဆင်းထိုင်နေတော်သည်။

ပစ္စည်းတွေကိုပင် ကားပေါ်သို့ တင်နေလေပြီ။ ယမင်းခိုင်က သူ့ထံ လျှောက်လာပြီး. . .

"ကျွန်မသွားမှာ ကျေနပ်ရဲ့လားဟင်"

"ဟာကွာ. . . မကျေနပ်စရာကိစ္စမှ မဟုတ်တာ၊ ဖြစ်နိုင်ရင် ကိုယ်ကိုယ်တိုင်တောင် လိုက်ပို့ပေးချင်ပါတယ်၊ တကယ်ပါ"

ရှောရှောရှူရှူပင် ပြောမိသည်။ ရင်တွင်းစကားပါဟု ယမင်းခိုင် နားလည်လျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်း။

"ကျွန်မ ကြာကြာမနေပါဘူး၊ ကျောင်းဖွင့်ဖို့ကလည်း ဆယ်ရက်ပဲ လိုတော့တာ၊ မေမေ နေကောင်းတာနဲ့ ပြန်လာပို့မယ်"

ယမင်းခိုင် မျက်နှာလေး ညိုနေသည်။ မိခင်အတွက် သောကရိပ်ညိုနေခြင်း ဖြစ်ဟန်တူသည်။ သူ့ရင်ထဲ ဆို့နင့်လာသည်၊ တကယ်တမ်း ခွဲခွာရဦးမည်ဟူသော အသိက ရင်ကို ထုနှက်နေပေသည်။ မခွဲရက်အောင်ပင်ဖြစ်နေမိသည်။

"ကျွန်မတို့ သွားတော့မယ်၊ မေမေ့ကို နှုတ်ဆက်ကန်တော့ပါလေ"

ယမင်းခိုင်က ပြောပြောဆိုဆိုနှင့် သူ့အပါးမှ ထွက်ခွာရန် လှုပ်လှုပ်ပြင်လိုက်သည်။ ထိတ်လန့်တကြားဖြင့် ရုတ်တရက် ယမင်းခိုင်လက်ကို လှမ်းဆွဲလိုက်ရင်း. . .

"သက်. . "

ရင်ထဲမှ ပေါက်ကွဲလာသောအသံဖြင့် ခေါ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"အို့. . ."

ယမင်းခိုင် မျက်လုံးဝိုင်းသွားသည်။

"ကျုပ်တော့ နေတတ်တော့မှာ မဟုတ်ဘူး"

"ဘာဆိုင်လို့လဲရှင့်"

"ဆိုင်ဆိုင်မဆိုင်ဆိုင်တော့ မသိဘူး၊ ရင်ထဲမှာ ခဏလေး တော်တော် မခွဲနိုင်တော့ဘူး"

"ရှင်. . ."

ယမင်းခိုင် အံ့အားသင့်သွားသည်။ ခုလိုအချိန်မျိုးမှာ သူ ဒီလိုစကားတွေ မပြောသင့်ဘူးထင်သည်။

"အဲဒီလို ခံစားရတာ အချစ်ကြောင့်ဆိုရင် ယမင်းခိုင်ကို ယ်သိပ်ချစ်နေပြီ ထင်တယ်"

ယမင်းခိုင်က. . .

"ချစ်နေပြီထင်တယ်"

ဟူသောစကားအတွက် သူ့အား စေ့စေ့ကြည့်ကာ ပြုံးလိုက်ရင်း ဇော်ထိုက်လက်ထဲမှ လက်ကို ရုပ်သိမ်းလိုက်သည်။

"ကြောင်တယ်နော်"

"လျောင်တာလား. . . မခံစားဖူးသေးတော့ မင်း လျောင်နိုင်တာပေါ့. . . အနိုင်ရနေတာကိုး၊ ဘယ်လိုပဲ မင်းထင်ထင် ကျုပ်ကတော့ မင်းကို စကားတစ်ခွန်းပဲ ပြောမယ်၊ မင်းကို ချစ်တာ ဒါပဲ"

ယမင်းခိုင် ပြုံးလိုက်မိသည်။ ရည်းစားစကား ပြောတဲ့လူ လည်း များပြတိုက်တာ ကျနေတာပဲဟု စိတ်တွင်းက ပြောလိုက် သည်။

ယမင်းခိုင်အပြုံးကို မခံသာသဖြင့် ဇော်ထိုက်က. . .

"ကဲ. . . သွားတော့လေဗျ"

"အို့. . . ဘယ်ဖြစ်မလဲ၊ ရှင်ပါ လိုက်မှပေါ့၊ အဝေးကို ခြန်မယ့် မိခင်ကို ကန်တော့ဦးမှပေါ့. . . ထလေ"

ယမင်းခိုင်က ဇော်ထိုက်လက်မောင်းကို ဆွဲယူလိုက်ပြီး ခွဲလျှောက်လိုက်သည်။

"မောင်အေး ချက်တာ စားနိုင်ပါ့မလား၊ နှင်းခင်ကိုတော့ ကားခဲ့ချင်ပေမယ့် မသင့်တော်ဘူး မဟုတ်လား၊ သူများအိမ်မှာ ဧည့်ခံရောက်နေမလားပဲ"

"ရင်ထဲက ဒုက္ခထက် ဘယ်ဒုက္ခမှ မကြီးပါဘူး၊ အဲဒီရင်ထဲက ဒုက္ခကိုရော ဒီအတိုင်းပဲ ထားခဲ့တော့မှာလား"

"သူဟာ သိပ်ရယ်စရာကောင်းတယ်၊ အချိန်နဲ့အခါကို ကြည့်ပြီး စကားပြောတတ်ရတယ်၊ ခု ကျွန်မမှာ မိခင်အတွက် သောကရှိနေတယ်၊ မရှိရင်တော့ သူ့ကို စကားတွေ အများကြီး ပြောဖြစ်လိမ့်မယ် ထင်ပါတယ်"

ဇော်ထိုက် မိမိအလောတကြီးနိုင်မှုအတွက် စိတ်မကောင်း ဖြစ်သွားရသည်။ ယမင်းခိုင်က ဆက်လက်အမှာတော်ပုံဖွင့်သည်။

"သူ့ကို တစ်ခုတော့ မှာချင်တယ်"

ဇော်ထိုက်က တုံ့ပြန်မပြောချင်၊ ယမင်းခိုင် ဆက်လာမည့် စကားကိုသာ ငုံလင့်နေသည်။

"ဒေါက်တာဂျွန်တို့နဲ့ အလွန်အကျွံ မသောက်ရဘူးနော်၊ သူကို အရက်နိုင်သွားရင် မကောင်းဘူး ထင်ပါတယ်၊ ကျွန်မ ဆရာ သိပ်တာတော့ မဟုတ်ပါဘူး၊ သူ့အတွက် ပြောတာပါ"

"ဒါကတော့ တမ်းတစိတ်နဲ့ ခံရခက်တဲ့ဝေဒနာအတွက် သည်းကို အရက်နဲ့ စိမ်တန် စိမ်ပစ်ရမှာပဲ"

"ဒီလို ပျော့ညံ့တဲ့စကားမျိုး မပြောပါနဲ့၊ ကျွန်မက သူ့ကို ကောက်ကျစ်ပီဝိသည စကားမျိုးပဲ ပြောစေချင်တယ်၊ ဟော. . .

www.burmeseclassic.com

www.burmeseclassic.com

မေမေတောင် ကားနား ရောက်နေပြီ၊ သူ မျက်နှာကြီး ပြင်လိုက်ပါဦး လား"

ညီးရိုပ်ထင်ကာ ခွဲခွာမှုအတွက် လွမ်းရိုပ်ဝေနေသော သူ့မျက်နှာကို သူ ဘယ်ကဲ့သို့ပြင်ပြင် ရမည်မဟုတ်မှန်း ဇော်ထိုက် နားလည်သည်။ ထို့ကြောင့်. . .

"ပြင်လည်း မခိုသွားဖြဲပဲ ဖြစ်မှာပါ၊ ဝေဒနာမီးကိုမှ မငြိမ်းသတ်မသွားဘဲ ဝေဒနာတွေနဲ့ ထားသွားတာကိုး"

ဇော်ထိုက်က ခြေလှမ်းတို့ကို ရပ်ဆိုင်းပစ်လိုက်သည်။ ယမင်းခိုင်၏ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းလေး ဆုပ်ကိုင်ကာ ဆွေးမြည့်စွာ ကြည့်ရင်း. . .

"ကျုပ်ကို ဘာတစ်ခုမှ မတုံ့ပြန်ဘဲ ဒီအတိုင်းပဲ ထားသွား တော့မှာလားဗျာ"

ယမင်းခိုင်က အေးချမ်းစွာ ပြုံးရင်း နှစ်သိမ့်စကား ဆိုလိုက်သည်။

"ပြန်လာမှ သူ့ကို စစ်ဆေးစရာ၊ မေးမြန်းစရာ ရှိတာတွေကို စစ်ဆေးရမယ်၊ ပြီးမှ သူ့အတွက် တစ်ခွန်းတည်းသောအဖြေကို ပေးမယ်၊ ကဲ. . . လွှတ်ပါတော့နော်၊ ဟိုမှာ ကြည့်နေကြတယ်"

ဇော်ထိုက် အတန်ငယ် သက်သာရာ ရသွားသည်။

"တကယ်နော် ဒေါ်ဆရာမ. . . တကယ်ပြောတာနော်"

ကလေးတစ်ဦးလို ဝမ်းသာမှုကို ဖုံးဖိ၍မရနိုင်။

"ကျွန်မ မညာတတ်ပါဘူး၊ သူ့လိုလည်း စကားအမျိုးမျိုး မပြောတတ်ပါဘူး"

"ဟာကွာ"

ဇော်ထိုက် အရှိုက်ကို အထိုးခံရသူပမာ အောင့်သွားသည်။ ယမင်းခိုင်က ရှေ့မှ အပြေးတစ်ပိုင်း ထွက်သွားသည်။

ဇော်ထိုက်က ပြေးလိုက်ရင်း မိခင်ခြေကို ဦးတိုက် ထိုးဆက် ကန်တော့လိုက်သည်။ မိခင်က ဆုတောင်းပေးပြီး သူ့နဖူး ကိုကို ချစ်စနိုး နမ်းရင်း. . .

"သားရယ်. . . မျက်စိအောက်ကတောင် အပျောက်မခံ အဖြစ်နေပြီလား၊ မျက်စိပျက် မျက်နှာပျက်နဲ့ လွန်ပြီကွနော်၊ ခရီး သွားရမယ့်သူတွေကို နောက်ဆံ့ဝင်အောင် မလုပ်ပါနဲ့"

"ဟုတ်တယ် မေမေရယ်၊ ကလေးကျနေတာပဲ. . . ဦးညစ်တယ်"

ယမင်းခိုင်က ရှက်စနိုးဟန်နှင့် ပြောလိုက်သည်။

ဆွေးမြည့်ရီဝေနေသော ဇော်ထိုက်နှင့် အကြည့်ချင်း ဆုံသည့်အခိုက် ရင်မှာ နင့်နင့်နဲနဲ စူးနစ်သွားသည်။ မျက်လွှာချလိုက် သည်။

"သက်ကို မောင်လာကြိုချင်တယ်. . . ဖုန်းဆက်နော်"

ယမင်းခိုင် ခေါင်းညိတ်လိုက်သည်။

"ကိုင်း. . ကိုင်း. . မောင်းတော့ ကိုဘတုတ်၊ ကြာကြာနေ မှ မျက်ရည်ပင်လယ်ထဲ မျောသွားနိုင်တယ်"

ဒေါ်သူဇာနွယ်က သားကို ချစ်စနိုး ကျီစယ်ရင်း ကားကို ဆောင်းခိုင်းလိုက်သည်။

ကားက အမိန့်ပေးသံ ဆုံးသည်နှင့် ငြိမ့်ခနဲ ထွက်သွား သည်။ ဇော်ထိုက်မှာ ကျောက်ရုပ်သဖွယ် မလှုပ်မယှက် ကျန်ရစ်ခဲ့ သည်။

"ဟင့်. . "

ထိန်းချုပ်ထားခဲ့ရသော မျက်ရည်တာ ကျိုးပျက်သွားလေ သမျှ ယမင်းခိုင် ရှိုက်ငိုလိုက်မိသည်။

"ဟင်. . . သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com

"မမေမင်းကလည်း ပိုလိုက်တာ၊ လွန်ကိုလွန်လွန်း
တယ်"

ညီမက ငြူစူမာန်မဲသည်။

ဒေါ်သူဇာနွယ်က ယမင်းခိုင်ပခုံးကို လှမ်းဖက်ကာ နှစ်
ရင်း ရွှေစင်ခိုင်အား. . .

"ရွှေစင်က မခံစားဖူးသေးတော့ ပိုတယ်ထင်မှာပါ။ ချ
ခင်စမှာ မခွဲစဖူး ခွဲရတော့ ငိုချင်ကြတယ်၊ ငိုလည်း ငိုမိကြတ
ဒါ မဆန်းပါဘူးကွယ်"

ယမင်းခိုင်က အားနာစွာဖြင့် မျက်ရည်များကို သုတ်
ရှက်ပြုံး၊ပြုံးလိုက်ရင်း. . .

"ရင်ထဲ ဘယ်လိုဖြစ်သွားပြီး ငိုမိမှန်းတောင် မသိလိုက်
ဘူး မေမေရယ်"

"အဲဒါက စွဲလန်းမှု သမုဒယ နှောင်ကြိုးကြောင့်ပေါ့ သ
ရယ်"

ဒေါ်သူဇာနွယ်စကားသည် ယမင်းခိုင်နှလုံးသားကို ပဲ့
ထပ် မြည်ဟည်းသွားစေသည်။

"စွဲလန်းမှု သမုဒယ နှောင်ကြိုးကြောင့်" တဲ့။

ကားကလေးသည် မြွေလိမ်မြွေကောက်လမ်းဝယ် ခ
လွှားနေဆဲပင်။

ယမင်းခိုင် ပင့်သက်မောတစ်ခု ချလိုက်မိသည်။



www.burmeseclassic.com



အခန်း(၁၆)

မွဲလမ်းမှ သမုဒယနှောင်ကြိုးကြောင့် ရင်မှာ ဆွေးမြည်
နာကျင်မိနေသည်။

မျက်ရည်များ ကျဆင်းဝိုကြွေးခြင်းထက် မျက်ရည်မကူ
ရင်ထဲ၌ ဝိုကြွေးခြင်းက ပို၍ခံရခက်လေသည်။

ကျောင်းက ပြန်ရောက်ရောက်ချင်း အိမ်ထဲသို့ တန်းမ
နိုင်သေးဘဲ ခံတန်းလျားပေါ်၌ ကြိမ်ခြင်းကလေးကို ဘေးချပြီး ထိ
နေမိသည်။ ငေးမိငေးရာ ငေးလိုက်သောအခါ နှင်းဆီပင်များ
တွေ့လိုက်ရသည်။

နှင်းဆီနှစ်သက်သော သူ့ကို သတိရစိတ်ကြောင့် ရင်

ဆရာကြီးလာ၏။ တမ်းတမ်းတတ လွမ်းဆွတ်သတိရနေဆဲ။

"ယမင်းရေ"

ဒေါ်ထွေး၏အသံက သူ့တမ်းတစိတ်ကို ဖြတ်တောက်ပစ်
လိုက်သည်။

"မမနွယ်ဆီက တယ်လီဖုန်း လာနေတယ်ဟေ့"

ဒေါ်သူဇာနွယ်ဆီက တယ်လီဖုန်း လာလျှင် မျှော်လင့်ဖွယ်
ရာ သတင်းတစ်ခုတော့ ရစမြဲမို့ အိမ်ထဲသို့ လျင်မြန်စွာ ပြေးဝင်ခဲ့
သည်။ ဒေါ်ထွေးဆီမှ တယ်လီဖုန်းခွက် လက်ပြောင်းယူလိုက်သည်။

"ဟဲလို. . . မေမေနွယ်"

"အေး. . . သမီး နေကောင်းလား"

"ကောင်းပါတယ် မေမေ. . . မေမေတို့ရော"

"ကောင်းပါတယ်"

"မောင်ရော. . . မောင့်အခြေအနေ"

အသံကို မနည်းထိန်း၍ ပြောသည့်ကြားက တုန်ခါသွား
သည်။

"သားအကြောင်း မေမေပြောမလို့ ဆက်တာ သမီး"

ရင်ဝယ် တလှပ်လှပ် ခုန်လာသည်။ သိချင်စိတ်ဖြင့် နား
ဆောင်ခွက်ကို နားနှင့် တအားဖိအပ်ထားလိုက်မိသည်။

"စိတ်ရောဂါကုဆရာဝန်ကြီးက ပြောတယ်၊ သတိပြန်ရနိုင်
ရာ အများကြီး ရှိပါတယ်တဲ့"

"ဟုတ်ကဲ့"

"လတ်တလော ကျင်လည်ခဲ့တဲ့ ပတ်ဝန်းကျင်နဲ့ ထိတွေ့
ဆက်ဆံနိုင်ရင် ပိုကောင်းပါတယ်လို့ အကြံပေးတယ်"

"ဒါ. . . ဒါဖြင့် မေမေတို့"

"ဟုတ်တယ်. . . မေမေတို့ သားကို ပြင်ဦးလွင် ပြန်ပို့ပေး

www.burmeseclassic.com

www.burmeseclassic.com

မလားလို့"

ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်လာသည်။ မမြင်မတွေ့ ဝေးနေရခြင်းထက် အနီးမှာ မြင်တွေ့နေရခြင်းက တော်သေးသည်ဟု ယမင်းခိုင် ယူဆမိသည်။

ဇော်ထိုက်ကို သူ့အနေနှင့် သိပ်တွေ့ချင်နေပြီ။

"ဘယ်တော့ လာမှာလဲ မေမေ"

"ရက်သေချာတော့ ဖုန်းထပ်ဆက်မယ်လေ၊ ဒီမှာ မေမေ စီစဉ်စရာ ရှိတာလေးတွေ စီစဉ်ပြီးတာနဲ့ လာခဲ့မယ်"

"မြန်မြန်လာခဲ့ပါ မေမေရယ်"

"သမီးဖေဖေက သမီးအတွက် တာဝန်ပိုနေပါ့မယ်တဲ့ လှမ်းပြောနေတယ်"

"ဟင့်အင်း. . . ဟင့်အင်း. . . မလိုပါဘူး မေမေ၊ ဖေဖေ့ကို ပြောလိုက်ပါ၊ သမီး မောင့်ကို တစ်သက်လုံး ပြုစုသွားမှာပါ၊ မောင် ပြန်သတိရအောင်လည်း သမီးကြိုးစားပေးနေမှာပါ"

"မေမေ ယုံပါတယ် သမီး၊ ကဲ. . . ဒါပဲနော်၊ သမီးလည်း ကျန်းမာရေးကို ဂရုစိုက်ပါ၊ စိတ်ထောင်းကိုယ်ကြေ မဖြစ်အောင် နေပါ"

"ဟုတ်ကဲ့ပါ မေမေ၊ မောင့်ကို ပြုစုနိုင်ဖို့အတွက် သမီးကိုယ်သမီး ကျန်းမာနေအောင် ဂရုစိုက်နေပါတယ် မေမေ"

"လိမ္မာလိုက်တဲ့သမီးရယ်၊ ဒါကြောင့် သမီးကို မေမေတို့ အားထားရတာပေါ့၊ ကိုင်း. . . ဒါပဲ သမီးရေ"

"ဟုတ်ကဲ့ မေမေ"

တစ်ဖက်မှ ဖုန်းချသွားသည့်တိုင် ယမင်းခိုင်မှာ မချနိုင်သေး။ ရင်မှာ ကတုန်ကယင်နဲ့ ဖြစ်ကျန်ခဲ့သည်။ ဇော်ထိုက် ပြန်လာတော့မည်ဟူသောစိတ်ဖြင့် ရင်ဝယ် ဝမ်းသာရမလို ဝမ်းနည်းရမလို

ဖြစ်နေသည်။

ဇော်ထိုက် သူ့အပါးကို ရောက်လာတော့မည့်အတွက် ဝမ်းသာရသည်။

သို့သော် ဇော်ထိုက်သည် လူကောင်းပကတိ အနေအထားနှင့် ရောက်လာမည် မဟုတ်ခြင်းအတွက် ဝမ်းနည်းရသည်။

မျက်ရည်ပူတို့က ကျူးကျော်လာပြန်သည်။ အိမ်အပေါ်ဆင်းသို့ ပြေးတက်ခဲ့ကာ အိပ်ယာထဲ၌ အားပါးတရ ဟစ်ကြွေးငိုချိုက်သည်။

ငိုရင်းမှ ဇော်ထိုက်နှင့် ပတ်သက်သော အိပ်မက်ဆိုးတို့ကို ပြန်လည်သတိရမိသည်။

BURMESE CLASSIC .com

နေမကောင်းသော မိခင်ထံသို့ ယမင်းခိုင်သည် ဒေါ်သူဇာနှင့်တို့နှင့်အတူ လိုက်သွားခဲ့သည်။

ဒေါ်သင်းသင်းခိုင် သူရောက်ပြီး နှစ်ရက်အကြာတွင် ဆေးရုံမှ ဆင်းသည်။ သို့သော် နောက်ထပ်သုံးရက်မျှ မိခင်အပါးဌာ ပြုစုနေခဲ့မိသည်။

ထိုရက်များကို တွက်ချက်လိုက်လျှင် ပြင်ဦးလွင်မှ စတင်ဆွက်ခွာခဲ့သည်မှ ခုနစ်ရက်သာ ကြာသည်။ ရှစ်ရက်မြောက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သူဇာနွယ်တို့အိမ် သွားအိပ်၍ နောက်နေ့ ပြန်ရန် စီစဉ်သည်

ထိုနေ့မှ ဇော်ထိုက်ထံသို့ ယမင်းခိုင် ဖုန်းဆက်မိသည်

မိခင်အိမ်၌ တယ်လီဖုန်း မရှိသည်က တစ်ကြောင်း၊ အခြိန်ရတ

ရခိုင် မကျန်းမာသော မိခင်ကို ပြုစုရသည်က တစ်ကြော

ကြောင့် တစ်ပတ်လုံးလုံး ဖုန်းမဆက်မိခြင်းကို ဇော်ထိုက်

တောင်းပန်ရပေဦးမည်။

"ဟဲလို"

"ဟဲလို. . . ဇော်ထိုက်ပါ"

"မောင်. . . ယမင်းပါ"

အနီးအနား၌ ဒေါ်သူဇာနွယ် ရှိနေ၍ ဖြစ်သည်။

"ဟာ. . . သက်"

ဝမ်းသာအားရ အသံကြီးကြောင့် ယမင်းခိုင် ရင်၌

ထွေးသွားသည်။ ဝေးတစ်သက် ဆိုသည့်စကားကို ယမင်း

ကိုယ်တွေ့အရ နားလည်ခံစားနေရချိန်ဖြစ်သည်။

"သက်မေမေ နေကောင်းသွားပြီလား"

"ဟုတ်ကဲ့. . . နေကောင်းသွားပါပြီ၊ မောင်ရော

ကောင်းရဲ့လားဟင်"

"ကောင်းပါတယ်. . . သက်ရော ဘယ်တော့ ပြန်လာ

ဟင်"

"မနက်ဖြန်"

"ဟာ. . . တကယ်၊ ဘာနဲ့ လာမှာလဲ၊ ရထားနဲ့လား၊ က

လား၊ လေယာဉ်ပျံနဲ့လား၊ မောင် ဘယ်မှာ လာကြိုရမလဲ"

ပျာလောင်ခတ်ပြီး လျှာခလုတ်တိုက်မှ မေးနေလေသည်

"မေမေက သက်အတွက် ကားတစ်စီး ဝယ်ပေးတ

အဲဒီကားနဲ့. . ."

"ဟင်. . . သက်တစ်ယောက်တည်းလား"

"ဦးဘတုတ် လိုက်မောင်းပေးမှာပါ မောင်"

"ဒါဖြင့် ဒီလိုလုပ်ပါလား သက်၊ မောင်လာခဲ့မယ်၊ ဒီနေ့

သောကြာနေ့ဆိုတော့ ခု မောင်လာခဲ့ရင် မနက်ဖြန်စောစော

ရောက်မယ်၊ အဲဒီမှာ မနက်ဖြန် တစ်ရက်နားပြီး ဆန်းဒေးဂျတော့

မောင်တို့ ပြန်ကြတာပေါ့. . . မဟုတ်ဘူးလား"

"မောင်ကလဲ. . . မနက်ဖြန် သက်လာရင် ညရောက်မှာပဲ၊

တစ်ရက်တည်းနဲ့ ဘာထူးသလဲ"

"ထူးတာပေါ့ သက်ရယ်၊ မောင့်အတွက် သက်နဲ့ ဝေးနေရ

တာ တစ်စက္ကန့်လောက်ကို တစ်ကမ္ဘာလောက် ကြာတယ် ထင်နေ

တာ၊ မောင့်ကို မညှဉ်းဆဲပါနဲ့ သက်ရယ်၊ မောင်လာပါရစေ၊ သက်ဆီ

တာ တစ်ခွန်းတည်းသောစကားကို မောင်ကြားချင်ပြီ၊ မောင် ခုချက်

ချင်း လာခဲ့မယ်၊ ဒါပဲ သက်. . . စောင့်နေ"

"အို. . . ဟဲလို. . . ဟဲလို. . . မောင်. . . မောင်"

ယမင်းခိုင်မှာ တစ်ဖက်က တယ်လီဖုန်းချသံပါ ကြောက်ခန

ကြားရသည့်တိုင် ခေါ်နေမိသေးသည်။ ဇော်ထိုက် ဤမျှ သူ့အပေါ်

အစွဲအလမ်းကြီးလိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။

"ဒုက္ခပါပဲ မေမေရယ်"

"ဘာဖြစ်လို့လဲ သမီး"

"မောင်လေ"

"သား ဘာဖြစ်လို့လဲ. . . ကောက်ပြန်ပြီလား"

"မဟုတ်ပါဘူး. . . မောင်က သူကိုယ်တိုင် လာကြိုမယ်၊

ခု ထွက်လာပြီဆိုပြီး ဖုန်းချသွားတယ်"

"အဲဒါ ဘာဖြစ်လဲ သမီးရယ်၊ လာတော့ သမီးအတွက်

ပိုကောင်းသွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့် မောင့်အတွက် သမီးစိတ်မချဘူး မေမေ၊ သမီး ပြန်ဆက်ဦးမယ်"

ယမင်းခိုင်က တယ်လီဖုန်း ပြန်ခေါ်သည်။ ဒေါ်သူဇာနွယ်က သားအတွက် စိတ်တိုင်းကျ ရွေးချယ်ပေးခဲ့သော ချွေးမအလိမ္မာလေးကို ကြည့်ကာ ကျေနပ်နေသည်။ သူ့သားကို ချစ်ရှာလွန်းသူဟု ထင်မြင်နေရှာသည်။

"သားက ဒီခရီးကို အိမ်ဦးနဲ့ကြမ်းပြင်ပါကွယ်၊ သိပ်လည်း ပူမနေနဲ့ သမီး"

ဟု ချွေးမကို နှစ်သိမ့်လိုက်ရသေးသည်။

ယမင်းခိုင် ဖုန်းထပ်ခိုန်၌ မောင်အေးနှင့်သာ တွေ့သည်။ ဇော်ထိုက် ထွက်သွားပြီဟု သိရလိုက်ရချိန်၌ ရင်မှာ လစ်ဟာသွားသည်။ ရင်ထဲမှာ ထူးထူးခြားခြား ပူပန်နေမိသည်။

ထိုနေ့တစ်ညလုံး အိပ်မပျော်။ သူ့ကို တွေ့ချင်ဇောနှင့် မအိပ်မနေ ခရီးနှင်လာမည့် ဇော်ထိုက်ကို စာနာကာ အိပ်၍မရချေ။ အရက်တက်ကာနီးမှ မှေးခနဲ အိပ်ပျော်သွားစဉ် ချောက်ကမ်းပါးထဲ လိမ့်ကျသည်လိုမျိုး အိပ်မက်ကြောင့် ထိတ်လန့်တကြားနိုးလာခဲ့သည်။

ပြန်မအိပ်တော့ဘဲ အောက်ထပ်ဆင်းကာ ဇော်ထိုက် အလာကို စောင့်မျှော်နေမိသည်။

ထိုစဉ် တယ်လီဖုန်းမြည်သံကြောင့် တယ်လီဖုန်းကို ပြေးကိုင်ဟန် ပြင်လိုက်သည်။ သို့သော်...

"နေ...နေ...သမီး၊ မေမေ ကိုင်လိုက်မယ်"

အိပ်မပျော်တာ မိမိတစ်ယောက်တည်း မဟုတ်ကြောင်း ယမင်းခိုင် သိလိုက်သည်။ ဩော်...ဒေါ်သူဇာနွယ်လည်း မိခင်ပေါ့။ သားအတွက် ပူပန်နေရှာမည်ကို ယမင်းခိုင် သဘောပေါက်သွား

သည်။

"ဟဲလို"

"....."

"ဟုတ်ပါတယ်...ဦးအောင်ထိုက် ဇနီးပါ"

"....."

"ဟုတ်ပါတယ်ရှင်...ပြောပါ"

"....."

"အို...ဘုရား...ဘုရား၊ စိုးရိမ်ရသလား"

"....."

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ ခုပဲ လာခဲ့ပါ့မယ်"

စကားပြောခွက်ကို ချလိုက်ပြီး ငိုသံပါနှင့်...

"ကိုကိုရေ...ကိုကို"

ခင်ပွန်းကို လှမ်းအော်ပြီး ယမင်းခိုင်ဘက် လှည့်ကာ ငိုသံပါနှင့်...

"သား လှည်းကူးနားမှာ ကားမောက်လို့ လှည်းကူးဆေးရုံ ပို့ထားရတယ်တဲ့၊ အဲဒါ..."

ယမင်းခိုင်ခေါင်းမှာ မိုက်ခနဲဖြစ်သွားသည်။ မလဲပြိုစေရန် အသည်းသတိထားလိုက်ရသည်။ မိမိ ပယောဂကြောင့်များလားဟူ၍ ကြောင်ဆည်နိုင်အောင် ဖြစ်ခဲ့ရသည်။

ဇော်ထိုက်ကို လှည်းကူးဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ ခေါ်ဆောင်ခဲ့သည်။ တစ်ရက်နီးပါး မေ့မျောနေရာမှ သတိပြန်ရချိန်တွင် ယမင်းခိုင် ယူကျုံးမရ ငိုကြွေးခဲ့ရသည်။

ဇော်ထိုက်ခေါင်းမှ ထိခိုက်ဒဏ်ရာကြောင့် အတိတ်မေ့နေခဲ့ပြီး အောက်ပိုင်းလှုပ်ရှားမှု လုံးဝမရှိဘဲ အကြောသေသွားရှာသည်။

www.burmeseclassic.com

ထိုအခါ ဒေါ်သူဇာနွယ်က သားဖြစ်သူကို စိတ်ရောဂါ အထူးကုဖြင့်လည်းကောင်း၊ အာရုံကြောအထူးကုများဖြင့်လည်း ကောင်း ပြသပြီး ဆေးခွင့်တင်စေခဲ့သည်။ ယမင်းခိုင်ကိုလည်း ကျောင်းဖွင့်အမီ ပြင်ဦးလွင်သို့ ပြန်စေခဲ့သဖြင့် ယမင်းခိုင် နောက်ဆံတင်ငင်ဖြင့် ပြန်ခဲ့ရသည်။

ယခင်ကလည်း သူစိမ်းပြင်ပြင် ဖြစ်ခဲ့ရသည်။

ယခုလည်း မိမိကိုယ်ကို မိမိမသိ၊ မိဘကိုလည်း မမှတ်မိ ဇနီးဆိုတာလည်း သတိမရ၊ တကယ့် သူစိမ်းပြင်ပြင် ဖြစ်နေခဲ့ရ သည်။

ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့ရင်း တမ်းတမ်းတတ ဖြစ်လာ သည်။ လွမ်းစိတ်ကို ဖြေသာအောင် ဖြေရသည်။ သို့သော် မိမိထံမှ စကားတစ်ခွန်းကို လိုချင်လွန်း၍၊ ကြားချင်လွန်း၍ တစ်စက္ကန့်ကို တစ်ကမ္ဘာ ကြာသည်ထင်ကာ အပြေးလိုက်လာသော ဇော်ထိုက် အခုလို ဖြစ်သွားရခြင်းမှာ မိမိကြောင့် ဖြစ်သည်ကို မိမိတစ်ဦးတည်း သာ သိ၍ ကြိတ်မှိတ်ခံစားခဲ့ရသည်။

"ဟဲ့. . . မိန်းကလေး ငိုနေပြန်ပြီလားကွယ်၊ ခုနစ်နာရီ တောင် ထိုးတော့မယ်၊ ထမင်းစားရအောင်လေ"

ယမင်းခိုင် မျက်ရည်များကို ကပျာကယာ သုတ်လိုက်ပြီး

"လာပြီ ထွေးထွေး၊ ယမင်း အစားအသောက်ကို မှန်မှန် စားသောက်ပြီး ကျန်းမာနေမှ ဖြစ်မယ်၊ ဒါမှ သူ့ကို ပြုစုနိုင်မှာ"

ပြောပြောဆိုဆို အိပ်ယာထက်မှ လူးလဲထပြီး ကျောင်း ဝတ်စုံကို အိမ်နေအဝတ်ဖြင့် လဲလှယ်ပြီး ခေါင်းဖြီးကာ ဘောက်သို့ ဆင်းခဲ့သည်။

"ဩော်. . . လောကကြီးဟာ စက္ကန့်နှင့်အမျှ ပြောင်းလဲနေ တယ်နော် ထွေးထွေး"

"ဒါပေါ့. . . မမြဲခြင်း သဘောတရားဆိုတာတွေ လူ့ဘဝ ဟာ တိုတိုကလေး၊ ဒီတိုတောင်းတဲ့ကာလလေးအတွင်းမှာ တွေ့ဆုံ ကြုံကြိုက်လာတဲ့ လူအချင်းချင်း မာန်မာနမထားဘဲ ဆက်ဆံနိုင်ခဲ့ ရင် ဘယ်လောက်ကောင်းမလဲ"

"ဒါကတော့ ထွေးထွေးရယ်၊ ယမင်းက မိန်းမဖြစ်နေတာ ကိုး၊ မာနကြီးတဲ့ယောကျ်ားအပေါ်မှာ မိန်းကလေးတန်မဲ့ လိုက်လျော နေရင် ဣန္ဒြေမရှိဘူးဆိုပြီး အထင်သေးမှာလည်း စိုးကြောက်ရတယ်၊ ဆွေးကြေးနဲ့စည်းစိမ်ကို မက်မောလို့ လိုက်လျောတယ် ထင်မှာလည်း စိုးရဲ့၊ ယမင်း ဘယ်လောက်ခံစားရတယ်ဆိုတာ ထွေးထွေး မသိပါ ဘူး၊ သူလည်း မသိဘူး၊ သိအောင်လည်း ယမင်းမှာ ပြောပြခွင့် မရှိဘူး"

"ပြောစရာရှိ ပြောပြလိုက်ပေါ့ ယမင်းရယ်"

"မိန်းမသားတွေဘဝက သူတို့ရင်ထဲ ဘယ်လောက်ပဲ ခံစား နေရနေရ၊ တစ်ဘက်က မမေးဘဲနဲ့ ထုတ်ဖော်ပြောခွင့် မရှိကြပါဘူး၊ မိန်းမဖြစ်ရတာ တစ်ပန်းရှိုးတယ်"

သီသီဝေလာသော မျက်ရည်များကို မျက်တောင်ခတ်ကာ သိမ်းဆည်းလိုက်သည်။ ခြောက်သွေ့သော ထမင်းဝိုင်းတွင် ထစ်လပ်နေသော ဇော်ထိုက် ထိုင်နေကျနေရာကလေးကို ကြည့်ကာ ခဏဝယ် တမြွေမြွေ ခံစားလိုက်ရသည်။

မကြာခင်တော့ ထိုနေရာလေးသို့ ပိုင်ရှင်ပြန်ရောက်လာ တော့မည်။ သို့သော် အသိတရားအသစ်နှင့် ရောက်ရှိလာခြင်း ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို ခွင့်လွှတ်ပါ. . . မမှတ်မိလို့ပါ"

အသိတရားတင်မက အပြောအဆိုပါ ပြောင်းလဲသွားသည်ဟု ယမင်းခိုင် သဘိပြုမိလိုက်သည်။ အသည်းနှလုံးမှာတော့ တစ်စစီ ဆွဲဖြုတ်ခြင်း ခံနေရသည့်ပမာ ခံစားနေရသည်။

"ဒီအိမ်ကိုရော မှတ်မိသလား"

"မှတ်မိနေသလိုပဲ"

သူ့အကြည့်များက တစ်အိမ်လုံးအနှံ့ ဝေ့ဝဲနေသည်။ ယခင် သူတို့နှစ်ဦး၏မင်္ဂလာမောင်နှံ ပန်းချီကားနေရာ၌ ဌက်မောင်နှံပန်းချီကားကို ပြောင်းလွဲချိတ်ထားသည်မှအပ ကျန်ပရိဘောဂ အထားအသိုများမှာ ယခင်အတိုင်း ပြောင်းလွဲမှု မရှိချေ။

ဇော်ထိုက်မှာ ဖိတ်ဖိတ်တောက်အောင် အရောင်တင်ထားသော လေ့ကားရင်းနှီးရှိ ကျောက်စားပွဲဆီသို့ ဘီးကို လှိမ့်သွားသည်။ ထိုစားပွဲပေါ်၌ နှင်းဆီပန်းများကို ကျောက်ခက်များနှင့် ရောထွေးကာ အလှထိုးထားသော ပန်းခြင်းလေး ရှိနေသည်။

ပန်းရနံ့များက သူ့အား ဆွဲဆောင်နေသည်။ ပန်းခြင်းကို အသာအယာ ကိုင်တွယ်ကြည့်ပြီး ညင်သာစွာ မွှေကြူလိုက်သည်။

ယမင်းခိုင်ရင်မှာ သိမ့်ခနဲ လှုပ်ရှားသွားသည်။ မျှော်လင့်ခြင်းဟူသော အလင်းရောင်ကြောင့် မျက်နှာမှာ ဝင်းလက်သွားရသည်။

ရုံးက ပြန်လာချိန်၌ ပြုမူနေကျ အပြုအမူမျိုးပင်။ ဒေါ်ထွေးက ယမင်းခိုင်ကို လက်တို့လိုက်သည်။ ယမင်းခိုင်က ညင်သာစွာ ခေါင်းညိတ်လိုက်သည်။

"ယမင်း သိပါတယ်"

ဟူ၍လည်း တိုးတိုးလေး ပြောလိုက်မိသည်။

"ကျွန်တော့်ကို နားခွင့်ပြုပါခင်ဗျာ"



အကြည့်က နွေးထွေးမှု မပါ။ အစိမ်းသက်သက်အကြည့်ကြောင့် ယမင်းခိုင် မည်သို့ နှုတ်ဆက်ရမှန်းမသိ ရင်နှင့်စွာ ငေးနေသည်။

"သား. . . သူ့ကို မှတ်မိသလားဟင်"

ဒေါ်သူဇာနွယ်က သားဖြစ်သူ၏မျက်နှာကို မလွတ်တမ်း ငေးနေရာမှ မိတ်ဆက်ပေးလိုက်သည်။

ဇော်ထိုက်က အကြည့်စိမ်းများကို ယမင်းခိုင်ထံမှ ပြောင်းပစ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com

အားလုံးကို သိမ်းကျုံးကြည့်ပြီး ပြောလိုက်သည်။

ဒေါ်သူဇာနွယ်က. . .

"နားပါ သား၊ သားအတွက် အခန်းကိုတော့ အောက်ထပ်မှာပဲ ပြင်ထားလိုက်တယ်"

သူနာပြုဆရာမက သူ့ဘီးတပ်ကုလားထိုင်ကို အသာအယာတွန်းကာ ဒေါ်ထွေး ဦးဆောင်ရာနောက်သို့ လိုက်သွားသည်။

ဇော်ထိုက်သည် မည်သူ့ကိုမျှ စောင်းငဲ့၍မကြည့်ဘဲ လိုက်ပါသွားသည်။

ယမင်းခိုင်မှာ ငိုမယောင် မျက်နှာလေးနှင့် ကျန်ရစ်ခဲ့သည်။

"သမီး. . . "

ဒေါ်သူဇာနွယ်က ယမင်းခိုင် ပခုံးလေးကို ဖက်တွဲကာ ထမင်းစားခန်းဘက် ခေါ်ခဲ့သည်။

"အားမငယ်နဲ့ သမီး၊ ဆရာဝန်ကြီးက မှာလိုက်တယ်၊ သားမှာ အမှတ်တရ စွဲလမ်းနေတာတွေ အများကြီး ရှိနိုင်တယ်တဲ့၊ အဲဒါကို သမီးအသိဆုံး ဖြစ်ရမယ်၊ အတိတ်က သားရဲ့စွဲလမ်းချက်တွေကို သမီးက ပြန်လည်တူးဖော်ပေးရမယ်"

"နောက်. . လင်မယားလို့ မပြောဘဲ တမင်မြှုပ်နှံထားတာကလည်း ဆရာဝန် မှာလိုက်လို့ပါ သမီး၊ သူ ပထမဦးဆုံး သတိရလာရင် အချစ်ဆုံးကို အရင်ဆုံး မှတ်မိမှာပဲတဲ့၊ အဖေအမေထက် ပိုချစ်လို့ ယူထားကြတာ မဟုတ်လား"

ဒေါ်သူဇာနွယ် စကားကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။

"အဖေအမေထက် ပိုချစ်လို့ ယူထားကြတာ"

"အချစ်ဆုံးကို အရင်ဆုံး မှတ်မိမှာပဲ"

ဟူသောစကားက ရင်တွင် ပဲ့တင်ထပ်လိုက်သည်။

ဇော်ထိုက်၏အချစ်ဆုံးသည် သူမ ဟုတ်ရဲ့လား။

အဖေအမေထက် ပိုချစ်၍ ယူထားခြင်း မဟုတ်ကြောင်းကို ဇော်ထိုက်ကိုယ်တိုင်က ဖွင့်ဟပြောထားပြီး ဖြစ်နေတော့ ယမင်းခိုင် စဉ်းစားမရဖြစ်လာသည်။

"မေမေနွယ်"

"ဘာလဲ သမီး"

"နှာစ်ကို မေမေတို့နဲ့ ပြန်ခေါ်သွားပါ"

ဇော်ထိုက်ကို အထူးသူနာပြု အင်္ဂါပြုစုရမည့်အစား သူတို့တိုင် ပြုစုချင်သည်။

"ဖြစ်ပါ့မလား. . . သမီးက အလုပ်တစ်ဖက်နဲ့"

"ဖြစ်ပါတယ်. . . ကျောင်းက နေ့ဝက်ကျောင်းပဲ၊ ကျောင်းသားခင် ပြုစုနိုင်သားပဲ၊ သမီးကျောင်းသွားတော့လည်း ထွေးထွေးတယ်၊ မောင်အေးလည်း ရှိတယ်၊ နောက် နှင်းခင်ပါ ရှိနေတာပဲ မရေယ်နော်. . . ပြန်ခေါ်သွားပါ"

ငယ်ငယ်လှလှ သူနာပြုဆရာမလေးအား အနေနီးစပ်မှုနှင့် ဇော်ထိုက် သံယောဇဉ်ငြိသွားမှာ စိုးရိမ်စိတ်၊ ဝန်တိုစိတ်ကို ဒေါ်သူဇာနွယ်ကို ထုတ်ဖော်မပြောပြတော့ပါ။ သို့သော် သူဇာနွယ်က ပြုံးပြုံးကြီး လုပ်ကာ. . .

"ဆရာမလေးက မေမေနဲ့ ဆွေမျိုးနီးစပ်တော်ပါတယ်၊ ခွဲခွာပါတယ်၊ ဒါပေမယ့် သမီးသဘောပါ၊ မေမေ ပြန်ခေါ်သွားပါ"

သက်ပြင်းချလိုက်မိသည်။ ခုမှ စိတ်အေးသွားရသည်။

"ဝန်တိုခြင်း ကင်းသောအချစ်သည် အချစ်စစ် မမည်ပါ"

သောစကားကို ယမင်းခိုင် ယခုမှ သဘောပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ယမင်းခိုင် တစ်စုံတစ်ရာကို သတိရလိုက်မိသည်။

"မောင်ကြိုက်တတ်တဲ့ တရုတ်စကားပွင့်သုပ်ကလေး ဘာ
ကျွေးဦးမယ် မေမေ"

ဟု ပြောလည်းပြော ပလတ်စတစ်ခြင်းကလေးလည်
ဆွဲကာ နောက်ဖက် အိမ်နောက်ဖေးပေါက်မှ စကားပင် ရှိရာ
ဆင်းခဲ့လေသည်။

သူသိစေချင်သည်။ မိမိသုပ်ပေးသော တရုတ်စကား
သုပ်ကို နှစ်ခြိုက်စွာ စားသုံးခဲ့ရင်း. . .

"တရုတ်စကားပွင့်ကို သုပ်စားလို့ရတယ်"

"ရတာပေါ့"

"သေတော့ မသေတတ်ပါဘူးနော်"

"ဩော်. . . သေတတ်မှတော့ ရှင့်ကို ကျွေးပါ့မလား"

"ကျွေးလည်း ကိစ္စမရှိပါဘူး၊ သေတတ်မှန်း သိပေ
ခင်ဗျားကျွေးတာဆိုရင် စားလိုက်မှာပဲ"

တရုတ်စကားပွင့်သုပ်နှင့် ပတ်သက်ပြီး အပြန်အ
ပြောခဲ့သော စကားများကို သတိရမိပြန်သည်။ ထိုစဉ်ကတည်
သူ့စကားတွင် မေတ္တာအင်္ဂေအသက်များ ပါနေခဲ့သည်ပဲ။

"ချစ်သူက ကျွေးရင် သေဆေးတောင် စားရဲသေးတ
ဟူသော အဓိပ္ပာယ်မျိုး ပြောခဲ့ဟန်တူသည်။ အဲဒီတုန်
မိမိဘာဖြစ်လို့ သဘောမပေါက်ခဲ့သနည်း။ မိမိစိတ်ကို အလို
ဖြစ်သွားသည်။

အတိတ်လွင်ပြင်ဆီသို့ ပြန်လည်ပြေးဝင်စိတ်များပင်
ပေါ်လာသည်။

တရုတ်စကားပွင့်များကို တစ်ပွင့်ချင်း ကောက်ယူနေသော
လှလှလေးကို ငေးကြည့်မိသည်။ တော်တော်အကြည့်ခံသည့်
မျိုးကို ပိုင်ဆိုင်ထားသည့် ဤမိန်းမလှလေးကို မြင်ဖူးသလိုလို
ရှိသည်။

ကြည့်ရင်းကြည့်ရင်းမှ သူမဘေးတွင် သူကိုယ်တိုင် ပန်း
ကုံကောက်ပေးခဲ့သလို ခံစားမြင်ယောင်လာသည်။

စတော်ဘယ်ရီရောင် မျက်နှာလေးနှင့် ပန်းကောက်နေ
သူမအပါးမှာ စကားတတွတ်တွတ် ပြောနေသည့် သူ့ရုပ်နှင့်
ဘာသူကို စဉ်းစားမိသည်။

သူ ဘယ်သူလဲ၊ သူမရော ဘယ်သူလဲ။

"အား. . ."

ခေါင်းမှာ မူးဝေကိုက်ခဲလာသည်။ လိုက်ကာကို ချကာ
ကြည့်ကို ရုပ်သိမ်းလိုက်သည်။

"ဘာဖြစ်လို့လဲ အစ်ကို"

ဆရာမလေးက သူ့အနား ချဉ်းကပ်ကာ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ခေါင်းထဲ ထိုးကိုက်လာတယ်၊ ကျွန်တော် နားချင်တယ် ဆရာမ"

သူ့အမြင်ကို ဆရာမအား မပြောပြမိတော့။ ရင်မှာတော့ ဒိန်းဒိန်းတပ်ကလေး လှည့်လည်နေသည်။

သူမကို ဘယ်မှာ မြင်ဖူးပါလိမ့်။

ယမင်းခိုင် ပန်းကောက်နေရာမှ အသိတစ်မျိုးကို ခံစားလိုက်ရသည်။ မိမိအား တစ်စုံတစ်ယောက် စောင့်ကြည့်နေသလို ခံစားသိမြင်လိုက်သည်။ လိုက်ကာကို မှကာ မိမိအား စူးစိုက်ကြည့်နေသော ဇော်ထိုက်ကို လှမ်းတွေ့လိုက်ရသည်။

သို့သော် ဇော်ထိုက်ကြည့်နေသည်မှာ ယခုလက်ရှိ ယမင်းခိုင်ကို ဟုတ်ဟန်မတူပေ။

အတိတ်မှ ယမင်းခိုင်ကို မြင်တွေ့နေဟန်တူသည်။

အကြည့်တို့က အေးစက်နေသည်။

လိုက်ကာကို ချကာ ဇော်ထိုက်မျက်နှာ ပျောက်သွား ပန်းဆက်ကောက်ဖြစ်သည်။

"ဆရာမ"

"ရှင်"

အတွေးလွင်ပြင်ထဲမှ ဆွဲထုတ်ခံလိုက်ရသဖြင့် ရုတ်တရက် လန့်သွားသည်။

"ဩော်. . . ဒေါက်တာ"

"မောင်တော် ပြန်ရောက်နေပြီဆို"

"ဟုတ်ကဲ့ ဒေါက်တာ၊ အိမ်ထဲ မရောက်သေးဘူးလား"

"မရောက်သေးဘူး. . . အခြေအနေကို သိထားရအောင် ဆရာမကို မြင်တာနဲ့ ဒီကိုပဲ တန်းလာတာ"

"ကျွန်မကတော့ မေမေနွယ်လောက် ပြောပြနိုင်မယ် ထင်ဘူး ဒေါက်တာ"

"ဒါပေမယ့် သူ့ရဲ့ဝေဒနာကို ကုစားပေးနိုင်ဆုံးသူဟာ ဆရာမ ဖြစ်နေတယ်ဆိုတာတော့ ဆရာမ သဘောပေါက်ထားစေချင်တယ်"

"ဟုတ်ကဲ့. . . ကျွန်မ မောင့်အတွက် အစွမ်းကုန် ကူညီပေးပါ"

ဒေါက်တာအေဂျွန်က ပြုံးလိုက်မိသည်။ သူ့အပြုံးက သူတို့ညီအစ်ကို၏အတွင်းရေးကို အစင်းသိထားသူဖြစ်၍ ယမင်းခိုင် 'မောင်' ဟု ခေါ်သော ဟန်ဆောင်အသုံးအနှုန်းအတွက် ပြုံးမိခြင်းဖြစ်သည်။

"မကြာပါဘူး. . . သူ့နှလုံးသား လှုပ်ရှားစေလွန်းတဲ့ ဇနီးနဲ့ ကွင်လည်ရာ ပတ်ဝန်းကျင်ဟာ သူ့အတိတ်ကို တူးဖော်ပေးပါလိမ့်မယ်"

"ကျွန်မလည်း ဒီလိုပဲ မျှော်လင့်နေမိပါတယ်"

"ကျွန်တော် ဆရာမကို တစ်ခုတော့ မှာချင်တယ်ဗျာ" ဒေါက်တာအေဂျွန်က သူ့စကားကို ဆက်သင့်မဆက်သင့်

www.burmeseclassic.com

www.burmeseclassic.com

ချိန်ဆလိုက်သည်။

ယမင်းခိုင်ကတော့ သူဆက်လာမည့်စကားကို လိုလိုလား နားထောင်နေသည်။

"သူ့ကို အရင်တုန်းကလိုပဲ ဆက်ဆံပေးပါ၊ ခပ်စိမ်းစိမ်း နေပေးပါ"

"ရှင်. . . ဒေါက်တာ ဘာကိုဆိုလိုပါလိမ့်"

ယမင်းခိုင် နည်းဝေဖိမ်တောင် ဖြစ်သွားသည်။

"ဩော်. . . အရင် နှစ်ယောက်တည်း နေတုန်းကလို တွင်းဆန္ဒတွေကို လျှို့ဝှက်ထားပြီး မာန်မာနနဲ့ပဲ ခပ်စိမ်းစိမ်း သလိုမျိုးပဲ ပြန်နေပေးပါလားလို့"

"ရှင်. . . ဟို. . . ဟို. . . ဒေါက်တာက ကျွန်မနဲ့ အဲ. . . သူ့အကြောင်းများ သိနေပါသလား"

ယမင်းခိုင်မျက်နှာ ရှက်ရိပ်ဝေနေသည်။ ထစ်ထစ်ငေါ့ မဝံ့မရဲ မေးလိုက်သည်။

ဒေါက်တာအေဂျွန်က အပြုံးနှင့်အတူ ခေါင်းညိတ်လိုက် ရင်း. . .

"ဇော်နဲ့ကျွန်တော်ဟာ နှစ်ကိုယ့်တစ်စိတ်ဗျ၊ သူ အရာ လွန်တဲ့နေ့မှာ ကျွန်တော်ရိပ်မိခဲ့ပါတယ်၊ နောက်နေ့တော့ သူဝန် တယ်၊ ဒါကြောင့် ကျွန်တော်သိခဲ့တာပါ၊ ကျွန်တော့်ကို မရှက် ဆရာမ၊ နောက်များ ဆရာမနဲ့ကျွန်တော် လက်တွဲပြီး ဇော်အတူ ဆောင်ရွက်စရာတွေ ရှိနေပါတယ်၊ ဒီတော့ အရာရာကို ပွင့်ပွင့်လင်း သိထားတော့ လုပ်ငန်းမှာ အဆင်ပြေမယ် မဟုတ်လား"

ယမင်းခိုင် ခေါင်းညိတ်ကာ နာယူလိုက်သည်။ ဇော်ထံသာ လူကောင်းပကတိ ဖြစ်လာမည်ဆိုလျှင် ဘာပဲ လုပ်ပေး လုပ်ပေးမည်။

"ကျွန်တော့်ကို အစ်ကိုတစ်ယောက်လို သဘောထားပြီး ဘင်းတင်းသာ ဆွေးနွေးပါ၊ ကျွန်တော်ကလည်း ဇော်အတွက် မှန်းကုန် အကူအညီပေးဖို့ ဆုံးဖြတ်ပြီးသားပါ"

ဟု အာမခံနေသဖြင့် ဒေါက်တာအေဂျွန်အပေါ် ရှက်ခဲ့မိ စိတ်ကို ဖျောက်ဖျက်ပစ်လိုက်ရသည်။

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျွန်မ နားလည်ပါတယ်၊ ဒေါက်တာ့စကား ကျွန်မနားထောင်ပြီး သူ့အတွက် ဘာမဆို ပေးပါ့မယ်"

"ယုံပါတယ်ဗျာ၊ ကဲ. . . ပန်းတွေ ပြည့်ရင်လည်း အိမ်ထဲ ကြရအောင်လား ညီမ၊ နေတောင် အတော်စောင်းလာပြီ"

ပြောပြောဆိုဆို ဒေါက်တာအေဂျွန်က ပန်းပြည့်မောက်နေ ပလတ်စတစ်ခြင်းကလေးကို ကောက်ယူကာ ရှေ့မှ ထွက် နှင့်သဖြင့် ယမင်းခိုင် နောက်မှ လိုက်ခဲ့ရသည်။

ယမင်းခိုင်စိတ်ထဲ မလုံမလဲ ရှိနေသည်။ မိမိနှင့်ဇော်ထိုက် ကြောင်းကို သိသူမှာ ဒေါ်ထွေး၊ မောင်အေးအပြင် တစ်ယောက် သာသည်။ ထို့အပြင် နောက်ထပ် ဘယ်နှစ်ယောက်များ ရှိနေဦးမှာ တွေးမိသောအခါ ငိုချင်သလိုလို ရယ်ချင်သလိုလိုပင်။

ဒေါက်တာအေဂျွန်နှင့်အတူ ဇော်ထိုက်ကို သွားတွေ့သော ဇော်ထိုက်မှာ အိပ်ပျော်နေရှာသည်။ သူနာပြုဆရာမလေးက

"စောစောကတင် ပြတင်းပေါက်က ဒီအစ်မကို ငေးရင်းက သာယ်၊ နားချင်တယ်ဆိုလို့ သိပ်လိုက်တာ၊ ချက်ချင်းပဲ အိပ်ပျော် သွားတာပါ"

ဒေါက်တာအေဂျွန်က အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ယမင်းခိုင်ကို ကြည့်လိုက်သည်။ ယမင်းခိုင်က ခေါင်းညိတ်ရင်း. . .

"သူကြည့်တာ ယမင်းတွေ့လိုက်ပါတယ်၊ ယမင်းလည်း

www.burmeseclassic.com

www.burmeseclassic.com

သူကြိုက်တတ်တာကို တမင်သုပ်ကျွေးမလို့ပါ"

"အကောင်းဆုံးသော ကုထုံးနည်းတွေပေါ့ ညီမရယ်"

ဒေါက်တာအေဂျွန်က သူ့ကို 'ညီမ' ဟု ရင်းရင်းနှီးနှီး ပြောင်းလွဲခေါ်ကြောင်းကို ယမင်းခိုင် သတိပြုမိလိုက်သည်။ မိမိလည်း ရင်းနှီးစွာပင် အခေါ် အဝေါ် တစ်ခုခု ပြောင်းသွားသင့်သည်ဟု ထင်သည်။

"နောက်နေ့မှ လာခဲ့မယ်. . . ပြန်ပါဦးမယ်"

"ဟုတ်ကဲ့ အစ်ကို"

ဒေါက်တာဂျွန် ပြန်သွားသည်။ ယမင်းခိုင်လည်း တရုတ်စကားပွင့် သုပ်ရန် အလုပ်ရှုပ်တော့သည်။

တီပွဲကြည့်ချိန်ကျမှ ကျွေးရမည်။ သို့မှသာ. . .

"တရုတ်စကားပွင့်သုပ်၊ ဟုတ်လား ဆရာမ"

ဒေါ်သူဇာနွယ်၊ ဒေါ်ထွေး၊ မောင်အေးနှင့် သူနာပြုဆရာမလေးမှာ သူတို့နှစ်ဦးစကားကို နားစွင့်နေရုံမှအပ အကြည့်ကို တီပွဲထံ ပို့ထားသည်။

"ဟုတ်တယ်လေ. . . တရုတ်စကားပန်းပွင့်လေးတွေကို ပြုတ်ပြီးမှ သုပ်ထားတာပါ"

"ဟုတ်လား"

ဇော်ထိုက်အသွင်က တစ်စုံတစ်ခုကို တွေးတောနေဟန် ပေါက်သည်။ ယမင်းခိုင်က. . .

"သူ စားဖူးလားဟင်"

"ဗျာ"

ဇော်ထိုက် တုန်လှုပ်သွားသည်။ စားဖူးသလား၊ စားဖူးတယ် ထင်တယ်။ နားထဲမှာ ကြားဖူးသလိုလို ရှိသောအသံ ဝင်လာသည်။

"ဆေးဘက်ဝင်တယ်၊ သွေးတိုးသမားတွေနဲ့ တည့်တယ်"

"သေတတ်မှတော့ ရှင့်ကို ကျွေးပါ့မလား"

ဇော်ထိုက် နဖူးပြင်၌ ချွေးများ စို့ထွက်လာသည်။ တစ်စုံတစ်ယောက်က သူ့ကို တရုတ်စကားပွင့်လေးတွေ သုပ်ကျွေးခဲ့သည်ကို မှတ်မိလာသည်။ ယခု ကျွေးနေတာလား၊ ယခင်တုန်းက ကျွေးခဲ့တာလား မမှတ်မိ၊ ခေါင်းမှာ အုံခဲလာသည်။

"သူ. . . စားကြည့်ပါလား"

သူက ခေါင်းခါလိုက်မိသည်။ ထိုအခါ ယမင်းခိုင်က ဆက်၍. . .

"မသေပါဘူးရှင့်. . . စားကြည့်ပါဦး"

"ဟင့်အင်း. . . ဆရာမ. . . ဆရာမ"

"ဒါ ဘာသုပ်လဲ"

ဇော်ထိုက်ထံမှ အသံထွက်လာသဖြင့် ယမင်းခိုင်ရင်သည်တဖျပ်ဖျပ် ခုန်ပေါက်လာသည်။

"တရုတ်စကားပွင့်သုပ်လေ"

www.burmeseclassic.com

www.burmeseclassic.com

ဆရာမဆိုသည်မှာ ဘယ်သူ့ကို ခေါ်တာလဲ၊ ယမင်းခိုင်ရင်ထဲ မနာလိုစိတ်က ဝင်သွားသည်။ ဆရာမကို အမြန်ပြန်လွှတ်ခိုင်းရသည်။

"ရှင်... သူ ဘာပြောမှလို့လဲ"

"ခင်ဗျားကို ခေါ်တာ မဟုတ်ဘူး၊ တိုဆရာမကိုပါ၊ ကွေးတော် ခေါင်းမူးတယ်၊ နားချင်တယ် လုပ်ပေးပါဦး"

ဇော်ထိုက်က သူနာပြုဆရာမလေးအား လှမ်းကြည့်ပြီး ဆက်တိုက်ပြောချလိုက်သည်။

ယမင်းခိုင်ရင်ထဲတွင် သံပူနှင့် အထိုးခံရသလိုပင်။ သူနာပြုဆရာမလေးက ဇော်ထိုက်ကုလားထိုင်ကို တွန်းယူသွားချိန်၌ ယမင်းခိုင်မှာ အသုပ်ပန်းကန်ကို ငေးငိုင်ကာ ကြည့်ရင်း ကျောက်ရုပ်ဖြစ်ကျန်ခဲ့သည်။

မိမိလက်ရာကလေး စားမိလျှင် အတိတ်ကို သတိကောင်းပါရဲ့ ဟူသော စိတ်ကူးကလေးဖြင့် ကြိုးစားခဲ့သမျှ သဲကန္တာရသွန် ဖြစ်လေပြီ။

မျက်ဝန်း၌ ပုလဲရောင် လွှမ်းသွားလေသည်။

ရင်တွင်း၌ တမ်းတမ်းတတ ညည်းတွားလိုက်မိသည်၊

"မောင်ရယ်"



အခန်း(၁၈)

"ထွေးထွေးရေ"

"ဟေ..."

"ယမင်း ပြင်ထားတဲ့ပန်းအိုး လာကြည့်ပါဦး... လှရဲ့လား"

ဝေဝေဆာဆာအသံတို့ကြောင့် ဇော်ထိုက် သတင်းစာကားတွေကို မမြင်တော့၊ ထိုအသံများသည် ယခုလက်ရှိအသံလား၊ အတိတ်က အသံလား၊ သူဝေခွဲ၍ မရချင်၊ သတင်းစာကို ဖယ်ရှားကာ ဧည့်ခန်းသို့ ကြည့်လိုက်မိသည်။

ယမင်းခိုင်သည် အိမ်ရှေ့စားပွဲတွင် ဒူးတုပ်ထိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com

ပန်းအိုးကို ပြုပြင်နေသည်။

ဒေါ်ထွေးက အိပ့်အိပ့်နှင့် ရောက်လာပြီး. . .

"လုတာပေါ့"

"သြော်. . . ထွေးထွေး"

"ဘာလဲ ယမင်း"

"ဒီနေ့ ယမင်း နည်းနည်းနောက်ကျမယ်နော်၊ အဖြေလွှာတွေ ခြစ်စရာရှိလို့"

"အေးပါ ဒေါ်ဆရာမရယ်"

ဇော်ထိုက်ရင်မှာ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ဒီအသံကြားဖူးပါတယ်။

"ထွေးထွေးရေ"

"ထွေးထွေးရေ"

မိန်းမသံရော ယောကျ်ားသံပါ သူ့နားထဲတွင် ပဲ့တင်ထပ်နေသည်။

"ထွေးထွေး. . . ထွေးထွေး"

ဇော်ထိုက်နှုတ်မှ ထွက်ပေါ်လာသဖြင့် ယမင်းခိုင်နှင့် ဒေါ်ထွေးမှာ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ အသက်ပင် ရှဉ့်မရှူဝံ့။ မလှုပ်မယှက်နှင့် ငုံလင့်နေမိကြသည်။

"ထွေးထွေး. . . ဒေါ်ဆရာမရော"

ဟူသော ယောကျ်ားသံတစ်သံပါ သူ့နားထဲ၌ ပဲ့တင်ထပ်လာသဖြင့်. . .

"ထွေးထွေးရေ. . . ထွေးထွေး"

"ဝေ. . . ရှိတယ်ဟေ့"

ဒေါ်ထွေးက အသံပြုလိုက်သည်။ ဇော်ထိုက်က ဒေါ်ထွေးကို လှမ်းကြည့်ကာ. . .

"ကျွန်တော် အဒေါ်ကို ထွေးထွေးလို့ ခေါ်ခဲ့ဖူးသလားဟင်"

ထွေးထွေးက မျက်ရည်တလည်လည်နှင့်. . .

"ခေါ်ပါ့ရှင်. . . မင်းစကားတတ်စအရွယ်ကစပြီး ဒီအရွယ်အထိ ထွေးထွေးကို ထွေးထွေးပဲ ခေါ်ခဲ့တာပဲ"

"ဒါဖြင့် ဒေါ်ဆရာမကိုရော ကျွန်တော် ဘယ်သူလို့ ခေါ်ဖူးသလဲ"

ယမင်းခိုင်၏ရင်မှာ ဒိန်းခနဲ ထခုန်လေသည်။

ဒေါ်ထွေးက မေးငေါ့ပြီး. . .

"သူ့ကိုပေါ့"

ဟု ပြောလိုက်ရာ ဇော်ထိုက်က အံ့အားသင့်သောအကြည့်နှင့် စူးစူးနစ်နစ် ကြည့်လေသည်။

ကြည့်ကြည့်ရင်း သူ့ခေါင်းမှာ နောက်ကျိလာသည်။ ဆရာရဖူးသောနေရာ၌ စစ်စစ်ကိုက်ခဲလာရာ ခေါင်းကို လက်ဖြင့် ပွတ်ကာ. . .

"မူးလိုက်တာဗျာ"

ယမင်းခိုင်က ပြေးကာ ရှူဆေးဘူး ယူပေးလိုက်သည်။ သူတာ ရှူဆေးဘူးကို ယူကာ ရှိုက်လိုက်သည်။

ခွေးမျှား စို့ထွက်နေသော နဖူးပြင်ကို ယမင်းခိုင်က ဂျင်သုတ်ပုဝါလေးနှင့် သုတ်ပေးလိုက်ရာ. . .

"နေပါစေ ဆရာမ. . . ရပါတယ်၊ ဆရာမက စာသင်တဲ့ဆရာမပဲ၊ သူနာပြုဆရာမမှ မဟုတ်ဘဲ၊ ဒီတော့ ဆရာမ ကျွန်တော့်ကို ပြုစုဖို့ မလိုပါဘူး"

ယမင်းခိုင်ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ သူ အရက်မူးသွားနိုင်မောကျနေစဉ်က တစ်ညလုံးလိုလို သူ့မျက်နှာကို စိုက်ကြည့်ခဲ့သည်။ ထွက်လာသမျှခွေးတွေကို သုတ်ပေးရင်း ရင်မှာ တလှပ်

www.burmeseclassic.com

www.burmeseclassic.com

လှပ် ခုန်ခဲ့ရသည်ကို သတိရမိသည်။ ရင်မှာ ဆွေးဆွေးမြည့်မြည်
လေး နာကျင်လာရသည်။

ဇော်ထိုက်ကို တုံ့ပြန်စကားမပြောမိဘဲ လေးလံသော
ခြေလှမ်းများကို အနိုင်နိုင် သယ်ကာ မီးဖိုဘက် လှမ်းခဲ့ရသည်။

ဒေါ်သူဇာနွယ်နှင့် သူနာပြုဆရာမလေး မနေက ပြန်သွား
ခဲ့သည်။ ဒေါ်သူဇာနွယ်ကတော့ သူ့သားကို ခွေးမလက်ဆ
ယုံကြည်ကိုးစားစွာဖြင့် 'ဝ' ကွက်အပ်သွားခဲ့လေပြီ။

ယမင်းခိုင်မှာတော့ ဝေဝဲလာသော မျက်ရည်များ
ခေါင်းခါကာ မာန်နှင့် ဟန့်တားပစ်လိုက်သည်။

"ယမင်းရဲ့. . . ညည်းလည်း ထွက်သွားရော သူက မျက်
တစ်ဆုံး ကြည့်ကျန်ခဲ့တယ်၊ ပြီးတော့ ကျုပ်ကို ပြောတယ်"

ယမင်းခိုင်ရင်ထဲ တလှပ်လှပ် ဖြစ်လာပြန်သည်။

"သူ ဘယ်သူလဲ၊ သူ့ကို ကျွန်တော်မြင်ဖူးတယ်၊ ရင်းရင်း
နှီးနှီးကို မြင်ဖူးတာ၊ ဘယ်မှာမှန်း တွေးလို့မရတော့ဘူးတဲ့လေ"

ယမင်းခိုင် ကြည်နူးသွားသည်။ ဇော်ထိုက်၏မသိစိတ်
မှာ အစွဲလမ်းဆုံးသူဟာ မိမိပဲ ဖြစ်ရမည်ဟု ကိုယ်လိုရာ ဆွဲထွေ
လိုက်တော့ ချမ်းမြေ့သွားရသည်။

"ထွေးထွေးရေ. . . ထွေးထွေး"

ဇော်ထိုက်အသံ ထွက်ပေါ်လာမှုကြောင့် ဒေါ်ထွေး
ယမင်းခိုင်ပါ ပျာယာခတ်သွားသည်။

"ထွေးထွေး"

"ဟေ"

"ကျွန်တော် ခြံထဲ ဆင်းချင်တယ်"

ဒေါ်ထွေးက သွားဟန်ပြင်လိုက်ရာ ယမင်းခိုင်က ခပ်
တိုး ဟန့်တားလိုက်ရသည်။

"နေ. . . နေ. . . ထွေးထွေး၊ ယမင်း သွားမယ်၊ မအားဘူး
ပြောလိုက်"

ယမင်းခိုင် ပြောသည့်အတိုင်း ထွေးထွေးက လိုက်နာပါ
သည်။

"အေး. . . လာမယ် ကလေးရေ မအားသေးလို့"

ယမင်းခိုင်က ဝမ်းထဲ ကြိတ်ပြုံး,ပြုံးလိုက်သည်။ ဇော်ထိုက်
ဘီးကို တွန်းလှိမ့်သွားနေသည်။

"ဘယ်သွားမလို့လဲ"

"ခြံထဲ ဆင်းကြည့်ချင်တယ်"

"ကျွန်မ ပို့ပေးပါ့မယ်"

"ရပါတယ်. . . ဆရာမ ကျောင်းသွားစရာ ရှိတယ် မဟုတ်
ဘူး"

"ကျောင်းက ညနေပိုင်းပဲ. . . အချိန်ရပါတယ်၊ ကျွန်မ
ကြည့် စံပယ်ပန်း ခူးမှာနဲ့ အတော်ပါပဲ"

ဇော်ထိုက် ဘာမှမပြောဘဲ ယမင်းခိုင် ခေါ်ဆောင်ရာသို့
လိုက်ပါလာသည်။

ကျပန်မြက်ခင်းစိမ်းလေးပေါ် ယမင်းခိုင် ခေါ်ခဲ့သည်။
ခင်း၏နေရာတွင်းကို ကျောခိုင်းကာ ကုလားထိုင်ကို နေရာ
ချထားလိုက်သည်။

"ကျွန်မ စံပယ်သွားခူးလိုက်ဦးမယ်"

နှင်းခင်က အလိုက်တသိ ဆန်ကာနှင့် အပ်ချည်လုံးနှင့်
ကို လာပေးသည်။

ဖွေးနေအောင် ပွင့်နေသော စံပယ်ပန်းများကို ဇော်ထိုက်
ကြည့်နေသည်။ သူ့နားထဲ၌ စကားသံတစ်ခုကို ကြားလိုက်ရ
၏၊ ကြားဖူးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"စံပယ်တွေ ပွင့်လာတဲ့အခါ ရှင် ကျွန်မကို ကျေးဇူးတ
သွားမှာပါ၊ စံပယ်အနံ့က ရင်ကို အေးစေပါတယ်၊ စံပယ်ပွင့်ကလေ
တွေကလည်း အပြစ်ကင်းစင်ပါတယ်"

"ဒေါ်ဆရာမ"

ထိတ်လန့်တကြား ခေါ်လိုက်မိသည်။ ယမင်းခိုင်က စံပ
ပွင့်ကလေးများကို ခြွေသိနေရာမှ. . .

"ရှင်. . . ဘာလို့ချင်လို့လဲ၊ ဦးဇော်ထိုက်"

ဇော်ထိုက်က ဘီးကို ယမင်းခိုင်နား လှမ့်လာရင်း. . .

"စောစောက ဆရာမ ကျွန်တော့်ကို ဘာပြောလိုက်
လဲ"

"ရှင်. . . ကျွန်မ ဘာမှမပြောပါလား"

"ဩော်. . ."

ဇော်ထိုက်စိတ်ထဲ၌ စွဲလန်းခဲ့ဖူးသောအသံ ဖြစ်ဟန်တူ
သည်။ ယမင်းခိုင်က တွေတွေဝေဝေနှင့် စဉ်းစားနေသော ဇော်ထို
ကို ကြည့်ပြီး. . .

"သူ. . . ဘာကြားလို့က်မိလို့လဲ"

ဇော်ထိုက် သက်ပြင်းချကာ ခေါင်းခါယမ်းလိုက်သည်
သူ မပြောလိုလျှင် ရှိပါစေတော့။ ယမင်းခိုင် ဇွတ်မ
တော့ပါ။ သို့သော်. . .

"သူ စိုက်ပေးတဲ့ စံပယ်တွေလေ၊ မိုးနဲ့ရတာနဲ့ တအား
တာပဲ၊ ဘယ်နှယ့်လဲ. . . သူနှစ်သက်ရဲ့လား"

"မနှစ်သက်စရာအကြောင်း မရှိပါဘူး၊ သူ့အနံ့လေ
ရင်ကို အေးစေတောပဲ၊ ကြည့်ရတာလည်း အပြစ်ကင်းစင်တာ

ကြားဖူးခဲ့သောစကားသံကို သံယောင်လိုက်ကာ ရွတ်
လိုက်သည်။

"ပန်းတွေက သိလို့မနိုင်ဘူး"

တစ်ပွင့်ခူး တစ်ပွင့်သီ လုပ်နေသော ယမင်းခိုင်က ညည်း
ညူလိုက်မိရာ. . .

"ဒါဖြင့် ကျွန်တော်သီပေးမယ်လေ၊ ဆရာမ ခူးပေး"

မဆိုင်းမတွ ပြောလိုက်ရင်း ယမင်းခိုင်ထံမှ ဆန်ကာကို
ဆောက်မ်းလိုက်သည်။

"သီတတ်လို့လားရှင်"

"ခက်ခဲတဲ့အလုပ်မှ မဟုတ်တာ"

ယမင်းခိုင် ကျေနပ်စွာ ပြုံးလိုက်သည်။ စံပယ်ပန်းများကို
ခြွေး လက်တစ်ဆုပ် ပြည့်တိုင်း ဇော်ထိုက် သိနေသော ဆန်ကာ
ကေးသို့ ထည့်ပေးသည်။

"ပန်းတွေ အများကြီး သီပြီး ဘာလုပ်မလို့လဲ"

"ဘုရားတင်မှာပေါ့. . . ပြီးရင် ကျွန်မပန်မယ်၊ ဆန်ကာထဲ
ပန်းကုန်ရင် တော်ပါပြီ၊ ကျွန်မ နှင်းဆီခူးလိုက်ဦးမယ်၊ ကျောင်း
ဘုရားပန်းအတွက်လေ"

ယမင်းခိုင်စိတ်ထဲမှာ ရှင်ပျနေသည်။ အနေမစိမ်းဘဲ မိမိ
အိမ်တွင် လိုအပ်သောအကူအညီကို ဖြည့်ဆည်းပေးချင်နေတတ်
သော ဇော်ထိုက်၏ဟန်ပန်များ ယခင်အတိုင်းပင် ဖြစ်နေသည်။
သို့ရာခင်မှာတော့ သူ သတိရတန် ကောင်းပါသည်။

"အား. . ."

အတွေးလွန်သွား၍ လက်ကို နှင်းဆီဆူးက မလိုတမာ
ဆောင့်လိုက်သည်။

ဆူးစူးဒဏ်ကို သက်သာစေရန် ပါးစပ်နှင့် ငုံလိုက်စဉ်. . .

"ပြစမ်း. . . သိပ်များသွားသလား"

အနားကပ်ပေါ်လာသော ဇော်ထိုက်အသံကြောင့် ယမင်း

www.burmeseclassic.com

www.burmeseclassic.com

ခိုင် အံ့သြသွားရသည်။ အလှမ်းဝေးသော စံပယ်ခင်းနားမှာ
မိမိအနားဆီသို့ လျှပ်တစ်ပြက်အတွင်း ရောက်ရှိလာသော
ထိုက်ကို လက်အသာပြရင်း . . .

"ဘာမှမဖြစ်ပါဘူး . . . ဆူးနဲ့ပန်းကို လိုချင်မှတော့ ဆူ
ရန်လုပ်တာကို ခံနိုင်ရည် ရှိရမယ်လေ"

ခပ်ပြုံးပြုံးလေး ပြောလိုက်မိသည်။ ဇော်ထိုက်က စူးစိ
ကြည့်ရင်း . . .

"ဆရာမက နှင်းဆီကို ချစ်သလား"

"ချစ်တတ်လာပြီလို့ ဆိုရမှာပေါ့၊ ဆူးလေးတွေနဲ့
ထောင်တတ်တဲ့ပန်းမို့လည်း တစ်မျိုးချစ်ရတာပါပဲ၊ သူရော နှင်း
ကို နှစ်သက်သေးရဲ့လား"

"ပျာ . . . နှင်းဆီကို နှစ်သက်သေးရဲ့လားဆိုတော့ အ
တုန်းက ကျွန်တော် နှင်းဆီကို နှစ်သက်ခဲ့တယ်လား"

ယမင်းခိုင် ဦးခေါင်းညိတ်ရုံသာ ညိတ်လိုက်သည်။ စိတ်
မှာတော့ . . .

"ရှင် နှစ်သက်လို့ ကျွန်မက အလှပန်းအိုး ထိုးတာတော
နှင်းဆီမပါတဲ့နေ့ မရှိစေရဘူး"

ဟူ၍ပင်။

"ဒေါ်ဆရာမ"

"ရှင် . . . ဦးဇော်ထိုက်"

"ဆရာမ ကျွန်တော့်အကြောင်း အဲဒီဦးဇော်ထိုက်ဆို
ကျွန်တော့်အကြောင်း တော်တော်သိသလား"

"သိပါတယ်"

"ဒါဖြင့် ကျွန်တော်ဟာ ဘယ်သူလဲဟင်"

"လူပေါ့ . . . ပခုံးနှစ်ဖက်ကြားမှာ ခေါင်းပေါက်တဲ့လူ

ယမင်းခိုင်က ခပ်တည်တည်လေး ပြောချလိုက်သည်။

"ဟာဗျာ . . . ဆရာမက တော်တော်နောက်တာပဲ၊ ကျွန်
သိချင်တာက ကျွန်တော့်အကြောင်း၊ ပြီးတော့ ကျွန်တော့်
တိတ်"

"အတိတ်ကို ပြောပြရဲ့နဲ့ အရာခပ်သိမ်းကို မှတ်မိတယ်
ကျွန်မပြောပြချင်ပါတယ်၊ ဒါပေမယ့် ရှင့်ဘာသာရှင် သိလာ
ပို့မကောင်းဘူးလား၊ သူများအပြောကို ဟုတ်ပဲ့မလား ဖြစ်နိုင်
လားဆိုတဲ့ သံသယနဲ့ ခေါင်းညိတ်လိုက်တော့ ဘာမှ အဓိပ္ပာယ်
ဘူး ထင်ပါတယ်"

"ဟုတ်ပါတယ် . . . ဆရာမ ပြောတာ မှန်ပါတယ်၊ လူသား
ဘာ အတိတ်ကို ဖြတ်ကျော်ပြီး ပစ္စုပ္ပန်မှာ နေထိုင်တတ်မယ်၊
. . . အနာဂတ်ကို မျှော်မှန်းနိုင်ရမယ်၊ ဒါမှလည်း လူသားပီသမှာ
ကျွန်တော့်ဘဝက အိပ်မက်မက်နေတဲ့ လူသားတစ်ယောက်လို
ဒါအပြင် လွတ်လပ်မှု မရှိဘူး၊ သွားချင်တဲ့နေရာ မသွားနိုင်၊
ချင်တဲ့နေရာ မလာနိုင်တဲ့ လူစဉ်မမီတဲ့ဘဝလည်း ရောက်နေပြန်
တော့ အတိတ်ကို သိလည်း မထူးဘူး ထင်ပါတယ်"

နာကျည်းဆွေးမြေ့နေသော ဇော်ထိုက်၏မျက်နှာမှာ
မှိုင်းနေသည်။

"ဒီလိုမဟုတ်ဘူး ဦးဇော်ထိုက်၊ လူသားတစ်ယောက်ရဲ့ ဘဝ
စဉ်ဟာ အတိတ်ကို မကျော်ဖြတ်ဘဲ မရနိုင်ပါဘူး၊ အတိတ်ကို
ဖော်ပိုင်းခြားနိုင်မှ၊ အနာဂတ်ကို လျှောက်လှမ်းရ လွယ်ကူမှာပါ၊
အတိတ်ဟာ အနာဂတ်ရဲ့ယာဉ်တစ်မျိုးပါ"

ဇော်ထိုက်က ယမင်းခိုင် မျက်နှာဖူးဖူးလေးကို ငေးကြည့်မိ
သည်။ ကြည့်ရင်းကြည့်ရင်း ရင်မှာ တလှပ်လှပ် ခုန်လာသည်။
ဦးထွေးနွေးနွေးလေး ခံစားရသည်။ မြင်ဖူးနေပါသည်။ ရင်းရင်း

www.burmeseclassic.com

www.burmeseclassic.com

နှီးနှီးကို မြင်ဖူးနေပါသည်။

"အာ"

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်
စဉ်းစားတိုင်း ကိုက်ခဲမူးဝေလာသော ဤခေါင်းကို စိတ်မရှည်
တော့။ ဒေါသဖြစ်လာ၍ လက်သီးကို ဆုပ်ကာ အံကြိတ်လိုက်
သည်။

ပန်းသီနေသော အပ်က လက်ဝါးထဲ စူးနစ်ဝင်သွားသည်
ပန်းအချို့ ကြေကုန်သည်။ အချို့က သွေးစွန်းကုန်သည်
အချို့က ဆန်ကာနှင့်အတူ သူ့ပေါင်ပေါ်မှ လိမ့်ဆင်းလာသည်
မြက်ခင်းပေါ်မှာ ဖွေးဖွေးဥကုန်သည်။

"အို"

ယမင်းခိုင် တုန်ယင်စွာဖြင့် သူ့လက်ကို လှမ်းကိုင်လိုက်
သည်။ စိုက်ဝင်နေသောအပ်ကို နှုတ်ယူလိုက်သည်။

"ဆေးထည့်မှ ထင်တယ်"

"ဆောရီး ဆရာမရယ်၊ ပန်းတွေ ကျကုန်ပြီ"

"ကိစ္စမရှိပါဘူး. . . ရေဆေးမှာပဲ"

ဇော်ထိုက်က လက်ကို ပြန်ရုပ်ယူလိုက်သည်။ ယမင်းခိုင်
ပန်းကလေးများကို ပြန်ကောက်ယူလိုက်စဉ်၌ ဇော်ထိုက်က
လှိမ့်ပြီး ထွက်သွားသည်။

ဆန်ကာထဲ ပန်းများ ထည့်ပြီး ဇော်ထိုက်နောက်သို့
လိုက်ခဲ့သည်။

ဇောချွေးများ ပြန်ပြီး လက်များ တဆတ်ဆတ် တုန်
သော ဇော်ထိုက်ကို ကြည့်ကာ မျက်ရည်များ ရစ်သိုင်းလာသည်
ကုလားထိုင်ကို ကူတွန်းပေးရင်း. . .

"သူ နေမကောင်းဘူးလားဟင်"

သူက ခေါင်းကိုသာ ခါယမ်းလိုက်သည်။

အိမ်ထဲ ရောက်သည်နှင့် သွေးပေနေသောလက်ကို စပရစ်
သုတ်ပြီး တင်ချာထည့်ပေးလိုက်သည်။ ဇော်ထိုက်က ခေါင်းမူး
ခြင်းမှ ပြုံးမိသည်။ အပ်ပေါက်ဒဏ်ရာကလေးကို ဆေးထည့်ပေး
သုယနေရှာသော ယမင်းခိုင်ကို ကြည့်ရင်း ရင်မှာ တလှုပ်လှုပ်
ဖြစ်သည်။

"ဆရာမ"

"ရှင်"

"ဆရာမ ကျွန်တော့်ကို မပြုစုပါနဲ့ဗျာ၊ ကျွန်တော့်နားမှာ
ဝင်အေးပဲ ထားပါ"

"ဘာဖြစ်လို့လဲ. . . ကျွန်မ ပြုစုတာ စိတ်တိုင်းမကျလို့
လား"

ဇော်ထိုက် ဘာပြောရမည်နည်း။ အဖြစ်မှန်ကို ပြောရမည်
လား။

"ဆရာမကို ကြည့်ရင်း ကျွန်တော့်ခေါင်းတွေ သိပ်ကိုက်ပြီး
နေလာတယ်၊ ဆရာမအတွက် တာဝန်ပိုနေမှာစိုးလို့ပါ"

ယမင်းခိုင် ငိုချင်လာသည်။ ယခင်က ထားခဲ့သော မာန
ဆိုးများ မျောက်ဆုံးသွားသည်။ ဇော်ထိုက်ရင်ခွင်ထဲ တိုးဝင်
ချင်စိတ်များကို ထိန်းချုပ်လိုက်ရသည်။

"ဟင့်အင်း. . . ရပါတယ်၊ ကျွန်မ ပြုစုချင်လို့ပါ"

ဇော်ထိုက်က ဘာမှမပြောဘဲ လေ့ကားရင်းနှီးရှိ နံရံမှ
ဓာတ်ပုံကြီးကို ငေးကြည့်နေလိုက်သည်။

"ဆရာမ"

"ရှင်"

"ဒီနေရာမှာ အရင်တုန်းကတည်းက ဒီကားပဲလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း. . . အခြားတစ်ကား ထားတယ်"

ယမင်းခိုင်က ဇော်ထိုက် မျက်နှာရိပ် မျက်နှာကဲကို အ
ခတ်လိုက်သည်။

"အရင်ကားပဲ ပြန်ချိတ်ပေးပါလား ဆရာမ"

"အရင်ကားက ဘာကားမို့လို့လဲ"

"ထုပ်ထုပ်ထင်တယ်"

ယမင်းခိုင် ရင်ထဲ၌ တဒိန်းဒိန်း မြည်ဟည်းလာသည်
ဝမ်းသာစိတ်ဖြင့်. . .

"ဘယ်သူ့ပုံတွေလဲဟင်၊ သူ မှတ်မိသလား"

"တရေးရေးပဲ၊ အား. . . ခေါင်းမူးလိုက်တာ ဆရာမ

"ဒါဖြင့် ဆေးသောက်ပြီး နားလိုက်နော်၊ ထွေးထွေးရေ

ယမင်းခိုင် ဝမ်းသာသွားရာမှ စိုးရိမ်သွားပြီး ဇော်ထိုက်
သူ့အိပ်ခန်းဆီသို့ ခေါ်ဆောင်ရင်းမှ ဒေါ်ထွေးကို ခေါ်လိုက်သည
ဒေါ်ထွေး အကူအညီ မပါဘဲ ဇော်ထိုက်ခန္ဓာကိုယ်ကို ခုတင်ပေ
ပြောင်းပေးရန် ယမင်းခိုင် မနိုင်ပါ။

ယမင်းခိုင် ဒေါက်တာအေဂျွန်ဆီသို့ လှည့်ဝင်ခဲ့သည
ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရသဖြင့် အကျိုးအကြောင်းကို ရှင်း
သည်။

"အဲဒီပန်းချီကားကို ပြန်ချိတ်ထားလိုက်ရမလား"

"ချိတ်ရမှာပေါ့၊ ညီမရယ်"

ဒေါက်တာအေဂျွန်က ကျောင်းဝတ်စုံနဲ့ ယမင်းခိုင်ကို
မှတ်မထင် ကြည့်ရင်း မျက်နှာလက်ခနဲ ဖြစ်သွားသည်။

လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"အာ. . . မှတ်မိပြီ၊ မေ့နေလိုက်တာ"

ဝမ်းသာအားရ ဖြစ်သွားသော ဒေါက်တာအေဂျွန်ကို
ယမင်းခိုင်က နားမလည်သောဟန်ဖြင့် ကြည့်နေသည်။

"ဒီလိုလေ. . . ညီမ မှတ်မိသေးလား၊ ညီမ ဘီအီးဒီ ဖတ်စ
သားတုန်းက အဖြစ်အပျက်လေ"

"သူနဲ့ ပတ်သက်တဲ့အကြောင်းလား"

"အင်း. . . မှတ်မိတယ်နော်၊ အဲဒီအုပ်စုထဲမှာ ကျွန်တော်
ည်း ပါတယ်ဗျ၊ ဒီကောင် အတော်ဆိုးတာပဲ"

ယမင်းခိုင် ရင်ထဲ၌ တမြည်မြည် ဖြစ်သွားသည်။ တိုစဉ်
သားကလေးက မိမိဘဝကို ဇော်ထိုက် ပိုင်ဆိုင်သွားခြင်းဖြစ်ကြောင်းကို
မိတစ်ဦးတည်းသာ သိခဲ့ပါသည်။

ယမင်းခိုင် ပညာရေးတက္ကသိုလ်သို့ စတက်စဉ်နှစ်က ဖြစ်
ည်။ သူတို့တက်နေစဉ်က ဘီအီးဒီမှာ ငါးနှစ်တက်ရသည်။
ယ်တန်းအောင်ပြီး လိုင်းတစ်လိုင်းအဖြစ် တက်ရသည်။

ဆယ့်ခုနစ်နှစ်ကျော်သာ ရှိသေးသည့် ကလေးဘဝ ဆော့
ကောင်းနေရာမှ တက္ကသိုလ်တက်ရသည့်အရွယ်ဆိုတော့ မရင့်ကျက်
သေး။ တန်းပြဆင်းနေသော ဆရာမလောင်းများကို အတုယူကာ
ဆံထုံးမထုံးတတ်ဘဲ ထုံးသည်။ အိမ်မှာ စံပယ်ရုံ ရှိသဖြင့် စံပယ်ကို
အမြဲပန်သည်။

မည်သို့နေနေ ယမင်းခိုင်ကို ဘီအီးဒီ ကွင်းတွဲ ပေးကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ပင်ကိုယ်အလှက ရုပ်ရောခန္ဓာပါ အပြစ်ဆိုဖွယ်ရာ မရှိ
ပြောကြသည်။

အစ်ကိုကြီးက အန်တီနွယ်တို့ အရင်းမ,တည်ပေးထား
သော ဘီ(၆၀၀) နံပါတ်နီ တက္ကစီ ဆွဲရင်းမှ ယမင်းခိုင်ကို ကျောင်
ကျောင်းကြို လုပ်ပေးခဲ့သည်။

တစ်နေ့ အစ်ကိုကြီးက ထုံးစံအတိုင်း လိပ်ခုံးမှတ်တိုင်အ
ချပေးပြီး ခရီးဆက်သွားသည်။

မှတ်မှတ်ရရပင် ယမင်းခိုင် ထိုနေ့က ရခိုင်လုံချည်အင်္
ရင့်ပေါ်တွင် အနက်ချိတ်ကလေးများ ပါသော ချိတ်အဆင်ကို ဝတ်
ဆင်ပြီး အကျီအဖြူရင်ဖုံး လက်ရှည်ပွပွကို ဝတ်ဆင်ထားပြီး ဆံ
တိုတိုထွာထွာလေးကို ဆံထုံးရအောင် ဆံပင်တွေ အပြောင်သ
စုချည်ပြီး မရမက ထုံးသည်။ စံပယ်ပန်းလေးကိုလည်း အခိုင်မာ
အလိုက် ဝေဆာစွာ ပန်ထားလိုက်သည်မှာ ဆံပင်များပင် ဟွာ
နေသည်။

လွယ်အိတ်ကိုလွယ်၊ ထမင်းဘူးကို တစ်ဖက်က ကိုင်လ
သော်ကပင်ကလေးများအောက် အရောက်၌ မမျှော်လင့်ဘဲ
တည့်တည့်မှ လူတစ်ဦးက ပိတ်ဆို့တားဆီးခြင်းကို ခံလိုက်ရသ
ထိတ်လန့်သွားသည်။

"အဟဲ. . ."

ပြောင်ချော်ချော် မျက်နှာပေးဖြင့် ရှေ့မှ ရပ်နေသူသည်
ယောကျ်ားထဲမှ ရှားပါးသောရုပ်ရည်နှင့် ချောမောသူဖြစ်သ
ယမင်းခိုင် တဒင်္ဂအတွင်း တစ်သက်တာ မမေ့နိုင်အောင် ရင်
စွဲထင်သွားခဲ့သည်။ သို့သော်. . .

"ဟား. . . ဟား. . . ဟား. . . ဟား"

အခြောက်တိုက် ရယ်မောလိုက်သော ထိုကိုလူချောသည်

နားများ နေရော့သလား၊ ရုပ်ရည်ကလေး လှလှပပနှင့် နှမြောစရာ
ကောင်းလှချည့်ရဲ့ဟု တွေးနေစဉ်. . .

"ဟား. . . ဟား. . . အမယ်လေးဗျာ၊ သေလိုက်ပါတော့၊
လား ဘီအီးဒီကွင်း. . . ဟား. . . ဟား"

လက်စသတ်တော့ မိုးကျွေကိုယ်က ယမင်းခိုင်ကို သက်
သက်မဲ့ စိန်ခေါ်နေတာပါလား။ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ စုဝေး
ဆောက်ရှိလာရာ အသားများ တဆတ်ဆတ် တုန်လာသည်။

"ဘယ်က တောသူကြီးသမီး ဘီအီးဒီဝင်းထဲ မျက်စိလည်
ကာပါလိမ့်၊ ဒီမှာ. . . ဒီမှာ. . . ဒါ လယ်ကန်သင်း မဟုတ်ဘူးဗျ"

သနပ်ခါး ပါးကွက်ကြားပေါ်၌ မျက်ရည်ဥတို့ ချောင်း
ကျိကျသွားသည်။

"ဘီအီးဒီကွင်းတော့ မရဘူး၊ လယ်ကွင်းပဲ ရမယ်၊ ဟား. .
ား. . . သူကြီးသမီး လယ်ကွင်းပေါ့"

"ရှင်. . . ရှင်. . . ကဲဟယ်"

ယမင်းခိုင် ရှက်ဒေါသကြောင့် ညာလက်သည် မြောက်
သွားပြီး ပူခနဲ ထိတွေ့လိုက်သည်။

"ဖြန်း. . . ဖြန်း"

"ဟာ. . . "

"ဟင့်. . . "

သူနှင့် အပေါင်းအသင်းများမှာ မျှော်လင့်ထားဟန်
သောဖြစ်ရပ်ကြောင့် ကြက်သေ,သေသွားကြသည်။

သူကတော့ အငိုက်မိသွားရာမှ. . .

"မင်း. . . မင်း. . . "

အထစ်ထစ်အငေါ့ငေါ့နှင့် ယမင်းခိုင်အနား လက်သီးဆုပ်
ကိုးကပ်လိုက်ရာ. . .

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့. . . ဇော်ထိုက် လွန်မယ်၊ လာ. . . လာ. . . ပြန်ကြ ရအောင်ကွာ"

"ဖယ်စမ်းပါ. . . ငါဘာမှမလုပ်ပါဘူး၊ မှန်တာပြောတာင် လူတိုင်း နာတတ်ကြတာပဲ၊ ဒါပေမယ့် ဘယ်သူမှ လိုက်ဖျားနဲ့တော် မတို့ဖူးတဲ့ ဒီပါးပြင်ကို သူကြီးသမီး လယ်တောကွင်းက ရိုက်တာ တစ်သက်မကျေနပ်ဘူး၊ မြမြမှတ်ထား လယ်ကွင်း၊ အခွင့်သာရ အရင်းရော အတိုးပါ ဆပ်မယ်၊ ကဲ. . . သွားမယ်"

မျက်နှာကို စေ့စေ့ကြည့်ကာ ပြောပြီး ချာကနဲ လှည့်ထွက် သွားသည်။

ယမင်းခိုင် ကျောက်ရုပ်သဖွယ် ငေးကျန်ခဲ့သည်။

တစ်သက်မမေ့ခဲ့ပါ။

မိန်းမသားများသည် အစွဲအလန်းကြီးတတ်ကြသည် ထိုနေ့က အဖြစ်အပျက်ကြောင့် ရှက်ဖွား,ဖျားခဲ့ပြီး ကျောင်းမှ တစ်ပတ်ယူခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

နောက်ပိုင်း သူ့ကို မတွေ့တော့။

သို့သော် သူ့ကြောင့် ယမင်းခိုင် ဆံပင်ပုံကို လှလှလေး ပုံသွင်းခဲ့သည်။ သနပ်ခါးဘဲကျား မလူးတော့ပါ။ ပန်းများကို ခြင် သိပ်နေအောင် မပန်တော့။

ခေတ်မဆန်လွန်းသော်လည်း ခေတ်မီပြီး လှပလာအောင် ပြင်တတ်လာခဲ့သည်။

သို့သော် 'လယ်ကွင်း' ဆိုသို့ သူသည် ရောက်မလာခဲ့တော့ ချေ။

ဘွဲ့ယူပြီး ပိုစတင် ချမည်ကို စောင့်နေချိန်တွင် မမျှော်လင့် ဘဲ မိမိတို့မိသားစု၏ကျေးဇူးရှင် အန်တီနွယ်၏သားအဖြစ် သိလာ ရပြီး သတို့သားလောင်းမှန်း သိရသောအခါ ယမင်းခိုင် အံ့အား

ဘာ ရင်ထဲမှာ ကြိတ်၍ ကျေနပ်မိသည်။

သို့သော် သူသည် ဤအကြောင်းကို လုံးဝအစမဖော်ခဲ့။ ဘမင်မေ့ထားခြင်းလား၊ တကယ်ပဲ မေ့လျော့နေခြင်းလားကို ယမင်း ခိုင် မဝေခွဲနိုင်ခဲ့။ နောက်ပိုင်းတော့ ရည်းစားများသူတစ်ယောက် အတွက် ယမင်းခိုင်သည် သူ့အာရုံ၌ မှုန်ဝါးဝါးသာ ဖြစ်ပေမည်။

"ညီမ ဒီအကြောင်းတွေကို ဘာလို့ မပြောပြတာလဲ"

"ပြန်ပြောရလောက်အောင် သူနဲ့ကျွန်မမှ မရင်းနှီးခဲ့ကြ ဘဲ"

ဟု ယမင်းခိုင်က ရှက်ရှက်နှင့် ပြောလိုက်သည်။

ဒေါက်တာအေဂျွန်က ခပ်ပြုံးပြုံးနှင့်. . .

"ဟုတ်သားပဲ. . . ဇော်ထိုက်က ဒီလိုပဲ၊ စိတ်ထဲ ပါလို့ ဟုတ်ဘူး၊ ဒီလိုပဲ လျောင်နေကျမို့ လျောင်လိုက်တာ၊ ယမင်းက ဆဲလိုက်တော့ သူ တော်တော်အံ့သြသွားတယ်၊ ဒါပေမယ့် စိတ်ထဲ ကတော့ အမှတ်မထားပါဘူး၊ အမှတ်မထားတာမှ ခုထိ ယမင်းခိုင် ကို ဘီအီးဒီကွင်းမှန်း၊ သူစခဲ့တဲ့ လယ်တောကွင်းမှန်း သိပုံမရဘူး"

"ဩော်. . . ဩော်"

ရင်မှာ ဆစ်ခနဲ နာကျင်သွားသည်။ ယောကျ်ားလေးများ၏ မိန်းကလေးများ စွဲလမ်းပုံချင်း မတူညီသည်မှာတော့ သေချာ သည်။

"ကျွန်တော်တောင် ညီမကို ကျောင်းဝတ်စုံနဲ့ တွေ့တော့မှ သဘောမိတာ"

ယမင်းခိုင်ကတော့ ဒေါက်တာအေဂျွန်ကို မမြင်ဖူးခဲ့ပါ။ ဦးဘုန်းက သူမအနေဖြင့် တစ်ယောက်တည်းကိုသာ မြင်ခဲ့ပါ သည်၊ မြင်ခဲ့သည်မှာ ဘဝတစ်သက်တာ မေ့မရအောင် အထိ အာရုံထင်ခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မိန်းမသားတွေဟာ ထိန်းချုပ်မှုတွေ များလွန်းတယ်နော် မျိုးသိပ်နိုင်မှုတွေ ဒီလောက်သိုဝှက်ထားနိုင်လိမ့်မယ်လို့ အစက ကျွန်တော်မထင်ခဲ့ဘူး"

ယမင်းခိုင် ပြုံးရုံသာ ပြုံးနေလိုက်သည်။ ရင်ထဲမှာတော့ မိန်းမသားဘဝကို မကျေနပ်ချင်။ ကမ္ဘာဦးအစကတည်းက မိန်းသားတွေဟာ သူတို့ရင်ထဲက အချစ်ကို စတင်ထုတ်ဖော်ခွင့် မရကြရအောင် ဘယ်သဘာဝတရားကများ နိယာမအဖြစ် ပြဋ္ဌာန်းသလဲဟု မကျေမနပ် ခပ်ကြောင်ကြောင် တွေးမိလိုက်သည်။

ထိုနေ့က အိမ်ပြန်တော့ ဒေါ်မှာင်ရီပျိုးနေလေပြီ။

"ထွေးထွေး... သူရောဟင်"

"ခြံထဲမှာလေ... မတွေ့ခဲ့ဘူးလား"

"ဟင့်အင်း"

ဟု ဆိုကာ ခြံထဲ ပြန်ဆင်းခဲ့သည်။ အမှောင်ထဲတွင် ရုပ်တရုက် မတွေ့။ နောက်မှ တရုတ်စကားပင်အောက်တွင် ငြိမ်သက်စွာ ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"ဦးဇော်ထိုက်... မှောင်နေပြီလေ၊ အိမ်ထဲ ဝင်မယ်နော်"

"မှောင်နေတာ ဘာဖြစ်သလဲ ဆရာမ၊ ကျွန်တော့်ဘဝ အလင်းရောင်မှ မရှိတာ"

"ယူက တယ်အားလျော့တာပဲကိုး၊ လူ့ဘဝဆိုတာမျိုးလဲဘဲ အမြဲတစေ ရပ်တည်နေတာမှ မဟုတ်ဘဲ၊ ကဲပါလေ... ထမင်းစားပြီးပြီလား"

"ဟင့်အင်း"

ဇော်ထိုက်သည် ယမင်းခိုင် ပြန်အလာကို စောင့်မျှော်နေခြင်း၊ ထမင်းစား စောင့်နေမိခြင်းအကြောင်းကို ယမင်းခိုင် ဘာအောင် ပြောပြရန် မစဉ်းစဲပါ။ ယမင်းခိုင်ကို တွေ့တော့လည်း ထူးဆန်းတာ ပျောက်သွားသည်။

"ဟင်... ဒီအချိန်ထိ မစားရသေးဘူးလို့၊ ထွေးထွေးတို့က ခေါ်မကျွေးဘူးလား"

"ခေါ်ပါတယ်... ကျွန်မကောက မဆာသေးလို့ပါ"

ဟု ညာမိရက်သား ဖြစ်သွားသည်။

ယမင်းခိုင်က သူ့ကို အိမ်ဆီသို့ ပြန်ခေါ်လာသည်။ ဦးလက်ထဲ၌ တရုတ်စကားပွင့်လေးနှစ်ပွင့် ပါလာသည်ကို ယမင်းခိုင်အား ကမ်းပေးလိုက်သည်။

"ယမင်းက တစ်ပွင့်ပဲ ပန်တော့မယ်"

ယမင်းက တစ်ပွင့်သာ လှမ်းယူပြီး ဆံထုံးထက်၌ ထိုးစိုက်ထိုက်သည်။

"မနက်ဖြန်ကျရင် စကားပွင့် သုပ်ပေးရဦးမယ်၊ ကျောင်းက အားစောပြန်လာပြီး ကောက်တာပေါ့"

"ဆရာမ ဒီနေ့ နောက်ကျတယ်နော်"

"အသိတစ်ယောက်အိမ် ဝင်နေလို့ပါ"

ဇော်ထိုက်က သက်ပြင်းငွေ့ငွေ့ ချလိုက်သည်။ ယမင်းခိုင် ဆာမချင်း လည်တံတရှည်ရှည်ဖြင့် မျှော်ရင်း ပူပန်နေသည့်အဖြစ် သူသာလျှင် သိသည်။ လှသော ဤအမျိုးသမီးနှင့် သူသည် ဘာတော်ပါလိမ့်ဟု သိချင်နေသည်။

"ရှင်ကြိုက်တတ်တဲ့ ငါးရံ့ဆန်လှော်ဟင်းလေး ကျွန်မ ချက်ကတည်းက ပြင်ထားတာ"

"ဟင်..."

"ငါးရံ့ဆန်လှော်ဟင်း"

ငါးကို ကိုင်ရင်း လက်ထိခွားသော ယမင်းကို မြင်ယောင်သည်။ သွေးတွေ ကျနေသောလက်ကို သူ့ရုပ်နှင့် တူသောသူက

www.burmeseclassic.com

www.burmeseclassic.com

သုတ်ပေးနေသည်ကို မြင်ယောင်လာကာ ပို၍စူးစိုက် အာရုံပြုလိုက်သည်။

"အား"

ခေါင်းကို လက်နှစ်ဖက်နှင့် အုပ်ကိုင်လိုက်မိသည်။ ခေါင်းမူးဝေလာသည်။

"ခေါင်းမူးပြန်ပြီလား"

ယမင်းခိုင်က ရေတစ်ခွက် ခပ်ပေးပြီး ယပ်ခတ်ပေးလိုက်သည်။

"ရပါတယ်. . . ကျွန်တော် သက်သာသွားပါပြီ၊ ဆရာစားပါ"

ယမင်းခိုင်က ထမင်းကို ဆက်စားလိုက်သည်။ သူ့ပန်းထဲထဲ ငါးရံ့အရိုးလေးများကို ထွင်ပြီးမှ ထည့်ပေးသည်။

ဇော်ထိုက်က သက်ပြင်းငွေ့ငွေ့ချလိုက်သည်။ သူ့အနားမိန်းမလှလေးသည် သူ့ဘဝအတွက် အရေးပါဆုံး မိန်းကလေးမြောက်ကြောင်းတော့ သူသိနေသလို ရှိသည်။

"ဩော်. . . ဒေါ်ဆရာမရယ်"



"ထွေးထွေးရေ"

"ဝေ"

"ယမင်း ကျောင်းသွားတော့မယ်နော်"

မစိမ်းကားသောအသံများကြောင့် အိပ်ခန်းအတွင်းမှ ညီမ်ကာ ထွက်လာမိသည်။

"ဟင်"

ရုတ်ထဲ တစ်မျိုးဖြစ်သွားသည်။ ရခိုင်လုံချည်အစိမ်းပေါ်ကိုစင်းနှင့် ရင်ဖုံးအင်္ကျီလက်ရှည်ပွပွ ဝတ်ဆင်ထားသည့်အပြင် ကိုအပြောင်သိမ်းကာ စံပယ်ပန်းများကို အခိုင်လိုက်အဆုပ်

www.burmeseclassic.com

www.burmeseclassic.com

လိုက် ဝေနေအောင်ပန်ထားသည်။ သနပ်ခါးဘဲကျားနှင့် ယမင်းခိုင်ကို အထူးအဆန်းလို ကြည့်ရင်း ခေါင်းထဲ၌ လင်းခနဲ ဖြစ်သွားသည်။

ပါးပြင်မှာ ထူပူသွားသလို ခံစားလိုက်ရသည်။ တစ်ဆက်တည်း အတိတ်လွင်ပြင်ကို ပြန်ရောက်သွားသည်။

နံရံဆီသို့ လှမ်းကြည့်လိုက်သောအခါ မင်္ဂလာသတို့သမီး သတို့သားဝတ်စုံနှင့် ဇော်ထိုက်နှင့် ယမင်းခိုင်၏ အပြုံးတို့ကြောင့် ခေါင်းမှာ ချာချာလည်သွားသည်။

"အား"

"မောင်"

ယမင်းခိုင်က ခေါင်းငိုက်စိုက်ကျသွားသော ဇော်ထိုက်ထံ ပြေးဝင်ထိန်းလိုက်ရသည်။

"မောင်အေး. . . ထွေးထွေး. . . လုပ်ပါဦး"

သတိလစ်နေသော ဇော်ထိုက်ကို ဝိုင်းဝန်း၍ ခုတင်ပေါ် တင်ပေးလိုက်သည်။ ယမင်းခိုင်၏ပုလဲရောင်မျက်ဝန်း၌ သောကမိုး ဆင်နေသည်။

"မောင်အေး. . . ဒေါက်တာအေဂျွန်ဆီ ဖုန်းဆက်ပါဦး မြန်မြန်လာခဲ့ပါလို့"

သို့သော် ဒေါက်တာအေဂျွန် ရောက်မလာခင် ဇော်ထိုက် သတိရလာသည်။

သောကမျက်ဝန်းတစ်စုံကို ဇော်ထိုက်မြင်လိုက်ရသည့် ရင်မှာ တဆတ်ဆတ် တုန်ခါလာသည်။ မျက်ခွံတံခါးကို ပြန်ပိတ်လိုက်သည်။ ရင်၌ သောကအစုံကြောင့် လှိုက်ဖိုလာသည်။

"သူ. . . သတိရလာပြီနော်"

နူးညံ့သော လက်အစုံက သူ့နဖူးကို လာ၍ ထိတွေ့သည်ကြေကွဲမှုနှင့် လက်အစုံကို ညင်သာစွာ ဖယ်ရှားကာ. . .

"ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ဆရာမ ကျောင်းသွားမှာ သာ သွားပါဗျာ"

အနားမှာ ရှိမနေစေချင်ပါ။ ထိန်းချုပ်ထားရလွန်းသဖြင့် ဝေဒနာမှာ နင့်နင့်နဲနဲ စူးနစ်နေသည်။

ကြာလျှင် ခက်ချေမည်။ ဇော်ထိုက် မျက်လုံးကို မဖွင့်ဘဲ ခွက်မှိတ်ထားလိုက်သည်။

ရှိုက်သံသဲ့သဲ့နှင့်အတူ ပြေးထွက်သွားသောခြေသံကို ကြားလိုက်ရသည်။ မျက်ခွံဖွင့်ကြည့်လိုက်သောအခါ ယမင်းခိုင်၏ ကျောပြင်ကို မှုန်ဝေစွာ တွေ့မြင်လိုက်ရသည်။

"သက်ရေ. . ."

. . . . . .

"မောင်ရယ်"

သူတို့နှစ်ဦး ဓာတ်ပုံပန်းချီကားကို ငေးစိုက်ကြည့်နေသော ဇော်ထိုက်ကို ကြည့်ပြီး ယမင်းခိုင် ရင်ထဲ၌ မောင်ရယ်ဟု တွေးလိုက်မိသည်။

နှုတ်ဖျားမှ သုံးစွဲရန်တော့ မဝံ့မရဲ ဖြစ်နေသည်။ သူ အသိဉာဏ် ပြန်ကောင်းလာလျှင် တော်သေးသည်။ မကောင်းသေးလျှင် ခက်မည်။

"နေကောင်းသွားပြီလားဟင်"

ဇော်ထိုက် ထိတ်လန့်တကြား ယမင်းခိုင်အား လှည့်ကြည့်လိုက်သည်။ ကျောင်းဝတ်စုံလေးနှင့် ကြိမ်ခြင်းတောင်းလေး ဆွဲကာ နှဲ့နွဲ့လေး ရပ်နေသော သူမမှာ ကျက်သရေ တင့်ရွှန်းနေသည်။ ဆန်ဆောင်ပြီးကာ. . .

"ကောင်းသွားပါပြီ"

"ပန်းချီကားကြည့်ရင်း ရှင်နဲ့ကျွန်မ ဘာတော်သလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

ရှင်သိလာမှာပေါ့"

ဇော်ထိုက်ရင်၌ ဆတ်ဆတ်ခါသွားသည်။

"အတိတ်မှာ ဘာပဲ တော်ခဲ့တော်ခဲ့ပေါ့ဟုတ်ပ၊ လက်ရှိ
တော့ ကျွန်တော်က သေလူပဲ၊ ဘဝခြားသွားပါပြီ၊ ဆရာမကို တ
တော် ဒုက္ခမပေးပါဘူး၊ ဇနီးအဖြစ်လည်း မသတ်မှတ်ပါဘူး၊ ဆ
စိတ်တိုင်းကျသလိုသာ လွတ်လွတ်လပ်လပ် နေပါ၊ ဖြစ်နိုင်ရင် သ
ကားချပ်ကြီး ပြန်ဖြုတ်ထားလိုက်ပါတော့"

ယမင်းခိုင် နှလုံးသားဌ် တဲမြွေမြွေ။

"သူရယ်. . . ယမင်းကို တကယ်မေ့နေတာ ဟုတ်ရဲ့လ
ဟင်"

"ဟုတ်တယ်. . . ဆရာမကို ကျွန်တော်မသိဘူး၊ ကျွန်တော
ကိုယ်ကျွန်တော်လည်း မသိဘူး၊ မေ့တာလည်း မသိဘူး၊ သတိရ
လည်း မသိဘူး၊ ခွင့်လွှတ်ပါ ဆရာမ"

ပြောပြောဆိုဆို ဘီးကို တွန်းလှိမ့်ကာ အိပ်ခန်းဆီ
ဝင်သွားလေသည်။

ယမင်းခိုင်မှာ ကျောက်ဆစ်ရုပ် ဖြစ်ကျန်ခဲ့သည်။

အိပ်ပျော်နေသူကို နှိုးရန် လွယ်ကူခဲ့သည်။

အိပ်ပျော်ဟန်ဆောင်သူကို နှိုးရန် ခက်ခဲပေသည်။

မျက်လုံးများကို ကြည့်ရုံနှင့် နှလုံးသားကို ဖောက်ထွင်း
နေရသည်။

ယမင်းခိုင် သိနေပြီ။

"ဘယ်အထိများ ဟန်ဆောင်နေမှာလဲ မောင်ရယ်"

ရင်တွင်း မချိတင်ကဲ ညည်းတွားလိုက်သည်။

"ဇော်ကြီး. . . မင်း ငါ့ကို မညာပါနဲ့၊ မင်းနှုတ်ဖျားက
လောက်ပဲညာညာ ရိုးသားတဲ့ မင်းမျက်လုံးတွေက မညာတတ်
"

ဇော်ထိုက် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါ မင်းကို ဘာပြောလို့လဲ"

"ငါ့ကိုတော့ မင်းဘာမှမပြောဘူး၊ ဒါပေမယ့် ယမင်းကို
နေတယ်၊ ဘာလို့ ညာချင်ရတာလဲကွာ၊ မင်းအတွက် ဘယ်
ာက် သောကဝေခဲ့ရတယ်ဆိုတာ ငါ ပြောမပြတတ်အောင်ပါပဲ
"

"ငါသိပါတယ်. . . သိလွန်းလို့ သူ့ကို ငါ ဆက်ညာနေတာ
ငင်းမယ်ထင်ပါတယ်"

"မင်း ဘယ်တုန်းက သတိရလို့က်တာလဲ၊ တစ်နေ့ကမှလား၊
ကို ရောက်ကတည်းကလား"

"တစ်နေ့ကမှပါ. . . သူ့ကို ယူနီဖောင်းနဲ့ ဘီအီးဒီဝင်းထဲ
ခဲ့စ်အတိုင်း တွေ့လိုက်ရတဲ့အချိန်နဲ့ ပန်းချီကားကို ဘွားခနဲ
လိုက်ရတဲ့အချိန်မှာ သတိရလိုက်တာ၊ ဘီအီးဒီဝင်းထဲမှာ သူ

www.burmeseclassic.com

www.burmeseclassic.com

ငါ့ကို တီးသွားတာရော၊ မင်္ဂလာဆောင်တုန်းက ငါနဲ့သူ လူမသိ
ကြိတ်ပြီး ရန်ပွဲဆင်တာတွေကို ချက်ချင်းသတိရလိုက်တယ်"

မင်္ဂလာဆောင်စဉ် ရွှေဖလားတွင် လက်ချင်း ထပ်ပေး
သူက နုထွေးသော သူ့လက်ကလေးကို ခပ်နာနာလေး ဆုပ်ကိုင်ပ
လိုက်သည်။

သူမက ထိတ်လန့်တကြား သူ့အား လှမ်းကြည့်သည်
နောက်ပြီး သူမလက်သည်းရှည်ဖြင့် လက်ကို ပြန်ထိုးဆွခဲ့သည်။

ဒေါက်တာအေဂျွန်ကို ပြောပြရင်း ကြည်နူးရွှင်ပျ
ရယ်မောလိုက်မိသည်။

အတိတ်ကို ပြန်တွေးကြည့်သောအခါ ရင်ခုန်စရာကလေ
များက ဆွတ်ပျံ့ဖွယ်ရာဖြစ်နေသည်။

"သူသိအောင် ဖွင့်ဟသင့်ပါတယ်ကွာ၊ သူလည်း မင်
အတွက် ဝမ်းသာရတာပေါ့"

ဇော်ထိုက်က ခေါင်းခါယမ်းရင်း. . .

"ငါ့ရဲ့အကျည်းတန်ဘဝထဲ သူ့ကို ဆွဲမနှစ်ရက်ပါဘူး"

လက်ရှိအနေအထားကို ပြန်လည်သုံးသပ်ကြည့်သော အ
ကြောက်ဖွယ်ရာအတိနှင့် အကျည်းတန်ဘဝကို ပိုင်ဆိုင်ထားရသည
အဖြစ်ကြောင့် ရင်၌ ချောရည်ပူတို့က ပြည့်နှက်နေသည်။

"လူစဉ်မမီတော့တဲ့ ငါ့ရဲ့ဒုက္ခိတ လျှောင်ချိုင့်ထဲမှာ အခ
ဆုံးသူရဲ့ဘဝကို မြှုပ်မထားရက်ဘူး၊ သူ့ကို ငါကွာရှင်းပေးလို
တော့မယ်"

ဒေါက်တာအေဂျွန်က စပ်ဖြဲဖြဲနှင့်. . .

"မင်း တကယ်ပြောတာလား၊ ဒါဆိုရင် ငါက ရင်ဖွင့်ကြ
လိမ့်မယ်"

"ဘာ. . . ဂျွန်၊ တော်. . ."

စူးစူးရှားရှား ဒေါသတကြီး လက်သီးကို ကျစ်ကျစ်ပါ
အောင် ဆုပ်ပြီး မျက်ထောင့်နီကြီးနှင့် စားမတတ် ဝါးမတတ် ကြည့်
က်သော ဇော်ထိုက်ကို ကြည့်ကာ ဒေါက်တာအေဂျွန်က ဟက်
က်ပက်ပက် ရယ်ချလိုက်သည်။

"ဟား. . . ဟား. . . ဟား. . . ဇော်ကြီးရယ်၊ ဒါများ
ဘာရှင်းပေးမယ်တဲ့၊ အပြောကတော့ ချောနေတာပဲ၊ သူ့ကို မင်း
ဘဝထဲက ထုတ်ပစ်ရမှာ၊ မင်းနှလုံးသားကို ထုတ်ပေးရမယ်ဆိုတာ
င်းကိုယ်မင်းကော သိရဲ့လားကွာ"

ဒေါက်တာအေဂျွန်က စ,နေမှန်း သိသဖြင့် ဇော်ထိုက်မှာ
က်ကို လျှော့ချလိုက်သည်။

"ဟုတ်ပါတယ်. . . သူဟာ ငါ့နှလုံးသား၊ ငါ့အသက်၊
ဘဝပါကွာ၊ ငါ သူ့ကို သိပ်ချစ်လွန်းလို့ သေလူလို ဖြစ်နေတဲ့
ဘဝ အမှောင်ထဲ သူ့ကို မထားရက်ဘူး၊ ချစ်လွန်းလို့ပါကွာ၊ သူ့
ကျိုး သူ့ဘဝအတွက် ငါ စွန့်လွှတ်ပေးသင့်တယ်၊ သူလည်း
ငါ့သားနဲ့ တည်ဆောက်ထားတဲ့ မိန်းမပေပဲ၊ သူ့ကို အညွှန့်ချိုး
ထားသင့်ဘူး၊ ငါ့အပါးမှာ အမြဲရှိနေစေချင်တဲ့ ငါ့ဆန္ဒတစ်ခုတည်း
ကြောက်နဲ့တော့ သူ့ကို ငါ့ဘဝနဲ့ထဲ မထားရက်ဘူးကွာ. . . မထား
က်ဘူး"

အသည်းနှလုံး ပျက်သုဉ်းမတတ် ခံစားနေရသော ဇော်
ထိုက်ကို ကြည့်ပြီး ဒေါက်တာအေဂျွန်ပင် ရင်ထဲ နာကျင်လာသည်။
မျက်ဦးတို့ ကူးစီးက်လောင်ကျွမ်းလာသည်။

"ဇော်ကြီးရာ အနာသိရင် ဆေးရှိပါတယ်၊ မင်းကိုယ်မင်း
သိသက်လုံး လူစဉ်မမီဘူးမျှား မှတ်နေသလား၊ မင်းဝေဒနာ
ပျောက်ကင်းဖို့အတွက် ရန်ကုန်က အကြောအထူးကုဆရာဝန်ကြီး
ကို ပြထားပြီးပြီပဲ၊ ငါလည်း သွားတွေ့ပြီးပါပြီ၊ ပျောက်သွားမှာပါ

www.burmeseclassic.com

www.burmeseclassic.com

ကွာ၊ ပျောက်သွားမှ ယမင်းခိုင်ဟာ မင်းအပါး မရှိတော့ဘဲ တစ်ပါး
သူ ပိုင်ဆိုင်သွားရင် ခက်နေမယ်. . . စဉ်းစားပါ"

ဇော်ထိုက် တွေဝေသွားသည် ဆုပ်လည်းစူး စားလည်းစူး
ဘဝမျိုးဖြစ်၍ တွေး၍ မတတ်အောင်ဖြစ်နေသည်။

"အေးပါ. . . စဉ်းစားပါဦးမယ်၊ ဒါပေမယ့် ငါ့ကို ငဲ့ညှာ
သောအားဖြင့် ငါပြန်သတိရနေတာကို သူ့ကို အသိမပေးလိုက်ပါနဲ့
ဦးကွာ"

"မပြောလည်း သူက သိနေမှာပါ၊ မင်းရဲ့နှလုံးသားဟာ
သူဖြစ်သလို သူ့ရဲ့ဘဝဟာလည်း မင်းပါပဲကွာ၊ အရင်တုန်းကလည်း
မာန်တင်းပြီး နှလုံးသားကို ညာခဲ့ကြရလို့ ဆုံးရှုံးမှုတွေ ဖြစ်ခဲ့ရပြီ
အခုလည်း နှလုံးသားကို အကျဉ်းချထားဖို့ ကြိုးစားနေသလား
ဇော်ကြီးရာ၊ ရခဲလှတဲ့ လူ့ဘဝမှာ ပျော်ပျော်သာ နေစမ်းပါ
ဟော. . . ကားသံကြားတယ်၊ ယမင်း ပြန်လာပြီထင်တယ်"

"ဟေ့ကောင် မပြောနဲ့နော်"

"အေးပါကွာ"

"ဟော. . . အစ်ကိုရောက်နေတယ်"

ယမင်းခိုင် ဒေါက်တာအေဂျွန်ကို မြင်မြင်ချင်း အပြေး
ချီသာစွာနှင့် လှမ်းနှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် ညီမ၊ လူနာအခြေအနေ လာကြည့်တာ"

'အစ်ကို' 'ညီမ' ဟူသော ရင်းနှီးမှု အတိုင်းအတာကို ဇော်
ထိုက် မှန်းဆကြည့်ရင်း ရင်ထဲ မလိုတမာစိတ်များ ပေါ်လာသည်
မိမိကွယ်ရာ၌ သူတို့ ဘယ်လောက်ရင်းနှီးနေကြပြီလဲ။

"ညီမတောင် ကျောင်းအပြန် အစ်ကိုဆီကို ဝင်ခဲ့ဦးမလေ
ရှိပုံမလားလို့ တွေးပြီး မဝင်ဖြစ်တော့ဘူး၊ အတော်ပဲပေါ့. . . ဝင်
ရင် လွဲဦးမှာ၊ ညစာစားပြီးမှ ပြန်ပါလား အစ်ကို"

"တော်ပါပြီ ညီမရယ်၊ အပြောနဲ့တင် စားရသလိုပါပဲ၊
သွားပါပြီ၊ ပေးခွင့်တစ်ယောက် ဝင်ကြည့်စရာ ရှိသေးလို့ ပြန်မယ်၊
ဦးဇော်ထိုက် ကျွန်တော့်ကို ခွင့်ပြုပါဦး"

ယမင်းခိုင်ကို ပြောနေရာမှ ဇော်ထိုက်ဘက်သို့ပါ လှည့်
ကာ တစ်ဆက်တည်း နှုတ်ဆက်ပြီး ပြန်သွားလေသည်။

"စကားပန်း ကောက်မလို့ တန်းပြန်လာခဲ့တာ"

ယမင်းခိုင်က သူ့အား လှမ်းပြောပြပြီး. . .

"အဝတ်လဲဦးမယ်. . . စောင့်နေနော်"

အပေါ် ထပ်သို့ အပြေးအလွှား တက်သွားသော ယမင်းခိုင်
ခံနောက်ပိုင်းအလှမျာ်း၏ လှုပ်ရှားမှုကို ငေးကြည့်မိရင်း သွေးလည်
တ်နှုန်း အဆမတန် မြန်လာသည်။

မြင်ကွင်းမှ ပျောက်ကွယ်သွားသော ယမင်းခိုင်အလှကို
မြော်တသ ဖြစ်နေမိသည်။

ကုလားထိုင်လက်တင်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားမိ
ဖြင့် လက်မှာ ကျိန်းစပ်ကာ သွေးကြောများပင် ထောင်ထနေ
သည်။ ဘီးသို့ လက်ပြောင်းလိုက်သည်။

သတိဝင်လာသောအခါ သူ ခြံထဲ ရောက်နေပြီ။ စကားပင်
အောက်၌ သူရောက်နေပြီး စံကားနံ့၊ စံပယ်နံ့၊ နှင်းဆီနံ့တို့၏သင်းပျံ့
နံ့များက သူ့စိတ်ကို ချော့မြူလေသည်။

ဝင်လုဆဲဆဲ နေရောင်အောက်၌ ပန်းများမှာ အိပ်ရာဝင်
ခါနီးမို့ ငိုက်မျဉ်းမျဉ်းလေးဖြစ်နေသည်။

သဘာဝကြီးက လှုပလွန်းသည်။ ထိုအလှထဲသို့ အလှဆုံး
လေး တိုးဝင်ရောက်ရှိလာသည်။ ပန်းခြံတစ်ခုလုံး၏အလှတရား
အား မှေးမှိန်ပျောက်ဆုံးကုန်သည်။

"သူ. . . ယမင်းကို စောင့်မနေဘူး"

www.burmeseclassic.com

www.burmeseclassic.com

မူနွဲ့နွဲ့အသံက နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းလိုက်သော
သည်။ ပုစွန်ဆီရောင်သွေး စပို့ရှပ်ကလေးနှင့် ပုစွန်ရောင်သွေး
ပေါ်တွင် အနက်ရောင် အစက်အပြောက်လေးများ ပါသော လုံချည်
လေး ဝတ်ထားသည်။

စိမ်တောက်ခြိန်မှ ပက်ဖြန်းလိုက်သော နီရောင်ဝါသွေး
လိမ္မော်ရောင် ပြေးနေသော အရောင်တို့က သူမအလှကို အနှ
သတ်ပေးနေသည်။

ကျောလယ်အထိ ဖားလျားကျနေသော ဆံကေသ
ပိတုံးရောင်မှာ လေအချေ့၌ နှေ့နေလေသည်။

လှသော ကောင်းကင်အောက်၌ လှသော မိန်းကလေ
တစ်ယောက် ပန်းကောက်နေသည့် အလှပန်းချီကားကို နှလုံးသ
ဖြင့် ကြည့်နေမိသည်။

ယမင်းခိုင် ရင်မှာ တဆတ်ဆတ် ခုန်နေသည်။ မိန်းမသ
များ၌ မကြည့်ပါဘဲနှင့် မိမိကို ဘယ်သူကြည့်နေသလဲဟု သိနိုင်သော
အရည်အချင်းတစ်ခုက မွေးရာပါ ဖြစ်ဟန်တူသည်။

ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

နှလုံးသားဖြင့် ကြည့်နေသော ဇော်ထိုက်အကြည့်
ရင်ဆိုင်လိုက်ရသည်။

အချစ်သဲလိုက်ဆွဲအားကြောင့် မျက်လုံးများမှာ လွှဲဖယ်
မရ။

"အချစ်ကို မာနနဲ့ အကျဉ်းမချထားချင်စမ်းပါနဲ့ ညီ
စိတ်လွတ်လက်လွတ်သာ လွှတ်ပေးလိုက်စမ်းပါ" ဟု ဒေါက်
အော်ဂျန် ပြောခဲ့ဖူးသော စကားများက ခေါင်းထဲ ဝင်ရောက်သ
သည်။

"မောင်"

လက်ထဲမှ ပန်းများကို ပစ်ချကာ ထ,ရပ်လိုက်သည်။

ဇော်ထိုက် နှလုံးသားမှာ ထိန်းချုပ်မှုတံတိုင်းကို ဖောက်
ခွင်းပြီး ပြေးထွက်သွားသည်။

"သက်"

"မောင်"

လက်ကမ်းကြိုသော ဇော်ထိုက်ဆီသို့ ယမင်းခိုင် ပြေးသွား
သည်။ လှသောဆည်းဆာကို လောက၏အလှဆုံးအရာဖြစ်သော
အချစ်၏အလှတရားက ဖြည့်စွက်ခြယ်မှုန်းလိုက်လေသည်။

၁၀ ၁၈ ၁၉ ၀၄

"မောင်ရယ်"

"သက်. . . သက်. . . "

ဘီးတပ်ကုလားထိုင်ပေါ်မှ ဇော်ထိုက်ရင်ခွင်ထဲ ဒုတ်တိုး
ဝင်ခိုလိုက်သည်။ ယမင်းခိုင်၏အရှိန်ဖြင့် ၎င်းဘီးမှာ အရှိန်ဖြင့်
ဆုတ်သွားသည်။

"အို. . . မောင်"

ယမင်းခိုင်က ထိတ်လန့်တကြား ဇော်ထိုက်ကို တင်းကျပ်
ပြန်ဖက်ထားမိသဖြင့် ကုလားထိုင်ဘီးအရှိန်နှင့် လှိမ့်ရာသို့ နှစ်ဦး
သား ပါသွားကြသည်။ စကားပင်ရင်းရှိ ခုံတန်းလျားလေးနှင့် တိုက်

www.burmeseclassic.com

www.burmeseclassic.com

ကာ ကုလားထိုင် ရပ်သွားသည်။

ရယ်မောသံလေးများ ကြည်နူးညံစီသွားရသည်။

ဇော်ထိုက်က အနမ်းပင်ကလေးများကို ယမင်းခိုင်၏ မျက်နှာပြင်ပေါ် အနှံ့ ပျိုးချလိုက်သည်။

"အို. . . ဘယ်လိုလဲ၊ မြင်ကုန်တော့မှာပဲ. . . လူဆိုး"

ဇော်ထိုက်၏သံမဏိလက်ကြိုးများက ရုန်းထွက်ရန် ကြိုးစားလိုက်သည်၊ မရတော့။ အချစ်၏ဆွဲအားကြောင့် ဇော်ထိုက် အရာရာကို မေ့နေသည်။ အနမ်းပွင့်များကို ခူးဆွတ်နေဆဲ။

"ဘယ်သူတွေ မြင်မှာလဲ"

"ထွေးထွေးတို့ မောင်အေးတို့ပေါ့"

"သူတို့မြင်ရင် ရှောင်သွားလိမ့်မယ်၊ ဟိုမှာကြည့်. . . သူတောင်မှ ရှောင်သွားပြီ"

"ဘယ်သူလဲ"

ယမင်းခိုင်က ဇော်ထိုက် မေးငေါ့ပြရာသို့ လိုက်ကြည့်သည်။ ဘယ်သူ့ကိုမှ မမြင်။

"မတွေ့ပါလား"

"ဟိုမှာလေ. . . သက် ပါးပြင်လိုပဲ နီနီရဲရဲကြီးနဲ့ တွေ့လား ရှက်လို့ နောက်ဆုတ်ပေးနေတယ်"

ငွေရောင်ပြေးနေသော ယူကလစ်များကြားမှ နှုတ်ဆက် ထွက်ခွာစ ပြုနေသော ဆည်းဆာနေမင်းကြီးကို တွေ့လိုက်ရသည်။

"တွေ့ပြီ မောင်၊ ဟာ. . . မောင့်ကို ပြောနေတယ်"

"ဘာတဲ့လဲ မောင်. . . မကြားပါလား"

"ဟေ့လူ. . . ကောင်မလေးကို နမ်းလိုက်တဲ့၊ ဟုတ်လား ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . နမ်းပါ့မယ်ဗျ"

ဇော်ထိုက် သတိလက်လွတ် တအားဖျစ်ညှစ်လိုက်သဖြင့်

ယမင်းခိုင် လက်မောင်းကလေးများ ပြုတ်ထွက်မတတ် နာကျင်သွားသည်။ အသက်ရှူ၍မရအောင် မွန်းကျပ်သွားသည်။ သို့သော် သည်းညည်းပါ၊ ကြည်ဖြူပါသည်။

ခုနေ ဇော်ထိုက်၏ ဖျစ်ညှစ်ပွေ့ဖက်မှုကြောင့် ကြေမွပြီး အနှံ့ဖြစ်သွားလျှင် ပို၍ကောင်းပေမည်။ သို့မှသာ ဇော်ထိုက် သည်းခံ၍ ခိုဝင်နားနေလိုက်မည်ဟူသော ရူးတူးတူးအတွေးပင် ဝင်းလိုက်မိသည်။

ဇော်ထိုက်၏ပွေ့ပိုက်မှု လျော့ရဲသွားသည်။ မိမိ၏အဖက် ခြင်းမှကြောင့် ယမင်းခိုင်များ နာကျင်သွားလေမလား ဟူသော အတွေးဖြင့် စတော်ဘယ်ရီရောင် မျက်နှာလေးကို ငုံ့ကြည့်ရင်း ချွဲလွှတ်လိုက်သည်။

ယမင်းခိုင်က ထောင်ချောက်မှ လွတ်သော သမင်မလေး ဖြစ် ဆတ်ကနဲ ရုန်းထကာ အကျီကို ဆွဲဆန့်ရင်း. . .

"ဟွန်း. . . လူမမာမို့လို့ တော်တော့တယ်၊ လူကောင်းသား ဆိုရင် အရိုးကျိုးသွားမလားပဲ"

ဇော်ထိုက် ဆတ်ကနဲ ဖြစ်သွားသည်။ တဒင်္ဂအတွင်း မိမိ အမှန်ကို ပြန်လည်သတိရသွားကာ တုန့်လှုပ်သွားသည်။ မိမိသည် လူကောင်းမဟုတ်။ အောက်ပိုင်းသေနေသူ၊ လူစဉ်မမီသူ၊ မှားသွားပြီ ဆင်ပါရဲ့။

ရုတ်တရက် မျက်နှာပျက်သွားသော ဇော်ထိုက်ကို တွေ့ လိုက်ရသဖြင့် မိမိအပြောမှားသွားကြောင်း သိလိုက်ရသည်။

"မောင်"

"အင်. . . "

"ဘယ်တုန်းကတည်းက သက်ကို မှတ်မိနေတာလဲဟင်"

"မနေ့ကမှ"

www.burmeseclassic.com

www.burmeseclassic.com

သူ မညာတော့ပါ။ ယမင်းခိုင်က သူ့ကုလားထိုင်ကို ခုံတန်းလျားလေးနှင့် မျက်နှာချင်းဆိုင် ဆွဲလှည့်လိုက်ပြီး သူမက ခုံတန်းလျားလေးတွင် ထိုင်ချလိုက်သည်။

"ဒါနဲ့များ သက်ကို ဝမ်းသာအောင် ချက်ချင်းမပြောဘူး"

"ဒါပေမယ့် သက်သိနေတယ် မဟုတ်လား၊ သက်တဖွင့်မေးပါလား"

"မောင်က ဇွတ်ညာရင် ဘယ်နှယ့်လုပ်မလဲ၊ မောင့်ဘာသာမောင် ဖွင့်ဟတာပဲ သက် လိုချင်လို့ မမေးတာပါ"

"ခုကော မောင်က ဝန်ခံလို့လား၊ ဆရာမကို ဓာတ်ပုံအကျွန်တော့်ဇနီးအနေနဲ့သာ သတ်မှတ်လိုက်တာ၊ သတိတော့ မရသေးဘူး"

"အဟင်း. . . ဟင်း. . . ဟင်း. . . မောင်ရယ်"

ယမင်းခိုင်က ရယ်မောရင်း ခုံတန်းလျားပေါ် သို့ ကြွေတွလာသော စကားပွင့်လေးတို့ကို ကောက်ယူပြီး မွှေးကြူလိုက်သဖြင့် ဇော်ထိုက်ရင်ထဲ ပန်းကလေးကို မနာလိုဖြစ်သွားသည်။

"မောင်ရယ်. . . သက်ကို မောင့်ပါးစပ်က ညာနေပေမယ့် မောင့်မျက်လုံးတွေက ဝန်ခံနေတယ်"

ဇော်ထိုက် ကြည်နူးစွာ ရယ်မောရင်း. . .

"ခုမှ မောင့်မျက်လုံးကို မြင်တတ်ရလား သက်ရယ်၊ အရင်တုန်းကသာ သိခဲ့ရင်"

"ဩော်. . . တော်ပါတော့ မောင်ရယ်၊ မောင်ပြောခဲ့တဲ့ စကားတွေကို မောင်ပြန်သတိရဦးမှာပေါ့"

ဇော်ထိုက်ကို လက်ထဲက စကားပွင့်ကလေးနှင့် လှမ်းပေါက်လိုက်သည်။ ဇော်ထိုက်က သူ့ထက် အနမ်းဦးသော ပန်းကလေးကို မနာလိုကြီးစွာဖြင့် ခြေမွှလိုက်သည်။

"အို. . . ဘာလို့ ခြေပစ်တာလဲ"

"မောင့်ထက် ဦးပြီး အနမ်းခံရတာကိုးကွ"

"အဟား. . . မောင်ရယ်"

ချစ်သူရဲ့ရင်ခွင်ကြားသော်လည်းကောင်း၊ ပခုံးထက်သော်လည်းကောင်း၊ လက်မောင်းကိုလည်းကောင်း မှီတွယ်ခိုနား မျက်နှာချင်း အပ်ချင်လည်း ဘီးထက်ပေါ်မှလူ ဖြစ်နေသဖြင့် ခက်ခဲနေသည်။ မျက်နှာရဲရဲကို ဘယ်ထားရမှန်းမသိ။ မျက်လွှာချနေရင်း. . .

"သက်ကို မမေးတော့ဘူးလား မောင်"

"ဘာကိုလဲ"

"သက် ရန်ကုန်မသွားခင်က အမေးမျိုးလေ"

"ဟင့်အင်း. . . မောင်မမေးရက်ဘူး"

"ဒါတော့ မောင်မတရားဘူးကွာ၊ သူကျတော့ ပြောချင်ရာပြောပြီး"

"သက်လည်း ပြောချင်ရာပြောပေါ့"

ယမင်းခိုင် ဤမျှ မူနွဲ့တတ်မှန်း ဇော်ထိုက်မသိခဲ့ပါ။ မိန်းမငယ်များ၏အပြုအမူသည် ခန့်မှန်းရ ခက်လွန်းပါသည်။ သူ့သည်း ကြွေကျကုန်တော့မည်။

"ဟင့်အင်း. . . မောင်မေးရမယ်"

"ကဲ. . . မေးမယ်၊ ဘာမေးရမလဲ"

"သက် မောင့်ကို ပြောမယ်ဆိုတဲ့ တစ်ခွန်းတည်းသောစကားဟာ ဘာလဲလို့ မေးလေ"

"သက် မောင့်ကို ပြောမယ်ဆိုတဲ့ တစ်ခွန်းတည်းသောစကားဟာ ဘာလဲလို့ မေးလေ"

ဇော်ထိုက်က တစ်ခွန်းမကျန် သံယောင်လိုက်သည်။

"ကြည့်. . . မောင်နော်"

www.burmeseclassic.com

www.burmeseclassic.com

"စတာပါ အသက်ရယ်၊ ကဲ. . . ပြောပါ၊ မောင့်ကို သ
ပြောမှာလဲ"

တကယ်တမ်း ပြောရမည်ဆိုတော့ ရှက်နူတ်ခမ်း
မထွက်ချင်၊ ဆွံ့အလို့ နေပြန်သည်။

သည်လိုဆိုပြန်တော့ ဇော်ထိုက်ရင်မှာ တလှပ်လှပ် ခုန်
သည်။ ယမင်းခိုင် ပေးမည့်အဖြေကို ကြိုသိနေသော်လည်း နား
ဆတ်ဆတ် ကြားချင်လာသည်။

"ပြောလေ သက်"

"သက်လေ. . . မောင့်ကို သိပ်ချစ်ပါတယ်"

"သက်ရယ်"

ရင်ဝယ် ကြည်နူးခြင်းတစ်ဝက်၊ ဝမ်းနည်းခြင်းတစ်ဝက်
အတူ ချစ်ရလွန်းသူကို အသာအယာ ရင်ခွင်တွင်း ဆွဲသွင်း
သည်။ နှလုံးသား၏မျက်ရည်စက်က ပိတုံးရောင် ကေသာထက်
ခုန်ဆင်းသွားသည်။

"မောင်လည်း သက်ကို ပြောမပြတတ်အောင်ကို ခုန်
တာပါ သက်ရယ်"

နေမဲင်းကြီးက တစ်ညတာအတွက် အပြီးနူတ်ဆက်သွ
ပြီး ပန်းကလေးများက အမှောင်ကြားမှာ ပြူးတူးပြိတဲ့ ချောင်းကြ
နေသည်။

စကားပွင့်လေးများနှင့် ဇကာကလေးမှာ ပစ်ချခြင်း ခံ
သည့်အတွက် ရရှိနေသော နာကျင်မှုကို မေ့လျော့ကာ ချစ်သူနှ
အတွက် ဩဘာပေးရင်း ကျေနပ်နေမည်မှာ မလွဲပေ။



အခန်း(၂၀)

ပင်ပန်းလွန်းလှသည့် သူ့သက်တမ်းတစ်လျှောက် ဤမျှ
ပန်းလွန်းသောအလုပ်မျိုး မလုပ်ခဲ့ဖူးပါ။

ချွေးဒီးဒီး ကျလာသည်။

ခြေထောက်က ကြွ၍မရပါ။

ခြေထောက်ကို ဒေါသဖြစ်ရလွန်း၍ မျက်နှာမှာ ဒေါသ
အိုးဖြင့် နီရဲနေသည်။

မောင်အေးမှာ စာဖတ်ရင်း စာကြည့်စားပွဲပေါ်၌ ခေါင်း
အိပ်ပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

လက်တန်းနှစ်ခုကို အားပြုကာ ကျောက်ရုပ်လို ဖြစ်နေ
သော ဇော်ထိုက်ကို ကြည့်ရင်း ယမင်းခိုင်မျက်လုံးမှာ ဝေဝါးလာ
သည်။

ညတစ်ရေးနိုး ဇော်ထိုက်ကို ဆင်းကြည့်မိရာမှ တွေ့
သောမြင်ကွင်းကြောင့် ရင်မှာ ဆို့နင့်လာသည်။

ဝေဒနာပျောက်ချင်ရှာလွန်းသဖြင့် ဒေါက်တာအေးမြ
ညွှန်ကြားသကဲ့သို့ လေ့ကျင့်ခန်းကို နေ့ညမနား ကျင့်ရှာဟန်တူသည်။

ရင်ထဲ မခံမရပ်နိုင်အောင် နာကျင်လာသဖြင့်. . .

"မောင်. . . "

တဟုန်ထိုး ပြေးသွားကာ ဇော်ထိုက်ကို ဖက်လိုက်သည်။
ဇော်ထိုက်ကလည်း သတိလက်လွတ် သိမ်းပိုက်လိုက်ရ

"သက်"

"ဝုန်း"

"အား. . . မောင်"

နှစ်ဦးစလုံး ပြိုလဲကျသွားသည်။ အိပ်နေသော မောင်အေး
လန့်ဖျတ်ကာ နိုးလာသည်။

မြင်ရသော မြင်ကွင်းကြောင့် မျက်လုံးအစုံ ပြူးထွက်လာ
သည်။

"ဟာ"

ဇော်ထိုက်ပေါ်၌ ယမင်းခိုင်က ကပ်လျက်သား လဲပြိုနေ
သည်။

"မောင်. . . မောင်နာသွားလားဟင်"

ယမင်းခိုင်က လူးလဲထလိုက်ပြီး ဇော်ထိုက်ကို ဆွဲထူလိုက်
သည်။

ဇော်ထိုက်က ရှက်ရယ်,ရယ်ရင်း. . .

☺ အောင်မြင့်စာပေ ☺

"မနာပါဘူး. . . သက်ကော"

"ဟုတ်တယ်. . . လူပေါ်ကလူကို ပြန်မေး၊ ဟဲ့. . . မောင်
အေး ဘာကြောင်နေတာလဲ၊ ခုတင်ပေါ် ဝိုင်းတင်ပေးဦးလေ"

"ဗျာ. . . ဗျာ၊ ဟုတ်. . . ဟုတ်ကဲ့"

ဇော်ထိုက်ကို ဆွဲယူပွေ့တင်လိုက်ကြသည်။ အအိပ်ဆတ်
သော ဒေါ်ထွေးက ရောက်လာပြီး. . .

"အကျိုးဆော့ အကန်းမော့ ဖြစ်နေကြတာလား"

"အို. . . ထွေးထွေးကလည်း"

ယမင်းခိုင်မှာ ဒေါ်ထွေးစကားကြောင့် မကျေမချမ်းဖြစ်
သွားသည်။

ဒေါ်ထွေးက မောင်အေးအား မျက်စပစ်ကာ. . .

"ခုတော့လည်း သဲ,သဲကြွလွန်းတယ်၊ ကဲ. . . မောင်အေး၊
ငင်း နောက်ဘက်ခန်းမှာပဲ အိပ်တော့"

"ဟာဗျာ. . . ထွေးထွေးကလည်း၊ မသွားနဲ့. . . သည်မှာပဲ
အိပ်ရမယ်၊ ကဲ. . . အိပ်ချင်အိပ်တော့၊ ငါ ဘာမှမလိုတော့ဘူး"

ဇော်ထိုက်က မောင်အေးကို လှမ်းဟန့်လိုက်သည်။ မောင်
အေးက ခေါင်းကုတ်ပြီး သူ့ခုတင်ပေါ် တက်အိပ်ကာ သူတို့ကို
ဘာပေးအိပ်စက်လိုက်သည်။

ယမင်းခိုင်က ရှက်ပြုံးနှင့်. . .

"မီးရောင်တွေ့လို့ အောက်ကို ဆင်းလာမိတာ"

"ညတိုင်း စိတ်မချလို့ ထချောင်းရင် ချောင်းတယ်ပေါ့"

သူခိုးလူမိသွားသဖြင့် ရယ်သွမ်းသွေးလိုက်သည်။ ဟန်
ဆောက်တည်း ချွေးထွက်နေသော ဇော်ထိုက်ကို ချွေးသုတ်ပေးပြီး
ကြိုလဲလှယ်ပေးသည်။

"သက် သွားအိပ်တော့လေ"

www.burmeseclassic.com

"ဟင့်အင်း. . . မောင်အိပ်မှ"

"မောင်က သက် အနားမှာ ရှိနေရင် အိပ်လို့ရမှာ မဟုတ်ဘူး"

"ဒေါ်ထွေးက မနေနိုင်တော့သဖြင့်. . .

"ကဲဟော့. . . မောင်အိပ်မှ သက်အိပ်မှ လုပ်နေ၊ ကျုပ်သွားအိပ်တော့မယ်၊ ယမင်းကလည်း ပြန်အိပ်ချေတော့၊ နေ့လည်နေခင်း အိပ်ရတာလည်း မဟုတ်ဘဲနဲ့ အိပ်ပျက်နေမယ်"

ဒေါ်ထွေးက ပြောပြောဆိုဆို ထွက်သွားသည်။ ယမင်းကလေးက မောင်အေး ရှိရာဘက်ကို အသာငဲ့စောင်းကြည့်လိုက်သည်။

မောင်အေးက သူတို့ကို ကျောပေးထားပြီး၊ တုတ်တုတ်လေး တောင် မလှုပ်ချေ။

အိပ်ဟန်ဆောင်နေတာလား၊ တကယ်ပဲ အိပ်ပျော်နေတာလား မသိ။

"သွားအိပ်တော့လေ သက်"

"အင်းပါ. . . နောက်ကို ညဘက်ကို လေ့ကျင့်မနေရဘူးနော်"

"အင်းပါ"

သံယောင်လိုက်ကာ အင်းပါလိုက်သည်။ ဇော်ထိုက် ခုတင်ဘေးမှ အသာရပ်ကာ ဇော်ထိုက်နဖူးပြင်ကျယ်သို့ အနမ်းဒုံးကလေး ပစ်လွှတ်ပြီး ချာခနဲ သုတ်ခြေတင် ထွက်သွားသည်။

ဇော်ထိုက်ရင်ထဲ လှစ်ဟာကာ မချင့်မရဲနှင့် ကျန်ခဲ့သေးသည်။ သူမနောက်သို့ ပြေးလိုက်ချင်သော်လည်း ခြေထောက်များက ရွေ့လျားရဲ့မရပေ။

ဒေါ်သထွက်ထွက်နှင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ခုတင်ကို ထုလိုက်ရန် ပြင်ပြီးမှ မောင်အေးကို သတိရ

ဖြစ်တော့။

သူ့ခမျာ ပင်ပန်းပါတယ်၊ အိပ်ပါစေလေဟူသောစေတနာဖြင့်သက်ရင်း အိပ်ပျော်ရန် ကြိုးစားလိုက်ရသည်။

သို့သော် နဖူးပြင်လေးပေါ်ရှိ အနမ်းတံဆိပ် နှိပ်သွားရာဟာ ပူရှိန်းနွေးထွေးနေဆဲပင်။

ဆ ဆ ဇ ဇ

ချစ်မိကြပြီဆိုသောအခါ၌ အသေးအမွှားကလေးများကိုတောင် ရုတစိုက် ရှိလာတတ်သည်မှာ ချစ်သူတို့ သဘာဝဖြစ်၏။

စံပယ်ကို နှစ်သက်မြတ်နိုးတတ်သော ယမင်းခိုင်အတွက် ပြောင့်လေးများကို ကိုယ်တိုင်ခူးကာ သီပေးနေမိသည်။

"မောင်ရယ်. . . အခိုင်လိုက်ပဲ ပန်မှာပေါ့"

"မောင် သီပေးတာ မပန်ချင်လို့လား"

ဇော်ထိုက်က ဘုကြည့်ကြည့်ကာ ပြောလိုက်သည်။

"တစ်ခါကလို မောင့်လက်ကို အပ်စူးမှာစိုးလို့ပါဗျာ"

ယမင်းခိုင်က နှုတ်ခမ်းစူကာ မူနဲ့လိုက်သည်။

ဇော်ထိုက်က ပြုံးကာ. . .

www.burmeseclassic.com

www.burmeseclassic.com

"ပန်းတွေ အခိုင်လိုက် ပြွတ်သိပ်ပြီး ပန်ရင် သူကြီးသမီး တူမှာစိုးလို့ ကိုယ်တိုင်သီပေးနေတာ"

ယမင်းခိုင် အားရဝမ်းသာဖြစ်သွားသည်။

"ဟာ. . . မောင်မှတ်မိတယ်"

"မှတ်မိပါပြီ. . . ဒါကြောင့် မောင့်စိတ်ထဲမှာ ယမင်းဇင် မြင်ဖူးတယ် မြင်ဖူးတယ်နဲ့ ထင်နေခဲ့တာ၊ အတိတ်မှေ့ပြီး သတိရမယ် ရတော့ အဲသည် သူကြီးသမီးပုံစံကို စ,သတိရတာပဲ၊ နောက် မင်္ဂလာ ဆောင် ပုံကားချပ်ကို မြင်တော့ အရာခပ်သိမ်း သတိရသွားခဲ့တာ"

"တော်ပါသေးရဲ့ မောင်ရယ်၊ အဲဒါ အစ်ကိုပြောတဲ့အတိုင်း လုပ်ရတာ၊ ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့ပေါ့၊ နေပါဦး. . . အဲဒီ ဟာကို သက်ကို ချက်ချင်းအသိမပေးဘဲ ဟန်ဆောင်နေခဲ့ရတာလဲ"

"ချစ်မိမှာစိုးလို့"

"ဟင်. . . အစက မချစ်မိဘူးပေါ့"

စကားအကျကောက်လိုက်မိသည်။ ဇော်ထိုက်က. . .

"အား. . . "

"ဟင်. . . ထိသွားပြန်ပြီ"

ယမင်းခိုင်က ဇော်ထိုက်လက်ကို ဆွဲယူကြည့်လိုက်သည်။ ဘာမှမဖြစ်၊ ဇော်ထိုက်က ယမင်းခိုင်လက်ကို ဆွဲယူပြီး ပခုံးကိုပါ ဆွဲယူပြီး မျက်နှာအနှံ့ အနမ်းဖူးဖူးရွှရွှကလေး ခြွေချလိုက်သည်။

"အို. . . ကျောင်းသွားဖို့ ပြင်ထားတာတွေလေ မောင်၊ ပျက်ကုန်တော့မှာပဲ. . . တော်ပြီကွယ်"

တိုးတိုးကလေး ခယလိုက်သည်။ ဇော်ထိုက်က ပင့်သက် မောတစ်ချက် ချပြီး လွှတ်ပေးလိုက်သည်။

ယမင်းခိုင်က ရှက်ပြုံးနှင့် အင်္ကျီကို အသာဆွဲချပြီး. . .

"လူဆိုး. . . "

ဆံပင်လေးမျှား[illegible]ပါ ပွန်းပွက်လေး သပ်လိုက်ရသည်။ ဆံထုံး[illegible]သွားလေမလား။

"ရော့. . . ပန်လိုက်ဦး"

ဂျပန်ဆံထုံးထိပ်၌ အသာမြှုပ်ကာ ပန်လိုက်သည်။

"မောင်. . . သူကြီးသမီး လယ်တောကွင်းနဲ့ တူသေးလား"

"ဟက်. . . ဟား. . . ဟား. . . သက်က တယ်အမှတ်[illegible]ခြေကြီးတာကိုး၊ မောင်က မှတ်ရမှာ၊ မောင့်ပါးကို ရိုက်ခဲ့တဲ့[illegible]ရော အရင်းပါ ပြန်ဆပ်ရမှာပေါ့"

"ဘယ်လိုဆပ်ရမှာလဲ"

"သက် မောင့်ပါးကို ရိုက်ခဲ့တာ ငါးနှစ်ကျော်ကျော်ရှိမယ်၊ [illegible]တော့ ငါးနှစ်၊ ရိုက်တာက နှစ်ချက်ဆိုတော့ တစ်ရက်ကို [illegible]တစ်နှစ်မှာ ရက်ပေါင်း သုံးရာခြောက်ဆယ့်ငါးရက်ဆိုတော့ [illegible]. . . အဲ. . . မြွောက်လိုက်ဦးမယ်"

ယမင်းခိုင်က ပြုံးစိစိနှင့် ငေးကြည့်နေမိသည်။ မျက်မှောင် [illegible]လက်ချိုးရင်း တွက်ချက်ပြနေသော ဇော်ထိုက်ပုံစံကို ကြည့်[illegible]ပို၍ ချစ်လာသည်။

"တစ်နှစ်မှာ ခုနစ်ရာသုံးဆယ်၊ ငါးနှစ်ဆိုတော့ ငါးသုည[illegible] အဲ. . . အဲ. . . မြွောက်တော့ သုံးထောင့်ခြောက်ရာငါးဆယ်[illegible]"

ယမင်းခိုင် ရယ်လိုက်ရင်း. . .

"အမယ်လေး မောင်ရယ်. . . ခဲရာခဲဆစ် တွက်နေတယ်၊ [illegible]ငါးနှစ်ဆိုတော့ တစ်ဆယ်၊ တစ်ဆယ်နဲ့ သုံးရာ [illegible]ဆယ့်ငါးဆိုတော့ သုံးထောင့်ခြောက်ရာငါးဆယ်ပေါ့၊ [illegible]လိုက်တာ၊ ဒါလား. . . အင်္ဂျင်နီယာ"

www.burmeseclassic.com

www.burmeseclassic.com

"ရုတ်တရက် ကြောင်သွားတာပေါ့။ ဒါ ကျောင့် လူကြီးတွေက ပြောကြတာ၊ မိန်းမတွေက ပိုပြီးဖြစ်ပေါ်ထုံးဥာဏ်ကောင်းတယ်တဲ့ အဲ. . . အဲ. . . စကားမစပဲနဲ့ဦး၊ အနမ်းသုံးထောင့်ခြောက်ရာ ဆိုတော့ ဘက်မှာညီဘူး၊ ညီသွားအောင် လေးထောင်ထား၊ တစ်ဖက်ကို နှစ် "ထောင်စီ မကျေမချင်း ဆပ်သွားရမယ်"

ယမင်းခိုင်က ဇော်ထိုက်ကို ကြည့်ပြီး အသည်းခိုက်သွားသည်။ မေးစေ့ကို ဆွဲကိုက်ပစ်ချင်စိတ်ပင် ပေါ်လာသည်။ သူ ဇော်ထိုက်ကို သိပ်စွဲစွဲလမ်းလမ်း ဖြစ်ခဲ့ဖူးသည်ကို မိမိကိုယ်သာမိ အသိဆုံးဖြစ်ခြင်းကြောင့်. . .

"ဆပ်မှာပေါ့ မောင်ရယ်၊ တစ်သက်လုံး ဆပ်သွားမှာပေါ့ မောင့်ကို သက်က အဲသည်နေ့ကတည်းက အမြင်ကတ်ကတ် ချစ်သွားမိတာပဲ"

"ဟာ. . . သက်ရာ"

မမျှော်လင့်သော ယမင်းခိုင်၏အသည်းစကားကြောင့် ဇော်ထိုက် သိပ်ဝမ်းသာသွားသည်။ ယမင်းခိုင်အပါး တိုးကာ ဆွဲဖက်ရန် ပြင်လိုက်သည်။ သို့သော် ယမင်းခိုင်က နောက်သို့ ဆုတ်ပြီး. . .

"ကျောင်းချိန် သိပ်နီးနေပြီ မောင်ရယ်"

ပြောပြောဆိုဆို ရှောင်ဆုတ်,ဆုတ်ရင်း လက်ညှိုးလေးကို ညွှတ်ကွေးကာ ရှက်ကရော် လုပ်ပြသည်။ အမီလိုက်ချင်ပါသော်လည်း ဇော်ထိုက် လှုပ်ရှား၍ မရခဲ့။

"မောင့်ကို ချစ်လျက်နဲ့များ ပြောလိုက်တာ ရက်ရက်စက်စက်နော်၊ အချစ်ကို တစ်သက်လုံး မရဘူးတဲ့၊ နောက် ကျွန်တော် ဆန္ဒမပါဘဲ ရယူရင် ကာမဘီလူးပဲတဲ့"

"အာ. . . တော်ပါတော့ မောင်ရယ်"

ယမင်းခိုင်က လက်ထဲက တရုတ်စကားပွင့်ကလေးနဲ့

ဆေးလိုက်သည်။

"မိန်းမတွေက မာယာများတယ်နော်၊ ချစ်နေရက်နဲ့များ ခန့်သူလို မုန်းဟန်ဆောင်တယ်၊ သည်မောင်ကတော့ တကယ်မှတ်သို့ ကြောက်လိုက်ရတာ၊ မထိရက် မကိုင်ရက်"

အတိုတ်ကို နှမြောတသစွာ တမ်းတရင်း ပြောမိသည်။

"ဟုတ်တယ်. . . ခင်ဗျားကို ကျုပ်ချစ်လို့ ယူတာ မဟုတ်ဘူး၊ မိဘကြောင့် ယူတာပါဆိုတဲ့လူကို မရဘူး ကျွန်မကိုပဲ ချစ်ပါလို့ ပြောရမယ်၊ ဟုတ်ကဲ့ပါ မောင်၊ ကျွန်မ မသိလို့ပါ၊ မှတ်ထားပါတယ်"

"ဟာကွာ"

အသည်းယားအောင် ခနဲ့တဲ့တဲ့ ပြောတတ်မှန်းလည်း ဇော်ထိုက် မသိခဲ့ပါ။

ဘီးကို တအားတွန်းရင်း ယမင်းခိုင်နား တိုးကပ်ရန် ရည်စူးငိုက်သည်။ သို့သော်. . .

"အာ. . . မောင့်နား ရောက်ရင် အရာရာကို မေ့ချင်နေတယ်၊ ကျောင်းနောက်ကျတော့မှာပဲ၊ သွားမယ် မောင်"

ကားရှိရာသို့ အပြေးတစ်ပိုင်း ထွက်ခွာကာ မောင်းထွက်သွားသော ယမင်းခိုင်ကို ကြည့်ရင်း ကြေကွဲမိသည်။

ချစ်၍မူရာ ချစ်သူနောက်ကိုမှပင် မလိုက်နိုင်သော မိမိကို နာကျည်းရသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိရာ ယမင်းခိုင်အတွက် သီကုံးပေးပြီး ပိုလျှံနေသော စံပယ်ပန်းလေးများမှာ စိစိညက်ညက် ကြေမွသွားရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၁)

"ဘယ်နယ်လဲ. . . ဗျတ္တလို ပန်းဆက်သမား ဖြစ်နေပြီလား"

အိပ်ယာက နိုးနိုးချင်း မောင်အေးကို စံပယ်ဝင်းထဲ ပို့ခိုင်းပြီး ပန်းသီကုံးနေစဉ် ဒေါက်တာအောင်ရွှန် ရောက်လာသည်။

"ဒါပေါ့ ဂျွန်ရာ၊ ချစ်ရသူဆိုတော့လည်း အသေးအမွှားကလေးတွေကအစ ဂရုစိုက်ချင်လာတယ်လေ၊ တစ်ခါမှ အနုအရွမလုပ်ခဲ့ဖူးတာ၊ ခုတော့လည်း ပန်းတောင် သီပေးနေရတယ်၊ အဲဒါဘာဖြစ်လို့လဲ သိလား"

"ဟေ့ကောင်. . . ငါ့ကို ညှဉ်းမနေနဲ့၊ ငါက မင်းမိန်းမ မဟုတ်ဘူး"

အချစ်ကြောင့် ရွှန်းလဲ့နေသော ဇော်ထိုက်ကို အောင်ရွှန်က အမြင်ကတ်စွာ ဘုတ်လိုက်သည်။ ဇော်ထိုက်က သဘောကျစွာ ရယ်မောရင်း. . .

"ဟား. . . ဟား. . . ဟား. . . မင်းကို မေးလည်း သိမှာဟုတ်ဘူး၊ ငှက်ပျောတုံး ဖက်သေရမယ့် အကောင်ဆိုတော့"

". . . . . "

အောင်ရွှန်က ဆဲလိုက်သည်။ ဇော်ထိုက်က အောင်ရွှန်ကို အားကျစွာ ကြည့်နေဆဲ. . .

"ဟား. . . ဟား. . . ဟား. . . ဟား"

အောင်ရွှန်က အမြင်ကတ်လာပြီ။ ထို့ကြောင့်. . .

"ငါက ငှက်ပျောတုံး ဖက်သေမယ့်ကောင် မဟုတ်ဘူးကွ၊ မင်း ကွာပေးရင် ယမင်းကို ကြည့်ဖြူစွာ ယူမယ့်ကောင်"

"ဟာ. . . မင်း. . . မင်း"

ဇော်ထိုက် ရှူးရှူးရှားရှား ဒေါသဖောင်းလာသည်။ အောင်ရွှန်က ဆိုမချဉ်မျက်နှာနှင့်. . .

"ဘယ်နယ်လဲ. . . ကွာရှင်းဖို့ကိစ္စတွေဘာတွေ စဉ်းစားပြီးပြီးဟ"

ဇော်ထိုက်နှလုံးသားများ ပဲ့ကျသွားသဖြင့် ဆတ်ဆတ်ခါလှုပ်ကျန်ခဲ့သည်။

"မင်း သူ့ဘဝကို သည်အတိုင်းပဲ အကျဉ်းချထားတော့မှာလား"

ဇော်ထိုက် နားမခံသာတော့သဖြင့်. . .

"တောင်းပန်ပါတယ် ဂျွန်၊ ငါတောင်းပန်ပါတယ်၊ ငါ

www.burmeseclassic.com

စဉ်းစားပါရစေဦး၊ စဉ်းစားလို့လဲ မရဘူး"

ဇော်ထိုက် တုန်လှုပ်ချောက်ချားသွားသည်။

"ငါမတရားဘူး. . . သူ့ဘဝကို အကျဉ်းချထားသလို ဖြစ်နေမှန်း ငါသိပါတယ်၊ ဒါပေမယ့် ငါ သူ့ကို မျက်စေ့အောက်က တောင် အပျောက်မခံချင်အောင်ကို ချစ်တာပါ"

"ချစ်ရင် သူစိတ်ချမ်းသာဖို့ကိုလည်း ကြည့်ရမယ်လေ"

"သူကလည်း ငါ့ကို ချစ်တယ်လို့ ပြောတာပဲ၊ ပြီးတော့ သူ စိတ်ချမ်းသာနေပါတယ်၊ ဒါကြောင့် ငါလည်း နဂိုကမှ မခွဲနိုင် မခွာရက် ဖြစ်နေတော့ ဆာပြီးတော့သာ ကွာရှင်းဖို့အရေး စဉ်းစားရခက်လေလေ ဖြစ်နေတာပါပဲကွာ"

"အေးပေါ့ကွာ. . . ဖြည်းဖြည်းစောင့်ကြည့်ရတာပေါ့၊ သူ မပျော်ဘူး၊ စိတ်မချမ်းသာဘူးဆိုရင်တော့. . . "

"ငါသိပါတယ်. . . ငါက သူ့မျက်နှာကို မှန်လို ကြည့်နေတဲ့ကောင်ပါကွာ၊ သူ စိတ်မချမ်းသာရင် ငါလည်း ဘယ်စိတ်ချမ်းသာပါ့မလဲ၊ သူ့အလိုကို ငါလိုက်လျောရမှာပါကွာ"

"ဟော. . . ကားတစ်စီး ဝင်လာပါလား၊ ဘယ်သူပါလိမ့်"

အေဂျန်အပြောကြောင့် ဇော်ထိုက်သည် ဝင်လာသောကားကို လှမ်းကြည့်လိုက်သည်။ ဂျစ်ကားတစ်စီးပင် ခင်မာလာဆင်းလာသည်။ သူတို့ကို မမြင်၊ အိမ်ထဲသို့ တန်းဝင်သွားသည်။

"သက် သူငယ်ချင်း ခင်မာလာတဲ့. . . ဆရာမပဲ"

"ဩော်. . . သက်ဆိုတာ ဘယ်သူလဲ"

"ယုတ်ပြီ. . . ငါ့ရဲ့အသက်၊ သက်ကို ပြောတာ၊ တင်စားပြောတာ၊ မင်းနဲ့ စကားပြောရတာ သိပ်အောက်တာပဲ၊ ရည်းစားတောင် မရှိတဲ့ကောင်ဆိုတော့"

"ရည်းစားမရှိပေမယ့် ငါက မင်းထက်တော့ သာတယ်

မောင်၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမယူပြီးရင် ငါ့မိန်းမကိုတော့ မင်းလို စိတ်ကူးယဉ်ဆန်ဆန် ရှိုးကွေ့စိုးထဲက အရုပ်ကလေးလိုတော့ အလှကြည့်ထားမှာ မဟုတ်ဘူး"

ဇော်ထိုက် အရှိုက်ထိုးခံရသူပမာ နာကျင်သွားသည်။

"အင်. . . "

"ဟား. . . ဟား. . . ဟား. . . မချစ်တာလဲ မဟုတ်ဘဲနဲ့ မာနတရားနဲ့ အလှထားခဲ့တဲ့ မင်းကို ငါကတော့ အရူးပေါ်ဘွဲ့ပေးမယ်"

အေဂျန်က မည်သာမတာ ဂုဏ်ပြုလေသည်။

ဇော်ထိုက်က မချိုပြုံးနှင့်သာ နေလိုက်သည်။ ဟုတ်လည်း ဟုတ်ပါသည်။ မိမိက ရှုံးခဲ့သည်ကိုး။

"ဟော. . . အစ်ကို ရောက်နေတာ ယမင်း မသိပါလား၊ ကားသံမကြားမိဘူး"

"လမ်းလျှောက်ရင်း ဝင်လာတာလေ"

ဇော်ထိုက်တို့အပါး ယမင်းခိုင်နှင့်ခင်မာလာ ရောက်လာ၏၊ ယမင်းခိုင်က အေဂျန်နှင့် ခင်မာလာကို မိတ်ဆက်ပေးသည်။ ခင်မာလာက. . .

"ဒေါက်တာ့ကို ကျွန်မတို့ သိနေပါတယ်၊ အတော်ပဲ. . . နောက်ဖြန် အိမ်မှာ ဆွမ်းကျွေးရှိတယ်၊ ဒေါက်တာ့ကိုပါ ဖိတ်ပါတယ်၊ ဆက်ဆက်ကြွခဲ့ပါ၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ ယမင်းလည်း ရှိနေမှာပဲ"

"ဟုတ်ကဲ့. . . ရောက်အောင်လာခဲ့ပါ့မယ်"

အေဂျန် အားနာစွာ တုံ့ပြန်လိုက်သည်။

"ဦးဇော်ထိုက်ကိုလည်း ခွင့်ပန်ရဦးမယ်"

"ဘာများပါလိမ့်"

"ယမင်းရုပ်ကလေးကို ဒီနေ့နဲ့ မနက်ဖြန် ကျွန်မလို့အိမ်မှာပဲ

www.burmeseclassic.com

www.burmeseclassic.com

နေပေးဖို့ပါ"

ဇော်ထိုက်ရင်ထဲ ဆွေးသွားသည်။ တနင်္ဂနွေ၊ စနေတွေ့ဆုံပိတ်ရက်လေး နှစ်ရက်စလုံး မိမိအပါးမှာ ထားကာ ချစ်စကားလေးများ မမောတမ်း ခွန်းခွေပြလိုက်မည်ဟူသော ရည်ရွယ်ချက်ကလေး ပျက်သုဉ်းသွားသည်။

"ဘယ်လိုလဲ... မျက်စိမျက်နှာ ပျက်သွားလိုက်တာ၊ အဖြစ်သည်းတော်မူလှချည်လား ဦးဇော်ထိုက်ရယ်၊ ငိုတော့ မငိုလိုက်ပါနဲ့၊ မခေါ်နဲ့ဆို မခေါ်"

"ဟာ... ဟာ... မဟုတ်ရပါဘူး၊ ခေါ်သွားပါမျာ"

ခင်မာလာကို ပြောနေရာမှပင် ယမင်းခိုင်ကို လှမ်းကြည့်လိုက်သည်။ ယမင်းခိုင်ကတော့ ကြည်ကြည်လင်လင်ပင်။

"သက်လိုက်သွားမယ်နော် မောင်၊ ညပါ ဟိုမှာ အိပ်လိုက်တော့မယ်၊ အရုဏ်ဆွမ်းကပ်မှာဆိုတော့ စောစောလာရမှာနဲ့ မထူးဘူးလေ"

သူက ခေါင်းကို လေးလံစွာ ညိတ်လိုက်ရသည်။

"ကျွန်တော်ကတောင် လိုက်ကူညီပေးရမယ့်သူတွေပါဗျာ၊ ခေါ်သွားပါ"

"ကျေးဇူးကမ္ဘာပဲ ဦးဇော်ထိုက်ရေ၊ ဒေါက်တာ ခွင့်ပြုပါဦး၊ မနက်ဖြန် ဆက်ဆက်ကြွခဲ့ပါ၊ ဗိုလ်ချုပ်လမ်း အိမ်အမှတ်(-) နော်"

"ဟုတ်ကဲ့"

ယမင်းခိုင်က သူနှင့်အော်ဂျွန်ကို နှုတ်ဆက်ပြီး ခင်မာလာနောက် လိုက်သွားသည်။ ကားလေး မြင်ကွင်းမှ ပျောက်ကွယ်သွားမည်အထိ ငေးကျန်ခဲ့သည်။

"ရော့ကွာ..."

"ဘာလဲ"

"မျက်လုံးလေ... ယမင်းခိုင်ဆီ ပါသွားတဲ့မျက်လုံး ပြန်ခဲ့ပေးတာ"

"ပါသွားတာက မျက်လုံးမဟုတ်ဘူး... ငါ့အသည်းနှလုံးပါကွာ"

"မင်း မလွယ်ဘူး... ရူးနိုင်တယ်"

"ရူးနေရင်လည်း ကောင်းသား၊ လွတ်မြောက်ခြင်းတစ်မျိုးပေါ့၊ ရူးတာဟာ ဘဝကို ငြင်းဆန်လွန်မြောက်ခြင်းတစ်မျိုးပဲ"

"အိုး... ဂျေ့... နောက်ရောဂါငရဲစိမျိုး တိုးလာပါလား၊ ဟား... ဟား... ဟား... ဇော်ကြီးရာ၊ ခင်းယောကျ်ားပါကွာ၊ စိတ်ဓာတ်မကျစမ်းပါနဲ့၊ မင်းရောဂါ ပျောက်ရမှာပါ"

ဇော်ထိုက်ပုခုံးကို လက်သီးဖြင့် ဖွဖွထိုးကာ အားပေးလိုက်သည်။ စိတ်အစဉ်က ယမင်းခိုင်နောက် ပါသွားသော ဇော်ထိုက်မှာကား ကျောက်ရုပ်သဖွယ် တည်ငြိမ်နေသည်။

တည်ငြိမ်နေသော ကန့်ရေပြင်ထဲ ခဲကျလျှင် စီးဆင်းနေသောရေထဲ ခဲကျခြင်းထက် ပို၍လှုပ်ရှား ဂယက်ထတတ်ကြောင်းကို ဒေါက်တာအော်ဂျွန်က တွေးမိကာ ပြုံးလိုက်မိသည်။

ဇော်ထိုက်ကတော့ ပန်သူမဲ့သွားသော စံပယ်ကုံးလေးကို နှလုံးသားနှင့် တောင်းပန်လိုက်မိသည်။

"သူ မေ့သွားလို့ပါကွာ၊ မင်းကို မနှစ်သက်တော့လို့ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကျက်သရေဆောင်ဖြစ်သော အိမ်ရှင်မအရိပ် ကွယ်ပျောက်နေခြင်းသည် အိမ်၏ကျက်သရေကို ယုတ်လျော့စေသည်။

ဇော်ထိုက် အလိုမကျ မျှော်လင့်ခြင်းနှင့်အတူ လည်တဆန့်ဆန့် ဖြစ်နေရသည်။

ပြန်လာဖို့ ကောင်းနေပြီလေ။ စနေနေ့ မနက်စောစော ကတည်းက ထွက်သွားခဲ့သည်။ တနင်္ဂနွေညနေ ရောက်နေပြီ။

အထီးကျန်နှလုံးသား၏တောင်းဆိုချက်အရ သူ ယမင်းခိုင်ကို တမ်းတမ်းတတ မျှော်နေမိသည်။ စက္ကန့်ပေါင်းများစွာ၏ ရွေ့လျားသွားလာမှုကား နှေးကွေးလွန်းလှသည်။

ရင်နှင့်မမျှ နှင့်နှင့်နဲနဲ လွမ်းတတ်သော ဝေဒနာများသည် ယမင်းခိုင်နှင့် ရကတည်းက ရင်၌ ခိုဝင်လာခဲ့သည်။

တရုတ်စကားပွင့်ကလေးများကို ယုယစွာ ကောက်တတ်သော၊ စံပယ်ပန်းလေးများကို တန်ဖိုးထား ခူးတတ်သော၊ နှင်းဆီပွင့်များကို ဂရုတစိုက် ခူးတတ်သော ပန်းများ၏သခင်မသည် ပန်းများကို ဥပေက္ခာပြုထားလေပြီ။ လူသားများကြား၌ ပျော်မွေ့နေပြီ ထင်

သည်။ ရုင်ဝယ် တမြည့်မြည့် လောင်ကျွမ်းလာသည်။

"အင်းလေ. . . သူလည်း သွေးသားနဲ့ တည်ဆောက်ထားတဲ့မိန်းမပေပဲ၊ ကျောက်ရုပ်လိုလူနား ဘယ်ကြာရှည်နေနိုင်မလဲလေ"

ဟု ဖြေဖြေသာသာ တွေးလိုက်မိသည်။

ထိုစဉ် စပရင်တာ နောက်ပွင့်တစ်စီး ဝင်လာသည်။ လာလေ့လာထ မရှိသော ကားဖြစ်သဖြင့် ထူးဆန်းစွာ သူငေးကြည့်နေမိသည်။

မျှော်လင့်သူက ကားထဲ၌ ပါလာသည်။ သို့သော် သူမတွေးခဲ့ကားမောင်းလာသူမှာ ခန့်ညားချောမောသောသူတစ်ဦး ဖြစ်နေသည်။ ပေါ်တီကိုအောက်မှ သူ့ကို မြင်တွေ့သွားကြသည်။

"ဟော. . . မောင်"

ဝင်းလက်သောအပြုံးနှင့် အသိအမှတ်ပြုခြင်းကို နှုတ်ဖျားကပါ လှစ်ဖော်လိုက်သည်။

"ရဲ ခဏဆင်းဦးလေ"

"ဆင်းမှာပေါ့"

ခန့်ညားသောအသွင်နှင့် နွဲ့နှောင်းသောအသွင်ရှိသူနှစ်ဦးသည် တွဲ၍ သူ့ထံပါး လျှောက်လာသည်။

ရင်မှာ ထိတ်လန့်တကြား ဖြစ်သွားသည်။ အင်မတန်လိုက်ဖက်တင့်တယ်သော အတွဲတစ်တွဲပင်။

နေဝင်ဆည်းဆာရောင်က သူတို့နှစ်ဦး၏လိုက်ဖက်မှုကို ပိုပိုပေးသကဲ့သို့ ရှိနေသည်။ အပြုံးလေးများက တောက်ပနေကြသည်။

"မောင်. . . သူက ယမင်းရဲ့သူငယ်ချင်းလေ၊ ရဲမြတ်တဲ့. . ဆော်သားပေါ့"

'ရဲမြတ်' . . . ရင်ထဲ၌ ပဲ့တင်ထပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရဲ့. . . ကိုယ့်အမျိုးသားလေ"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်၊ မင်းလို လှမာ ရှင်ရဲ့ဘဝသခင် ဖြစ်လာနိုင်တဲ့ ဦးဇော်ထိုက်ကို ဂုဏ်ယူပါတယ်"

ရှည်လျားသော သူ့အရပ်ကို ညွှတ်ကိုင်းပြီး ဇော်ထိုက်ကို လက်ကမ်းသဖြင့် ဇော်ထိုက်မှာ စိတ်မပါတပါ လက်ဆွဲနှုတ်ဆက် လိုက်ရသည်။

"ဟုတ်ကဲ့. . . သက်သူငယ်ချင်းဆိုတော့လည်း ကျွန်တော့် သူငယ်ချင်းပဲပေါ့ဗျာ၊ သက်တော့ တစ်ခါမှ ခင်ဗျားအကြောင်း မပြောဖူးဘူးခင်ဗျ"

"အဟင်း. . . ဟင်း. . . ဒါကတော့ "မင်း" က ခင်ဗျားကို မပြောရဲလို့ ဖြစ်မှာပေါ့ဗျာ"

အဓိပ္ပာယ်ပါသောအပြုံးနှင့် ရဲမြတ်နှင့် ယမင်းခိုင် တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်သည်။

ဇော်ထိုက်ရင် တဆတ်ဆတ် ခါလာသည်။ 'မင်း' 'ရဲ့' ဟူသော တစ်လုံးချင်းအခေါ် အဝေါ်က ရင်းနှီးသည့် အတိုင်းအတာ ကို ခန့်မှန်းကြည့်ရင်း ရင်ထဲမှာ မလိုတမာမိုးများ စွေကုန်သည်။

"ရဲနော့. . . မောင့်ကို ဘာတွေပြောနေတာလဲ"

မျက်စိမျက်နှာ ပျက်သွားသော ဇော်ထိုက်မျက်နှာရိပ်ကို အကဲခတ်မိသဖြင့် ယမင်းခိုင်က ရဲမြတ်အား မျက်စောင်းခဲကာ ဟန့်လိုက်သည်။ သို့သော် သူမ မျက်စောင်းမှာ အမုန်းလုံးဝမပါ သော မျက်စောင်းလှလှလေးပင် ဖြစ်နေသည်။

"ရဲက ဘာပြောလို့လဲ၊ ကိုင်း. . . ပြန်မှ၊ တာဝန်လေးတွေ ရှိသေးတယ်၊ ဦးဇော်ထိုက် ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ပြတ်တောင်းစွာပင် ဟုတ်ကဲ့လိုက်မိသည်။ နောက် လာ

သည်ပါဟူ၍ ဖိတ်မန္တကစကား ဆိုသင့်ပါလျက်နှင့် မဆိုဖြစ်ခဲ့ရ။

"ကဲ. . . အိမ်သိပြီနော်၊ ဒါပေမယ့် အရင်တုန်းကလိုတော့ ချောင်းပေါက်မတတ် လာလို့မရဘူး၊ မင်း မအားဘူး"

"သိပါတယ်ဗျာ. . . ခင်ဗျားမှာ အနှောင်အဖွဲ့နဲ့ဆိုတော့ ကြားအားရှိမှာပေါ့"

"အကြားမခံချင်ရင် မြန်မြန်ယူလေ"

ယမင်းခိုင်၏ပြုံးစစနှင့် ခနဲမှုကို ရဲမြတ်က တွေဝေစွာ ငေးမောရင်း. . .

"အစားထိုးလို့ မရနိုင်မှန်း သိရဲ့သားနဲ့ မင်းရယ်"

ကားဆီသို့ ပြန်လျှောက်သွားကြသည်။ သို့သော် သူတို့ ကားသံမျှားက နားထဲသို့ ပြင်းပြင်းထန်ထန် ပြေးဝင်လာဆဲပင်။

"အတိတ်ကို အတိတ်မှာပဲ ထားခဲ့တာ ကောင်းပါတယ် ရဲ့ရယ်"

"အတိတ်မှာ မထားနိုင်ပေမယ့် ဖြေတတ်သလိုတော့ ဖြေရင်းနဲ့ နေနေခဲ့တာပဲ၊ မင်း သိဖို့ကောင်းပါတယ်"

တိုးတိတ်ညင်သာသော လွမ်းမောဆွတ်ပျံ့ဖွယ်ကောင်း သည့် တမ်းတမ်းတတ ရှိသော ရဲမြတ်၏စကားသည် ဇော်ထိုက် နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းလိုက်လေသည်။

"ရဲရယ်. . ."

နှလုံးသားအက်ကွဲကြောင်းမှာ ပေါ်ထွက်လာသော ယမင်း ခိုင်၏အသံတိုးတိုးလေးက ဇော်ထိုက်နားထဲ တော်လည်းသံကဲ့သို့ ညည်ဟည်းသွားသည်။

တုန်လှုပ်ချောက်ချားခြင်းကြီးစွာဖြင့် ထိတ်လန့်ဖွယ်ရာ မြင်ကွင်းကို ငေးမောနေမိသည်။

စပရင်တာ ကားကလေးသည် မြင်ကွင်းမှာ ဇာမူးရှူးထိုး

www.burmeseclassic.com

ပျောက်သွားသည်။

ထိုကားကို ယမင်းခိုင်က မျက်စိတဆုံး ငေးကြည့်နေသည်။ သူမသည် ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့နေဟန်နှင့် ကျောင်ဆစ်ရုပ်တစ်ရုပ်နှယ် သူ့အား ကျောပေး၍ ရပ်နေသည်။

"သက်"

ကြေကွဲစွာ လှမ်းခေါ်လိုက်မိသည်။ သူမကျောပြင်မှ ဆင်ခနဲ တုန်ခါသွားသည်။ ညာလက်တစ်လက် လှုပ်ရှားသွားသည်။ လက်အနေအထားကို ကြည့်လိုက်ခြင်းအားဖြင့် မျက်ရည်သုတ်လိုက်ဟန်း ဇော်ထိုက် ခန့်မှန်းမိလိုက်သည်။

အတန်ကြာမှ သူ့ဆီသို့ ပြန်လျှောက်လာသည်။ နှုတ်ခမ်းဖူးဖူးလေးက သကာဆမ်းထားသည်။

"မောင်... ပျင်းနေသလားဟင်"

သို့သော် မျက်လုံးများမှာ မျက်ရည်ခြောက်လေးများ ကြွင်ကျန်ခဲ့မှန်း သိသာစွာ နီရောင်သန်းနေသည်။

ဇော်ထိုက်ရင်ထဲ ပေါက်ကွဲချင်လာသည်။ ဝမ်းနည်းကြေကွဲခြင်း၊ မကျေနပ်ခြင်း၊ မနာလိုခြင်းတို့က နှိပ်စက်နေလေပြီ။

ဘီးကို လှိမ့်ကာ အိမ်ထဲ ပြေးဝင်ခဲ့သည်။

"မောင်..."

ဒေါ်ထွေးက...

"တိုက်မိကုန်ပါဦးမယ် ကလေးရယ်၊ ဖြည်းဖြည်း... ဖြည်းဖြည်း"

သတိပေးလိုက်သည့်တိုင် အရှိန်မလျော့ဘဲ အိပ်ခန်းတွင်းရောက်သည်အထိ တွန်းဝင်ခဲ့သည်။

"မိန်းကလေးရယ်... ပြန်လာပေလို့သာပဲ၊ မပြန်လာရင် ကလေး လည်ပင်းကျိုးသွားလိမ့်မယ် ထင်တယ်"

"ဩော်... မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ဆုံတုန်း ဆုံခိုက်ကလေးဆိုတော့ နေလိုက်မိတာပါ ထွေးထွေးရယ်၊ အဟွန်း... မောင်က ယမင်းကို မျှော်နေတာမှ ဟုတ်ရဲ့လား၊ ပေါ်မလာတာ အတော်ကြာပြီဖြစ်တဲ့ စင်သီယာကိုများလားဟင်"

အသံလွင်လွင်ကလေးက ပျံ့လွင်လာသည်။

စိတ်တိုတိုနှင့် စာကြည့်စားပွဲကို ဒုံးခနဲ မြည်အောင် သက်သီးနှင့် ထုပစ်လိုက်သည်။ ယမင်းခိုင်ကော ဒေါ်ထွေးပါ စိုးရိမ်စာဖြင့် သူ့အခန်းထဲ ပြေးဝင်လာသည်။

"ဘာဖြစ်လို့လဲ မောင်"

ဒေါ်သခိုးဝေနေသော ဇော်ထိုက်က ယမင်းခိုင်မျက်နှာကို ဆေးစေ့ကြည့်ကာ...

"မင်းစိတ်နဲ့ နှိုင်းပြီး ကျုပ်ကို မဟုတ်တာတွေ မစွပ်စွဲပါနဲ့၊ ကျုပ်က မင်းကလွဲပြီး ဘယ်သူ့ကိုမှ မမျှော်ဘူး"

ယမင်းခိုင် မျက်နှာပျက်သွားသည်။ ကွယ်ပျောက်စပြုနေသော သူမ၏မာနမှာ ဟုန်းခနဲ ထတောက်လေသည်။

"အို... ယမင်းစိတ်နဲ့ နှိုင်းရအောင် ကျွန်မက ဘာဖြစ်နေလို့လဲ၊ ဘယ်သူ့ကို မျှော်နေလို့လဲ"

"ဒါတော့ မင်းကိုယ်မင်း အသိဆုံး နေမှာပဲ၊ ကျုပ်က မင်းလို အဲ့ပုန်းသမား မဟုတ်ဘူး၊ အရာရာကို ဖွင့်ဟဝန်ခံပြီးမှ မင်းကို သက်ထပ်ခဲ့တာ၊ မင်းလို မြို့စိစိ မဟုတ်ဘူး"

"ရှင်... ရှင်... အဲသည်လို မတရား မစွပ်စွဲနဲ့၊ ရဲနဲ့ ကျွန်မက ငယ်သူငယ်ချင်း အိမ်နီးချင်းတွေ"

ယမင်းခိုင်မှာ စိတ်လှုပ်ရှားမှုကြောင့် မျက်ရည်များပင် ရစ်ဝဲနေသည်။ ဒေါ်သမျက်ရည်များပင်။

"မင်းဟာမင်း ငယ်သူငယ်ချင်း မကလို့ ငယ်ကျွမ်းဆွေပဲ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ် ကျေပ် ဘာမှ မပြောရပါလား။ . . မစွပ်စွဲရပါလား၊ မင်းဘာသာ မလုံမလဲဖြစ်နေ"

"ရှင်. . . ရှင်. . . လူကို အထင်သေးစကား မပြောနဲ့. . . မခန့်နဲ့၊ မကျေနပ်. . . အို. . . တော်ပြီ"

ချာကနဲ လှည့်ပြေးသွားလေသည်။ ဇော်ထိုက်မှာ လက်သီးဖြင့် စားပွဲကို တဒုံးဒုံး သုံးလေးချက် ဆင့်ထုပစ်လိုက်သည်။

ဒေါ်ထွေးက ဟဲ့. . . ဟဲ့. . . ဟု ဆိုကာ လက်ကို ဆွဲယူဟန့်တားလိုက်ရသည်။

ယမင်းခိုင်က အခန်းဝမှ သမင်လည်ပြန် လှည့်ကြည့်ရင်း

"ထွေးထွေး"

"ဟေ. . . "

"ထွေးထွေး ကြားတဲ့အတိုင်းပဲ၊ ယမင်း လွန်တာ မဟုတ်ဘူးနော်၊ သူသာ သက်သက်မဲ့ ဝံပုလွေလို အပြစ်ရှာနေတာ၊ သူ့စိတ်နဲ့ နှိုင်းပြီး ယမင်းကို စွပ်စွဲနေတာ"

"တော်. . . တော်. . . မင်း. . . တော်တော့"

ဇော်ထိုက်က လှမ်းဟန့်လိုက်သည်။ ယမင်းခိုင်က. . .

"အို. . . တော်ပါတယ်၊ ရှင် သဘောထား သေးမှန်း အခုမှ သိရတော့တယ်"

"ယမင်း. . . တော်ပါတော့ကွယ်၊ ကဲ. . . သွားသွား"

"ဟွန်း. . . ထွေးထွေးကို သနားလို့"

ယမင်းခိုင်က မကျေမချမ်းနှင့် အခန်းထဲမှ အပြီးတိုင် ထွက်သွားသည်။ ဇော်ထိုက်မှာ အံတကြိတ်ကြိတ် ကျန်ခဲ့သည်။

"ကလေးရယ်. . . ကိုယ့်စိတ်ကို ကိုယ်လျှော့မှပေါ့"

"ထွေးထွေးရယ်. . . အဲဒါလား သူ့အချစ်၊ ကျွန်တော် ဘယ်လိုနားလည်ရမှာလဲ"

ဇော်ထိုက်က ကြေကွဲစွာ ဒေါ်ထွေးအား ဖွင့်ဟလိုက်သည်။

"မင်းက မဟုတ်ဘဲနဲ့ သွားစွပ်စွဲတာကိုး"

"ထွေးထွေးရယ်. . ကိုယ့်ရှေ့မှာ တခြားသူစိမ်းယောကျ်ားကို ငေးမျှော်ကျန်ခဲ့ရုံမက မျက်ရည်ပါ ကျတာ မလွန်လွန်းဘူးလား"

"မင်းထင်လို့ ဖြစ်မှာပါကွယ်"

"ထားပါတော့ဗျာ. . . ကျွန်တော့်အလွန်ပဲ ထားပါတော့"

ဇော်ထိုက်က စိတ်ကို လျှော့ချလိုက်သည်။ ဒေါ်ထွေးက သူ့အား ကရုဏာသက်စွာ ကြည့်ရင်း. . .

"ထမင်းစားရအောင်လေ. . . အချိန်တွေလည်း လွန်ကုန်ပြီ"

"မစားတော့ဘူး ထွေးထွေး၊ စားလည်း ဝင်မှာမဟုတ်ဘူး"

ယမင်းခိုင်ကို ထမင်းစား စောင့်နေမှန်း ဒေါ်ထွေးသိသည်။

"မဟုတ်တာကွယ်. . . စားလိုက်ပါ၊ ယမင်းကို ထွေးထွေး သွားခေါ်ပေးပါ့မယ်"

ဇော်ထိုက် ခေါင်းခါယမ်းလိုက်သည်။

ယမင်းခိုင်က စားခဲ့ပြီးပြီဆိုပါက ပိုဆိုးသွားမည်။

ပင့်သက်တစ်ခုကို လေးတွဲစွာ ချလိုက်သည်။

အချစ်စစ် အချစ်မှန်တို့မည်သည် သဝန်တိုခြင်း မကင်းကြကြောင်း သူ ယခုမှ လက်တွေ့ကျကျ သဘောပေါက်လာသည်။ သူ ယမင်းခိုင်ကို သိပ်ချစ်နေပြီ။

ထိုစဉ် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။

"ကလင်. . . ကလင်. . . ကလင်"

"နေ. . . နေ. . . ထွေးထွေး၊ ကျွန်တော်ကိုင်လိုက်မယ်"

ဘီးလှိမ့်ပြီး ပြန်ထွက်ခဲ့သည်။ တွေ့ဝေနေရခြင်း၊ ငြိမ်သက်နေရခြင်းအလုပ်ကို သူ မနှစ်သက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို"

"သား. . . သားသား"

တစ်ဖက်မှ မိခင်အသံကြောင့် ဇော်ထိုက် ဝမ်းသာသွားသည်။ အားကိုးရာမိခင်ကြီး၏ရင်ခွင်တွင်းသို့ ပြေးဝင်ခိုလှုံချင်စိတ် ပေါက်လာသည်။

"မေမေ"

အက်ကွဲနေသောအသံမှာ တုန်ခါ၍သွားသည်။

"သား. . . သတိရနေပြီဆို"

"ဟုတ်ပါတယ်. . . ဒါပေမယ့် အတိတ်မေ့နေတာကလေ ကောင်းပါဦးမယ် မေမေ"

"ဘာဖြစ်လို့လဲ သား"

စိတ်တို့သည် ယောက်ယက်ခတ်နေသည်။ မိမိစကားကြောင့် မိခင်စိတ်ဆင်းရဲသွားမလားဟူ၍လည်း မတွေးဘားခေ့။

"ဘာမှ မဖြစ်ပါဘူး. . . သားကိုသာ လာခေါ်တော့ မေမေ၊ သား သည်မှာ မနေချင်ဘူး"

"အဲသည်မှာ သားမိန်းမ ရှိနေတာပဲ သားရယ်၊ သားထ ခွဲနေနိုင်လို့လား"

"မခွဲနိုင်ဘူး. . . ဒါပေမယ့် ခွဲနေမှဖြစ်မယ် မေမေ"

သူ၏ ကပေါက်တီ ကပေါက်ချာ စကားတို့ကို တစ်ဖက်မှ နားလည်ဟန်မတူ။

"မေမေ နားမရှင်းလိုက်တာ သားရယ်"

"သားကို ဘာမှမေးမနေပါနဲ့တော့ မေမေ၊ သားငယ် လူကောင်းအဖြစ် ပြန်မြင်ချင်တယ်ဆိုရင် သည်မှာ မထားပါနဲ့တော့ မေမေတို့ဆီမှာပဲ ခေါ်ကုပေးပါ"

"သားရယ်. . . မေမေ"

"မေမေ မကုပေးနိုင်တော့ဘူးလား၊ ငွေတွေ၊ စည်းစိမ်တွေ ပိုပြီး သားဝေနာကို မလဲပေးနိုင်တော့ဘူးလားဟင်၊ သည်အတိုင်းသာ သားကို ထားရင် မကြာခင် ဝေဒနာ မပျောက်ဘဲ အသက်ပါ ပျောက်နေမယ်"

နိုင်ရသော မိခင်ကို တိုင်တည်ကာ ရင်ဖွင့်ပြီး တယ်လီဖုန်းခွက်ကို ချလိုက်သည်။

ဖြစ်နိုင်လျှင် ကမ္ဘာတစ်ပတ် ပတ်ပြေးလိုက်ချင်သည်။ စိတ်သည် လူပ်ရှားမြန်ဆန်နေခြင်းကြောင့် ရင်ခုန်သံ တဒိန်းဒိန်းကိုပင် ကြားနေရသည်။

"မောင်"

သူ့နောက်ပါးမှ ရပ်နေသော ယမင်းခိုင်မှာ ညင်သာစွာ ခေါ်လိုက်မိသည်။ သူမမျက်လုံး၌ ငွေရောင်လက်နေသည်။

"မောင်ရယ်"

ဇော်ထိုက်လက်ကို ဆွဲဖယ်ကာ သူ့ပါး၌ အပ်လိုက်ပြီး. . .

"မောင်. . . သက်ကို မကျေနပ်ဘူးလားဟင်"

ဇော်ထိုက်၏ဒေါသမီးအုံး နှလုံးသားမှ အရည်ပျော်စပြုနေလေပြီ။

"မောင် မကျေနပ်ရင် သက်ကို ရိုက်ပစ်လိုက်စမ်းပါ မောင်ရယ်၊ အားလျော့စကား၊ သေစကားတော့ မပြောပါနဲ့၊ သက်နှလုံးသားမှာ မောင်တစ်ယောက်တည်း ရှိတာပါ"

ယမင်းခိုင်၏နုထွေးညံ့သက်သောပါးပြင်ပေါ်မှ ဇော်ထိုက်လက်မှာ ပူနွေးစွတ်စိုသွားသည်။ သူ့ဒေါသတို့သည် ငွေ့ရည်ဖွဲ့သွားလေပြီ။

"သက်. . . သက်ရယ်"

သူ့လက်ကို ဆုပ်ကိုင်ထားသော ယမင်းခိုင်လက်ကို ပြန်

www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ယူကာ မွှေးကြူလိုက်သည်။

ဒေါ်ထွေးမှာ ချာခနဲ မီးဖိုဘက်သို့ သုတ်ခြေတင် ထွက်သွားသည်။ နှုတ်မှလည်း ပွစိပွစိနှင့် မကျေမချမ်း ရေရွတ်သွားသည်။

"ဘယ်လိုဟာတွေမှန်းလဲ မသိပါဘူး၊ ခု စာကလေး၊ ခု ဆီထမင်းနဲ့၊ တတ်လည်း တတ်နိုင်ကြတဲ့ဟာတွေ. . . အမျိုးမျိုးပဲ ဘေးလူတွေပဲ ရွဲမယ်ထင်တယ်"

ဇော်ထိုက်ကော ယမင်းခိုင်ပါ ပြုံးမိကြသည်။ မျက်ရည်ဆမ်းထားသော မျက်နှာပြင်နှင့် ယမင်းခိုင်အပြုံးမှာ အသည်းယားစရာကောင်းလှသဖြင့် ဇော်ထိုက်က ယမင်းခိုင်လက်မောင်းကို အသာဆွဲယူရင်း ရင်ခွင်ထဲ ပွေ့ပိုက်လိုက်သည်။

ယမင်းခိုင်က ရှက်ရိပ်ဝေသော မျက်နှာလေးဖြင့် သူ့ရင်ခွင်၌ ခိုဝင်ကာ. . .

"သဝန်တိုတာ အချစ်တဲ့ မောင်၊ မောင် သက်အပေါ် သဝန်တိုတာ သက်ကို ချစ်လို့ပဲလို့ သက်သဘောပေါက်ပါတယ်"

"ဟုတ်တယ် သက်ရယ်၊ မောင် သက်ကိုလေ တစ်ပါးသူနဲ့ တွဲလာတာ မောင်မကြည့်ရက်ဘူး"

"သက်ကလည်း မောင်ကလွဲရင် ဘယ်သူနဲ့မှ တွဲသွားတွဲလာ မလုပ်ချင်ပါဘူး၊ ဒါပေမယ့် လူမှုရေးက ရှိသေးတယ် မဟုတ်လား မောင်"

"မောင် ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပါ့မယ်"

"မောင်ရယ်. . . သက်ကို ယုံစမ်းပါ၊ မောင့်ဝေဒနာ သက် သာဖို့ဆိုရင် သက် အသက်တောင် ပေးဝံ့ပါတယ်"

"သက်ရယ်"

သူ အသည်းတိုင်အောင် တစိမ့်စိမ့် ဝင်သွားနိုင်စွမ်း

ရှိသော စကားကလေးများကိုလည်း ယမင်းခိုင်က ပြောတတ်သာပေသည်။ ကြည်နူးလှိုက်ဖိုစွာဖြင့် ယမင်းခိုင်နဖူးကို ငုံ၍နမ်းလိုက်မိသည်။

"ဒုက္ခပါပဲ. . . နှစ်ယောက်ထိုင် ဘီးတပ်ကုလားထိုင် တစ်လုံးတော့ စပါယ်ရှယ် မှာထားပေးရမလို ဖြစ်နေပြီ၊ ကဲ. . . ကဲ. . . ထမင်းစားရအောင် ကြွခဲ့ကြပါ"

ဒေါ်ထွေးအသံကြောင့် ယမင်းခိုင်သည် ဇော်ထိုက်ရင်ခွင်ထက်မှ အသာအယာ ရုန်းထွက်လိုက်သည်။ ဇော်ထိုက်က မလွှတ်ချင် လွှတ်ချင်နှင့် ဖြည်လွှတ်လိုက်ရသည်။

"ဟုတ်သားပဲ. . . မောင် ထမင်းမစားရသေးဘူး မဟုတ်လား. . . စားရအောင်"

"သက်ကော"

"ထပ်စားမှာပေါ့. . . မောင် စောင့်နေမယ်ဆိုတာ သိလို့ ခဲနဲ့ ဆည်းဆာမှာ တို့ကနန်း ဆိတ်ကနန်းပဲ စားခဲ့တာ"

ဇော်ထိုက်ရင်ထဲ လေးလံသွားသည်။ သို့သော် ကြိတ်မှိတ်သည်းခံလိုက်လေသည်။ ယမင်းခိုင်က စိတ်ထားရိုးရိုး ရှိခြင်းကြောင့် အမှန်ပြောခြင်းကို မိမိက သည်းခံသင့်သည်။

ထမင်းစားပွဲ၌ ယမင်းခိုင်၏အချော့အနှောင့်အတူ ဂရုဘစိုက် ကျွေးမွေးမှုဝယ် ဇော်ထိုက်မှာ မြိန်ယှက်စွာ စားသုံးလိုက်နိုင်သည်။ ဒေါ်ထွေးနှင့် နှင်းခင်မှာ သူတို့နှင့် ဝေးရာသို့ ရှောင်ရှားနေသို့ပင်သည်။ ဒေါ်ထွေးက မကြားတကြား ပြောလိုက်သေး၏။

"ဘယ်လိုဟာတွေမှန်းလဲ မသိ၊ မျက်စိကို နောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"မင်းစိတ်ထဲမှာ တစ်ခုခုတော့ ခံစားနေရပြီထင်တယ် ဇော်ကြီး"

ဇော်ထိုက် ခေါင်းကို ဆတ်ခနဲ ညိတ်ပြီး. . .

"ဟုတ်တယ်. . . မခံချိမခံသာ ဖြစ်နေတယ်ကွာ"

ဒေါက်တာအောင်ရွှန် ပြုံးစိစိနှင့်. . .

"အဲဒါပေါ့. . . ရည်းစားလူလု အူနုကျွဲခတ် ဆိုတာလေ"

ဇော်ထိုက်က မချိပြုံးဖြင့်သာ. . .

"တကယ်တော့ ယမင်းအပြစ် မဟုတ်ပါဘူးကွာ၊ ရဲမြတ်တို့

က လမ်းကြုံသလိုလိုနဲ့ ယမင်းကျောင်းကို သွားသွားတွေ့တာ၊ အဲ. . . ယမင်းကလည်း အများမရိပ်မိအောင် အထိုက်အလျောက် ဆက်ဆံတာ ဖြစ်ပါလိမ့်မယ်"

"လူတွင် ပါလို့ နွားကျားကိုက်တာ မဟုတ်ရင် တော်ပါပြီကွာ"

ဇော်ထိုက်က မချိတင်ကဲ ခပ်လေးလေး ပြောလိုက်သည်။

"သူတို့ချင်းက အတိတ်မှာ ဇာတ်လမ်းရှိခဲ့တယ်နဲ့ တူတယ်၊ ယမင်းကိုတော့ အကဲမခတ်တတ်ဘူး၊ ဦးရဲမြတ်ကတော့ ယမင်းကို ကြည့်တဲ့အကြည့်က စွဲလမ်းမှု ပါတယ်၊ မြွေမြွေချင်း ခြေမြင်တယ် ဆိုတာ ဒါမျိုးပေါ့၊ ယောကျ်ားတစ်ယောက်ရဲ့အကြည့်ကို ယောကျ်ားအချင်းချင်းပဲ သိကြတယ်၊ ငါတော့ ထင်တာပဲ၊ ဦးရဲမြတ်ဟာ ယမင်းအပေါ် တော်တော် စွဲစွဲလမ်းလမ်းဖြစ်နေပုံပဲ"

အောင်ရွှန်၏ မီးလောင်ရာ လေပင့်စကားကြောင့် ဇော်ထိုက် နှလုံးသားမီးခဲတို့ ရဲရဲတောက်ကုန်ရသည်။

"ဒေါ်ခင်မာလာ မေးကြည့်တော့ သူတို့နှစ်ဦးက ငယ်ကျွမ်းဆွေတွေဆိုပဲ"

ပင့်သက်မောတစ်ခုကိုသာ ချလိုက်မိသည်။

"ငယ်ကချစ်တော့ အနှစ်တစ်ရာ မမေ့သာဆိုတဲ့ စကား အရ ဆိုရင်တော့ ယမင်းလည်း သူ့ငယ်ကျွမ်းအပေါ် ပြတ်ပြတ်သားသားကြီးတော့ ဘယ်စိမ်းကားရက်ရာပါ့မလဲ၊ အဲဒါ ငါထင်တာ ပြောတာနော်၊ မင်းအရမ်းလည်း စိတ်ထိခိုက်မသွားနဲ့ဦး"

"အေးပါ. . . မင်းပြောတာတွေဟာ မှန်ပါတယ် ဂျွန်၊ ဒါကြောင့်လည်း ငါ့အပေါ်ကို စိမ်းစိမ်းကားကားနှင့် နင့်နင့်သီးသီးကို ပြောဆိုဆက်ဆံခဲ့တာ ဖြစ်မှာပါ"

"ဒါကတော့ ငါလည်း မပြောတတ်ဘူး၊ စိန်ကဲ့ကျာက်ကဲ

www.burmeseclassic.com

www.burmeseclassic.com

ထက် မိန်းမကဲက ပို၍ခတ်ရခက်တယ် ဆိုတဲ့စကား ရှိတယ် မဟုတ်လား၊ ငါလည်း ယမင်းကို အကဲမခတ်အောင်ဖြစ်နေတယ်"

ဇော်ထိုက်က ခြောက်သွေ့နေသော စံပယ်ကုံးလေးများကို အသာကြည့်ပြီး ဒိုင်ယာရီစာအုပ်ကြားသို့ ပြန်ညှပ်လိုက်သည်။

"သူ မပန်ဖြစ်တဲ့ ပန်းကုံးလေးတွေလေ၊ ငါမလွှင့်ပစ်ရက်လို့"

"ဩော်. . . ဇော်ကြီး၊ မင်းလည်း အပွဲပွဲ နွဲလာခဲ့သမျှ အခုမှပဲ အလဲထိုးခံရတယ်"

"ဟုတ်တယ် ဂျွန်၊ တကယ့်အချစ်နဲ့ တွေ့မှ ငါဘဝက လူဖြစ်ရှုံးနေတာ ငါသိပ်ခံစားနေရတယ်ကွာ၊ ငါစဉ်းစားနေပါတယ်. . . အဆုံးစွန်သော အတိုင်းအတာအထိကို စဉ်းစားခဲ့တယ်၊ ငါ. . . ငါ. . ."

ဇော်ထိုက်အသံမှာ အဖျားခတ် တိမ်ဝင်သွားသည်။ တအောင့်မျှ ငြိမ်သက်အားယူပြီးမှ. . .

"သူပျော်မယ်. . . သူစိတ်ချမ်းသာမယ်ဆိုရင် ငါ သူ့ကို စွန့်လွှတ်ပေးနိုင်အောင် ငါစိတ်ကို ငါဆုံးမပြုပြင်နေပါတယ်"

"သူနဲ့ ပြတ်ပြတ်သားသား ဆွေးနွေးကြည့်ပါလား"

"ဟင့်အင်းကွာ. . . ငါ မမေးရက်ဘူး၊ သူ့ဆီက မုသားနှောတဲ့စကား၊ မာယာနှောတဲ့အပြောမျိုးတွေ ငါမကြားချင်ဘူး၊ သူ့ကို သူမြတ်နိုးတဲ့ စံပယ်ပန်းလေးလိုပဲ ဖြူစင်စေချင်တယ်၊ စံပယ်ပန်းလေးတွေက မာနရှိတယ်၊ နွမ်းသွားတာတောင် ဖြူနေတယ်၊ အနံ့ကလည်း ကျန်နေခဲ့တယ်၊ သူ့ဘဝကိုလည်း. . ."

"ကြောင်တယ်ကွာ. . . လက်တွေ့သမားက စိတ်ကူးယဉ် ကဗျာဆန်နေလိုက်တာ"

"ဘဝပေးအခြေအနေက ဒီလိုပဲ ဖန်တီးလာတာကို ဂျွန်၊

ငါလည်း သဘာဝရဲ့အလှအပလေးတွေ၊ သက်ရှိသက်မဲ့လေးတွေနဲ့ နေတတ်အောင် လေ့ကျင့်နေရတယ်လေ၊ ဒါမှ စွဲလမ်းမှုနှောင်ကြိုးလျော့သွားလို့ လျော့သွားငြားပေါ့"

ဇော်ထိုက်က ဆွေးမြည့်သောအပြုံးများဖြင့် အားယူပြုံးကာ ပြောလိုက်ရှာသည်။

သူ့ရင်ထဲ အဘယ်မျှ မီးတောက်နေမည်ကို အေဂျွန် ရိပ်မိပါသည်။

ထိုအခိုက် အိမ်ရှေ့ပေါ်တီကို အောက်သို့ ရဲမြတ်၏ကားထိုးရပ်လိုက်သည်။ ထိုကားပေါ်မှ လှသော၊ ကျော့ရှင်းသော၊ နွဲ့နှောင်းသော၊ ပြုံးရွှင်သော ယမင်းခိုင်သည် ကြွကြွကလေးသွမ်းဝင်လာသည်။

ကားက ချက်ချင်းပြန်ထွက်သွားသည်။

ဒေါက်တာအေဂျွန်က ဇော်ထိုက်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ဇော်ထိုက်အကြည့်က နွမ်းလျနေသည်။ သို့သော် အားသုံ၍ ပြုံးလိုက်ရှာသည်။

"ဟော. . . အစ်ကို ရောက်နေတာ ကြာပြီလား"

"ဆိုပါတော့"

"ဒါဖြင့် ထမင်းစားပြီးမှပြန်"

"ခုပဲ ပြန်တော့မလို့ ညီမ၊ မာမီက ဒီနေ့အိမ်မှာပဲ စားရမယ်ဆိုလို့ပါ"

"ဒါဖြင့်လဲ အတင်းမခေါ်တော့ပါဘူး၊ မာမီကြီး စိတ်ဆိုးနေစေးလို့ပါ၊ မောင်ကော နေ့လည်က အိပ်ရဲ့လားဟင်၊ မအိပ်ဘူးတောင်တယ်၊ မျက်နှာနည်းနည်းချောင်နေသလားလို့"

ယမင်းခိုင် အပြောကလေးများက ချောမွေ့နေသည်။ ငြင်နာမှုက ရာနှုန်းပြည့်။

www.burmeseclassic.com

www.burmeseclassic.com

ပြန်ချင်တယ်၊ ပြန်ပို့ပေးဖို့ စီစဉ်ပေးပါ"

"မဟုတ်ဘူး မောင်၊ သက် ပါမှ မောင်သွားရမယ်၊ သီတင်းကျွတ် ပိတ်ရက်ကလေး ရောက်အောင် စောင့်လိုက်ပါဦး"

အေးစက်နေသော ဇော်ထိုက်လက်ကို ဆုပ်နယ်ပေးရင်း

"သည်နှစ် ကုန်လို့မှ မောင့်အခြေအနေ ထူးခြားမလာဘူး ဆိုရင် သက် ထွက်စာတင်လိုက်မှာပေါ့ မောင်ရယ်၊ မောင့်အတွက် ဆိုရင် သက်ရဲ့ဝါသနာကို စွန့်လွှတ်ပေးရုံတင် မကဘူး၊ အသက်ပေးပြီး ချစ်ငံ့တတ်သူပါ မောင်ရယ်၊ မောင် မယုံဘူးလား"

သူ့စိတ်ကို အမျိုးမျိုး ခံစားနေရအောင် ပြုစားနိုင်လွန်းသည်။

နွေးထွေးလာပြီဖြစ်သော သူ့လက်ဖြင့် ယမင်းခိုင်လက်ကို ပြန်၍ တင်းတင်းဆုပ်လိုက်မိသည်။

နှုတ်ကတော့ ဘာမှပြော၍မရပေ။ စိတ်လှုပ်ရှားမှုကြောင့် ကြက်သီးပင် ထလာသည်။

"မောင်က သက်ကို သက်သက်မဲ့ ဒုက္ခပေးတဲ့သူမို့လို့ သက်လို ခေါ်တာ ပြောခဲ့ပေမယ့် သက်ကတော့ မောင့်ကို အသက်ပေးပြီး ချစ်ရသူမို့လို့ ကိုယ်ကိုယ်ကို သက်လို့ သုံးတာပါ မောင်ရယ်"

ယမင်းခိုင်၏အပြောလေးကို သူ့အသည်းကြွေလောက်သည်။

အပြောတခြား အလုပ်တခြားစီ ဖြစ်နေသော ယမင်းခိုင်ကို သူယုံကြည်ချင်ပါသည်။ သို့သော် မယုံရဲတော့ပါ။ ခွင့်လွှတ်၍တော့ နေချင်သည်။

"သက် သဘောပါ... မောင်က သက်ရဲ့ကစားစရာ အရုပ်တစ်ရုပ်လို ဖြစ်နေပြီပဲ"

"စိတ်ဓာတ်ကျတဲ့စကား ပြောစမ်းပါနဲ့ မောင်ရယ်၊ သက်

ဒေါက်တာအောင်္ဂါန်က အခြေအနေကို အကဲခတ်ပြီး နှုတ်ဆက်ပြန်သွားလေသည်။

ယမင်းခိုင်က ဇော်ထိုက်နဖူးကို အသာအယာ စမ်းရင်း..

"နေမကောင်းဘူးလား... ကိုယ်လည်း မပူပါဘူး"

"မောင် နေကောင်းပါတယ်"

"မျက်နှာလည်း မကောင်းဘူး၊ ဘာဖြစ်နေလဲဟင် မောင်၊ မောင်ဘာဖြစ်နေတာလဲ"

ဇော်ထိုက် ခေါင်းသာ ယမ်းလိုက်မိသည်။

"မဟုတ်ဘူး... မောင် တစ်ခုခု ဖြစ်နေတယ်၊ လင်မယားဆိုတာ ဆိုးတူကောင်းဖက်ပါ မောင်၊ ဒုက္ခဆိုလည်း မျှဝေပေးပါ၊ ယမင်းတော့ မျှဝေယူခြင်းထက် ဒုက္ခအားလုံးကိုသာ ယူပစ်လိုက်ချင်ပါတယ်"

ဇော်ထိုက်က နှုတ်ဆိတ်နေဆဲ။

"မောင်..."

ဇော်ထိုက်၏လက်များကို ဆုပ်ကိုင်လိုက်မိသည်။ အေးစက်သောလက်များကြောင့် စိုးရိမ်သွားသည်။

"မောင် ဘာဖြစ်နေတာလဲ၊ သက်ကို ပြောစမ်းပါ"

ချစ်သောသူကို စွန့်လွှတ်တော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ဆွေးနွေးရန် ဘယ်သို့ ပြောလိုက်နိုင်ပါမည်နည်း။

"သွားပါတော့ သက်ရာ၊ မောင့်အနားက အမြန်ဆုံး ထွက်သွားပါ"

စိတ်ကို ထိန်းချုပ်ပြီး အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထားပြီး ပြောလိုက်သည်။ ယမင်းခိုင် မျက်နှာလေး မသာမယာနှင့် သူ့ကို အကဲခတ်နေလေသည်။

"မောင့်ကို ချစ်ရင် ဘာမှထပ်မမေးနဲ့၊ မောင် မေမေတို့ခြံ

www.burmeseclassic.com

ကလေ မောင့်ကို ဆူးလေးတွေ ထောင်နေတဲ့ နှင်းဆီလိုပဲ မာန်စွယ်နဲ့ ထက်ထက်မြက်ကလေးလိုပဲ ချစ်နေခဲ့တာ၊ ပတ်ဝန်းကျင်ကတော့ သက်ကို အမျိုးမျိုး ပြောကြမှာပဲ၊ သက် မောင့်ကို မကွာရှင်းတာ မောင့်စည်းစိမ်ကိုမက်မောလို့လို့ ပြောတဲ့လူက ပြောကြတယ်၊ သက် အသွားအလာကိုလည်း သာမန်ထက် ပိုပြီးအပြစ်မြင်ကြတယ်၊ ဒါတွေအားလုံးကို ခံနိုင်ရည် ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင့်ကို ချစ်တဲ့အချစ်တစ်ခုနဲ့ပဲ အရာရာကို ကျော်လွှားနိုင်ပါတယ်လို့ ထင်တာပဲ"

ယမင်းခိုင်က ရှည်ရှည်ဝေးဝေး ရှင်းပြသည်။ ဇော်ထိုက် ယုံသွားမိသည်။ ချစ်သည်ကိုး၊ အချစ်သည် အရာရာကို မျက်ကန်းသမားလို အမှောင်ကိုသာ ကြီးစိုးစေသည်။ ဘာကိုမှ မမြင်ချင်တော့။

"မောင်ယုံပါတယ် သက်၊ ဒါပေမယ့် သက်ကို မောင် မေးမယ် မေးမယ်နဲ့ မမေးဖြစ်ခဲ့တာ တစ်ခုရှိတယ်"

"ဘာလဲဟင်"

"သက် ရန်ကုန်မသွားခင်က မောင့်ကို ပေးမယ်ဆိုတဲ့အဖြေက ဘာလဲဟင်. . . အမုန်းလား"

"ကြဲကြဲဖန်ဖန် မောင်ရယ်၊ မောင့်ကို ဘီအီးဒီကွင်းဒီကို လယ်ကွင်းရယ်လို့ လာရှုံ့ချကတည်းက ချစ်နေတာပါဆို"

"ဟုတ်ရဲ့လား သက်ရယ်၊ ဘဝဆုံးနေတဲ့ မောင့်ကို သနားပြီး အဖြေတစ်မျိုး ပြောင်းလွဲခဲ့တာလား"

ယမင်းခိုင် အံ့အားသင့်သည်။ အမျိုးမျိုး ကြောင့်ကြမှု ရှိနေသော ဇော်ထိုက်ကို နားမလည်ချင်တော့။ လိုချင်လှသည့် အချစ်ကို ပေးပြီနေတော့လည်း အချစ်မှ ဟုတ်ရဲ့လားဟူ၍ သံသယ ကြီးထွားနေသူကို ဘယ်ကဲ့သို့ ဖျောင်းဖျရမှန်း မသိအောင် ဖြစ်လာ

သည်။

"မောင်ပြောတာ ဟုတ်တယ် မဟုတ်လား"

သူမ၏တွေဝေမှုကို ဇော်ထိုက်က ဝန်ခံခြင်းဟု ကောက်ယူသွားမှာစိုးပြီး. . .

"သည်လိုပါ မောင်၊ မောင်က မျက်နှာများခဲ့တဲ့သူမို့လို့ မောင့်အချစ်ကို သက်မယုံခဲ့ဘူး၊ အနေနီးစပ်လို့သာ သက်ကို ချစ်လာတယ်လို့ ထင်တာ၊ ဒါကြောင့် သက်က မောင်ပြန်ရောက်ရင် မောင့်ကို ကျေနပ်အောင် စစ်ဆေးမယ်၊ ကျေနပ်ရင် မောင့်အချစ်ကို သက်ခံမယ်၊ မကျေနပ်ရင် ကွာရှင်းပြီး မောင်နဲ့ အဝေးဆုံး နယ်စွန်နယ်ဖျားဒေသတွေကို စေလိုရာစေ လျှောက်ပြီး ဘဝကို မြှုပ်နှံလိုက်မလို့ စဉ်းစားထားတာ"

"အဟင်း. . . မောင့်အချစ်ကို ဘယ်လိုများ စစ်ဆေးဦးမှာလဲ"

"ကိုယ်အမည်ပေးခဲ့တဲ့ လယ်ကွင်းမှန်းတောင် မသိတဲ့လူကိုများ စစ်ဆေးရမှာပေါ့၊ ခုတော့လဲ"

"ခုတော့လဲ သနားလို့ ဖြေသိမ့်နေတာလား ဒေါ်ဆရာမ၊ သနားရုံနဲ့တော့ ကျွန်တော့်ကို မချစ်ပါနဲ့၊ ဒုက္ခိတမို့ သနားတာနဲ့ ဆန်ဆောင်ပြီး မချစ်လိုက်ပါနဲ့၊ ဝါသနာကိုလည်း မစွန့်ပါနဲ့ဗျာ၊ ကျွန်တော့်ဘဝ ကျွန်တော်ရပ်တည်နိုင်အောင် ကြိုးစားပြီးတော့မှပဲ ဆက်ဆီ ပြန်ခဲ့မယ်၊ မောင် ရန်ကုန်သွားပါရစေ"

"မောင်ဘာတွေပြောနေတာလဲ"

ဇော်ထိုက်က နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ယမင်းခိုင်ကို ခြေကားသောအကြည့်ဖြင့် ကြည့်ရန် ကြိုးစားသည်။

"ဟုတ်တယ်. . . သည်မှာ ဆရာမ၊ ကျွန်တော်လိုချင်တဲ့ အတွေ့အကြုံတရားရဲ့အစစ်အမှန်ကို ဆရာမဆီမှာ ခုခါနိုမျိုးမှာ ရနိုင်

www.burmeseclassic.com

www.burmeseclassic.com

ဘူးလို့ ကျွန်တော်ယူဆတယ်၊ သနားခြင်းကို အချစ်ထင်ပြီး ရလာတဲ့ မေတ္တာကို ကျွန်တော်မလိုချင်ဘူး"

"ဟာ. . . မောင်မှားနေပြီ သက်"

"နေဦး သက်၊ မောင့်စကား မဆုံးသေးဘူး၊ မောင်မှားဘူး သက်ကို မောင်ချစ်ခဲ့တဲ့အချစ်ဟာ လျှောင်ချိုင့်ထဲ သွင်းထားပို့ မဟုတ်ဘူး၊ သနားခံခြင်းတွေနဲ့ နှောင်ဖွဲ့ဖို့လည်း မဟုတ်ဘူး၊ သည်တော့ မောင် မေမေတို့ဆီ သွားတော့မယ်"

ဇော်ထိုက်သည် ဆက်ရမည့်စကားအတွက် ရင်မှာ အောင့်တက်လာသည်။ မနည်းအားယူနေစဉ်. . .

"မောင်ရယ်. . ."

ယမင်းခိုင်က သူ့ရင်ခွင်တွင်း တိုးဝင်လာဟန် ပြင်လိုက်သည်။ ဇော်ထိုက်က ဆီးကြိုမပွေ့ဘဲ လက်တန်းကိုသာ မြဲမြဲဆုပ်ကိုင်ထားလိုက်ရာ. . .

ယမင်းခိုင်က အသာအယာ ပြန်ခွာထွက်လိုက်သည်။ ယမင်းခိုင်မာနကို သူသိနေသည်။

"ပြောလေ မောင်၊ မသွားခင် ဘာဖြစ်သလဲ"

"နိုင်ငံခြားအထိ သွားကုတန်ကုမယ်၊ အဲဒီကော့ မသွားခင် သက်အတွက် မောင် ကွာရှင်းကြောင်း လက်မှတ်ထိုးပေးခဲ့မယ်"

"မောင်. . ."

ယမင်းခိုင် ထိတ်လန့်တကြား ဟစ်အော်လိုက်ရာ ဇော်ထိုက်က လက်ကာရင်း. . .

"ခဏလေး သက်၊ မောင်ပြောဦးမယ်၊ သက်အတွက် မောင် ကွာပေးခဲ့တာပါ၊ ရသင့်ရထိုက်တဲ့ ပိုင်ဆိုင်မှုတွေကို သက်ကို မောင် လွှဲပြောင်းပေးခဲ့မယ်၊ သက်ရဲ့နှလုံးသားကို မောင် လွတ်လပ်ခွင့် ပေးတာပါ၊ ကျောက်ရုပ်ဖြစ်နေတဲ့ ခင်ပွန်းယောကျ်ား တစ်

ယောက်ကြောင့်တော့ သက်အချစ်ကို၊ သက်ရဲ့ဘဝကို အကျဉ်းချထားပါနဲ့၊ သက်စိတ်တိုင်းကျ သွားလာနေထိုင် ပျော်ရွှင်နိုင်ဖို့ သက်သက်ပါ သက်ရယ်၊ မောင်ကျေနပ်ပါပြီ. . . မောင်"

"တော်ပါတော့ မောင်ရယ်၊ မောင့်စကားတွေဟာ သက်ကို စော်ကားလွန်းပါတယ်"

ယမင်းခိုင်က ဇော်ထိုက်ပါးစပ်ကို လက်ချောင်းကလေးများနှင့် ပိတ်ကာ တားဆီးလိုက်သည်။ မျက်ရည်များကလည်း ဆီနှံးအသိမ်းမရှိ ခုန်ပေါက်ပြေးဆင်းလာသည်။

"မောင့်စကားကို ပြန်ပြင်၊ မောင် မသွားရဘူး၊ သက်နားကောင် ဘယ်ကိုမှ မသွားရဘူး"

"မပြင်ဘူး. . . သက် မောင့်ကို ကွာပေး"

"မကွာဘူး. . . မသွားရဘူး"

"သက်. . ."

ယမင်းခိုင်က ထိုင်ရာမှ ဝုန်းခနဲ ထပြီး ပြေးထွက်သွားသည်။ ဇော်ထိုက်မှာ အံ့ကို တင်းတင်းကြိတ်ရင်း ယမင်းခိုင်နောက်ကို ဒီးတအားလိုမှ်ပြီး လိုက်သည်။

ပတ်ဝန်းကျင်ရှိ အရာအားလုံးမှာ ဝေဝါးနေ၏။ သူ့ရင်ဘတ်မှာ ပူနွေးစွတ်စိုနေသည်။

"သက်. . . သက်"

"ဒုန်း. . ."

နဖူးပြင် ပူခနဲ ဖြစ်သွားသည်။ တစ်ခုခုနှင့် တိုက်မိပြီဟု သိလိုက်ရပြီး ဆမ္ဘောင်ထု ဖုံးအုပ်ခြင်းကို ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကလေး"

ဒေါ်ထွေးခေါ်သံကြောင့် မျက်လုံးကို အသာဖွင့်လိုက်သည်။ ကျိန်းသွားသော အလင်းရောင်တန်းကြောင့် မျက်လုံးကို အသာပြန်မှိတ်လိုက်သည်။

"သတိရပြီလား ကလေး"

"ဟုတ်ကဲ့. . ."

စိတ်က ဤမျှ ပျော့ရသလားဟု မိမိကိုယ်မိမိ ဒေါသဖြစ်သည်။ နံရံနှင့် ခေါင်းတိုက်ရုံမျှဖြင့် မေ့သွားရအောင် ဖြစ်ရခြင်း နားမလည်။

အမြင်က ကြည်လင်လာသည်။ တမ်းတမ်းတတ အမြဲ ချင်ဆုံးသော မျက်နှာကလေး ရှိမနေ။

"သက်ကော. . ."

"ရှိပါတယ်. . . မင်းဖြစ်ပျက်နေတာ မြင်ပြီး သူလည်း မေ့လဲသွားလို့လေ၊ ဝဲ့နှင်က မင်းရော သူ့ရော ကုပေးသွားရတာ"

"ဟင်. . ."

စိုးရိမ်သွားသည်။

"မစိုးရိမ်ပါနဲ့. . . ဆေးအရှိန်နဲ့ အိပ်နေတာပါ"

"အပေါ်ထပ်မှာလား"

"အင်းပေါ့. . . သူ့အခန်းထဲမှာပဲ"

သူ သွားကြည့်၍ မရနိုင်၊ တွေ့ချင်စိတ်ကို လျှော့ချလိုက်ရသည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်သော ဘဝအတွက် သူကိုယ်သူ နာကျည်းခြင်းနှင့်အတူ သူ့ဆုံးဖြတ်ချက်သည် ခိုင်မြဲလာရသည်။

"စိတ်ကို အလျှော့ပေးမှပေါ့ ကလေးရယ်၊ ဘဝပေးကုသိုလ်နည်းလို့ ဖြစ်လာရပြီပဲ၊ ရှေ့လျှောက်ပြီး စိတ်ကို တည်တည်ငြိမ်ငြိမ် ထားမှပေါ့၊ အနာသိရင် ဆေးရှိပါတယ်၊ ယမင်းကလည်း မင်းကို ချစ်ရှာပါတယ်၊ ညည မင်းကို ထကြည့်ရတာလည်း အမောပဲ ဆရာဝန်တွေနဲ့ တိုင်ပင်ရတာလည်း ခဏခဏ၊ သူက မင်းအပေါ် စေတနာတော့ ထားရှာပါတယ်"

"နားလည်ပါတယ် ထွေးထွေး၊ နားလည်လွန်းလို့လည်း ဘွန်တော့်ရဲ့အကျည်းတန်လှောင်ချိုင့်ထဲမှာ မထားရက်တော့ဘူး၊ ဘွန်တော်ဟာ သူ့ဘဝအတွက် လူပိုသက်သက်ပါ၊ သူ့ဘဝ အညွှန့်ဆုံးအောင် ကျွန်တော်ချုပ်နှောင်မထားသင့်ပါဘူး၊ သူ့ကို ကွာပေးသင့်တယ်"

ရင်နာနာဖြင့် ဒေါ်ထွေးကို တိုင်တည်နေမိစဉ် ခြေသံသဲ့သဲ့ ကြားလိုက်ရသည်။

ရင်းနှီးနေသည့် သနပ်ခါးနံ့ ရောထွေးနေသော ကိုယ်သင်းနံ့လေးကို ရလိုက်သည်။

"သက်. . ."

ညအိပ်အကျီဖားဖားနှင့် ဆံပင်ခွေနွယ်များက ကပိုကရို ဖြစ်နေသည်။ ဘယ်လိုပုံစံနှင့်နေနေ အလှဝေနေတတ်သော ယမင်း

www.burmeseclassic.com

www.burmeseclassic.com

ခိုင်ကို ဆွေးမြည့်စွာ ကြည့်နေမိသည်။

"မောင်. . . "

ခွဲခွာရန် ဆုံးဖြတ်ပြီးကာမှ လက်ကမ်းမိပြန်သည်။ သူ့လက်ကို ဆွဲကာ ယမင်းခိုင်က ခုတင်ဘေးစွန်း၌ တင်ပျဉ်လွဲ ထိုင်လိုက်သည်။

ဒေါ်ထွေးက. . .

"နေမကောင်းရင် နားနေပါလား သမီးရယ်၊ ထွေးထွေးတို့ ရှိနေတာပဲ၊ သမီးကော သက်သာရဲ့လား"

"သက်သာပါတယ် ထွေးထွေး၊ ထွေးထွေးတို့ သွားအိပ်ချင် အိပ်တော့၊ ယမင်း မောင်နဲ့ စကားပြောချင်သေးလို့ပါ"

"အေး. . . ဒါဖြင့်လည်း သွားမယ်၊ ပြေပြေပြပြစ် ပြော ကြနော်"

"ကျွန်တော်လည်း နေ့လည်က အိပ်ထားလို့ မအိပ်ချင် သေးဘူး၊ ကျွန်တော့်အခန်းပြန်ပြီး စာသွားကြည့်လိုက်ဦးမယ်"

တမင်ရှောင်သွားကြမှန်းကို သူရော ယမင်းခိုင်ပါ နား လည်ကြသည်။ ရှက်သွေးစိုသောမျက်ဝန်းဖြင့် ယမင်းခိုင်က ဇော် ထိုက်ကို မဝံ့မရဲ ကြည့်လိုက်သည်။

"မောင်. . . "

"အင်. . . "

"သက် မောင့်ကို တောင်းပန်ချင်တယ်"

"ဘာများလဲ သက်ရယ်"

"သက် အဲဒီစကားကို ချင့်ချိန်နေတာ ကြာပြီ၊ မောင့်စိတ် မှာ တစ်မျိုးများ ဖြစ်သွားမလားဆိုပြီး ချိန်နေတာ အတော်ကြာ

စကားပလွင့်ခံနေသော ယမင်းခိုင်ကို သူငေးနေမိသည် ယမင်းခိုင်က သူ့အကြည့်ကို မျက်နှာလွဲကာ သူ့ခန္ဓာကိုယ်

ဇော်ထိုက်ရင်အုံကျယ်ပေါ် သို့ ကိုင်းချကာ ခေါင်းကလေး စောင်း တင်၍ နားခိုလိုက်သည်။

ဇော်ထိုက်၏နှလုံးခုန်သံ တဒုန်းဒုန်းသည် သူ့ပါးပြင်သို့ တွန်းထိုးနေသည်။ ဇော်ထိုက်က သူမကို ဖွဖွကလေး သိုင်းဖက်ထား လိုက်သည်။

"ပြောလေ သဏ္ဍ"

သက်က ခပ်တိုးတိုးလေး ဇာတ်ကြောင်းပြန်ပြသည်။ ရဲမြတ်နှင့်သူသည် ငယ်ငယ်ကလေးတည်းက ကျောင်းနေဖက် ဖြစ် ကြောင်းနှင့် အရွယ်ရောက်လာတော့ ရဲမြတ်က ချစ်ရေးဆိုခဲ့သည့် အကြောင်း၊ သို့သော် သူမက အဖြေမပေးခဲ့ရသေးပါ။

ကျောင်းပြီးမှ အဖြေပေးမည်ဟု ပြောခဲ့သည်။ ကျောင်းပြီး ပြန်တော့ သူမ လက်ထပ်ခဲ့ရသဖြင့် ရဲမြတ်နှင့်သူမဇာတ်လမ်းမှာ အလိုအလျောက် ပြီးပြတ်သွားကြောင်းကို တိုးတိတ်စွာဖြင့် ရှင်းပြ လေသည်။

ဇော်ထိုက်က သက်ပြင်းချလိုက်သည်။

"သူကတော့ သက်အပေါ် ခုထိ ကမ်းလှမ်းတုန်းပဲ မောင်၊ မောင်သာ သက်ကို ကွာလိုက်ရင် သူက ပိုပြီး ဖိုးကျိုင်းတုတ် ဖြစ် သွားမှာ၊ သက်ကလည်း မောင်ကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ပါ ဘူး"

ဇော်ထိုက်နှလုံးသားများ ထုံကျင်လာသည်။

"သက်ကို ထားပြီး မောင်တစ်ယောက်တည်း ရန်ကုန်ကို မသွားပါနဲ့ဦး မောင်ရယ်၊ မောင်သာ သက်အတွက် ခိုင်ခံ့တဲ့ ဝံတိုင်း ကြီးပါ မောင်၊ နော်. . . မောင်"

အပြောလေးက ခွဲနွဲ့လွန်းလှသည်။

ဇော်ထိုက် အရည်ပျော်သွားသည်။ သို့သော် ချက်ချင်းပင်

www.burmeseclassic.com

www.burmeseclassic.com

သတိဝင်လာကာ. . .

"သက်ရဲ့ ရဲက မောင့်ထက်ပိုပြီး သက်အတွက် မဟာ တံတိုင်း မဖြစ်နိုင်ဘူးလား"

"ဟင်. . . ဘာပြောတယ် မောင်"

ယမင်းခိုင်က သူ့ရင်ဘတ်ပေါ်မှ ဆတ်ခနဲ ခေါင်းထောင် ထလိုက်သည်။

"ခုချိန်မှာ ဦးရဲမြတ်ဟာ သက်အပေါ် မောင့်ထက်ပိုပြီး အားထားလောက်တဲ့ အရည်အချင်းတွေ ရှိနေတာပဲ၊ အိုကွာ. . . မောင့်ထက်စာရင် တလောကလုံးမှာ ရှိတဲ့ ယောကျ်ားတိုင်း သာတာ ချည်းပဲ"

"တော်ပါတော့ မောင်ရယ်"

ယမင်းခိုင်က ဇော်ထိုက်ပါးစပ်ကို သူ့လက်ဝါးလေးနှင့် အုပ်လိုက်သည်။

"မောင်ဟာ သိပ်အားလျော့စကားကို ပြောတာပဲ၊ ယောကျ်ားမဟုတ်တာ ကျနေတာပဲ၊ သက် ထင်ပါတယ်၊ မောင်ဟာ သက်ချစ်သလို မချစ်ပါဘူး၊ မချစ်လို့ဘဲ သက်ကို သူစိမ်းလိုသာ ဆက်ဆံခဲ့တာပေါ့"

ယမင်းခိုင် လက်ကို ဖယ်ရှားကာ. . .

"ဒါတော့ မဟုတ်ဘူး သက်၊ သက်စကားတွေ သက် ပြန် စဉ်းစားပါဦး၊ မောင်ဟာ အချစ်ရဲ့သားကောင် အဖြစ်ခံနိုင်တယ်၊ အဲ. . . တဏှာရဲ့သားကောင်အဖြစ်တော့ အပြောမခံနိုင်ဘူး"

"ဟုတ်ပါ့မလား မောင်၊ မောင့်ချစ်သူတွေကို မေ့မရတာ ရယ်၊ အချိန်အခါကို စောင့်စားရင်း သက်ဘဝကို အကျဉ်းချထား တာ မဟုတ်လား၊ မောင် သက်ကို မချစ်လို့ ခုလို ကွာစကား ပြော တာပေါ့"

ဇော်ထိုက် မငြင်းချင်တော့ပေ။ အဲသည်လို ထင်သွားတာမဲ့ ခပ်ကောင်းကောင်း ဖြစ်နေသည်ဟု ယူဆကာ ငြိမ်သက်နေလိုက် သည်။

"မောင်"

ကြာရှည်လျှင် သူ့နှလုံးသားကို ယမင်းခိုင် ရိပ်မိသွားနိုင် သည်။ ထို့ကြောင့်. . .

"ဟုတ်တယ်. . . မင်းပြောတာ မှန်တယ်၊ ငါ့မိဘတွေကို မလွန်ဆန်နိုင်လို့ မင်းကို ယူခဲ့တယ်၊ အခြေအနေပေးရင် မင်းကို ကွာပြီး စင်သီယာကို ယူမယ်၊ ဒါကြောင့် မင်းနဲ့ငါ့ကြားမှာ ဘာနှောင် ကြိုးမှ မဖွဲ့နိုင်အောင် ခပ်ကင်းကင်းပဲ နေခဲ့တာ. . . ရှင်းပြီလား"

ယမင်းခိုင် မျက်နှာဖြူဖျော့သွားသည်။ နှုတ်ခမ်းသားများ တဆတ်ဆတ် တုန်ခါလာသည်။

"မောင်. . . "

ဇော်ထိုက်မှာ အကြည့်ကို လွှဲယူကာ. . .

"မင်း ငါ့ကို အမြန်ဆုံး ကွာပေးပါ"

"မောင် တကယ်ပြောနေတာလား"

"အင်း. . . "

"တကယ်ဆိုပါတော့. . . သက်နဲ့မောင်ရဲ့ဝေဒနာ လဲလှယ် ရမယ်ဆိုရင် မောင်ဘာကို ရွေးမလဲဟင်"

ဇော်ထိုက်ရင်ထဲ တုန်လှုပ်ချောက်ချားသွားသည်။

"ဘာ"

"ဩော်. . . သက်ရယ်၊ မောင့်ရဲ့ဝေဒနာ ပျောက်ကင်းမှု ရယ် နှစ်ရပ်မှာ တစ်ခုခုကို စွန့်လွှတ်ပြီး တစ်ခုကို ရွေးချယ်ရမယ် ဆိုရင် မောင် ဘာကို ရွေးမလဲလို့ပါ"

ဇော်ထိုက်က လက်သီးကို ဆုပ်ကာ မွေ့ရာကို လာအားထု

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး နှလုံးသားပေါက်ကွဲသံဖြင့်. . .

"မသိဘူး. . . မမေးနဲ့"

ယမင်းခိုင်ကလည်း ဇွဲနဲ့ဘဲကြိုးစွာဖြင့် ဇွတ်တရွတ်ပင်. . .

"ဟင့်အင်း. . . မသိလို့မရဘူး၊ ပြောရမယ်"

ဇော်ထိုက် ရင်ခွင်ထက် ခေါင်းတင်လာပြန်သောအခါ ဇော်ထိုက် ကယောင်ကတမ်းဖြင့် ယမင်းခိုင်ကို ဆွဲယူပွေ့ပိုက်လိုက်သည်။

မျက်နှာချင်း အပ်မိသောအခါ ဇော်ထိုက်က အငမ်းမရနမ်းရှိက်လိုက်သည်။ မနမ်းစဖူး အနမ်းထူးတို့ကြောင့် ယမင်းခိုင်လန့်ဖျတ်သွားသည်။ နှလုံးသားရိုင်းတို့မှာ ဆတ်ဆတ်ခုန်သွားသည်။

အသက်ရှူရပ်မတတ် ခံစားလိုက်ရသည်။ သို့သော် ရုန်းကန်ရန် သတိမရပါ။ မူးမူးမေ့မေ့ အနမ်းရှုံ့၌ နစ်မျောနေရာမှ ဇော်ထိုက်က အထိတ်တလန့် တွန်းဖယ်လိုက်မှကြောင့် လူချင်း ကွာသွားသည်။

"သွားပါ သက်၊ မောင့်ကို သနားရင် မောင့်အနားက အမြန်ဆုံး ထွက်သွားပါ"

"ဟင့်အင်း. . . ဟင့်အင်း. . . သက်မေးတာ မောင် မဖြေမချင်း သက်မသွားဘူး"

ယမင်းခိုင်ကလည်း ခေါင်းမာမာနှင့် ဇွတ်ပေနေသည်။ ဇော်ထိုက်မှာ အံကို တင်းတင်းကြိတ်လိုက်ပြီးနောက်. . .

"သည်မှာ ဆရာမ"

ဇော်ထိုက်က အတော့်ကို အားယူလိုက်ရသည်။

"လောကမှာ လူတွေဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးပဲ၊ ကျုပ်ဝေဒနာ ပျောက်ကင်းဖို့ မင်းကို လဲလှယ်ရမယ်ဆိုရင် ဝမ်းသာစွာနဲ့ကို လဲလှယ်လိုက်မယ်၊ ဒါ ကျုပ်အဖြေပဲ"

ယမင်းခိုင်က ခုတင်စွန်းပေါ်မှ ဝုန်းကနဲ ထလိုက်သည်းနှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး. . .

"ကောင်းပါပြီ. . . ရှင့်အလိုကျ ဖြစ်စေရမယ်၊ အဲ. . . ရှင် တစ်ခုတော့ မြဲမြံမှတ်ထားပါ။ မိန်းမတွေဟာ ယောကျ်ားတွေထက် ပိုပြီး မေတ္တာတရား ကြီးမားကြတယ်၊ အချစ်လည်း ကြီးတယ်၊ အချစ်ကြီးသမျှ အမျက်လည်း ကြီးတယ်၊ သည်တော့ ရှင့်ပေါ် ကျွန်မ အမျက်ကြီးသွားပြီ"

ဇော်ထိုက်က ကြက်သေ,သေကာ ယမင်းခိုင်ကို ငေးကြည့်နေမိသည်။

အမြင်က ဝေဝါးနေသဖြင့် မျက်ရည်ကျနေသလားဟု ထင်မှတ်လိုက်သည်။ မကျရဘူး။ မျက်ရည်ကျတာ ယောကျ်ားမဟုတ်ဘူးဟု မာန်တင်းထားသည်။

"သည်တော့ ကျွန်မဘဝကို အကျဉ်းချထားတဲ့ ရှင့်ကိုလည်း ကျွန်မက ပြန်ပြီးချုပ်နှောင်ရမဲ့ယ်၊ ရှင့်ကို ကျွန်မ မကွာပေးနိုင်ဘူး၊ မိဘတွေ သဘောတူမှ ကွာပေးမယ်၊ ရှင့်ကိုလည်း ရုန်ကုန်ပြန်မလွှတ်နိုင်ဘူး၊ လင်မယားဆိုတာ ဆိုးတူကောင်းဘက် အတူတူ နေကြရတယ်၊ သာစဉ်မှာ စံစားပြီး နာစဉ်မှာတော့ ပစ်ထားတတ်တာ မိန်းမကောင်း မဟုတ်ဘူး၊ ကျွန်မဟာ မိန်းမယုတ် မဟုတ်ဘူး၊ ရှင့်ကို ကွာမပေးဘူး၊ ဒါပေမယ့် ရှင်စိတ်ချမ်းသာအောင် ရှင်နဲ့ ခပ်ကင်းကင်း နေပေးပါ့မယ်"

ယမင်းခိုင်က စကားဆုံးသည်နှင့် ချာခနဲ လှည့်လိုက်သည်။ သို့သော် ခြေက ရုတ်တရက် လှမ်း၍မရသေး။ သူမ၏ မျက်ဝန်းအိမ်၌ ဇော်ထိုက်၏ကြေကွဲချောက်ချားနေသော အသွင်အပြင်မှာ ဖျောက်ဖျက်၍မရချေ။

ဇော်ထိုက်ကို ပြန်လှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ယူကျုံးမရစွာ မျက်ရည်များ ရစ်သိုင်းနေသော မျက်ဝန်းအစုံကို တွေ့လိုက်ရသည်။ အကြည့်ချင်း ဆုံသွားသည်။

ယမင်းခိုင်ရင်၌ ပြောင်းဆန်သွားသည်။ ဇော်ထိုက်နဖူးပြင်ထက် ငုံ့နမ်းပြီး လျင်မြန်စွာ ပြေးထွက်ခဲ့သည်။

အပေါ်ထပ်သို့တိုင်အောင် မရပ်မနား ပြေးတက်ခဲ့သည်။ မျက်ရည်များ စွန်းထေးကျန်ရစ်ခဲ့သည်။

အိပ်ယာထဲ၌ သဲသဲမဲမဲ ရှိုက်ငိုလိုက်မိသည်။

အငိုနှင့် စခဲ့သော သူတို့၏အိမ်ထောင်ရေးသည် မည်သည့်အချိန်မှ သာယာနိုင်မည်နည်း။

မင်္ဂလာဦးညကတည်းက မျက်ရည်နှင့် စခဲ့ရသည်။ ရင်မှာ တအုံနွေးနွေးနှင့် မင်္ဂလာဦးညကို သတိရလိုက်မိသည်။

ဆ အ လ ဏ

မင်္ဂလာဆောင်ကို အင်းလျားကန်ဟိုတယ်၌ ကျင်းပခဲ့သည်။ ထိုနေ့မှာပင်ကို လေးယောက်ခန်း ယူကာ ညရထားဖြင့် မန္တလေးသို့ တက်ခဲ့သည်။

လေးယောက်ခန်းမှာ သူတို့နှစ်ယောက်တည်း။

နှစ်ဦးသား ယှဉ်တွဲထိုင်ရင်း အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်။ သူဘာတွေးနေသည်ကိုတော့ ယမင်းခိုင် မမှန်းဆတတ်။ ယမင်းခိုင်ကတော့ သူ မိမိကို မှတ်မိတာလား၊ မှတ်မိလျက် မသိဟန်ဆောင်နေတာလား တွေးနေသည်။

ဘီအီးဒီဝင်းထဲ၌ မိမိကို လယ်ကွင်းဟု ရွှတ်ချလှောင်ပြောင်ခဲ့ဖူးခြင်းကို သူ တကယ်ပဲ မေ့နေသလားဟု တွေးနေမိသည်။

တစ်ဆက်တည်း ငြိမ်သက်နေသော ဇော်ထိုက်၏အတွေးဝယ် သူ့ချစ်သူအကြောင်းများ ပါဝင်နေသလား ဟူသောအတွေးဖြင့် မနာလိုစိတ်များ ကိန်းအောင်းဖြစ်ထွန်းနေသည်။

"ဒေါ်ဆရာမ"

ရထားစက်ခုတ်သံမှအပ တိတ်ဆိတ်လွန်းမှုကို သည်းမခံနိုင်သည့်အလား ဇော်ထိုက်က ခေါ်လိုက်သဖြင့် ယမင်းခိုင် တုန်လှုပ်သွားသည်။ အကြည့်နှင့်ဆာ တုံ့ပြန်လိုက်သည်။

သူ့ရုပ်က အမြင်ကတ်စရာ ကောင်းလွန်းလှသည်။ ကျောက်ကျောရေပက်ထားသည့် မျက်နှာမျိုး။ ပြောင်ချော်ချော်နှင့်၊

"ဘာလဲ"

"မေးမလို့"

"မေး"

စကားတို့သည် မချောမွေ့ကြ။

"သည်ည ဘာညလဲဟင်"

ဇော်ထိုက်မျက်နှာက မချိမချဉ်။

ယမင်းခိုင်ကလည်း မဆိုင်းမတွပင်. . .

"တနင်္ဂနွေညပေါ့"

"ဟာဗျာ. . . ဒါတော့ သိတာပေါ့"

"သိရင် ဘာဖြစ်လို့ မေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com

ယမင်းခိုင်က သူ ဘာရည်စူး၍ မေးမှန်း နားလည်ပါသည်။ တမင်ရွဲ့ပြောနေခြင်းအဖြစ်ကို သူကတော့ ရိပ်မိဟန်မတူ။

"တနင်္ဂနွေဆိုတာ ထူးခြားမှု ရှိတာမှ မဟုတ်တာ၊ ကျွန်တော်မေးတဲ့ညက ခင်ဗျားနဲ့ကျွန်တော့်အတွက် ထူးခြားတဲ့ည၊ မင်္ဂလာဦးညလို့ ခေါ်တယ်မဟုတ်လား၊ ဟုတ်လား ဒေါ်ဆရာမ၊ ကျွန်တော်က မသေချာလို့ မေးကြည့်တာပါ"

သူက အေးဆေးစွာ ပြုံးရင်း မိမိအား စေစေ့ကြည့်ကာ ပြောလိုက်သည်။

ယမင်းခိုင်က မာန်တင်းထားသော်လည်း နှလုံးသား ပုစွန်ဆိတ်က တထိတ်ထိတ် ခုန်နေလေပြီ။

"မသိဘူး"

"တကယ်မသိဘူးလား. . . ဟန်ဆောင်တာလား"

"ဘာကို ဟန်ဆောင်ရမှာလဲ"

"ခုချိန်မှာ ခင်ဗျားနဲ့ကျွန်တော်ဟာ လက်ထပ်ပြီးစ ပူပူနွေးနွေး ဇနီးမောင်နှံအဖြစ် ရှိနေတာကိုလေ၊ ခင်ဗျားတကယ်မသိဘူးလား"

"အို. . . ဘာဆိုင်လို့လဲ"

"အဟတ်. . . သိပါဘူး၊ ဆိုင်သလားလို့ပါ၊ ပြီးတော့ ကျွန်တော့်လိုပဲ ခင်ဗျားကော ရင်ခုန်နှုန်း သိပ်မြန်နေသလားလို့လေ၊ သူခိုးသေဖော်ညှိတာပေါ့ဗျာ"

ယမင်းခိုင် တုန်လှုပ်လာသည်။

"ရှင်နော်. . . ယီးတီးယားတား မလုပ်နဲ့၊ ရှင့်စကားတွေလ၊တောင် မစွန်းသေးဘူး၊ ရှင်မေ့ပစ်လို့ မကောင်းဘူး"

"ဘာစကားတွေလဲ"

သူက မသိဟန်ဆောင်၍ မေးနေပြန်သည်။

"ရှင်နော်. . . မေ့ဟန်ဆောင်မနေနဲ့၊ ရှင်က ကျွန်မကို လက်ဖျားနဲ့တောင် မတို့ပါဘူးဆိုတဲ့ ကတိလေ"

"ဩော်. . . ဒါလား၊ ကျုပ်ကကော ဘာပြောနေလို့လဲ၊ ခုကော ခင်ဗျားကို လက်ဖျားနဲ့ ထိလို့လား၊ စကားပြောနေတာပဲ၊ ပြောတာတွေကလည်း အမှန်တွေချည်းပဲ၊ သူများတွေက ပြောကြတယ်၊ မင်္ဂလာဦးညဟာ ရင်တဖိုဖို အသည်းတအေးအေးနဲ့ မမှေနိုင်တဲ့ ညတစ်ညအဖြစ် မှတ်တမ်းတင်ကြလို့ ပြောတာပါ၊ ဟုတ်မယ်ထင်တယ်၊ ကျွန်တော့်ရင်ထဲ တစ်မျိုးဖြစ်နေတယ်"

"ဘာကြောင်နေတာလဲ. . . သိပ်လည်း စိတ်ကူးယဉ်မနေနဲ့၊ ခု ရှင်နဲ့ကျွန်မက အရှင်းကြီးပဲ၊ မိဘတွေကို မလွန်ဆန်ချင်လို့ ဘာဝန်အရ လက်ထပ်ထားကြတဲ့သူတွေပဲ၊ ရင်ဖိုစရာလဲ မလိုဘူး၊ အသည်းအေးစရာလဲ မလိုဘူး"

ဇော်ထိုက်မျက်နှာ အပြုံးရိပ်များ လွှင့်ပြယ်သွားသည်။ ယမင်းခိုင်၏ရှက်လန့်တကြား ကြောက်ကန်ကန်သောစကားတို့သည် သူ့ရင်ကို ဒက်ခနဲ မှန်စေသည်။

"ကတိစာချုပ် မရှိဘူးနော်"

"အို. . . မြင့်မြတ်တဲ့စိတ် ရှိတဲ့လူတွေဟာ နှုတ်ကတိလိုပဲ စောင့်ထိန်းတတ်တယ်"

တုန်လှုပ်မှုနှင့်အတူ စကားတို့သည် မိမိပါးစပ်ဖျားမှ မည်ကဲ့သို့ ခုန်ပေါက်ထွက်လာမှန်း ယမင်းခိုင် မတွေးတတ်အောင် ဖြစ်နေသည်။

ဇော်ထိုက်က ခပ်တိုးတိုး မေးလိုက်သည်။

"နှုတ်ကတိ ပျက်ရင် ဘာဖြစ်တတ်သလဲ"

ယမင်းခိုင် နားထဲ မိုးချုန်းသံအလား ထစ်ချုန်းမြည်ဟည်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇော်ထိုက် မျက်နှာကို အလန့်တကြား ကြည့်ပြီး ပြောမိပြောရာ စွတ်ပြောချလိုက်သည်။

"ခွင်နားမလည်ဘူးလား. . . ယောကျ်ားကောင်း ယောကျ်ားမြတ်တွေဟာ သူတို့ ပေးတဲ့ကတိကို ဘယ်တော့မှ မချိုးဖောက်တတ်ဘူး၊ အသက်နဲ့ လဲပြီး စောင့်ထိန်းတတ်တယ်၊ ကတိချိုးဖောက်တဲ့လူဟာ လူယုတ်မာလို့ ကျွန်မ ယူဆတယ်"

ဇော်ထိုက်မျက်နှာမှာ မခံချင်စိတ်ကြောင့် ရဲရဲနီလာသည်။

"အဲဒီလိုယောကျ်ားမျိုး မင်းကြိုးဖူးလို့လား"

"မကြိုးခဲ့လို့ ခွင့်ကို ယူရတာပေါ့"

ဇော်ထိုက် ကွဲမြိုးတိုသွားသည်။ ထိုင်ရာမှ ဝုန်းကနဲ ထကာ တစ်ဖက်ဆိုဖာသို့ ပြောင်းထိုင်လိုက်ရင်း. . .

"ကျုပ်ပေးတဲ့ကတိကို ကျုပ်တည်အောင် ထိန်းသိမ်းနိုင်တယ်၊ အဲ. . . အဲဒါကလည်း ခင်ဗျားပြောသလို သိပ်ပြီးမြင့်မြတ်တဲ့ ယောကျ်ား အဖြစ်ခံချင်လို့ မဟုတ်ဘူး"

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး. . . ကျုပ်ကလည်း မချစ်တဲ့သူဆိုရင် လက်ဖျားနဲ့တောင် တို့ဖို့ မရည်ရွယ်ဘူး"

"မစင်ထက်တောင် ရွံတယ်လို့ ဆိုပါတော့၊ ရှင် ကျွန်မနဲ့တွေ့စက ပြောခဲ့သလိုပေါ့နော်"

ယမင်းခိုင်က မကြေမချမ်းနိုင်သော စကားဖြင့် ခနဲ့လိုက်သည်။

"ဒါကတော့ စကားအဖြစ် ပြောတာပါ၊ ခင်ဗျားလို-လှလှလေးကိုတော့ အလှကြည့်ဖို့သက်သက် ယမင်းရုပ်လေးလို ရွှေ့ကေ့စ်ထဲမှာ အလှထားသလိုမျိုး ထားမှာပါ၊ စိတ်ချ. . . အဟဲ"

မခံချင်စရာကောင်းအောင် ပြုံးဖြဲဖြဲနှင့် ပြောနေသော

ဇော်ထိုက်ကို ယမင်းခိုင်က မုန်းတီးသောအကြည့်ဖြင့် ကြည့်လိုက်သည်။

သို့သော် နှလုံးသားပြင်၌ မုန်းတီး၍မသွားပါ၊ ချောမောသော သူ့အသွင်သည် မထေမဲ့မြင်အပြုံးကြားမှပင် ကြည့်၍ကောင်းနေသည်။

"မေမေကနော်. . . တကယ်ပဲ အလှအပလည်း မြင်တတ်တယ်၊ ကျုပ်ရည်းစားတွေထဲမှာတောင် ခင်ဗျားအလှ ဒီတာ တစ်ယောက်မှ မပါဘူး၊ အဟတ်. . . ကျုပ် အလှကြိုက်မှန်း သိလို့ မေမေက အလှဆုံးမိန်းကလေးကို ရှာပေးတာ ထင်ပါရဲ့"

ရင်ထဲ စူးနစ် နာကျင်သွားသည်။ နာကြည်းစိတ်တို့ အုံကြွလာသည်။

"ဟုတ်တယ်. . . ကျွန်မဟာ ရှင့်မိဘတွေက ငွေပုံပေးပြီး ဝယ်ထားတဲ့ စကားပြောတတ် လှုပ်ရှားတတ်တဲ့ မနုဿစက်ရုပ်ကိုး"

"အင်းလေ. . . ကျုပ်တော့ ဒီလိုပဲ သဘောထားရမှာပဲ၊ ဝယ်ထားလို့ မဖြစ်ဘူးလေ၊ ခင်ဗျားက လှတာကိုး၊ တော်ကြာ ကျုပ် ဒိတ်မထိန်းနိုင်ရင်. . . "

"တော်. . . တော်ပါတော့၊ ရှင်သဘောထားချင်သလိုထား၊ ကျွန်မဟာ ရှင့်အတွက် သက်မဲ့အရုပ်ဆိုရင် ကြိုက်သလို လုပ်ပေါ့၊ ရှင့်အမေက တန်ဖိုးကြီးကြီး ပေးဝယ်ထားတာပဲ၊ ဒီတော့ တန်ဖိုးကျေအောင် ငွေဝယ်ကျွန်လို သဘောထားပြီး ခိုင်းနိုင်တယ်"

"ဟာကွာ. . . ကျုပ်စကားထဲမှာ ကျွန်လည်း မပါဘူး၊ ဇွန်လည်း မပါဘူးနော်၊ စိတ်သာချ. . . ခင်ဗျားကိုလေ ဘာဆိုဘာမှ လုပ်စေရဘဲ ထားပါ့မယ်၊ ရှေးလူကြီးတွေ ပြောသလိုပေါ့၊ ခြေမွေးမလောင် လက်မွေးမီးမလောင် ထားမယ်ဆိုပါတော့ဗျာ"

"ဒီလိုဆိုရင် ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အဟတ်. . . နောက်ဆိုရင် ပိုတောင် ကျေးဇူးတင်လာပြီး ကျေးဇူးရှင်တစ်ယောက်မို့ တစ်သက်လုံး ကျေးဇူးတင်ပါရစေဆိုရင် တောင် ကျုပ်အနေခက်တော့မှာပဲ"

"ဘာရှင့်. . . "

ယမင်းခိုင်က ဒေါသအိုး ပေါက်ကွဲသွားသည်။ ထိုင်ရာမှ ထလိုက်သည်။ နောက် ချက်ချင်းပြန်ထိုင်သည်။ အိမ်မဟုတ်ပါ။ မျက်နှာမကြည့်ချင်တိုင်း ရှောင်သွားစရာနေရာ မရှိပါ။

ဇော်ထိုက်က ဒေါသထွက်လည်း လှုနေသော မိန်းမချော မိန်းမလှလေးကို မျက်စိတစ်ဖက် လှစ်ခနဲ မှိတ်ပြလိုက်ပြီး ဆိုဖာပေါ် လဲချလိုက်သည်။

ယမင်းခိုင်မှာ မကျေနပ်သလို စိတ်များကြောင့် တဆတ်ဆတ် တုန်နေသည်။

"ဂွတ်နိုက်နော်. . . အဲ. . . ကျွန်တော့်ဘေးတော့ ကပ်မလာနဲ့နော်၊ ကျွန်တော်က လူပျိုစစ်စစ်ခင်ဗျ. . . ကြောက်တတ်တယ်၊ ပြီးတော့ ယောင်တတ်တယ်၊ အနားလာလို့ ယောင်ပြီး ဖက်နမ်းမိရင်တော့ တာဝန်မယူနိုင်ဘူး. . . ဒါပဲ၊ ကိုင်း. . . အိပ်ချင်ပြီ ဂွတ်နိုက်စ်"

ခေါင်းအုံးကို မအုံးဘဲ အကျအန ဖက်ကာ ယမင်းခိုင်ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီးမှ မျက်လုံးအစုံကို မှိတ်လိုက်သည်။

ယမင်းခိုင်မှာ သူ့ကို စိုးထိတ်စွာ ငေးနေမိသည်။

သူသည် မိမိကို တကယ်မမှတ်မိပါလားဟု တွေးမိကာ ဝမ်းနည်းသွားသည်။

မိမိကတော့ မိမိကို လှောင်ပြောင်ရှုတ်ချသွားသော လူရွယ်ကို တစ်ခါမှ မမေ့မရခဲ့ပါ။

မခံစားဖူးသော ဝေဒနာတစ်ရပ်၏ ဖိစီးမှုကြောင့် ငိုချင်

သည်။ ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည် ယူကာ မိမိနေရာ အသာလဲလျောင်းလိုက်သည်။

မလုံမလဲစိတ်ကြောင့် စောင်ကို ခြုံထားလိုက်သည်။ သို့တိုင်အောင် စိတ်ထဲ၌ လစ်ဟာနေသယောင်ယောင် ခံစားရသည်။

ရင်မှာ နာကျည်းဝမ်းနည်းစိတ်တို့က ထိန်း၍မရ၊ မျက်ရည်များက ဖေးမကူညီလာသည်။

သူကတော့ အသက်မှန်မှန်ရှူကာ အိပ်မောကျနေသည်။ ဘာရားဝင် လက်ထပ်ယူထားသော မိန်းမအပေါ် မာနကြောင့် ပေကျွာပြုထားရက်ခြင်းလား၊ တကယ်ပဲ မုန်း၍ ဥပေက္ခာပြုထားခြင်းလား ယမင်းခိုင် ဝေခွဲ၍မရပါ။

ရထားတွင်းသို့ အရှိန်ပြင်းစွာ တိုက်နေသော နွေဦးလေရူးကြောင့် သူအေးသွားမှာကို ယမင်းစိုးရိမ်သွားသည်။ ပြတင်းပေါက်တံခါးကို ထပိတ်လိုက်သည်။

သူ၏မျက်နှာပုံချောချောလေးကိုလည်း ဂရုတစိုက် ငုံ့ကြည့်နေမိသည်။ မာနကင်းစင်သော ကလေးငယ်တစ်ဦး၏ မျက်နှာမျိုးနှင့် အပြစ်ကင်းစင်စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။

ယမင်းခိုင်၏မျက်ရည်စက်က သူ့နဖူးပေါ်သို့ ခုန်ဆင်းသွားခဲ့သည်။

"ယောက်ျားတန်မဲ့ ဟန်ကြီးရသလား ရှင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၇)

နေ့လည်နေ့ခင်း မအိပ်စဖူး အိပ်ပျော်သွားရာမှ မက်နေကျ အိပ်မက်ကြောင့် သူ အလန့်တကြား နိုးထလာခဲ့သည်။ အိပ်မက်ထဲ၌ သူ့ကို ထားကာ ပြေးသွားသော ယမင်းခိုင်နောက်ကို သူပြေးလိုက်နေသည်ဟု မက်သည်။

"အစ်ကို နိုးပြီလား"

"အင်း. . . သက်ရော ပြန်လာပြီလား"

မောင်အေးက သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ . . .

"အစ်ကိုနဲ့တော့ ခက်နေပါပြီ၊ အိပ်လည်း သက်၊ နိုးလာ

အတိတ်လွင်ပြင်မှာ လွန်မြောက်လာပြီးနောက် ဘယ်ပြောင်းညာလူးနှင့် အိပ်ပျော်ရန် အားထုတ်သည်၊ မရ။

သူရော အိပ်မှပျော်ရဲ့လားဟူသောစိတ်ကလေးဖြင့် သာထလိုက်သည်။ သူ့ကို သွားကြည့်လိုပါသည်။

သို့သော်. . . ခေါင်းကို ခါယမ်းပစ်လိုက်သည်။

အိပ်ဆေးတစ်ပြားယူကာ ရေနှင့် သောက်ပြီး အိပ်ရာပြန်ဝင်ခဲ့သည်။

သို့တိုင်အောင် အိပ်မက်ထဲ၌ သူ အလည်ရောက်လာလိမ့်ဦးမည် ထင်ပါသည်။

www.burmeseclassic.com

လည်း သတ်နဲ့"

ဇော်ထိုက်က ရှက်ပြုံးပြုံးလိုက်မိသည်။ ယမင်းခိုင်နှင့် ပင်သက်လာတိုင်း သူ့ကို သည်းသည်ဟု မြင်နေကြသည်။ ရင်ထဲ ဇာခြည်မြည့် လောင်ကျွမ်းနေသော သူ့နှလုံးသားကိုတော့ ဘယ်သူ့တွေ့မြင်ကြမည် မဟုတ်ပါ။

ထိုစဉ် ခြံထဲ ဝင်လာသော ကားသံကြားလိုက်ရသည်။ ရဲမြတ်၏ကားသံမှလွဲ၍ မည်သူ့ကားမှ မဖြစ်နိုင်မှန်း သိသည်။ ရင်မှာ တလှပ်လှပ် ခုန်လာသည်။

"လာလေ. . . ရဲ"

ဇော်ထိုက်က မောင်အေးအား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ မောင်အေးမျက်နှာမှာ မခံချင်စိတ်ကြောင့် တင်းမာနေသည်။ မောင်အေးက သူ့ဘက်မှ ခံပြင်းနေမှန်း သူသိသည်။

"ငါအိပ်နေတာဖဲလို့ ပြောလိုက် မောင်အေး"

"မေးပဲ မေးပါစေဦး အစ်ကိုရာ"

ဟုတ်ပေသားပဲ။ သူနှင့်ယမင်းခိုင်မှ စကားမပြောကြတော့ဘဲ။

"ရဲ. . . ခဏထိုင်ဦးနော်၊ ရဲကြိုက်တဲ့ နက်စ်ကဖေး ဖျော်လိုက်မယ်"

"တစ်ခွက်တည်းတော့ မရဘူး"

"သိပါတယ်. . . မတ်ခွက်နဲ့ ထည့်ခဲ့ပါ့မယ်ရှင်"

"ဟူး. . . ဒီလို အလိုက်သိတာလေးတွေကြောင့်လည်း ရဲက. . . "

"ရဲ. . . နော်"

နွဲ့သောအသံလေးကြောင့် သူ့နှလုံးသား ဖျပ်ဖျပ်လူးနေရသည်။ နားနှစ်ဖက် ပိတ်ထားလိုက်မိသည်။ မောင်အေးက အိပ်ခန်း

နှင့် အိမ်ရှေ့ ဆက်လျက်တံခါးကို အသံမမြည်အောင် ထပိတ်လိုက်ရသည်။ သို့တိုင်အောင် ဘာတွေပြောပြီး သဘောကျကြသည်မသိ၊ ဟက်ဟက်ပက်ပက် ရယ်မောသံက သူတို့ အခန်းတွင်းတိုင်အောင် တိုးဝင်လာလေသည်။

ဇော်ထိုက်မှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့်ဘဝဖြစ်၍ မိဘရုပ်ထုလည်း မပြန်နိုင်၊ ယမင်းခိုင်က ကွာခွင့်မပေးသဖြင့်လည်း စိတ်ထိခိုက်မှုကြားက အောင့်အည်းနေရသည်။

အချစ်ဆုံးသူနှင့် သူစိမ်းလူ ကြည်နှာရယ်မောနေခြင်းကို ခံနိုင်သောစွမ်းအား ဘယ်သူ၌ ရှိနိုင်ပါမည်နည်း။

"ဒေါက်. . . ဒေါက်"

"ဖွင့်လိုက်ပါ မောင်အေး"

အချစ်ကြီး၍ အမျက်ကြီးပါသည်ဟု ပြောသည့်ညကစ၍ ယမင်းခိုင် သူ့အား စကားမပြောတော့။ လုပ်စရာရှိသည်ကို လုပ်ပေးပြီး ဒေါ်ထွေး၊ မောင်အေးတို့မှတစ်ဆင့်သာ စကားပြောသည်။ လက်ထပ်ပြီးကာစ အခြေအနေအတိုင်းပင် မာမာတင်းတင်းနှင့် ရှိနေခဲ့သည်။ ယခု တံခါးခေါက်သံမှာ ယမင်းခိုင်များလားဟု သူ့ရင်၌ မျှော်လင့်ချက်ကြောင့် နှလုံးသွေးတို့ တဒိတ်ဒိတ် ခုန်လာသည်။

"ဇော်ကြီး. . . စောစောစီးစီး အိပ်ပြီလား"

"လာ. . . ဂျွန်"

"မင်းမိန်းမက လွန်လှချည်လားကွာ၊ ကျောင်းမှာ တွဲလို့အားမရဘူး၊ အိမ်မှာပါ လာတွဲနေသလား၊ ပန်းခြံထဲမှာ ကြည်လို့မောလို့၊ ငါ့ကိုတောင် မမြင်ကြဘူး"

ပြတင်းပေါက်က လိုက်ကာချထားမှုကြောင့် ခြံတွင်းသို့ လှမ်းမမြင်ပါ။ မမြင်ရခြင်းအတွက် သူ့စိတ်မှာ အတန်ငယ် သက်သာရာ ရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ထွေးက အော်ရွန်အတွက် စားစရာ လာပို့ပေးရင်း..

"တစ်နေ့လုံးလည်း အလှူအိမ်မှာ တွေ့ခဲ့ပြီးရောပေါ့၊ ဒါတောင်မှ စကားအမျှင်မပြတ်နိုင်ဘူးနဲ့ တူတယ်၊ ခုတလောလည်း မှားလိုက်တဲ့အလှူတွေ၊ မွေးနေ့တွေ၊ ကင်ပွန်းတပ်တွေနဲ့ အိမ်ကပ်တယ်ကို မရှိဘူး၊ ကလေးကလည်း ဒီအတိုင်းပဲ လွတ်ထားတာကိုး ကိုရွှန်ရယ်. . . မင်းလည်း ကြည့်ပြောပါဦး၊ ပတ်ဝန်းကျင်အခြင်မှာ မတင့်တယ်ဘူး"

ဒေါ်ထွေးက တူဘက်မှ နာကာ ပေါက်ကွဲထလာသည်။

"ကျွန်တော် ဘာပြောရမှလဲ၊ ကျွန်တော်မှ တားဆီးနိုင်တဲ့ အင်အားမရှိဘဲ"

အားငယ်စွာ ပြောလိုက်မိသည်။

"ပတ်ဝန်းကျင်ဆိုတာလည်း ရှိသေးတယ်၊ မင်းက ယောကျ်ားပဲ၊ မင်းပြောပိုင်ခွင့်ရှိတယ်"

ဇော်ထိုက် ရင်မှာ ယမင်းခိုင်အတွက် စိတ်ထိခိုက်သွားသည်။ ယမင်းခိုင်အပေါ် ဝိုင်းဝန်းအပြစ်တင်နေကြခြင်းကို သူ မခံသာပါ၊ ယမင်းဘက်မှ နာလေသဖြင့်. . .

"ငယ်သူငယ်ချင်းတွေပဲ. . . တွဲချင်တွဲပါစေ၊ မဖောက်ပြားရင် ပြီးတာပါပဲ၊ ယမင်းက သူ့ပျော်ရာကို ရှာနေတာပဲ၊ ကျွန်တော့်လို ဒုက္ခိတအနားမှာ အမြဲတမ်း ဘယ်နေနိုင်ရှာမလဲ"

"အမယ်လေးတော်"

"သေပါတော့ ဇော်ရာ"

ဒေါ်ထွေးရော ဂျွန်ပါ အသံတစ်ပြိုင်နက် ထွက်လာသည်။ အချစ်နှင့်သည်းခံစွမ်းအား ရှိသော သူ့ကို သနားစရာသတ္တဝါအသွင်ဖြင့် ကြည့်ကြလေသည်။ သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"သက်ကို အထင်လွဲနေကြတယ် ထင်တယ်၊ သက်က ကျွန်တော့်ကို သိပ်ပြီးဂရုစိုက်ချင်တယ်၊ ပြုစုချင်တယ်၊ အဲ. . . အစွဲအလမ်း ထားမှာစိုးလို့ သံယောဇဉ်ကြီး မတင်းခင်ဘဲ ကျွန်တော်က ခွဲခွာထားတာပါ၊ သူ့ဘဝကို ကျွန်တော် လှောင်မထားသင့်ပါဘူး ထွေးထွေး၊ ကိုရဲမြတ်ကိုသာ ယမင်းက ကြည်ဖြူလက်ထပ်မယ်ဆိုရင် ကျွန်တော်က ကျေနပ်စွာနဲ့ ကွာပေးမှာပါ"

"မင်းက နွားကျလှချည်လား"

"ဒါက နွားကျတာလား၊ သူ့ဘဝကို ငါ့ရဲ့ဒုက္ခိတ ပင်လယ်ထဲ ဆွဲနှစ်ထားရမှာလားကွ"

ဇော်ထိုက် စိတ်မချည်ချင်တော့၊ ယမင်းခိုင်ကလွဲ၍ အားလုံးအပေါ် စိတ်တိုနေပြီ။

ထိုစဉ်. . .

"ထွေးထွေးရေ. . . ကြာဆံဟင်းခါးတွေ အေးကုန်မယ်လေ. . . ခေါ်ခဲ့ပါဦး"

ဝေစီသောအသံကလေးက သူတို့စကားဝိုင်းကို ငြိမ်းသတ်လိုက်လေသည်။

"ကဲ. . . လာကြ. . . လာကြ၊ တော်ကြာ အမျက်တော် ရှုနေဦးမယ်"

"သူ့ဇည့်သည် ရှိသေးသလား မသိဘူး၊ မောင်အေး သွားကြည့်လိုက်ပါ၊ ရှိရင် ငါ့အတွက် အခန်းထဲပဲ ယူခဲ့"

"ဘာလဲကွ. . . မင်းက မချိသွားဖြဲလေးတောင် လုပ်မပြနိုင်တော့ဘူးလား"

"ဒါကတော့ကွာ. . . ငါ အဲဒီလောက် အသည်းမာမာ ထားနိုင်လောက်အောင် သမာဓိ မရှိသေးတာ အမှန်ပဲ၊ အကြားလောက်ကိုတောင် ခံနိုင်ရည်ရှိအောင် ဘယ်လောက်လေ့ကျင့်ထားရ

www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာ မင်းမသိပါဘူးကွာ၊ ကဲ. . . သွားလေ၊ တော်ကြာ. . .

"အစ်ကိုရော. . . လာလေ"

ယမင်းခိုင်အသံက ထွက်ပေါ်လာသဖြင့် အောဂျန်မှာ ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး. . .

"သွားမှ. . . သွားမှ၊ တော်ကြာ အစ်ကိုအဖြစ်မှ စွန့်လွှတ်ခံနေရဦးမယ်"

ရွှတ်ရွှတ်နောက်နောက် ပြောကာ ထွက်သွားလေသည်။ မောင်အေး ပြန်ဝင်လာပြီး. . .

"ဟိုလူမရှိတော့ပါဘူး"

ဟု ပြောပြီး ကုလားထိုင်ကို အသာတွန်းခဲ့သည်။ ထမင်းစားခန်း၌ အောဂျန်ပန်းကန်ထဲသို့ အချဉ်ဖတ်ကလေးများ ထည့်ပေးနေသော ယမင်းခိုင်ထံ ဝေ့ဝဲကြည့်လိုက်မိသည်။

သူ ထိုင်လာသောအခါ၌ ယမင်းခိုင်က သူ့အတွက် ကိုယ်တိုင်ထည့်ပေးသည်။ ကြက်သွန်မိတ်ကလေးများကို ဖြူးပေးပြီး မျက်လုံးနှင့်သာ တစ်ချက်ဝေ့ကြည့်လိုက်သည်။ ထိုအကြည့်က 'စားလေ' ဟူသော အကြည့်ပင်။

ရင်ထဲ ဆွေးသွားသည်။

"စားလေ ကလေး၊ အဲဒါ ထွေးထွေးလက်ရာ မဟုတ်ဘူး၊ ယမင်းလက်ရာ၊ မင်းက ယမင်းလက်ရာမှ ပိုစားကောင်းတယ်ဆိုလို့ ယမင်းကိုယ်တိုင် ချက်ထားတာ"

သူ့အကြည့် ယမင်းခိုင်ထံ ထပ်မံမရောက်စေရန် သတို့ထားလိုက်သည်။ သို့သော် အတိတ်က သူ့နှလုံးသားကို နွေးထွေးစေနိုင်သော ယမင်းခိုင်၏အကြင်နာလေးများကို ပြန်လည်တမ်းတမိသည်။

ဒေါ်ထွေး ရန်ကုန်သို့ ပြန်သွားစဉ်ကဖြစ်သည်။ ယမင်းခိုင်

လက် မားထိပြီး နောက်နေ့နံနက်စောစော ယမင်းခိုင် မီးဖိုထဲ ဝင်သည်နှင့် သူ မယောင်မလည်နှင့် လိုက်ဝင်ခဲ့သည်။ ယမင်းခိုင် ဓားကိုင်မှာကို စိုးသည်။ အည့ောက်တွေ့ လုပ်မှာ စိုးရိမ်သည်။ ထို့ကြောင့် မီးဖိုချောင်ထဲ အလုပ်မရှိ အလုပ်ရှာပြီး ဟိုပစ္စည်းဒီရွှေ့၊ ဒီပစ္စည်း ဟိုရွှေ့ လုပ်နေမိရာ. . .

"ငှက်ကလေးတွေကလဲ မျက်စေ့ကို နောက်တယ်"

ပြတင်းပေါက်မှာ ရပ်လျက် ငှက်ကလေးများကို ဆန်တစ်ဆုပ် ပက်ကွေးလိုက်သည်။ ယမင်းခိုင် သူ့ကို မျက်စိနောက်နေ၍ စောင်းချိတ်ပြောတာများလားဟု တွေးမိသော်လည်း နားမလည်ဟန်ဆောင်ကာ မိမိကို မပြောသလိုပုံစံနှင့် ရေခဲသေတ္တာကိုသာ ရှင်းနေလိုက်သည်။ အမှန်တော့ ရှင်းစရာမလို၊ ရှင်းပြီးသားပင်။

"ကြက်သားတွေ ရှိနေတာပဲ"

ပါးစပ်က လွတ်ကနဲ ပြောလိုက်မိသည်။ ဒေါ်ထွေးက ဒို့မနေသဖြင့် တစ်ဆင့်ခံ ပြောစရာလူ မရှိ၊ မောင်အေးကလည်း ခြံထဲမှာ ပန်းပင်တွေနဲ့ အလုပ်ရှုပ်နေသည်။

"ကြက်သားဟင်း စားချင်လို့လား"

"ကြာဆံဟင်းခါး မစားရတာ ကြာပြီ. . . စားချင်လို့၊ လုပ်တတ်လား"

ယမင်းခိုင်ထံမှ လိုလိုချင်ချင်စကား ကြားရသဖြင့် သူ အားတက်သွားကာ အငမ်းမရ ပြန်ပြောလိုက်မိသည်။

"စားချင်တာသာ ပြောပါ၊ အချက်အပြုတ်နဲ့ ပတ်သက်လို့ကတော့ အကုန်တတ်ပါတယ်"

"ဒါကြောင့် မေမေက ပြောတာ"

"ဘာပြောတာလဲ"

"သိပ်တော်တာပဲတဲ့"

www.burmeseclassic.com

www.burmeseclassic.com

"မြောက်မပြောလဲ ရှင်စားချင်တယ်ဆိုရင် ကျွန်မ လုပ်ပေးပါ့မယ်၊ ဒီမနက်စာ ကော်ဖီတို့ မုန့်တို့ မစားသောက်နဲ့တော့၊ ကြာဆံဟင်းခါး လုပ်လိုက်မယ်. . . စောင့်နိုင်ပါ့မလား"

"စောင့်ပါတယ်. . . စားချင်နေတာပဲ၊ ရုံးမသွားခင် ရရင်ပြီးတာပဲ၊ ဘာဝိုင်းလုပ်ပေးရမလဲ"

ယမင်းခိုင်က ကြက်သားကို ယူကာ အသားများကို နွာပြီး အရိုးကို အရင်ပြုတ်လိုက်လေသည်။ ကြက်သားကို မီးတစ်ဖိုနှင့် ပြုတ်ထားပြန်သည်။

"ဘာလုပ်ပေးရမလဲ"

"နေပါ မလုပ်တတ်ဘဲနဲ့များ"

ကြက်သွန်များ ယူနေသဖြင့် ဓားဆွဲကာ. . .

"ကြက်သွန်နွာပေးမယ်လေ"

"သဘောပဲ"

ယမင်းခိုင်ထံမှ ခွင့်ပြုချက် ရသည်နှင့် ကြက်သွန်ကို တစ်ခါမှ မခွာဖူးပါဘဲလျက် ဟန်တစ်ခွဲသားနှင့် ခွာသည်။ မွန်ထူလာသဖြင့် နှာချေလိုက်သည်။

"ဟတ်ချိုး. . . ဟတ်ချိုး"

ယမင်းခိုင်က ပြုံးလျက် သူ့လက်မှ ဓားကို ယူကာ. . .

"သွားပါတော့. . . ဦးဇော်ထိုက်သာ ကူရင် ဒီနေ့စားရမှာ မဟုတ်ဘူး၊ ပေးပါ. . . ကျွန်မလုပ်မယ်"

အနူလက်သီးလို အထစ်ထစ်ဖြစ်နေသော ဓားချက်မိ ကြက်သွန်နီကို ကြည့်ကာ ယမင်းခိုင်က အသံထွက်ဆဲအထိ ရယ်မောမိသည်။

ဇော်ထိုက်က မျက်နှာငယ်လေးဖြင့် ယမင်းခိုင်ကို ငေးကြည့်ခဲ့သည်။

ယမင်းခိုင်သည် အရယ်မျက်နှာပိုးသတ်ကာ ကြက်သွန်အဖြူအနီတို့ကို သွက်လက်စွာ ခွာလိုက်သည်။ မြန်ဆန်လွန်းလှသည်။ တစ်ခဏအတွင်း ဟင်းခါးအိုးအတွက် လိုအပ်သော အဆာပလာများ ဆေးကြောလှီးခွဲတ်ပြီး ဖြစ်နေသည်။ မကူညီနိုင်သဖြင့် ငေးကြည့်နေရသော သူ့အား. . .

"အလှပန်းအိုးအတွက်တောင် ပန်းမခူးရသေးဘူး၊ မောင်အေးကို ခူးခိုင်းလိုက်ပါဦး၊ ဒီနေ့ ဒေစီတွေပဲ ထိုးမယ်၊ အပွင့်အစိတ်လောက် ရောင်စုံခူးခိုင်းနော်၊ နှင်းဆီတော့ ငါးပွင့်ပဲခူး"

"ကိုယ်ပဲ သွားခူးလိုက်ပါ့မယ်"

"ခူးတတ်လို့လား. . . အဖူးတွေ ပါကုန်မယ်နော်"

"ကြည့်ခူးမှာပေါ့"

သူ မီးဖိုထဲမှ မခွာချင်ခွာချင်ဖြင့် ခွာလာခဲ့ရသည်။ ခြံထဲပန်းခူးနေစဉ် အညော်နဲ့က ပျံ့လွင့်လာသည်။

"ဟင်. . . ဘယ်ခြံက အညော်နဲ့ပါလိမ့်"

"အစ်ကိုကလဲ. . . အိမ်ကပဲပေါ့"

"အိမ်က ဟုတ်ပါ့မလား၊ ကြာဆံဟင်းခါး ချက်နေတာပဲ၊ အညော်နဲ့ ဆိုင်လို့လား"

မောင်အေး ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရာ. . .

"ဟေ့ကောင် ဘာရယ်တာလဲ"

"ကြာဆံဟင်းခါးက ဆီမသတ်ဘဲ မရဘူး အစ်ကိုရဲ့"

"ဟင်. . . ဟုတ်လား"

သူ စိတ်မကောင်းဖြစ်သွားရသည်။ အညော်ကြော်မှာ စိုးသဖြင့် မီးဖိုချောင်ထဲ စောင့်နေကာမှ မိမိကပင် အညော်လုပ်ခိုင်းမိသည်။ မီးဖိုချောင်ထဲ သုတ်သီးသုတ်ပျာနှင့် လှမ်းဝင်ခဲ့ရင်း. . .

"မလုပ်နဲ့တော့. . . မလုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com

ယမင်းခိုင်က အမျှင်ထွင်ထားသော ကြက်သားလေးများကို ဆီသတ်နေရာမှ သူ့အား အထူးအဆန်းသဖွယ် ဝေ့ကြည့်လိုက်သည်။

"အညော်နဲ့ လုပ်ရမှန်း မသိလို့ပါဗျာ၊ မကြော်နဲ့တော့. . . နေပါစေ၊ ကျွန်တော်မစားချင်တော့ဘူး"

ထိုအခါမှ ယမင်းခိုင် ပြုံးလိုက်မိသည်။

"မစားချင်လို့ မရတော့ဘူး. . . ပြီးနေပြီ၊ ပန်းခူးပြီးရင်သာ ထမင်းစားပွဲကို လာခဲ့တော့"

ပြောပြောဆိုဆို ဒယ်အိုးထဲမှာ အသားများကို အရိုးပြုတ်အိုးထဲ ထည့်လိုက်သည် တစ်ခုပြီးတစ်ခု ဇယ်ဆက်သလို လုပ်ကိုင်နေသော ယမင်းခိုင်အပါးမှ မခွာချင့်ခွာချင် ထပ်မံခွာခဲ့ရပြန်သည်။

ပန်းများ ခူးပြီး ရေပုံးထဲ၌ စိုက်ထားလိုက်သည်။

အငွေ့တထောင်းထောင်း ထနေသော ဟင်းခါးနံ့က သူ့အား ဆီးကြိုသည်။ ထမင်းစားပွဲပေါ်တွင် အားလုံးအဆင်သင့် ဖြစ်နေပြီ။

"အားနာလိုက်တာဗျာ"

"ဘာကိုလဲ"

"အညော်ခံပြီး ချက်လိုက်ရတယ်နော်၊ လက်က အနာနဲ့"

"ဒါက အရေးမကြီးပါဘူး၊ ဓားရှတာတို့၊ ဆူးစူးတာတို့၊ အရိုးစူးတာတို့ဆိုတာ မိန်းမတွေအတွက် အသေးအမွှားကိစ္စလေးပါ။ နောက်လည်း စားချင်တာရှိရင်ပြော၊ ပြောမှလည်း ကျွန်မက သိပြီး လုပ်ပေးနိုင်မှာပါ။ ကဲ. . ကဲ. . ထည့်စားပါ၊ အအီပြေတယ်၊ ငရုတ်ကောင်းနည်းနည်း ထပ်ဖြူးဦးမလား၊ သိပ်ပူမှာလည်း စိုးရတယ်"

ဂဲကားရေလွှတ် တတွတ်တွတ်နှင့် လိုအပ်သည်များကို ထည့်ပေးကာ ဂရုတစိုက် ပြုစုခဲ့သည်။

ထို့ကြောင့် သူစားဖူးခဲ့သော ကြာဆံဟင်းခါးများအနက် ဤလက်ရာသည်သာ အကောင်းဆုံးဟု ထင်ခဲ့သည်။ ချွေးတလုံးလုံးနှင့် ဖြစ်နေသော သူ့အား ယမင်းခိုင်က ချွေးသုတ်ပုဝါ ကမ်းပေးရင်း

"ဒီနေ့အဖို့ လေ့ကျင့်ခန်း မလုပ်ရဘဲ ချွေးထွက်သွားတာပေါ့နော်"

"အရမ်းကို ကျေးဇူးတင်တာပဲ၊ ဗိုက်ကို ကားသွားတာ၊ နေ့တိုင်း ကြက်ဥ၊ ပေါင်မုန့်၊ ထောပတ်သုတ်နဲ့ ကော်ဖီချည်းဆိုတော့ လည်း ငြီးငွေ့နေတာနဲ့ အတော်ပဲဗျာ၊ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး. . . ကျွန်မမှာ ဝတ္ထရားရှိပါတယ်"

ကြည်နူးမှုမျှားကို ဝတ္ထရားဟူသောစကားက တူးဖော်ထုတ်ပစ်နေလေသည်။ ဆွေးသွားရသည်။ သို့သော်. . .

"ဝတ္ထရားအရ စေတနာ မပါဘဲ လုပ်ပေးလုပ်ပေး ကျွန်တော့်ကတော့ ကျေးဇူးတင်တာပဲ"

"ကျေးဇူးတင်ခံချင်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ရက်ခြားဆိုသလိုတော့ တိုင်းရင်းစာတွေ တစ်မျိုးပြီးတစ်မျိုး လုပ်ပေးမယ်"

"အကုန်လုပ်တတ်တာပဲလား"

"ပြောပြီးပါပြီကော. . . မတတ်တာ မရှိဘူးလို့၊ မေမေက အိမ်ရှင်မကောင်းဖြစ်အောင် အတတ်ပညာ စုံစုံလင်လင် သင်ပေးလိုက်ပါတယ်၊ ဒါပေမယ့်. . . "

ယမင်းခိုင် စကားတန့်သွားသည်။

သူ့စိတ်ထဲ မရိုးမရွှနှင့် သိချင်စိတ်က စေလွှာ. . .

"ဒါပေမယ့် ဘာဖြစ်သလဲ"

ယမင်းခိုင်က နှုတ်ခမ်းတွန့်ရုံ တစ်ချက်ပြုံးလိုက်ပြီး. . .

"အဟင်း. . ဟင်း. . ငယ်ငယ်တုန်းက အမေလုပ်သူကို

www.burmeseclassic.com

www.burmeseclassic.com

အတုခိုးပြီး အိမ်ရှင်မလုပ်တမ်း ကစားနေတာနဲ့ တူသလားလို့ပါ"

ပြောပြောဆိုဆို စားသောက်ပြီးသားပန်းကန်များကို မ,ယူကာ ထွက်သွားသဖြင့် သူမှာ လည်တင့်ငံ့ဖြစ်ကျန်ခဲ့သည်။

ရုတ်တရက် သူမစကားကို မည်ကဲ့သို့ ပြန်လည်ချေပရမှန်း မသိပါ။ မိန်းမများနှင့် ပတ်သက်လာလျှင် အင်မတန် သွက်လက်ချက်ချာကာ ရွှင်မြူးနေတတ်သော သူသည် ယမင်းခိုင်နှင့် ပတ်သက်လာသည့်အခါ ယောင်ယောင်နနနှင့် ကြက်သေ,သေကျန်ခဲ့သည်ချည်းပင်။

ယမင်းခိုင်က စကားထိုးစစ်ဆင်လာတိုင်း တုန်လှုပ်ခြင်းများနှင့်အတူ စကားတို့သည် လည်ချောင်းဝ၌ ပျောက်ဆုံးနေကာ အလိုလို ရှုံးနိမ့်ပြီး ဖြစ်နေတတ်သည်။

အမှန်တကယ်တော့ သူ့စကား မှားမှာစိုးသည်။ သူ့စကား မှားသွားခဲ့လျှင် ယမင်းခိုင် စိတ်ဆိုးမှာ စိုးရိမ်သည်။ ထို့ကြောင့် စကားကို ထိန်းသိမ်းပြောရသည်။

ယမင်းခိုင်ရှေ့ဝယ် သိုးငယ်ပမာ ဖြစ်မှန်းမသိ ဖြစ်နေခဲ့ရသည်။

ဤသို့ဖြစ်ရခြင်းမှာလည်း ယမင်းခိုင်အပေါ်၌ သူသည် ဖော်ပြနိုင်စွမ်း မရှိသော မေတ္တာတရားနှင့် ချစ်နေမိခြင်း ဖြစ်တန်ရာသည်။

"ကလေး. . . စားလေ၊ ဘာငိုင်နေတာလဲ"

အတိတ်လွင်ပြင်သို့ စိတ်ခြေဆန့်မိရာ နိုးထလာသည်။

လက်ရှိအနေအထား၌ သူသည် ဟင်းခါးကို မသောက်မိဘဲ ထိုင်ငိုင်နေခြင်းကို ဒေါ်ထွေး သတိပေးလိုက်ခြင်းဖြစ်သည်။

"ဘာလို့လဲ ကလေး၊ ယမင်းလက်ရာဆိုရင်တော့ ဘာမှ မလိုပါဘူး"

မလုံမလဲနှင့် ပြုံးလိုက်မိရင်း. . .

"မလိုပါဘူး ထွေးထွေး"

အမှန်တကယ်တော့ လိုပါသည်။ အနားဌ၌ တွတ်တီးတွတ်ဘာ ပြောတတ်သည့် ယမင်းခိုင်၏စကားသံလေးများ လိုအပ်နေပါသည်။

"ကောင်းတယ်ကွာ. . . ကိုယ်တော့ နှစ်ပန်းကန်တောင် ကုန်သွားပြီ"

"ထပ်ထည့်ပါဦး အစ်ကို"

"တော်ပြီ. . . ဝနေပြီ"

"မာမီအတွက် ရေခဲဘူး ချိုင့်နဲ့ ထည့်ပေးလိုက်မယ်နော်၊ အစ်ကို အိမ်ကို တန်းပြန်"

"ဟုတ်ကဲ့ပါ ဆရာမ"

ယမင်းခိုင်က အော်ဂျန်ကိုပါ ပိုင်ဝိုးပိုင်နင်း ပြောလိုက်သည်။ အော်ဂျန်ကလည်း သွားကြိုးအဖြဲသားနှင့် သဘောကျနေသည်ကိုပင် ဖော်ထိုက် အမြင်ကတ်လာသည်။

အကြည့်လွဲကာ ကြာဆံဟင်းခါးကိုသာ ရှူးရှူးရဲရဲနှင့် မှုတ်သောက်နေလိုက်သည်။

အရာရာကို အရုံးပေးကာ လည်စင်းပေးထားသူအတွက် ဒဲ့ချက်တွေ တင်ချင်ရာ တင်ကြပါစေ၊ ခနဲချင်ခနဲ၊ ရွဲ့ချင်ရွဲ့၊ ကျွမ်းကြည့်နေသောနှလုံးသားနှင့် ပြုံးပြနိုင်အောင် သူကြိုးစားရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါဦးကွာ"

ဟု မောင်အေးကို ကားတစ်စီးနှင့် လွှတ်လိုက်မိသည်။

မောင်အေးပြန်လာသည့်တိုင် ယမင်းခိုင် ပါမလာချေ။

"နင့်အစ်မရော"

"မတွေ့ခဲ့ဘူး. . . သူတို့ဆီလည်း မလာဘူးတဲ့"

"ဟင်. . . လမ်းမှာ မကြည့်ခဲ့ဘူးလား"

"ကြည့်ခဲ့ပါတယ်. . . မတွေ့ဘူး"

ရင်ထဲမှာ စူးရှနာကျင်သွားသည်။

ဘီးကို လှိမ့်ကာ ပေါ်တီကိုအောက်ဘက် လာခဲ့သည်။ ဘယ်အထိများ အလည်လွှန်နေသလဲ။

နေရောင်က ပျိုးပျိုးပျပျသာ ကျန်တော့သည်။ မိန်းမသားတစ်ဦးက သည်အထိတောင် အလည်လွှန်ရသလား။

ထိုစဉ် မျှော်လင့်နေသူ၏ရင်ဝကို ခြေစုံကန်လိုက်သကဲ့သို့ ဖြစ်စေသော ရဲမြတ်ကားကို လှမ်းမြင်လိုက်ရသဖြင့် အိမ်ထဲသို့ ဘီးကို သအားလှိမ့်ဝင်လာခဲ့သည်။

"ဟဲ့. . ဟဲ့. . ကလေး၊ ဖြည်းဖြည်း. . ဖြည်းဖြည်း"

ဒေါ်ထွေး၏ သတိပေးသံကြောင့် ပရိဘောဂများကို တိုက်မိတဲ့ အိပ်ခန်းထဲသို့ ချောချောမောမော ရောက်သွားရသည်။

ကားစက်သံနှင့်အတူ ရဲမြတ်နှင့်ယမင်းခိုင်တို့ အပြန် လှုန် နှုတ်ဆက်သံ ကြားလိုက်ရသည်။ ထို့နောက် ကားစက်သံသည် တဖြည်းဖြည်း ဝေး၍သွားသည်။

"မိုးချုပ်လိုက်တာ ယမင်းရယ်"

"ဟုတ်တယ် ထွေးထွေး၊ ကင်းပွန်းတပ်မှာ ရဲနဲ့ ဆုံနေတာနဲ့ ဓါတ်တော်ချိုင့်ကို ဆက်သွားတာ"

"ဟုတ်လား. . . ကလေးတောင် စိတ်ပူလို့ ခင်ဗျာလာတို့



အခန်း(၂၄)

ကျွမ်းမြည့်နေသောနှလုံးသားနှင့် ပြုံးပြနိုင်အောင် ကြိုးစားနေသည့်ကြားက မနက်ခင်းကတည်းက ကျောင်းက ဆရာမတစ်ယောက်သမီးမွေးနေ့ဟု အကြောင်းပြကာ ထွက်သွားသော ယမင်းခိုင်မှာ ညနေစောင်းတိုင်အောင် ပေါ်မလာသဖြင့် သူ မပြုံးနိုင်တော့ပါ။

ပန်းခင်းအကြားခွဲ ပိုးကောင်ဖမ်းသလိုလိုနှင့် လည်တဆန့်ဆန့် မျှော်နေမိသည်။

"ခင်မာလာတို့အိမ်များ ရောက်သွားသလား. . . သွား

www.burmeseclassic.com

အိမ်လိုက်ကြည့်ခိုင်းသေးတယ်၊ မလာဘူးဆိုလို့ စိတ်ပူရတာပေါ့"

"သူ ဘာလို့ လိုက်ခိုင်းရတာလဲ"

"စိတ်ပူလို့ နေမှာပေါ့"

"အို့ . . . စိတ်ပူရုံတော့ မဟုတ်ပါဘူး၊ သက်သက်မဲ့ အရှက်လိုက်ခွဲတာပဲ ဖြစ်ရမယ်"

ဒေါသသံ ပါလာပြီး တဒေါက်ဒေါက် ခြေနင်းသံနှင့်အတူ အခန်းဝင် ယမင်းခိုင် ဘွားခနဲ ပေါ်လာသည်။

အမျက်ပါသောအကြည့်ငွေ့တို့က ရင်ကို ပူလောင်စေသည်။

"ဒီမှာ ဦးဇော်ထိုက်"

အကြည့်၌ တောင်းပန်တိုးလျိုးခြင်း မပါအောင် သတိထားလိုက်ရသည်။

"ရှင် ကျွန်မကို ဘာကိစ္စ လိုက်ရှာခိုင်းရတာလဲ"

"စောစောက ထွေးထွေးပြောပြီးပါပြီ"

"စိတ်ပူစရာအကြောင်း မရှိပါဘူး၊ သက်သက်မဲ့ ဟန်ဆောင်ပြမနေပါနဲ့၊ အလှူရှင်မှန်း သိအောင် မဇ္ဈပ်တိုင် တက်ပြတာလား၊ ကျွန်မကို အရှက်လိုက်ခွဲနေတာနဲ့ အတူတူပဲ၊ ရှင့်ကိုယ်ရှင်တော့ သူတော်ကောင်းကြီးပေါ့"

"ကိုယ် ဒီလိုသဘောနဲ့ မဟုတ်ပါဘူး"

ယမင်းခိုင်၏ဒေါသကို အားလျော့စွာဖြင့် တိုးညှင်းစွာ တုံ့ပြန်မိသည်။

ဒေါသကြောင့်ဟု ယူဆရပေမလား မသိပါ။ မျက်ဝန်းငွေ့ရည်လွှဲကာ အသားများ တဆတ်ဆတ် တုန်နေသော မြတ်နိုးခြင်းကို ကြည့်၍ စိတ်မကောင်းဖြစ်ရသည်။

စိုးရိမ်၍ လိုက်ကြည့်မိသူကို ဤမျှ ဒေါသထွက်ရခြင်း

အတွက် သူ မတွေးတတ်အောင်ဖြစ်ရသည်။

"နောက်ကို မလိုက်ခိုင်းတော့ပါဘူး၊ ခုလည်း ကိုယ်မှားသွားပါတယ်"

ပြေရာပြေကြောင်း တောင်းပန်လိုက်ပါသည်။

"ကျွန်မ သိက္ခာကို ထိပါးအောင် ရှင်လုပ်လိုက်တာပဲ၊ နောက်ကို ကျွန်မဘာသာ ဘယ်သွားသွား ရှင်နဲ့ မဆိုင်ပါဘူး၊ အခွိန်တန်ရင် ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာပဲ၊ ကျွန်မ နေတတ်သလို ပျော်သလို နေချင်တယ်"

ဒေါသကြောင့် အသံလိုင်းက မညီညာ၊ သူက ကြေကွဲမှုဖြင့် ငေးကြည့်ရင်း . . .

"သဘောပါ . . . ဆရာမသဘော၊ ကျွန်တော် ဆရာမကို အရှုံးပေးပြီးသားပဲ"

"ဟင့်အင်း . . . အရှုံးမပေးရဘူး၊ အရှုံးပေးတယ်ဆိုတာ အနိုင်ယူခြင်းပဲ၊ ရှင် သက်သက် ကျွန်မကို အနိုင်ယူနေတာ"

"ဒုက္ခပါပဲ သက်ရယ်"

ရင်တွင်းမှ ညည်းညူလိုက်သည်။

သက်သက်မဲ့ စွဲချက်တွေ တင်ကာ အနိုင်ယူ ဒေါသကြီးနေသော ယမင်းခိုင်ကို စိတ်ထိခိုက်စွာ ငေးနေမိသည်။

"နောက်ကိုလဲ ကျွန်မသဘောနဲ့ကျွန်မ သွားချင်ရာ သွားမယ်၊ လာချင်ရာ လာမယ်၊ ပို့ချင်ဖဲ့လူကို ပို့ခိုင်းမယ် . . . ဘာဖြစ်သလဲ၊ ရှင်ပို့နိုင်လို့လား ဦးဇော်ထိုက်"

နှလုံးသားဒဏ်ရာပေါ်ကို မြားစိုက်ခံလိုက်ရသည်။ ဆတ်ဆတ်ခါသွားသည်။

"ဘာ"

"မဘာနဲ့ ဦးဇော်ထိုက်၊ ကျွန်မကိုယ်ကျွန်မ ထိန်းသိမ်းတတ်

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ကျွန်မအတွက် ရှင်ဘာမှပူစရာမလိုဘူး၊ စိုးရိမ်စရာလည်း မလိုဘူး၊ ရှင် ပူရတိုးရိမ်ရမှာက ရှင့်ကိုယ်ရှင်ပဲ၊ ဒါပဲ ကျွန်မပြောမယ်"

"တောက်"

ပြောပြောဆိုဆိုနှင့် ချာခနဲ လှည့်ထွက်သွားသော ယမင်းခိုင်ကို ကြည့်ကာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာသည်။ ဒေါသကြောင့် တက်တစ်ချက် ခေါက်ကာ လက်မီရာ စားပွဲခင်းကို ဆွဲယူလွှင့်ပစ်လိုက်သည်။

"ချွင်. . . ခလွမ်း. . . ခလွမ်း"

ပြင်ဆင်သူ မဲ့၍ ညှိုးနွမ်းနေသော နှင်းဆီပန်းခြောက်တို့သည် ဖန်ကွဲစများကြားတွင် နိုဂုံးချုပ်ကုန်ကြသည်။

ဒေါ်ထွေးနှင့်မောင်အေး အပြေးအလွှား ရောက်လာကြသည်။

ယမင်းခိုင်ကား ငဲ့စောင်း၍ပင် မကြည့်၊ အပေါ်ထပ်သို့ အပြေးအလွှား တက်သွားသည်။

ဒေါသဖြင့် ချွေးဒီးဒီးကျနေသော ဇော်ထိုက်ကို ဒေါ်ထွေးက ချွေးသုတ်ပေးကာ. . .

"ရင်မောရပါလား ကလေးရယ်၊ ကွာပေးပြီး တို့တွေ မနွယ်တို့နဲ့ ပြန်နေကြရအောင်ကွယ်"

"သူမှ ကွာမပေးတာ"

"ဒါဖြင့် မေမေကြီးကို ဇော်ခေါ်ဖို့ ကျွန်တော်ဖုန်းဆက်လိုက်မယ်လေ"

မောင်အေးက ဖန်ကွဲစများကို ကောက်နေရာမှ လှမ်းပြောလိုက်သည်။

ဇော်ထိုက်က ခေါင်းကို ညင်သာစွာ ခါယမ်းရင်း. . .

"နေပါစေ. . . မေမေက သူ့ချွေးမကို သိပ်ချစ်၊ သိပ်

အထင်ကြီးနေလက်စနဲ့ စိတ်ချမ်းချမ်းသာသာ နေပါစေလေ၊ မေမေ့ကို ဒုက္ခမပေးပါနဲ့"

"အေးလေ. . . ဒါလည်း ဟုတ်တာပဲ၊ သူ့ချွေးမအလိမ္မာလေး ယောက်မမြင်းစီးထွက်နေတာကိုသာ သူသိရင် ရောဂါပြန်ထရှာမှာ၊ မနွယ်တို့ ငါတို့လည်း ဝင့်လှည့်တာပဲ၊ စင်သီယာကျတော့ သဘောမတူနိုင်ဘဲ ဆိုရှယ်ကျတာကို အပြစ်တစ်ခုအနေနဲ့ ရှုံ့ချခဲ့တယ်၊ ခုတော့ ဆိုရှယ်အတိုင်းအတာထက် လွန်မြောက်နေသူကျတော့ မပြောရဲမဆိုရဲနဲ့ ဝင့်ကြွေးပဲ"

ဒေါ်ထွေးအပြောကြောင့် ရင်မှာ ယမင်းခိုင်အတွက် စိတ်မကောင်းဖြစ်ရသည်။

မိမိကြောင့် ယမင်းခိုင်အပေါ် အမုန်းပွားကုန်ကြခြင်းကို မိမိမလိုလားပါ။

"အင်း. . . ငါတော့ သင်ခန်းစာတစ်ခု ရလိုက်တာပဲ၊ ခဲတက်ဆန်တဲ့မိန်းကလေးတိုင်း အကျင့်စာရိတ္တ မပျက်ပြားသလို တည်တည်ငြိမ်ငြိမ် ကျန်ခြေရာ မိန်းကလေးတိုင်းလည်း အကျင့်စာရိတ္တ ကောင်းမွန်တယ်လို့ ယူဆလို့မရဘူး၊ အခြေအနေကို လိုက်ပြီး ပြောင်းလဲသွားတတ်တာပဲ"

"ယမင်းကို စာရိတ္တ ပျက်ပြားတယ်လို့ ထွေးထွေးက ဆိုလိုတာလား"

"မျက်မြင်ကိုယ်တွေ့ မဟုတ်ပေမယ့် အသိသာကြီးပါလေ၊ ဘာလဲ. . . ကလေးက ဒီလောက် ကိုယ့်အပေါ် ပစ်ပစ်ခါခါ လုပ်နေတဲ့သူဘက်က လိုက်ဖေးမနေရသေးသလား"

"ယမင်း မဖောက်ပြန်ပါဘူးဗျာ၊ သူတို့ချင်းဟာ ငယ်သူငယ်ချင်းတွေပါ၊ ကျွန်တော်သာ သဝန်ကြောင်လို့"

"အမယ်လေးဟဲ့နော်. . . ငါသာ သေလိုက်ချင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

နှင်ဟာလေ. . . တယ်. . . ငါမပြောလိုက်ချင်ဘူး"

ဒေါ်ထွေးက ဒေါပွပွနှင့် မချိတင်ကဲ ကြိုးဝါးလိုက်ပြီး အိမ်ခန်းတွင်းမှ ပြန်ထွက်သွားသည်။ မောင်အေးက. . .

"အစ်ကို့နေရာမှာ ကျွန်တော်သာဆိုရင် လူသတ်မှု ဖြစ်ပြီ"

"မင်း ငါ့နေရာမှာ ခံစားကြည့်လို့ မရပါဘူးကွာ၊ ငါ သူ့ကို ချစ်တဲ့အချစ်က ငါ့ကိုယ်ငါ ချစ်တဲ့အချစ်ထက် သာမယ်၊ သူ့ဘဝကို ငါက အဖြည့်ခံအနေနဲ့ ဖြည့်စွက်ပေးဖို့ရာ သန္ဓိဋ္ဌာန် ချထားပြီးပြီ မောင်အေး၊ မင်းတို့ ငါ့အတွက် ဘာမှ ကြားက ဝင်ပြီး အကုသိုလ် မယူကြနဲ့တော့"

"မဟုတ်ပါဘူး အစ်ကိုရာ၊ ဒီလောက်တောင် တွဲနေမှတော့ အစ်ကို့ကို ကွာပြီး ယူလိုက်ကြတာပေါ့။ ကွာလည်း မကွာပေးဆိုတော့ စဉ်းစားရကြပ်ကြပ်ပဲ၊ ချစ်လို့ယူခဲ့တာ မဟုတ်ဘဲ အစ်ကို့စည်းစိမ်ကို မက်လို့ ယူခဲ့တာဆိုတော့. . . "

"တော်. . . တော်. . . မောင်အေး၊ နောက်. . . မင်း ငါ့ကို ရော ငါ့ကွယ်ရာမှာရော ဘယ်တော့မှ ဒီလိုစကားမျိုး မပြောနဲ့၊ ယမင်းရဲ့ကွန်ဖြေသိက္ခာကို ဘယ်လောက်ကျဆင်းစေသလဲ"

သူက ဒေါသတကြီး ဟစ်အော်လိုက်မိသည်။ မောင်အေးမှာ မျက်နှာငယ်လေးနှင့်. . .

"ကန်တော့ အစ်ကို. . . ကန်တော့၊ ကျွန်တော်မှားသွားပါတယ်၊ ကျွန်တော်က အစ်ကို့ဘက်က ခံပြင်းလွန်းလို့"

"ခံပြင်းစရာ မလိုပါဘူးကွာ၊ သူဟာ မင်းရဲ့သခင်မပဲ၊ မင်း သူ့ကို စိတ်နဲ့တောင် မပြစ်မှားသင့်ဘူး"

ယမင်းခိုင်အတွက် သူသည် အတိုက်အခံ တံတိုင်းကြီး ဖြစ်နေလေပြီ။

ယမင်းခိုင်အပေါ် မည်သူမျှ ဝေဖန်အပြစ်တင်တာ သူ

မရှုဆိတ်နိုင်။

ယမင်းခိုင်အတွက်ဆိုပါလျှင် သူ တစ်လောကလုံးတို့ ရင်ဆိုင်ရဲပါသည်။

လူအားလုံးကို စွန့်ခေါ်ရဲသည်။

အဘယ့်ကြောင့်ဆိုသော် သူ ယမင်းခိုင်ကို သိပ်ချစ်နေပြီ ဖြစ်သောကြောင့်ပင်။

ထိုအချစ်ကြောင့်ပင် သူမ၏အပြစ်ဟူသမျှတို့ကို ခြေဖျက်ပစ်နိုင်စွမ်း ရှိလေသည်။

"ဟယ်တော့. . . သေခဲ့ဦးမယ်၊ စင်သီယာပါလား"

အငှားကားတစ်စီးဖြင့် ရောက်လာသော စင်သီယာကို တွေ့တော့ ဒေါ်ထွေးမှာ ဝမ်းသာအားရဖြစ်သွားသည်။

"လူနာဆီ သတင်းမေး မရောက်တဲ့ ကျွန်မအကြောင်း အတင်းပြောနေတာလား အန်တီထွေး"

စင်သီယာက ထုံးစံအတိုင်း တောက်တောက်ပပနဲ့ လှပနေဆဲ၊ ယခင်အတိုင်း ရောင်စုံခြယ်မျက်၊ လှလှပပ ကြွကြွရွရွလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းမလေးအသွင် ဝင်လာသည်။

"ဇော်ရော ဘယ့်နှယ်နေသေးလဲ"

"ရှိတယ်. . . လာလေ. . . အခန်းထဲမှာ"

အသံများနှင့်အတူ စင်သီယာနှင့်ဒေါ်ထွေးတို့ သူ့အိပ်ခန်းထဲ ရောက်လာသည်။

ရှယ်နယ်လ်ဖိုက် ရေမွှေးနံ့က သင်းထုံသွားသည်။

"အို. . . ကြည့်စမ်း၊ ယူ အတော်ပိန်သွားပါလား"

ထုံးစံအတိုင်း လက်မြန်ခြေမြန် ရှိသော စင်သီယာသည် သူ့နဖူးကို စမ်းပြီး လက်ဖျားများ ဆုပ်ကိုင်လိုက်သည်။

"အို. . . အေးစက်လို့ပါလား၊ နွေးနွေးထွေးထွေး နေမှပေါ့၊ ယူ့လေဒီရော"

"အပေါ်ထပ်မှာ ထင်တယ်"

စင်သီယာအမေးကို ဒေါ်ထွေးက ကြားဖြတ်ဖြေလိုက်သည်။

စင်သီယာမျက်နှာက အံ့သြရိပ် ဝေသွားသည်။ ချက်ချင်းပင် ချို့လွဲသော သူမ၏ပင်ကိုယ်ဟန် ပြန်ရောက်လာကာ ဇော်ထိုက်၏ခြေဖျားများကိုပါ စမ်းကြည့်သည်။

"အေးစက်နေတာပဲကွယ်၊ အန်တီရေ. . . ဇော့်ကို နွေးနွေးထွေးထွေး ထားမှဖြစ်မယ်၊ အိပ်ယာပေါ် ရွှေ့ရအောင်"

မောင်အေးနှင့် ဒေါ်ထွေးက သူ့ကို အိပ်ယာပေါ် သို့ ရွှေ့ပေးလိုက်သည်။ စင်သီယာက ဇော်ထိုက်ကို ဂွမ်းစောင်ခြုံပေးပြီး ခြေများကို နွေးထွေးစေသည်။

"ယူက ခုချိန်မှာ ကလေးသက်သက်ပဲ"

"ကျေးဇူးပဲ စင်သီယာ"

သူ့လက်ကလေးကို ဆုပ်ကိုင်ပေးရင်း နွေးထွေးစေသော

စင်သီယာကို ကြည့်ရင်း ယမင်းခိုင်ဖြစ်စေချင်သည်။ ယမင်းခိုင်ထံမှ ကြင်နာသော ယုယမှုကိုသာ ခံယူလိုသည်။

စင်သီယာ့ထံမှ သူ့လက်ကို ရုပ်သိမ်းပြီး ဂွမ်းစောင်အောက် ထိုးထည့်လိုက်သည်။

"ကျေးဇူးတင်စရာ မလိုပါဘူး၊ ယူနဲ့ကိုယ်က ငယ်ကျွမ်းဆွေပဲ"

"လာပြန်ပြီလား ဒီငယ်ကျွမ်း"

ဟု သူ့ရင်ထဲ တစ်ကြွေးမိလေသည်။

"ယူ ဘာလိုသေးလဲ၊ မမကတောင် ယူ့အတွက် ဆေးတွေ ပေးလိုက်သေးတယ်"

"ရပါတယ်. . . ပြည့်စုံပါတယ်"

စင်သီယာမှာ ဟန်ဆောင်မှု မပါ၊ စေတနာ အမှန်တကယ် သူ့အပေါ်မှာ ရှိနေသည်။

"စင်သီယာ ဒီမှာ အိပ်မှာနော်"

"မအိပ်ဘူး. . . ရှစ်နာရီလောက်ဆို ကိုယ့်သူငယ်ချင်း လာခေါ်လိမ့်မယ်၊ သူတို့ဆီမှာ အိပ်ဖို့ ပြောပြီးသား၊ မအားတဲ့ကြားက ယူ့ဆီကို လာချင်လွန်းလို့ လာရတာ"

"မောင့်ဆီကို ခုလို တကူးတကန့် လာမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ယမင်းခိုင်က ဘယ်အချိန်ကများ ရောက်နေသည်မသိ၊ အခန်းဝမှ ပြောလိုက်သည်။

ဇော်ထိုက်အကြည့်က ယမင်းခိုင်ထံ ရောက်ရှိသွားသည်။

"လာချင်နေတာကတော့ အမြဲပါ၊ ဒါပေမယ့် စိတ်ကသာ ရောက်နေတာ၊ လူကတော့ အလုပ်တွေ ပိနေလို့၊ ခုတောင် ညမှ ရောက်လာတာကြည့်၊ မနက်ဖြန်မနက်ပဲ ပြန်ဆင်းရမှာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ထမင်းဒီမှာစားပါလား၊ စားရဦးမှာ မဟုတ်ဘူး"

"စားခဲ့ပြီ. . . စခန်းသာမှာ စားခဲ့တယ်၊ ယူ့ရဲ့မောင်တော်ကို ပြုစုရမယ့်အချိန် ဖဲ့ယူသလို ဖြစ်မှာစိုးလို့ ကိုယ့်အတွက် ဘာမှ တာဝန်မပို့အောင် လုပ်ခဲ့တာလေ"

"ပြောရော့မယ် စင်သီယာရယ်. . . သူစိမ်းကျနေတာပဲ"

"ဟုတ်ဖူးလေကွာ. . . ယူကတော့ ဟုတ်မှာပေါ့၊ ဒါပေမယ့် ယူ့မောင်တော်က ခုလိုချိန်မှာ သူ ခွဲခွါချိန် လျော့မှာစိုးလို့ ဒေါ်ခွီးနေမှာ၊ ဘယ့်နှယ်လဲ. . . ယူ့ကို တော်တော်မှ ခွဲရဲ့လား"

စင်သီယာ၏ပွင့်ပွင့်လင်းလင်းစကားကြောင့် ဇော်ထိုက်ရော ယမင်းခိုင်ပါ မျက်နှာပျက်သွားကြသည်။

"ကိုယ်အိပ်ချင်လာပြီ စင်သီယာ၊ ယူတို့ အိမ်ရှေ့သွားကြတော့"

ဇော်ထိုက်ရင်မှာ ယမင်းခိုင်ကို တွေ့မြင်နေရတိုင်း လှုပ်ရှားနေလွန်းလှသည်။ ထို့ကြောင့် အနား၌ ဟန်ဆောင်ကာ နေပေးနေရခြင်းကို မကြည့်ရက်ပါ။

စင်သီယာက. . .

"ဟ. . . ဘယ်လိုအိမ်ရှင်လဲ၊ မရပါဘူး၊ အိုင်က ယူ့ဆီကို တကူးတကနဲ့ သတင်းလာမေးရတာ"

"ကျေးဇူးတင်ပါတယ်. . . ဒါပေမယ့် နောက်မလာနဲ့တော့၊ ကိုယ့်ကို သေလူလို့ပဲ သဘောထားလိုက်တော့"

"အို"

"ဟာကွာ. . . ယူကလဲ"

ယမင်းခိုင် မျက်နှာကလေး ဖွေးခနဲဖြစ်သွားပြီး နှုတ်ဖျားမှ 'အို' ဟု အာမေဋိတ်ကလေး ထွက်သွားသည်။

စင်သီယာမှာ ဇော်ထိုက်နှင့် ယမင်းခိုင်ကို တစ်လှည့်စီ

ကြည့်ကာ အကဲခတ်နေသည်။

"လာ. . . စင်သီယာ၊ မောင်နားချင်လို့ပါ၊ အိမ်ရှေ့သွားရအောင်၊ လက်ဖက်သုပ်နဲ့ပုရစ်ကြော် စားရင်း စကားပြောတာပေါ့"

ယမင်းခိုင် တွဲခေါ်ရာနောက်သို့ စင်သီယာ ပါသွားသည်ကို ငေးကြည့်ရင်း လှုပ်ရှားနေသော ရင်အစုံပေါ်သို့ လက်တင်လိုက်မိရာ နှလုံးခုန်နှုန်းက တထိတ်ထိတ် လာ၍တိုးလေသည်။

ဧည့်ခန်းမှ ကြည်လွင်သောရယ်သံများက သူ့ထံ ရိုက်ခတ်လာသည်။

ယမင်းခိုင် ရယ်မောနေနိုင်ပါလား။

ဒီလိုဆိုရင် သူကျေနပ်ရပေမည်။

ယမင်းခိုင်သည် သူ့ နှလုံးသားဖြစ်သည်။

ယမင်းပျော်လျှင် သူပျော်ရပေမည်။

အမြဲတမ်း ရယ်နိုင်ပါစေ သက်ရယ်ဟု စိတ်တွင်းမှ ဆန္ဒပြုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့သည်။

စံပယ်ကုံးများမှာ အချို့က ခြောက်လျက်၊ အချို့က နွမ်းလျက်၊ အချို့က လန်းလျက်ရှိနေသည်။

အကုံးပေါင်း နှစ်ဆယ့်နှစ်ကုံးပင် ရှိနေလေပြီ။ ရင်၌ မီးလောင်ကျွမ်းခဲ့ရသော ရက်ပေါင်းနှစ်ဆယ့်နှစ်ရက်မှာ ကမ္ဘာပေါင်းနှစ်ဆယ့်နှစ်ကမ္ဘာ ကြာသွားပြီဟုပင် ထင်နေလေသည်။

အသံကြားလိုက်ရသဖြင့် အံဆွဲကို ညင်သာစွာ ပိတ်လိုက်သည်။

အိမ်မှာ ဘယ်သူမှ ရှိမနေ။ ဒေါ်ထွေးနှင့် နှင်းခင်က တစ်ပတ်စာအတွက် ဈေးဝယ်ထွက်ကြသည်။ မောင်အေးက ခြံထဲမှာ အလုပ်ရှုပ်နေသည်။

"ဟင်. . . တစ်အိမ်လုံး တိတ်လို့ပါလား မင်းရဲ့"

ရဲမြတ်အသံက သူ့နားထဲ ကန့်လန့်ဝင်ရောက်လာသည်။ ရင်မှာ ပူလောင်လာသည်။ မည်သည့်နေရာ၌ ပုန်းအောင်းနေရမည်နည်း။

"ထွေးထွေးတို့ ဒီနေ့ ဈေးသွားမယ် ပြောတာပဲ၊ သွားကြပြီထင်တယ်၊ မောင်တော့ ရှိမှာပေါ့၊ ဘိုပ်နေသလား မသိဘူး၊ ယမင်းသွားကြည့်လိုက်ဦးမယ်၊ ရဲ. . . ထိုင်လေ"

ယမင်းခိုင်က သူ့အိပ်ခန်းဆီသို့ လျှောက်သွားသောခြေသံကို ကြားလိုက်ရသည်။ စာကြည့်ခန်းထဲ ရောက်နေသော သူ့ကို ယမင်းခိုင် သတိပြုမိဟန်မတူ။

"မရှိဘူး ရဲရဲ့၊ ခြံထဲမှာ ထင်တယ်"

"ဒါဖြင့် အတော်ပဲ၊ အေးအေးဆေးဆေး ဆွေးနွေးရတော့ပေါ့၊ ထိုင်လေ မင်း"

"ရဲအကွက် တစ်ခုခု လုပ်ပေးဦးမယ်လေ"



ချစ်ခြင်းမေတ္တာသည် ရယူပိုင်ဆိုင်ခြင်းထက် စွန့်လွှတ်အနစ်နာခံခြင်းက ပို၍စစ်မှန်ပေမည်။

ဇော်ထိုက်သည် စာကြည့်စားပွဲအံဆွဲကို ဖွင့်၍ စံပယ်တစ်ကုံး ထည့်လိုက်သည်။ ယင်းအံဆွဲထဲတွင် စံပယ်ကုံးများ ပြည့်နေလေသည်။

ယမင်းခိုင် သူ့အပေါ် အမျက်ထားကာ စကားမပြောသည့်နေ့မှစ၍ သူသီပေးသော စံပယ်ကိုပင် မပန်ဆင်တော့သဖြင့် သူက နေ့စဉ်နံနက်တိုင်း သီကုံးခဲ့သော ပန်းကုံးများကို သိမ်းဆည်း

www.burmeseclassic.com

www.burmeseclassic.com

"နေစမ်းပါ မင်းရာ၊ မင်းမျက်နှာလေးကိုသာ မြင်နေရရင် ရဲဘော် ပြည့်စုံပြီ"

ဇော်ထိုက် နှလုံးသားတို့သည် ရင်ကို ဖောက်ထွင်းမတတ် ခုန်ပေါက်ကုန်ပြီ။

"ရဲနော်. . . စကားကို လက်လွတ်စပယ်ပြောနဲ့၊ ယမင်း မကြိုက်ဘူး"

"မင်း မကြိုက်ပေမယ့် ရဲက ကြိုက်တယ်၊ မင်းကို ရဲ သိပ် ကြိုက်တယ် သိပ်ချစ်ခဲ့တယ်ဆိုတာ မင်းသိသားနဲ့ ဘာလို့ အဖြေ မပေးခဲ့တာလဲကွာ"

"ဒါကတော့ ယမင်း စဉ်းစားသင့်လို့ စဉ်းစားခဲ့တာပဲ၊ စဉ်းစားနေတုန်း မေမေတို့သဘောကျ လက်ထပ်ခဲ့ရတော့"

ဇော်ထိုက်နားတို့သည် ဆူဝေလာသည်။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာသည်။

"ဒါပေါ့လေ. . . မေမေတို့ သဘောကျသူကလဲ ရွှေသားမက် ငွေသားမက်ဆိုတော့ မင်းကလည်း ခေါင်းညိတ်လိုက်ရတာပေါ့။ ကိုယ့်လို ပမ္ဘားထက် အဆပေါင်းကုဋေ ချမ်းသာတဲ့ သူဌေးမင်းကိုကျတော့ စက္ကန့်မဆိုင်း ခေါင်းညိတ်ခဲ့တယ် မဟုတ်လား"

"ရဲ. . . နင်လွန်လာပြီနော်၊ နင်ပြန်တော့"

ဇော်ထိုက်မှာ ကမ္ဘာကြီး တုန်ခါနေသဖြင့် တွယ်ရာမဲ့သူ ပမာ ကုလားထိုင်လက်တန်းကို တအားဆုပ်ကိုင်ထားလိုက်ရသည်။

"ပြန်ဘူးကွာ. . . မင်းကို ရဲသိပ်ချစ်တယ်ဆိုတာ မင်း သိသားနဲ့ကွာ၊ ခုတော့ သနားချစ်နဲ့ ပိုတောင် ချစ်လာရသေးတယ်"

"ဘာသနားရမှာလဲ. . . ငါ့မှာ ခြေလက်အကောင်းကြီး"

"မှန်တယ်. . . ခြေလက်ကောင်းတယ်၊ ကျန်းမာဝဖြိုး အလှတိုးနေတယ်၊ ပြီးတော့ သူဌေးကြီးရဲ့ဇနီး၊ အထက်တန်းပြ

ဆရာမ ဆိုတဲ့ဂုဏ်အင်ကလည်း ရှိနေသေးတယ်၊ ဒါပေမယ့် သနား စရာကောင်းတာက မင်းဘဝဟာ ခြောက်သွေ့ပြီး အထီးကျန် ဆန် နေတယ်၊ သစ်ငုတ်တိုကို လင်လုပ်ထားရတဲ့ မင်းအတွက် အိမ် ထောင်ရေး အချစ်သုခကို မခံစားရရှာတာကို ရဲ သနားတယ်၊ မူလအချစ်အပေါ် မှာမှ ခု သနားတာက ပိုလာတော့ ရဲ့ မင်းကို ချက်ချင်းပဲ လက်ထပ်ယူပါရစေကွာ"

"တော်တော့ ရဲ. . . ပြန်တော့"

ယမင်းခိုင်အသံမှာ မာဆတ်ဆတ်ဖြစ်လာသည်။

"နှင်လှချည်လား မင်း၊ မင်းပဲ ရဲကို ခေါ်လာတာ မဟုတ် လား"

"ရဲဘာသာ ဇွတ်လိုက်ပို့တော့ အိမ်ရှင်ဆိုတော့ လောကွတ် စကားနဲ့ အိမ်ထဲ ဝင်ပါဦး ပြောရတာပေါ့၊ ဒီလို ပေါက်ကရ ပြော မယ်မှန်းမှ မသိဘဲ"

"ပေါက်ကရစကား မဟုတ်ပါဘူး. . . သစ္စာစကားတွေပါ၊ အချစ်စစ်ရဲ့သစ္စာတရားပါ၊ မင်းက ဘာလို့ ရဲအပေါ် ဒီလောက် စဉ်းစားနေရတာလဲ၊ ဦးဇော်ထိုက်လောက် စည်းစိမ်တွေအပြည့်နဲ့ မထားနိုင်ဘူး ထင်လို့လား၊ အလျှပယ် မဟုတ်ပေမယ့် လူတန်းစေ့ အောင် ထားနိုင်ပါတယ်ကွာ၊ မေတ္တာတွေလည်း အပုံကြီး ပေးနိုင်ပါ တယ်"

ဇော်ထိုက်က အဲကို တင်းတင်းကြိတ်လိုက်မိသဖြင့် သွားဖုံး များ ထူပူကာ သွေးများပင် စိမ့်ထွက်လာသည်။ တစ်ကိုယ်လုံး နှတ်ဝင်သည်ပမာ အသားများ တဆတ်ဆတ် တုန်ယင်လာသည်။ ရဲမြတ်၏အချစ်ဋီကာသည် သူ့နှားတွင် ချော်ရည်များပမာ စီးဆင်း ဝင်လာသည်။

"ရဲကို ချစ်ရဲ့သားနဲ့ အနှတီတို့အလိုကျ သူဌေးမင်းကို

www.burmeseclassic.com

www.burmeseclassic.com

ယူလိုက်တာ မဟုတ်လား မင်း. . . ပြောစမ်းပါ"

"မဟုတ်ဘူး"

"မညာစမ်းပါနဲ့ မင်းရာ၊ မင်း ပတ်ဝန်းကျင်ကို ကြောက်လို့လား၊ ပတ်ဝန်းကျင်ပါးစပ်ဆိုတာ မောရင် သူတို့ဘာသူတို့ ရပ်သွားလိမ့်မယ်၊ မရပ်လည်း အကြောင်းမဟုတ်ပါဘူး၊ ရဲရဲရင့်ခွင်မှာ မင်းတို့ ထွဝရဲ့ ထွေးပိုက်ထားမှာပါ၊ မေတ္တာအကြင်နာတွေနဲ့ ပတ်ဝန်းကျင်က ပုတ်ခတ်သမျှကို တိုက်ထုတ်ပစ်လိုက်ရုံပဲနော် မင်း"

"မသိဘူး. . . မသိဘူး၊ ပြန်တော့"

"မပြန်နိုင်ဘူး မင်း၊ မထူးပါဘူး တစ်ခါတည်းသာ လိုက်ခဲ့ကွာ"

"ရာရာစစ ဘာကိစ္စ လိုက်ရမှာလဲ၊ မလိုက်ဘူး. . . ပြန်"

ယမင်းခိုင်အသံမှာ ဒေါသသံ ပါလာလေပြီ။

"ရဲကို ချစ်သားနဲ့ ဟန်ဆောင်မနေပါနဲ့ မင်းရာ. . . လာပါ"

"အို. . . ရဲ၊ ဒီလိုမလုပ်နဲ့. . . လွှတ်စမ်း"

"မလွှတ်ဘူး. . . မလွှတ်နိုင်ဘူး၊ တစ်ခါတည်း ဦးပြေးမယ်၊ ဖြစ်ချင်ရာ ဖြစ်ပါစေတော့"

"လွှတ်. . . လွှတ်. . . နင် ခွေးကျင့်ခွေးကြံ မကြံနဲ့"

ဇော်ထိုက်နှုတ်ခမ်းမှ သွေးများပင် စီးကျလာသည်။ မာတ်လိုက်ခံရသူပမာ တုန်ယင်ကာ သတိလစ်မတတ် ဖြစ်နေသည်။

"ငါအော်လိုက်မယ်. . . လွှတ်စမ်း"

"အော်. . . အော်. . . ဘယ်သူမှ မကြားနိုင်ဘူး၊ အချစ်ဆိုတာ အနုနည်းနဲ့ မရရင် အကြမ်းနည်းနဲ့ပဲ ရအောင်ယူမယ်၊ ဒါပဲ မင်း"

"လွှတ်စမ်း. . . ခွေး. . . နင် ခွေး"

အိမ်ရှေ့ခန်းမှ ရုန်းရင်းဆန်ခတ်သံတို့သည် ဇော်ထိုက် နားတွင် မိုးကြိုးကပစ်သံပမာ ပေါက်ကွဲမြည်ဟည်းနေသည်။

"ခွေး. . . လွှတ်"

"လိုက်ခဲ့ပါ အချစ်ရယ်"

"မချစ်ဘူး. . . နင့်ကို ငါမချစ်ဘူး"

"မင်း မချစ်ပေမယ့် ရဲချစ်တယ်"

"ဟင့်အင်း. . . ဖယ်. . . ဖယ်၊ မောင်ရေ. . . မောင်"

ယမင်းခိုင်၏အော်ငိုရင်း ဟစ်အော်သံတို့သည် ပဲ့တင်ထပ်လာသည်။

"မောင်ရေ. . . မောင်၊ ဆက်ကို ကယ်ပါဦး"

ယမင်းခိုင်၏တစာစာ အားကိုးတကြီး ဟစ်အော်ခေါ်သံသည် နှီးလိုက်ဝေးလိုက်နှင့် အိပ်မက်,မက်သလို ခံစားနေရသည်။ သူကိုယ်တိုင် ခံစားမှုသရုပ်ကို မခွဲတတ်။

"သက်"

သူ အသက်မက တန်ဖိုးထား ချစ်ရလွန်းသူကို ရဲမြတ်က အတင်းပွေ့ချီနေသည်။ ယမင်းခိုင်က ထုရိုက်ကုတ်ဖဲ့ရုန်းကန်ရင်း

"မောင်. . . မောင်. . . လုပ်ပါဦး"

ယမင်းခိုင်၏အသံသည် သူ့နှလုံးသားအား ဆွဲကိုင်နှုတ်ယူသွားရာ ယမင်းခိုင် ရှိရာသို့ တစ်ဟုန်ထိုး ပြေးထွက်ခဲ့သည်။

"သက်"

"သက်"

"သက်"

နှုတ်မှ တအားအော်ကာ သူတို့အပါးသို့ ရောက်သွားသည်။

မျက်ရည်အလူးလူးနှင့် ရုန်းကန်နေသော ယမင်းခိုင်ကို ပွေ့ချီထားသူ ရဲမြတ်၏မျက်နှာကို လက်သီးဖြင့် တအားထိုးလိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်း

"ခွပ်"

"မောင်"

"သက်"

"ဝုန်း. . . ခွင်. . . ခလွမ်း. . . ဒုန်း"

"သက်"

ဘာတွေ ဘယ်လိုဖြစ်ကုန်သည်မသိ။ နားထဲတွင် လဲပြိုသံ၊ ကွဲရှသံ၊ ထိခိုက်သံများ၊ အော်ဟစ်သံများ ဟိန်းထွက်လာသည်။

ဇော်ထိုက် မျက်လုံးပြာဝေသွားသည်။ နားတွေ အူလာသည်။ သွေးအိုင်ထဲတွင် ပျော့ခွေနေသော ယမင်းခိုင်ကို မှုန်ဝါးစွာ တွေ့မြင်လိုက်ရသည်။

"မင်း. . ."

"သက်. . ."

ရဲမြတ်က ယမင်းခိုင်အား ပွေ့ချီလိုက်သည်။

"သက်"

တွယ်ရာမဲ့သူပမာ လေဟာနယ်ထဲတွင် လွင့်မျော မြောက်တက်သွားသည်။

"သက်. . ."

အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် ပြန်လမ်းမရှိသော မြစ်အတွင်းမှ ခရီးသည်တစ်ဦးဖြစ်သည်။

သက်. . .

သက်. . .

ဟင်းလင်းပြင်ထဲရောက်နေသူ အတွက် တွယ်တာစရာကို အားကိုးတကြီး ရှာဖွေမိသည်။ နူးညံ့သော လက်တစ်ဖက်ကို စမ်းမိလိုက်သည်။

"သား. . . သား. . . လူလေး"

စမ်းရေနှင့် တူသော မိခင်၏အသံချိုချိုအေးအေးက သူ၏ အာရုံကို အားအင်ဖြည့်ဆည်းပေးလိုက်လေသည်။

"မေမေ. . "

ချောက်ချားဖွယ်ရာကောင်းသော အိပ်မက်မှ လန့်နိုးလာသူပမာ မျက်လုံးကိုဖွင့် လူကလည်း ထလိုက်သည်။

"သား သတိရပြီနော်"

"မေမေ. . "

မိခင်ရင်ခွင်ထဲ ကလေးငယ်လေးပမာ တိုးဝင်လိုက်မိသည်။ လှုပ်ရှားနေသောရင် မောဟိုက်နေသော စိတ်အစဉ်ကို မိခင်ရင်ထက်၌ ခေတ္တအနားပေးလိုက်သည်။ သို့တိုင်အောင် မငြိမ်းချမ်းနိုင်သေးချေ။

"သက်. . သက်ရော. . မေမေ"

အိပ်မက်လေလား၊ တကယ့်အဖြစ်အပျက်ပေပဲလား၊ ဝေခွဲမရနိုင်သေးသဖြင့် မိခင်ရင်ခွင်မှ ခွာကာ မျက်နှာကို မော့ကြည့်လျက် မေးလိုက်သည်။

"ရှိပါတယ်. . . အပေါ်ထပ်မှာ"

"ရေသောက်လိုက်ပါဦး ဇော်ကြီး"

အော့ဂျန်က သူ့အား ရေတစ်ခွက် တိုက်လိုက်သည်။ ရေသည်လည်း သူ့ရင်ကို မအေးစေနိုင်သေးပါ။

"မေမေ. . သက်. . သက်ကို တွေ့ချင်တယ်"

"တွေ့ရမှာပေါ့. . . သား သွားတွေ့လေ၊ သူကတော့ လာတွေ့နိုင်မှာ မဟုတ်ဘူး"

"ဟင်. . ဘာ. . ဘာဖြစ်လို့လဲ"

"သူ ခုံစောင်းနဲ့ တိုက်မိတာကြောင့်ရယ်၊ ပန်းကန်ကွဲကဖန်ကွဲတွေ နစ်ဝင်သွားတာကြောင့်ရယ် ရှော့ဖြစ်သွားတယ်၊ ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com

ချွေးစေး တောက်တောက်ပြင်းပြင်းထန်ထန် ရသွားတယ်၊ ခုထိ သတိမရ သေးဘူး

"ဘာ. . ."

သူသည် ကုတင်ပေါ်မှ ဝုန်းခနဲ ခုန်ဆင်းလိုက်သည်။ သူ့ခြေထောက်တွေ အကောင်းပကတိ ဖြစ်သွားခြင်းကိုပင် ဝမ်းသာရမှန်း မခံစားနိုင်သေး။ အေဂျွန်လက်မောင်းနှစ်ဖက်ကို ဆုပ်ယမ်းရင်း

"ဒါ. . ဒါဖြင့် စိုးရိမ်ရသလား၊ ဆေးရုံမပို့ဘူးလား"

"သိပ်မစိုးရိမ်ရပါဘူး. . . ငါကုပေးထားပါတယ်၊ အပေါ်ထပ်မှာ အိပ်ဆေးရှိန်နဲ့ မနိုးသေးတာပါကွာ"

"ဟုတ်လား. . . ဒါဖြင့် သွားလိုက်ဦးမယ်"

ဆုပ်ကိုင်ထားသောလက်ကို ဖြုတ်ကာ သူ့အိပ်ခန်းထဲမှ ပြေးထွက်ပြီး အပေါ်ထပ်သို့ တဟုန်ထိုး တက်ခဲ့သည်။ အေဂျွန်မှာ စိတ်မချသဖြင့် သူ့ကို အမှီလိုက်ရသည်။

မိခင်ဒေါ်သူဇာနွယ်မှာ ခြေထောက်အကောင်းပကတိဖြင့် သွက်လက်မြန်ဆန်စွာ အပြေးအလွှား တက်သွားသောသားကို ပီတိမျက်ရည်အဟုန်ကြားမှ ရင်သပ်ရှုမော ငေးကြည့်ရင်း ကျန်ခဲ့ပေသည်။ သားဖြစ်သူ ပျောက်ကွယ်သွားမှ တယ်လီဖုန်း ရှိရာသို့ လှမ်းလိုက်သည်။ သားအဖေကို ဝမ်းသာစေရန် အကြောင်းကြားရပေဦးမည်။

လူတို့သည် မိမိတို့ ခံစားလာရသော သုခ ဒုက္ခဝေဒနာများ မျှဝေပေးရန် အချစ်ဆုံးသူများကိုသာ ဦးဆုံးသတိရတတ်ကြသည်။

"သက်"

ပတ်တီးများဖြင့် မျက်နှာတစ်ပြင်လုံး ဖွေးဖွေးလှုပ်နေသော ယမင်းခိုင်ကို တွေ့လိုက်ရသဖြင့် ရင်ထဲ ထိခိုက်နာကျင်သွားရသည်။

"အိပ်ပျော်နေတယ်"

ယမင်းခိုင်အပါး၌ ရှိနေသော ဒေါ်ထွေးက လှမ်းပြောလိုက်သည်။

သူက ယမင်းခိုင်အပါး၌ ရပ်ကာ မျက်လုံးနှင့် နှာခေါင်းပေါက်၊ ပါးစပ်ပေါက်တို့ကိုသာ ဖော်ထားသည့် ပတ်တီးမျက်နှာကို ငုံ့ကြည့်ကာ မချိတင်ကဲ. . .

"မစိုးရိမ်ရတာ သေချာရဲ့လား ဂျွန်ရာ"

စိုးရိမ်သံဖြင့် ခပ်တိုးတိုး မေးလိုက်သည်။

"မစိုးရိမ်ရပါဘူး၊ လာဦး. . . သူအိပ်ပါစေ၊ အိပ်ပျော်နေမှ ဖြစ်မယ်၊ သူ သိပ်ခံစားနေရရှာတယ်"

အေဂျွန်က သူ့အား အခန်းအပြင်ဖက်သို့ ဆွဲလုတ်ခေါ်လာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အပြင်ဘက် ဝရန်တာရှိ ဒန်းလေးများပေါ်၌ ထိုင်ချမိသည်နှင့် သူက...

"ဟိုလူယုတ်မာရော"

"ဘယ်လူယုတ်မာလဲ"

"အဲဒီလူယုတ်မာက အရေးမကြီးပါဘူး၊ မင်းခြေထောက်တွေ ပြန်ကောင်းနေတာရော မင်းသိရဲ့လား"

ဇော်ထိုက်က ထိုင်လျက် ခြေထောက်များကို လှုပ်ယမ်းရင်း

"သိပါတယ်ကွာ... ဒါပေမယ့် ငါမပျော်နိုင်တာတော့ အမှန်ပဲ၊ ယမင်းဒဏ်ရာက တော်တော်ပြင်းသလား"

"ပြင်းတာပေါ့"

သူ့ရင်ထဲ မီးဟုန်းဟုန်းတောက်သွားသည်။

"ဒါဖြင့် ယမင်းမျက်နှာ..."

"အေး... ယမင်းရှုပ်ကလေးလိုတော့ လှတော့မှ မဟုတ်ဘူး... ရှုပ်ဆိုးသွားမှာပဲ"

အလှအပ ကြိုက်သော ယမင်းခိုင်အတွက် ရင်ဝယ် စူးရှနာကျင်သွားရလေသည်။

သူမ စိတ်ထိခိုက်ရှာပေလိမ့်မည်။

"ရှုပ်ဆိုးသွားရင် မင်းချစ်နိုင်ပါဦးမလား"

"တော်... ဂျွန်၊ မင်း ငါ့ကို မစော်ကားနဲ့၊ ငါ သက်တို ချစ်တာ အလှအပနဲ့ မဆိုင်ဘူး၊ အိုကွာ... ဘာကြောင့်ရယ်လို့ တိတိပပ မပြောနိုင်တော့တဲ့အချစ်၊ ခွဲခြမ်းစိတ်ဖြာမပြတတ်တဲ့ အချစ်နဲ့ကို ချစ်တာပါကွာ၊ သူရုပ်ဆိုးသွားလည်း ငါ့အချစ်က မပြောင်းလဲပါဘူး၊ ဒါပေမယ့် သူ့အတွက် ငါစိတ်ထိခိုက်တာပါ၊ မှန်ကို ကြည့်တိုင်း မြင်ရမယ့် သူ့ရုပ်ရည်အတွက် ဘယ်လောက် စိတ်ဆင်းရဲရှာမလဲ တွေးမိပြီး ငါ စိတ်မကောင်းဖြစ်ရတာပါ"

"မင်း သူ့ကို သိပ်ချစ်တာပဲလား"

"ဘယ့်နယ်ပြောပါလိမ့်ကွာ"

"ပြောရမယ်ကွ... ပြောရမယ်၊ သူကလည်း မင်းကို ချစ်တာပဲ၊ မင်းကို ချစ်ပြီး သူ ဘယ်လောက်စွန့်စားရသလဲဆိုတာ ဒဏ်ရာတွေ ရတဲ့အထိဆိုပါတော့"

ဇော်ထိုက်နားထဲ ရှုပ်ထွေးလာသည်။

"ဟိုလူယုတ်မာရော ဘယ်ရောက်သွားလဲ၊ ငါ့ကို ရှင်းစမ်းပါဦး"

"ကိုရဲမြတ်လား"

"နာမည်မကြားချင်ဘူး... ထည့်မပြောပါနဲ့"

အော်ဂျိန်က ဟက်ဟက်ပက်ပက် ရယ်မောကာ ဇော်ထိုက်ပခုံးကို ဖက်လိုက်သည်။

"မင်းကွာ... ခုထိတောင် မရိပ်မိသေးဘူးလား"

"ဘာကို ရိပ်မိရမှာလဲ"

"ကိုရဲမြတ်က မင်းအတွက် အားလုံးအမုန်းခံပြီး ကူညီရတာပေါ့ကွာ၊ မောင်အေးတို့ ထွေးထွေးတို့ဆိုရင် ကိုရဲမြတ် လာတယ်ဆိုရင်ပဲ မျက်နှာပုပ်သိုးပြီး စောင်းချိတ်နေကြတာ၊ ဒါတွေကို ကြံ့ကြံ့ခံပြီး မင်းကို အကူအညီပေးတာ"

"ဘယ်လိုလဲကွာ... ရှင်းရှင်းပြောစမ်းပါ ဂျွန်ရာ"

ဇော်ထိုက်က စိတ်ရှုပ်ထွေးစွာ တောင်းဆိုလိုက်သည်။

"ကိုရဲမြတ်က ဒေါ်ခင်မာလာရဲ့ခင်ပွန်းလေ၊ သဘော်ကောင်းလာတာ မကြာသေးဘူး၊ ပြီးတော့ မင်းရဲ့သက်နဲ့က စပ်ရင်း မောင်နှမ တော်တယ်၊ အိမ်နီးချင်းလည်းဖြစ်၊ ငယ်သူငယ်ချင်းလည်းဖြစ်တယ်၊ ပြီးတော့ ယမင်းကို အကြောင်းပြုပြီး ခင်မာလာနဲ့ ရခဲ့တာကိုး၊ ဒါကြောင့် ရဲမြတ်က ယမင်းကို ကျေးဇူးရှင်အဖြစ် သတ်မှတ်

www.burmeseclassic.com

ထားတာ"

"ဩော်. . ."

ဇော်ထိုက်ရင်ထဲ ပွက်ပွက်ဆူနေခဲ့ရသော နှလုံးသားမီးတောင် ငြိမ်းအေးသွားလေပြီ။

သက်ပြင်းချကာ သောကများကို လွှင့်ပါးစေသည်။

"မင်းအောက်ပိုင်းသေရတာမှာ စိတ်နဲ့ပဲ ဆိုင်နေတယ်၊ မင်း အက်ဆီးဒင့်ဖြစ်တဲ့အချိန်မှာ သိပ်စိတ်လှုပ်ရှားနေတယ် မဟုတ်လား"

"အေးကွာ. . . စိတ်က သိပ်ကို ဆန္ဒစောနေမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယမင်းခိုင်ဆီက ရမယ့်အဖြေကို သိပ်သိချင်နေတာကိုး၊ မခွဲစဖူး ခွဲနေရတော့ သိပ်တွေ့ချင်တာလည်း ပါတယ်၊ သူ့ကို ငါသိပ်ချစ်နေပြီဆိုတာ ကိုယ့်ကိုယ်ကို သိလိုက်တဲ့အချိန်ကလည်း ဖြစ်တော့ အရှင်လိုနေမိတယ်"

"အေးလေ. . . အဲဒါကြောင့် မင်း ခုလိုဖြစ်သွားတာပေါ့၊ ဒီတော့ ဆရာဝန်ကြီးတွေက မှာတယ်၊ မင်းမှာ သိပ်စိတ်လှုပ်ရှားမှုတွေ ဖြစ်လာရင် ကိုယ်အခြေအနေ ကိုယ်မေ့ပြီး သတိလက်လွတ်ဖြစ်ပြီး ပြန်ကောင်းလာလိမ့်မယ်တဲ့၊ အာရုံကြောနဲ့ ဆိုင်တယ်လို့ ယူဆထားတာကိုး၊ ဒါနဲ့ ငါလည်း ဉာဏ်စွမ်းရှိသရွေ့ ယမင်းခိုင်နဲ့ တိုင်ပင်ပြီး ရဲမြတ်အကူအညီနဲ့ စိတ်အမျိုးမျိုး လှုပ်ရှားလာအောင် ဆွပေးရတာပဲ"

ဇော်ထိုက် အလိုလို ပြုံးမိလျက်သားဖြစ်သွားသည်။ သူ့မှာ အရှုံးကြီးတစ်ပိုင်းတမျှ ခံစားနေရသည့်အကြောင်းကို ယမင်းခိုင်အောင် ဘယ်ကဲ့သို့ ပြောရမည်နည်း။ ယုံနိုင်ပါ့မလား။

တွေးရင်းတွေးရင်း ရင်ဝယ် တသိမ့်သိမ့် လှုပ်ရှားလာသည်။

"အန်တီနွယ် ရောက်နေတာက သုံးရက်ရှိပြီ၊ ကိုယ်တို့အိမ်မှာပဲ တည်းတယ်လေ"

"မေမေရော သိလား"

"သိတာပေါ့. . . ဒါကြောင့် မင်းက ဘယ်လိုခေါ်ခေါ် သူမလာသေးတာပေါ့၊ မင်းအခြေအနေကို ပြင်ပက စောင့်ကြည့်နေကြတာလေ၊ မင်းတို့ရဲ့ ပဋိပက္ခအခြေအနေကို ကိုယ် ထမင်းစားခန်းကချောင်းကြည့်နေတာ၊ မင်းကွာ. . . မြန်လိုက်တာ၊ ရဲမြတ်ခမျာ မင်းလက်သီးစာကို မရှောင်နိုင်ဘူး၊ ကိုယ်တောင် ထမင်းစားခန်းကပြေးထွက်လာတာ မမီလိုက်ဘူး၊ တစ်ခ်ီတည်း အလဲထိုးတာ၊ ယမင်းပါ လဲပြီး ဒဏ်ရာရကုန်တာပေါ့"

"အေးကွာ. . . ငါ့မျက်စိထဲ ပြာဝေနေတာပဲ၊ စိတ်ထဲမှာလည်း မီးဟုန်းဟုန်းတောက်နေပြီကွာ"

မှန်ကို ကြည့်တိုင်း စိတ်ဆင်းရဲရှာမည့် ယုမင်းခိုင်အတွက် သူ စိတ်ထိခိုက်ရသည်။

"ရဲမြတ်ကို နောက်မှ တောင်းပန်တော့မယ်ကွာ၊ ခုတော့ သက်နား. . ."

"အိပ်ပါစေဦးကွာ. . . သိပ်ငိုရင် ဒဏ်ရာကို ထိခိုက်နိုင်တယ်၊ အနာတွေ တော်တော်နဲ့ မကျက်ဘဲ နာနေလိမ့်မယ်"

ယမင်းခိုင်အနားသို့ သွားနေချင်သော သူ့အတွက် အခက်ကြုံနေရလေသည်။

"ပဇတ်စတစ် ဆာဂျရီနည်းနဲ့ သက်မျက်နှာကို ပြုပြင်ပေးလို့ ရတယ်မဟုတ်လား"

"ဘာလဲ. . . မင်းက မလှလို့ မချစ်နိုင်တော့ဘူးလား"

ဇော်ထိုက် ရှုံးရှုံးရှားရှားဖြစ်သွားသည်။

"ငါ့မေတ္တာကို အထင်မသေးနဲ့ ဂျွန်၊ ငါ အရှင်ဇော်ထိုက်

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တော့ဘူး၊ ငါ ယမင်းရဲ့ အပေါ် အရေပြားတစ်ထောက်အလုံကို မက်မောတာ မဟုတ်ဘူး၊ မင်းကို ပြောရတာ မလွယ်ပါဘူး၊ နားလည်မှာလည်း မဟုတ်ဘူး၊ ဌက်ပျောတုံး ဖက်သေရမယ့်သူဆိုတော့"

"ဟား. . ဟား. . ဟား. . ငါက သေရင် ဌက်ပျောတုံး ဖက်ရဦးမှာ၊ မင်းက မိန်းမရပြီး ဌက်ပျောတုံး ဖက်နေရတဲ့ကောင်ကများကွာ. . . နွားကျပါပေ့"

"ဟာကွာ. . "

ဇော်ထိုက်မျက်နှာ ရဲရဲတွတ်သွားသည်။ ဂျွန်ကိုတော့ သူ စိတ်မဆိုးနိုင်ပါ။

ပြောမနာ ဆိုမနာ ငယ်ပေါင်းတွေဖြစ်၍ စိတ်မဆိုးသော်လည်း ရင်ထဲတွင်တော့ လွမ်းသလိုလို၊ အတိတ်ကိုပဲ တမ်းတသလိုလို၊ မည်သို့ပင်ဖြစ်စေ မာနကိုယ်စီဖြင့် ခပ်ကင်းကင်း နေခဲ့ကြသည်ကိုပင် ပြန်ပြောင်းသတိရမိသည်။

"မင်းပြောချင်တာ ပြောတော့ကွာ၊ ငါ သက်နားမှာပဲ သွားထိုင်စောင့်နေတော့မယ်"

သူက ပြောပြောဆိုဆိုဖြင့် အေဂျွန်ကို ထားခဲ့ကာ ယမင်းခိုင် အိပ်ခန်းဘက်သို့ ခြေဦးတည့်လိုက်ရာ. . .

"တိတ်ကောင်. . "

အေဂျွန်က သူ့အား လှမ်းဆွဲရင်း. . .

"သူ သိပ်စိတ်ထိခိုက်နေတယ်နော်၊ မင်း သူ့ သဘောမကျတာကို ဘာမှမလုပ်ရဘူး"

"မင်းကလည်းကွာ"

ဇော်ထိုက်က စကားဆက်မပြောတော့ဘဲ ယမင်းခိုင် အိပ်ခန်းသို့ လှမ်းခဲ့သည်။ အေဂျွန်ပါ လိုက်ပါလာသည်။

သူ့ရင်မှာ တလှုပ်လှုပ် ခုန်လာသည်။ မင်္ဂလာဆောင်ပြီး သတို့သမီး ရှိရာသို့ သွားရသည့် ခံစားမှုမျိုးပင်လားဟု တွေးမိကာ ပြုံးမိချင်သည်။ ထို့အတူ သူနှင့် အတွေးချင်း တိုက်ဆိုင်မှု ရှိလေသည်ထင့်၊ အေဂျွန်က. . .

"ငါ့ကိုယ်ငါ သတို့သားအရဲလိုလို ဘာလိုလို ခံစားလိုက်ရတယ်ကွာ"

ဇော်ထိုက်က အေဂျွန့်ပခုံးကို လက်သီးနှင့် ထိုးကာ ရယ်မောလိုက်သည်။

ရှက်ခြင်းလား၊ ကြည်နူးခြင်းလား မသိပါ။

ပျော်တော့ အတော်ပျော်နေသည်။

ခြေထောက်တို့သည် ကြမ်းပြင်ကို ထိတွေ့ပြီး လျှောက်ရသည်ကိုကပင် အရသာတစ်မျိုး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ခြေလှမ်း တုံဆိုင်းသွားရသည်။ ယမင်းခိုင်က သူ့မိခင်၏ရင်ဝယ် ခိုဝင်နေသည်။

"လာလေ သား"

သိမ့်သိမ့်တုန်နေသောကျောပြင်ကိုကြည့်ပြီး ယမင်းခိုင် ငိုနေသည်ဟု သူခန့်မှန်းမိလိုက်သည်။

"ငိုပဲ ငိုနေတော့တာပဲကွယ်"

ဒေါ်ထွေး ညည်းညူလိုက်သည်။

"ဘာလို့ ငိုရတာလဲ ညီမရယ်. . . ပျောက်သွားမှာပါ"

အေဂျန်က အားပေးသည်။ သို့တိုင်အောင် ဇော်ထိုက်တာ ကျောက်ရုပ်၊ ယမင်းခိုင်က ရှိုက်နေဆဲ. .

"တယ်ခက်ပါလား သမီးရယ်၊ ငိုနေရင် သမီးပဲ ခေါင်း ကိုက်မှာပေါ့"

"ဟင့်အင်း. . . သမီးကြောက်တယ် မေမေ"

"ဘာကိုကြောက်တာလဲ"

"မှန်ထဲ မြင်ရမယ့် သမီးမျက်နှာကို"

မိခင်နှင့် အပြန်အလှန် ပြောနေသော ယမင်းခိုင်ကို စိတ် ထိခိုက်စွာ ငေးကြည့်နေမိသည်။

"ပျောက်သွားမှာပါ သမီးရယ်၊ မပျောက်လည်း အမေတို့ အချစ်က လျော့မသွားတဲ့အပြင် တိုးပြီးတော့တောင် မေတ္တာဝင်ရဦး မှာပဲ၊ ကဲ. . . သားနဲ့ စကားပြောလိုက်ပါဦး"

"ဟင့်အင်း. . ဟင့်အင်း. . မေမေ ဘယ်မှမသွားရဘူး၊ သမီးအနားမှာပဲ နေပါ၊ သမီးနဲ့ပဲ အိပ်ပါနော် မေမေ"

အေဂျန်က ဇော်ထိုက်မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက် သည်။ မျက်နှာက ပြုံးစိစိနှင့်. . .

"ဘယ့်နှယ့်ရှိစ"

ဟု မေးနေသယောင်ယောင်မို့ ဇော်ထိုက်က မအီမလည် ကြီး ပြုံးကာ မိခင်ဘက် လှည့်ပြီး. . .

"နေပေးလိုက်ပါ မေမေရယ်၊ သူ စိတ်ချမ်းသာသလို နေပါ စေ"

ယမင်းခိုင်၏အထိတ်တလန့်ဟန်လေး ပျောက်သွားသည်။ သူ့အား ပတ်တီးဖွေးဖွေးအောက်မှ မျက်လုံးစုံကြီးဖြင့် စေ့ကြည့်သည်။

ယခုမှ ဇော်ထိုက်ရင်မှာ တဆတ်ဆတ် ခုန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ခံစားမှုအသစ်သည် ရင်ကို တဒိတ်ဒိတ် တိုးစေလာသည်။

နှစ်ယောက်ချင်း တွေ့ခွင့်မရသေးသဖြင့် ယမင်းခိုင်ကို မည်ကဲ့သို့ ချော့ရမှန်း သူ မသိသေးပါ။ အများရှေ့၌ မိမိအား စိမ်းကားစွာဖြင့် ဥပေက္ခာပြုပြီး. . .

"မေမေနဲ့ အိပ်ပါရစေ"

ဆိုသူကို သူ နားမလည်နိုင်အောင်ဖြစ်ရသည်။ သက်ပြင်း ငွေ့ငွေ့ ချလိုက်သည်။

"နားလည်ရ ခက်လိုက်တာ သက်ရယ်"

ဟု စိတ်တွင်း၌သာ ညည်းတွားလိုက်မိသည်။

"ကဲပါ. . . အားလုံး ညစာထမင်းတောင် အချိန်လွန်ကုန်ပြီ၊ လာ. . . စားကြရအောင်၊ အားလုံးပြင်ပြီးပြီ"

ထွေးထွေးအသံကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သူက. . .

"သက်ရော ထမင်းစားလို့ရမလား ဂျွန်"

"အင်း. . . ရပါတယ်၊ ဒါပေမယ့် ဒဏ်ရာတွေကတော့ ကြွက်သားတွေ လှုပ်ရှားမှုကြောင့် နာနိုင်တာပေါ့၊ စကားပြောရင်တောင် နာတယ်မဟုတ်လား ညီမ"

ယမင်းခိုင်က ခေါင်းညိတ်ပြသည်။

"ဒါဖြင့် မမနွယ်နဲ့ယမင်းအတွက် အပေါ်ကိုပဲ ယူပေးမယ်၊ ကလေးနဲ့ဂျွန်က အောက်မှာပဲ စားကြ၊ လာ. . . လာ"

"မေမေ သွားစားလေ၊ သက်ကို ကျွန်တော်ကျွေးပါ့မယ်"

ယမင်းခိုင်က အလန့်တကြား ခေါင်းခါယမ်းလိုက်သည်။ မျက်ရည်များက ရစ်ဝဲလာသဖြင့် သူ့ရင်ထဲ နင့်သွားရသည်။ သူ့စကားထဲ အမှားမရှိပါ။

"သား သွားပါ၊ မေမေ့သမီးကို မေမေပဲ ပြုစုနိုင်ပါတယ်

ကွယ်"

"ကျွန်တော်ကလည်း ကျွန်တော့်မိန်းမ·ကျွန်တော်ပြုစုချင်တာပေါ့၊ မေမေ"

ဟု သူပြောလိုက်သည်။ အားလုံးမျက်နှာက ရယ်ကျဲကျဲဖြစ်သွားကြသည်။ ယမင်းခိုင်တစ်ယောက်သာ ပုလဲရောင်မျက်ဝန်းဖြင့် ခေါင်းလေး အသာငုံ့လျက်က. . .

"မေမေ မသွားပါနဲ့နော်"

မိခင်လက်ကို ဆွဲထားသည်။

ဇော်ထိုက်မှာ ရှက်ဒေါသဖြင့် ရှေ့ဆုံးမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

သူ ဒုက္ခိတဘဝ ရောက်စဉ်က လိုက်လျောခဲ့သော အနမ်းနှင့် ယုယမှုတို့သည် ဟန်ဆောင်မှုတွေလား၊ သနားသဖြင့် စွန့်ကြမှုတွေလားဟု ဒေါဖောင်းဖောင်းနှင့် တွေးကာ တဒိုင်းဒိုင်း ပြေးဆင်းခဲ့သည်။

ဒီခြေထောက်တွေနှင့် သူ့ဒဏ်ရာ လဲပေးလို့ရပါလျှင် သူ လဲပေးချင်လောက်အောင်ပင် စိတ်ထိခိုက်ရသည်။

မေတ္တာတရား၏လှည့်ဖျားမှုများကို နားမလည်အောင်ပင် ဖြစ်နေရသည်။

"ဂျွန်. . . ဘာသဘောလဲကွာ"

"မကြည်တဲ့သဘောပေါ့"

"ဒါနဲ့ ဘီအီးဒီကွင်းကို လယ်ကွင်းကို လာရှုတ်ချကတည်းတ ချစ်ခဲ့မိတာပါဆိုကွ"

"အဲဒီတုန်းက မင်းကို ဒုက္ခိတမို့လို့ သနားလို့ဖြစ်မှာပေါ့ကွ"

"အင်. . "

သူ့ရင်ထဲ မချိမဆံ့ ခံစားလိုက်ရသည်။ လောလောလတ်

www.burmeseclassic.com

www.burmeseclassic.com

လတ် ဒဏ်ရာတွေ ရှိနေသူ ဖြစ်သဖြင့် ရင်ထဲမှာ ကြိတ်မနိုင် ခဲမရ ဝေဒနာတွေကို မျိုသိပ်ထားလိုက်ရသည်။

စားသောက်ပြီး အေဂျန် နှုတ်ဆက်ကာ ပြန်သွားသည်။ သူ အပေါ်ထပ်ရှိ ယမင်းခိုင်အခန်းသို့ သွားရန်လည်း စိတ်မကူးတော့ပါ။ အောက်ထပ်ရှိ သူအိပ်နေကျအခန်း၌သာ ဝင်အိပ်လိုက်ရသည်။

"ကလေး အိပ်ပြီလား. . . တီဇီမကြည့်တော့ဘူးလား"

"ဟင့်အင်း. . . မကြည့်ချင်ပါဘူး ထွေးထွေးရာ၊ ထွေးထွေးတူမကို နားမလည်နိုင်လွန်းလို့ ကျွန်တော် အရမ်းစိတ်ညစ်လာပြီ"

"ဒါ စိတ်ညစ်စရာလား၊ အစတုန်းက အခြေအနေနဲ့ အခု အခြေအနေ မတူတော့ဘူးလေ၊ ခုတော့ သူ့အတွက် ခုမှ လက်ထပ်ကာစလို ရှက်ကြောက်မှုတော့ ရှိမှာပေါ့၊ မင်းကို ရှိန်နေတာပါ ကလေးရယ်"

"မေမေ ဒီအကြောင်းတွေ သိသွားပြီလား"

"အေး. . . ဂျွန်ပြောပြလိုက်တယ် ထင်တယ်၊ ငါ့ကိုတောင် ကြံရာပါဆိုပြီး အပြစ်တင်နေသေးတယ်၊ အခုမှ သူက တကယ့် ကြံရာပါအစစ် ဖြစ်နေပြီ၊ သူ့သမီးအနားက ခွာကို မခွာရဲတာ ကြည့်လေ"

"မဟုတ်ဘူး ထွေးထွေးရာ၊ အတူမအိပ်နဲ့ဆိုလည်း မအိပ်ပါဘူး၊ ဒါပေမယ့် မခေါ်နိုင်မပြောနိုင်လောက်အောင် ကျွန်တော့် အပေါ် မစိမ်းကားသင့်ဘူး ထင်တယ်"

"သူ စကားကောင်းကောင်း ပြောနိုင်လောက်တဲ့အချိန်ကတော့ မေးကြည့်တာပေါ့ကွယ်၊ ကဲ. . ကဲ. . အိပ်. . အိပ်၊ ကလေးလည်း အနားယူဖို့ လိုတယ်"

ထွေးထွေးပြန်ထွက်သွားသည့်တိုင်အောင် သူ အိပ်ယာ မဝင်မိသေးချေ။ အိပ်လို့မရနိုင်ပါ။

အတွေးအမျိုးမျိုးက သူ့အား အိပ်မပျော်စေရန် ဟန့်တားလျက်ရှိသည်။

အိပ်ခန်းအပြင်ဘက် ထွက်ကာ အေဂျန်ထံ တယ်လီဖုန်း ဆက်လာသည်။

"ဟဲလို. . "

"ဂျွန်လား. . . ကိုယ်ပါ ဇော်ကြီး"

"ဟေ. . . ညီမ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွာ. . . ဒဏ်ရာတွေက စိတ်ချရပါတယ်ဆို"

"စိတ်တော့ ချရတာပေါ့၊ အိပ်ဆေးလည်း ပေးခဲ့တာပဲ၊ နာတာကိုက်တာ ခံစားနေရမှာစိုးလို့၊ ခု အိပ်နေပြီလား"

"မသိဘူး"

"ဟေ. . . မင်း တကယ့်ကောင်ပဲ၊ ခုထိ ကြောက်ရတုန်းလား"

"မင်းပဲ စိတ်ချမ်းသာအောင်ထား ဆိုကွ"

"ဒါက ဒီလိုပဲ ပြောရမှာပေါ့"

"ထားပါတော့ကွာ. . . ခုလို ငါ့အပေါ် အရမ်းစိမ်းသွားတာကိုတော့ ငါနားမလည်ဘူး"

"ဒါကတော့ အစကတည်းက မင်းတို့ချင်းက မရင်နှီးခဲ့ကြဘဲကိုးကွ၊ ခုတော့ သူရှက်နေမှာပေါ့။ မင်း ဒုက္ခိတဘဝတုန်းက သူ့စပြီး သည်းသည်းလှုပ် ချစ်ခဲ့ရတာကို တွေးပြီး ရှက်နေလိမ့်မယ်၊ သည်းခံ သူငယ်ချင်း၊ အချိန်က စကားပြောပါလိမ့်မယ်ကွာ"

"အဲဒီအချိန်က ဘယ်လောက်ကြာဦးမှာလဲ ဂျွန်ရာ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ. . . မင်းက မနေနိုင်တော့ဘူးလား"

"မင်း ကိုယ်ချင်းမစာတတ်တိုင်းကွာ"

"စာစရာမှ မရှိဘဲ"

"အေး. . . မသိရင် မပြောနဲ့ကွာ၊ ငါ့မှာ ဘယ်လောက် နေရခက်တယ် ထင်သလဲ၊ သူက စိမ်းလေလေ ငါ့မှာ နေရခက်လေလေပဲ"

"ဘာလဲ. . . မျောက်မီးခဲကိုင်သလိုမျိုးလား၊ ဟား. . ဟား. . ဟား"

အေဂျွန်က ရယ်လျက်မှ. . .

"မင်းကတော့ ရယ်နိုင်မှာပေါ့ကွာ၊ ခံစားချက်မှ မရှိဘဲ"

"ခံစားစရာလည်း မလိုဘူးလေကွာ၊ ငါက မိန်းမယူဖို့မှ မစဉ်းစားတာ၊ အဲ. . . ယူလည်း မင်းလိုတော့ စိတ်ကူးယဉ်ဆန်ဆန်နဲ့ ကိုယ့်မိန်းမကို ကြွေရုပ်လေးလို အလှကြည့်ထားမှာ မဟုတ်ဘူး"

"တော်စမ်းပါ. . . အကြံများ ရမလားလို့ မင်းကို မေးမိကာမှ ပိုတောင် ဦးနှောက်ခြောက်ရသေးတယ်၊ ဒါပဲ. . . ချလိုက်မယ်"

"နေဦးကွ"

သူက ကျွဲမြီးတိုစွာဖြင့်. . .

"ဘာလဲ"

"မင်းမိန်းမကို မင်းလူပျိုပြန်လှည့်ပေါ့၊ ရှက်မနေပါနဲ့ကွာ၊ ကိုယ့်မိန်းမ ကိုယ်ပိုးတာပဲ"

"မေမေတို့ ရှိနေတယ်၊ မေမေကလည်း သိနေပြီဆို"

"အေး. . . ငါပြောလိုက်တာ၊ ဘာဖြစ်လဲကွာ. . . အဘွားကြီးတွေက ကြေလည်ပြီးသားပါ"

"ဒါပေမယ့် သူက အဘွားကြီးတွေကို တောက်တဲ့ကပ်

ကပ်နေတာ၊ ခွာကိုမခွာဘူး"

"ဘာဖြစ်လဲကွ. . . အဘွားကြီးတွေ မျက်စိရှက်လာရင် နှောင်လိမ့်မယ်၊ စိတ်အေးအေး ထားစမ်းပါကွာ၊ မင်းပစ္စည်း ဘယ်သူကမှ အလစ်မသုတ်ဘူး၊ ကိုရဲမြတ်ဆိုလည်း ခုချိန်လောက် ဆိုရင်. . ."

"တော်စမ်းပါကွာ. . . မနက်ဖြန် မင်းလာခဲ့ဦးနော်"

သူသည် တယ်လီဖုန်းခွက်ကို ချလိုက်သည်။

"သား. . "

ရုတ်တရက်မို့ ထိတ်ခနဲ ဖြစ်သွားသည်။ သူဦးလူမိသွားဟန် ဖြင့် မိခင်ကို မလုံမလဲ ကြည့်လိုက်မိသည်။

"ဘယ်အချိန်ရှိပြီလဲ သား၊ မအိပ်သေးဘူးလား"

"အိပ်လို့မရလို့ပါ မေမေ"

"သားအသံကြားလို့ မေမေ ဆင်းလာတာ"

"သက်ရော မေမေ"

"ဆေးအရှိန်နဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေပါပြီ"

"သက် စိတ်ထိခိုက်နေတယ် ထင်တယ်"

"ဟုတ်တာပေါ့ သားရဲ့၊ မိန်းကလေးတွေအတွက် အလှအပဆိုတာ ဂုဏ်အင်တစ်မျိုး မဟုတ်လား၊ အလှပျက်နေမယ့် မျက်နှာအတွက် သူ စိတ်ဆင်းရဲနေမှာပေါ့၊ ကျောင်းပိတ်ရင် ရန်ကုန်လိုက်ပါရစေတဲ့"

"လုပ်ပြန်ပြီလား. . . ဒီတစ်ခါဆိုရင်"

သူ့နှလုံးသားတို့ ဆူပွက်ပွက်ထကုန်သည်။

"ဒီတစ်ခါသာ ခွဲနေရရင်တော့ သား သေလိမ့်မယ် ထင်တယ် မေမေ၊ သား သူ့ကို သိပ်ချစ်ပါတယ်၊ တစ်ရက်လောင်တောင် ခွဲမနေချင်ပါဘူး မေမေ"

www.burmeseclassic.com

www.burmeseclassic.com

အသည်းပျက်မတတ် ခံစားရမှုကို မိခင်ရင်ခွင် တိုးဝင်ကာ ရင်ဖွင့်လိုက်မိသည်။

ဘယ်အရွယ်ရောက်ရောက် သားသမီးသည် မိဘအတွက် ထာဝရ ကလေးငယ်သာဖြစ်နေတတ်သည်။

ဒေါ်သူဇာနွယ်က သားဖြစ်သူ ခေါင်းကို လက်ကလေးဖြင့် ခပ်ဖွဖွ သပ်ပေးရင်း. . .

"သူ့ကို လှလို့ သားချစ်ခဲ့တာ မဟုတ်လား၊ အရုပ်ဆိုးဆိုး ကြီးရော ဆက်ချစ်နိုင်ဦးမှာလား စဉ်းစားပါကွယ်၊ တော်ကြာ ရုပ်ဆိုးဆိုး အနာရွတ် ဗလပွ မျက်နှာကြီးနဲ့ တွဲသွားတဲ့အခါ သားဂုဏ်ငယ်ပြီး ရှက်စိတ်ဝင်နေရင် သားလည်း စိတ်ထိခိုက်ရမယ်၊ သမီးလည်း စိတ်ထိခိုက်ရမယ်၊ ဒီလိုဆို အိမ်ထောင်ရေး မမြဲနိုင်ဘူး၊ ဒီတော့ သူကလည်း စဉ်းစားနေသလို သားကလည်း စဉ်းစားစေချင်တယ်လေ"

"သားစဉ်းစားစရာ မလိုပါဘူး၊ သားအချစ်က ရုပ်ဆိုးတာ ချောတာနဲ့ မဆိုင်ပါဘူး မေမေ၊ သား သူ့ကို သိပ်ချစ်ပါတယ်၊ သူ့ကို တစ်သက်လုံး မြတ်နိုးသွားမှာပါ"

ခိုင်မာသောသစ္စာတရားဖြင့် စကားဆိုမိခြင်းပင်။

"ဟုတ်ရဲ့လား. . . သေချာရဲ့လား၊ စဉ်းစားပါဦးလေ"

"မစဉ်းစားတော့ဘူး. . . သူ့ကို သား ပြောပြပုံမယ်၊ သားကြောင့် သားအတွက် စွန့်စားပြီး ရလာတဲ့ ယမင်းမေတ္တာကို သားနားလည်ပါတယ်၊ သူ့အမာရွတ်ကလေးတွေ မြင်တိုင်း ယမင်းရဲ့ မေတ္တာကို လေးစားပြီး ချစ်သွားမှာပါ၊ မေမေ ပြောပေးပါ၊ သားကို မစိမ်းပါနဲ့လို့. . နော်. . မေမေ"

"ဟဲ့. . . မင်းဘာသာမင်း ပြောပါလာနှင့်၊ ကျုပ်ကိုမှားခေးခုတ်ရာ လက်လျှိုလို့"

"ဟာ. . . မေမေကလည်း၊ ဒါဖြင့် အခု သွားပြောမယ်" မိခင်ရင်ခွင်မှ ဆတ်ခနဲ ထွက်ကာ မူယာများဖြင့် ကြည့်သည်။

"အံမယ်. . . ကိုယ်တော်၊ ခုတော့ မသွားလိုက်ပါနဲ့ဦး၊ ကျုပ် ရှိလို့ စိတ်ချလက်ချ အိပ်နေရှာသူကို သူခိုးခေးရိုးကမ်း မလုပ်ပါရစေနဲ့"

"မေမေကလည်း မမေ့သားက လူရမ်းကား မဟုတ်ပါဘူး"

"သိပြီးပါပြီတော်. . . ကိုယ့်မိန်းမကို အလှကြည့်ထားတာ အံ့ပါရဲ့ သားရယ်၊ ဒီလောက်တောင် နံရအရသလား"

"အ,တာ မဟုတ်ပါဘူး၊ ချစ်တာ မေမေရဲ့. . . ချစ်တာ"

ရင်ထဲမှာအချစ်ကြောင့် ပေါ်ပွဲသဘင် ဖွဲ့နေသည်။ တွေးကြည့်ရင် အချစ်ရင်ခုန်ပွင့်လေးများက သူ့နှလုံးသားကို နူးညံ့စေခဲ့သည်။

"အရူး"

ဒေါ်သူဇာနွယ်က သားဖြစ်သူနဖူးကို ခေါက်လိုက်ပြီး ကျောခိုင်းလိုက်သည်။ ဇော်ထိုက်က မိခင်ပါးကို ရွတ်ခနဲ နမ်းလိုက်ရင်း. . .

"ဟုတ်တယ် မေမေ. . . သားရူးနေပြီ၊ အချစ်ရူး. . . အချစ်ရူး၊ ဒီလိုအချစ်ရူး ဖြစ်အောင်လဲ မေမေတို့ပဲ ပေးစားတာ မဟုတ်လား၊ ခုမှတော့ မနာလို မဖြစ်နဲ့တော့ မေမေ၊ သား သက်ကို မေမေတို့ထက် ပိုချစ်သွားပြီ"

"ဟေ့. . ဟေ့. . ဒီလိုဆို မဖြစ်ဘူး၊ ငါပဲ သူ့ကို ပြန်သိမ်းသွားမှ"

"အံမယ်လေးဗျာ. . . ဒီလိုတော့ မကျီစားပါနဲ့ မေမေရာ"

www.burmeseclassic.com

www.burmeseclassic.com

ဇော်ထိုက် အပြတ်ခွဲခဲ့နွဲ့ ရှုးတူးနေမိသည်။

"ဟေ့. . . အပေါ်အထိ မလိုက်နဲ့. . . နေခဲ့တော့၊ ကျုပ် လူကြီးပီသပါရစေ ကိုယ်တော်"

လှေကားရင်း၌ မိခင်က သူ့ကို တွန်းလွှတ်ပြီး ကျန်ခဲ့သည်။ ဇော်ထိုက်က မိခင်ကို ငေးပြီးကျန်ခဲ့သည်။

သောကဝေစရာအကြောင်း မရှိတော့ဘူးဟု သူ ထင်ပါသည်။ မျက်နှာမှ အမာရွတ်များဖြင့် အားငယ်ရာမည့် ယမင်းခိုင်ကို ဆထက် ထမ်းပိုး၍ ချစ်ရမည့်အကြောင်းကို ပြောရင်း စောင့်ရမည့် အချိန်ကာလကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းရန် သူ ဆုံးဖြတ်လိုက်သည်။

ရင်ဝယ် နွေးထွေး၍နေသည်။ တုန်ရီင်းစရာမရှိအောင် ချစ်နေမိခြင်းကြောင့်ဖြစ်ပေမည်။ အရာရာကို သည်းခံခွင့်လွှတ်နိုင်စွမ်းရှိပါသည်။

သို့သော် နှလုံးခုန်သံတို့သည် တဒိတ်ဒိတ် အော်မြည်လျက်ရှိသည်။



"မရဘူး အန်တီနွယ်၊ မာလာက အဆင်သင့် ချက်ပြုတ်ပြီးနေပြီ၊ ညမနက်စာ စားပြီးမှ ပြန်ပို့မယ်"

ရဲမြတ်နှင့် ဒေါက်တာအေဂျန်က မနက်စောစောက ပေါက်ချလာသည်။ ထို့နောက် ရဲမြတ်က ဒေါ်သူဇာနွယ်ကို မရမက ခေါ်ထုတ်နေလေပြီ။

"ဟာ. . . မဟုတ်တာ၊ အန်တီကတောင် ငါ့တူကို ကျွေးဇူးဆပ်ရဦးမှာပေါ့"

"ကျေးဇူးကို မျှော်ကိုးပြီး ကူညီတာမှ မဟုတ်တာ အန်တီ

www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ အမှန်ဆို ယမင်းကို ကျွန်တော်က ကျေးဇူးတင်ထိုက်တာ၊ ဘာဖြစ်လို့လဲဆိုတော့ ယမင်းက ကျွန်တော်နဲ့ မာလာရဲ့ဖူးစာရေးနတ်လေ"

"အေးပျာ. . . ကျွန်တော်က မသိတော့"

ဇော်ထိုက်က ရဲမြက်ကို ကျေကျေလည်လည် တောင်းပန်သည်။ ရယ်မောရင်း အဖြစ်အပျက်များကို ပြန်ပြောင်းပြောကြရင်း ဟားတိုက်လိုက်ကြသည်။

ပတ်တီးဖွေးဖွေးလေးအောက်မှ ယမင်းခိုင်၏မျက်နှာပြူးနေသလား မဲ့နေသလား ဇော်ထိုက်မသိနိုင်။ သို့သော် မျက်ဝန်းအစုံ၌ စိုးကိတ်မှုမျှား ယှက်သန်းနေသည်။ ဇော်ထိုက်မှာ ဦးကြည့်ရင်း တိတ်တခိုး သက်ပြင်းလေး ချလိုက်သည်။

"သွားရအောင် အန်တီ၊ မာမီလဲ လိုက်မှာ"

"အေး. . အေး. . သမီး၊ မေမေ လိုက်သွားလိုက်ဦးမယ် နော်"

ဒေါက်တာအေဂျွန်က ဝင်လာလိုက်သဖြင့် ဒေါ်သုဇာနွယ်မှာ မနေသာဘဲ လိုက်ဟန် ပြင်လိုက်သည်။ ယမင်းခိုင်ကို နှစ်သိမ့်လိုက်သည်။

ယမင်းခိုင် ဘာမှပြန်မပြောနိုင်ရှာဘဲ ခေါင်းညိတ်ရုံသာ ညိတ်လိုက်နိုင်သည်။ မျက်ဝန်းတခိုင်၌ ငွေကြည်ဥတို့ ခိုတွဲနေသည်။

ဇော်ထိုက်ရင်ထဲ နင့်ခနဲဖြစ်သွားရသည်။ သူက ယမင်းခိုင်၏မျက်နှာကို မှန်သဖွယ် အရိပ်တကြည့်ကြည့်ဖြင့် ကြည့်နေမိခြင်းကြောင့်ပင်။ ဖြစ်နိုင်လျှင် မိခင်ကို မသွားစေချင်တော့ပါ။

"လိုက်သွားမယ် သမီး. . . သိပ်မကြာပါဘူး"

"အန်တီနွယ်ကလည်း ဘာပူနေတာလဲ၊ ဇော်ကြီးတစ်ယောက်လုံး အနားမှာ ရှိနေတာပဲ၊ သူ့ဆေးခွင့်ကျန်လေးမှာ နာနာ

ခိုင်းထားမှ"

အေဂျွန်က ဇော်ထိုက်ဘက်သို့ မျက်စိတစ်ဖက် လှစ်ခန့်မှိတ်ပြပြီး ပြောပြောဆိုဆို ထွက်သွားသည်။ ထို့နောက် ရဲမြတ်က ယမင်းခိုင်နှင့်သူ့အား နှုတ်ဆက်ကာ ဒေါ်သုဇာနွယ်ကို တွဲလျက် ခေါ်သွားသည်။

"သမီးလည်း အောက်ဆင်းပြီး ထွေးထွေးဆီ လိုက်ဦးမှ"

"ဘယ်ဖြစ်မလဲ. . . ထွေးထွေးက မီးဖိုထဲမှာ၊ အညောင်တွေ မိနေမယ်"

သူက ပြောလိုက်မိသည်။ ယမင်းခိုင် ခြေလှမ်းတုံ့ဆိုင်းသွားသည်။ ထိုင်နေကျ ဒရင်းဘက်ပေါ်၌ စိတ်ပျက်လက်ပျက် ပြန်ထိုင်ချလိုက်သည်။

ဇော်ထိုက်က သူမအနီးရှိ နှစ်ယောက်စီး ဒန်းလေးပေါ်၌ ထိုင်ရင်း ဒန်းကို လှုပ်ခတ်နေမိသည်။

နှင်းဆီ၊ စံပယ်၊ ခတ္တာ၊ သစ်ခွ အစရှိသော ပန်းပေါင်းစုံ ရနံ့က သူတို့ရှိရာသို့တိုင် ပျံ့နှံ့နေရာယူလေသည်။

လှုပ်ရှားနေသောရင်ကို ငြိမ်သက်အောင် ကြိုးစားရင်း ဂျစ်ကားလေး ပျောက်ကွယ်သွားသည်အထိ သူငေးကြည့်နေမိသည်။

မြင်ကွင်းတွင် ဂျစ်ကားပျောက်ကွယ်သွားမှ အကြည့်က ယမင်းခိုင်ထံ ပို့လိုက်သည်။

"ဟင်. . . သက် ငိုနေတယ်"

မျက်ဝန်း၌ ပုလဲရောင် တောက်နေသဖြင့် သူ စိုးထိတ်သွားကာ သူမအပါး အလိုလို ရောက်သွားသည်။

"ဘာဖြစ်လို့ငိုတာလဲ သက်ရယ်"

ရင်မှာ ပွင့်ထွက်လာသည်။ သူမအနီး ကြိမ်ခုံလေး၌ ထိုင်

www.burmeseclassic.com

www.burmeseclassic.com

ချပြီး လက်ကလေးတစ်ဖက်ကို ဖွဖွကလေး ဆုပ်ကိုင်ကာ မေးလိုက်မိသည်။ သူမ ငိုနေလျှင် သူစိတ်မချမ်းသာနိုင်ပါ။

စိုးထိတ်နေသောမျက်လုံးစိုစိုများက သူ့ကို ကြည့်နေသည်။ သူက လက်ကလေးကို အသာညှစ်ကာ. . .

"ပြောလေ. . . ဘာဖြစ်လို့ ငိုနေတာလဲ"

"နာလို့"

"ဆေးသောက်ပြီးပြီ မဟုတ်လား၊ နာရုံ တစ်ရေးအိပ်လိုက်ပါလား၊ အိပ်ပျော်သွားရင် အနာသက်သာသွားမှာပေါ့"

"ဟင့်အင်း. . . ဟင့်အင်း"

စိုးကြောက်သောအကြည့်ဖြင့် ခေါင်းခါခါ လည်ခါခါ ငြင်းဆန်နေသူကို ကြည့်ပြီး ဇော်ထိုက် ရင်နင့်ရသည်။ သူမလက်ကို ပါး၌ အသာအပ်ကာ. . .

"မောင့်ကို အဲဒီမျက်ဝန်းနဲ့ မကြည့်ပါနဲ့ သက်ရယ်၊ ငိုလည်း မငိုပါနဲ့၊ မောင် သက်ကို ချစ်တဲ့အချစ်က ပြောပြမတတ်အောင်ကို ချစ်တယ်ဆိုတာထက် ပိုချစ်တဲ့အချစ်ပါ"

"ဟင့်. . "

ယမင်းခိုင်က ငိုချင်ရက်လက်တို့ဖြစ်နေသည်။ ချော့ကာမှ ပိုငိုမိကာ ဇော်ထိုက်ရင်ခွင်ထဲ ခေါင်းဝင်လာသဖြင့် ဇော်ထိုက်က ယုယစွာ ပိုက်ထွေးလိုက်သည်။

"ငိုစရာအကြောင်းမှ မရှိဘဲနဲ့ သက်ရယ်၊ အနာတွေ ပိုနာပြီး ခေါင်းပိုမူးမှာပေါ့"

"ဟုတ်တယ်. . . မူးလာပြီ"

ယမင်းခိုင်က သံယောင်နှင့် ညည်းလိုက်သဖြင့် ဇော်ထိုက် ပျာယာခတ်သွားသည်။

"အိပ်နေလိုက်နော်၊ ဘာမှမတွေးနဲ့. . . မငိုနဲ့"

ပြောပြောဆိုဆို ယမင်းခိုင် ကလေးငယ်တစ်ဦးပမာ ပွေ့ခွဲကာ သူမအိပ်ခန်းထဲ ခေါ်ဆောင်ခဲ့သည်။ သူ အိပ်ပိုင်ခွင့် မရှိခဲ့သော နှစ်ယောက်အိပ်ကုတင် တစ်ဘက်စွန်း၌ သူတင်ပေးလိုက်သည်။ စောင်တစ်ထည်ကိုလည်း ရင်ဘတ်ပေါ် အထိ ခြုံပေးလိုက်သည်။ ယမင်းခိုင်က အသာမှိန်းနေသည်။

"သက်. . နေသာရဲ့လား၊ ဂျွန်ကို ခေါ်ပေးရမလား"

"ဟင့်အင်း"

မျက်လုံးက မဖွင့်ဘဲ ဟင့်အင်းလိုက်သည်။ ဇော်ထိုက်က ကြမ်းပြင်ထက် တင်ပျဉ်ခွေထိုင်ကာ ယမင်းခိုင်မျက်နှာကို ငေးကြည့်မိသည်။ ပတ်တီးများကို ဖယ်ခွာလိုက်ပါက တွေ့မြင်ရမည့်မျက်နှာ အနေအထားကို ပုံဖော်ကြည့်နေမိသည်။

ထိုစဉ် မျက်ခွံတံခါးဖွင့်လိုက်သော ယမင်းခိုင်မျက်လုံးနှင့် သွားဆုံသည်။

"စိတ်ချလက်ချ အိပ်လေ သက်၊ မောင် စောင့်နေပေးပါတယ်"

"မောင်ရယ်"

ယမင်းခိုင်နှုတ်ဖျားမှ အသံလေးကြောင့် ဇော်ထိုက်ရင်၌ တလှပ်လှပ် ခုန်လာသည်။ အခြေအနေတွေ အများကြီး တိုးတက်လာပြီပဲ။

"သက် ဘာပြောချင်လို့လဲ. . . ပြောလေ"

ပတ်တီးဖွေးဖွေးလေးကို ယုယုယယ ကိုင်တွယ်ရင်း. . .

"အားမငယ်ပါနဲ့ သက်ရယ်၊ သက် ဘယ်လောက်ပဲ ရုပ်ဆိုးဆိုး၊ ကျိုးကျိုးကန်းကန်း၊ နူနူဝဲဝဲ မောင့်လိုပဲ အောက်ပိုင်းသေပြီးပဲ ဖြစ်သွားသွား ချစ်နေမှာပဲ၊ ဒီအတွက်တော့ တွေးမပူပါနဲ့ သက်ရယ်"

ယမင်းခိုင်မျက်ဝန်းကား မိုးရိပ်ကင်းစင်လာလေပြီ၊

www.burmeseclassic.com

www.burmeseclassic.com

"မောင်ချစ်တဲ့အချစ်က သက်ရဲ့အလှနဲ့ မဆိုင်ဘူး၊ မောင့်ဘဝကို မောင်မေ့သွားတဲ့အထဲ သက်ကို ချစ်လို့လည်း မောင့်ခြေထောက်တွေ ပြန်ကောင်းလာရတာ၊ သက်တို့ကျေးဇူး ပါသလို မောင့်အချစ်ကလည်း သက်သေပါကွယ်၊ မောင့်ကို အကြွင်းမဲ့ယုံကြည်သင့်ပါတယ်"

ယမင်းခိုင်က ပတ်တီးနေရာများကို စမ်းကြည့်ရင်း. . .

"မံမီရှပ်ကြီးနဲ့ တူနေသလားဟင်"

"မတူပါဘူး. . . မောင့်မျက်စိထဲမှာတော့ အမြဲလှနေပါတယ် သက်ရယ်၊ မောင် အပိုပြောတာ မဟုတ်ဘူး သက်ရယ်၊ သက်အတွက် ပကတိအတိုင်း ရုပ်ရည်ပြန်ရမယ်ဆိုရင် မောင် ဒုက္ခိတဘဝကို ပြန်သွားပြီးတောင် လဲလှယ်ပေးချင်ပါတယ်၊ သက်စိတ်ဆင်းရဲနေတာ မောင် မကြည့်ရက်ဘူး"

"သက်က မောင့်ကို သနားတာပါ"

"ဟောဗျာ. . . ဘာအတွက်လဲ"

"မောင်က အလှမက်တယ် မဟုတ်လား၊ သက် ရုပ်ဆိုးသွားရင် မောင့်စိတ်ထဲမှာ တစ်ခုခုတော့ ခံစားနေရမှာပဲ"

"သက်ကို သနားတာကလွဲရင် မောင်က ပိုတောင် မြတ်နိုးသွားရမှာပါ၊ သက်ဒဏ်ရာက မောင့်အတွက် စွန့်စားပြီး ရခဲ့ရတဲ့ဒဏ်ရာပဲ"

"အခန့်မသင့်လို့ပါ မောင်ရယ်၊ ဒါပေမယ့် သက် မောင့်ကို မယုံရဲဘူး၊ မောင် သက်ကို ချစ်တာ ဟုတ်ရဲ့လားဟင်"

"ဘယ့်နှယ့်ပြောပါလိမ့် သက်ရယ်"

ဇော်ထိုက် ယမင်းခိုင်၏မျက်နှာကို ဖုံးအုပ်ထားသော မျက်နှာမှ ပတ်တီးစများကို လက်နှင့် ဖွဖွလေး ပွတ်သပ်ပေးရင်း. .

"သက် အရုပ်ဆိုးကြီးဖြစ်ဖြစ်၊ ကျိုးကျိုးကန်းကန်း မောင့်လို

ပဲ အောက်ပိုင်းသေကြီးပဲ ဖြစ်သွားသွား ချစ်မှာပဲလို့ ပြောပြီးပြီပဲ၊ မောင် သက်ကို ချစ်တာ သက်အလှနဲ့ မဆိုင်ပါဘူး၊ မောင့်ရဲ့ဒုက္ခိတဘဝကိုတောင် မေ့သွားတဲ့အထိ သက်ကို ချစ်တာပါ၊ သက် မောင့်အချစ်ကို ယုံလိုက်စမ်းပါကွယ်"

"ဒဏ်ရာတွေကို မမြင်ရသေးလို့ ပြောတာလား မောင်ရယ်၊ မယ်ကုဝဏ်ကို မြင်ဖူးလို့လား"

"ကြည့်. . . ခက်ပြီကွာ"

ကြည်နူးမှုလေးများ ပြန်လည်ရရှိလာကြသည်။

"ဒါနဲ့ မောင်က သက်နဲ့ စေ့စပ်တော့ မောင် လယ်ကွက်ဘွဲ့ ပေးခဲ့တဲ့သူမှန်း မသိခဲ့ဘူးနော်"

"ဘယ်သိမှာလဲ. . . သနပ်ခါးဘဲကြား၊ ပန်းတွေက အပင်ပေါက်နေသလို ပန်ထားပြီး အကျီပွပွ ပုံမကျပန်းမကျနဲ့ သက်ပုံစံက မောင့်သတို့သမီးလောင်း ပုံစံလှလှနဲ့မှ မတူဘဲ"

"အဲဒီလို စမတ်ကျကျဖြစ်အောင် ပြောင်းလဲခဲ့တာ ဘယ်သူကြောင့် ထင်သလဲ မောင်"

ဇော်ထိုက်က ပတ်တီးများ ရစ်ပတ်ထားသော ယမင်းခိုင် နဖူးပြင်သို့ အသာငုံမွှေးကြူးလိုက်ပြီး. . .

"မောင့်ကို တစ်ဖက်သတ်အချစ်နဲ့ မခံချင်ဖြစ်ပြီး ပုံစံပြောင်းလဲလိုက်မှန်း မောင့်ကို သက်အပြောနဲ့ သိခဲ့ပါပြီ သက်ရယ်၊ ဒါနဲ့တောင် ကျွန်မအလိုမတူတဲ့ ကျွန်မအသားကို ထိရင် ဘာတဲ့. . ကာမဘီလူးတဲ့၊ ပြောရက်လိုက်တာကွာ"

"ဒါကတော့ ရှက်လန့်တကြား ပြောမိတာပါ မောင်ရာ"

ယမင်းခိုင်မျက်နှာသည် ပတ်တီးပြင်အောက်၌ ပန်းများလွင်ပြင် ဖြစ်နေလာက်သည်။ လက်ဖျားကလေးများ ငြီးစက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇော်ထိုက်ရင်၌ တဒိုင်းဒိုင်း မြည်ဟည်းလှုပ်ရှားလာသည်။ အေးစက်နေသော သူမလက်ကလေးကို အသာ ပါးနဲ့ ကပ်ပြီး. . .

"နှစ်ဦးသဘောတူ နှုတ်ကတိကို နှစ်ဦးသဘောတူ ဖျက်သိမ်းလိုက်ရအောင်နော် သက်"

ယမင်းခိုင်နှုတ်ခမ်းသားလေးသည် ပတ်တီးစနှင့်အပြိုင် ဖွေးဥသွားသည်။ မျက်ဝန်းက သူ့ကို မကြည့်ရဲတော့။ မျက်ခွံတံခါးပိတ်ကာ. . .

"သက် ခေါင်းမူးလာပြီ မောင်၊ အရမ်းလည်း အိပ်ချင်နေပြီ၊ စကားတွေ ပြောရလွန်းလို့ သက်အနာတွေက တအားနာနေတာပဲ"

"အိပ်လေ. . . မောင်စောင့်နေမယ်၊ သက် စကားလည်း မပြောနဲ့တော့"

ဇော်ထိုက်က စိုးရိမ်စွာဖြင့် ပြောလိုက်သည်။ ဟုတ်သားပဲ၊ သူ့ခမျာ စကားတွေ အများကြီး ပြောရလို့ နာရှာမှာပါ၊ ငါကိုက အလိုက်မသိပါဘူးဟုလည်း မိမိကိုယ်ကို အပြစ်တင်လိုက်မိသည်။

"မောင်သွားတော့"

"ဟင်. . . ဘယ်ကို သွားရမှာလဲ"

ဇော်ထိုက် ပြူးပြူးပျာပျာဖြစ်သွားရသည်။

"သက်အိပ်ချင်ပါတယ်ဆိုမှ"

"မောင် စောင့်နေချင်တယ်၊ သက် အိပ်ပါ၊ စိတ်ချလက်ချ သာ အိပ်"

"ဟင့်အင်း. . . မောင်ရယ်၊ မောင်ရှိနေရင် သက် အိပ်တတ်မှာ မဟုတ်ဘူး၊ မောင် သက်အတွက် စံပယ်ပန်း သီပြီးပြီလား၊ သွားခူးသီပေးလေ"

"သီပြီးပြီ. . . ခူးထားတာလည်း တောင်းနဲ့အပြည့်၊ ကဲ. . ဘာခိုင်းချင်သေးလဲ"

"ဒါဖြင့်လည်း စကားပွင့်လေးတွေ သွားကောက်ပါလား မောင်ရယ်"

"ဟာကွာ. . . ဘယ်လိုကြီးလဲ၊ အခမ္ဘကြီးကို နှင်ထုတ်နေပါလား၊ လေစိမ်းတိုက်တယ်ကွာ"

ဇော်ထိုက်က ညည်းညည်းညူညူဖြင့် အသာထရပ်လိုက်သည်။

"မောင်နော်. . . သက်ကို မချစ်ပါဘူး"

"ဒီလိုတော့ မပြောပါနဲ့၊ သွားဆို သွားပါ့မယ်၊ သက် မကျေနပ်ရင် လက်ဖျားနဲ့တောင် မတို့ပါဘူးကွာ၊ အနားကတော့ မနှင်ထုတ်ပစ်ပါနဲ့၊ ရင်နာလွန်းလို့ပါ၊ နီးရက်နဲ့ ဝေးခဲ့ရတာလည်း တစ်နှစ်ပြည့်တော့မယ်၊ ကြင်နာစိတ်ကလေးတော့ ထားသင့်ပါတယ်"

"ဘာတွေပြောနေတာလဲ. . . စိတ်ညစ်လာပြီ၊ ငိုချလိုက်မယ်နော်"

"အဲ. . အဲ. . မငိုလိုက်ပါနဲ့၊ ငိုလည်း မငိုပါနဲ့၊ မောင်သွားပါပြီဗျာ"

ဇော်ထိုက်မှာ မလှမ်းချင်လှမ်းချင်ဖြင့် လှမ်းထွက်ခဲ့ရသည်။ ယမင်းခိုင်ကလည်း ရှက်လန့်တကြားဖြစ်နေသကဲ့သို့ သူကလည်း မဝံ့မရဲ ရှိနေပါသည်။ ယမင်းခိုင်ထံမှ ရုပ်သိမ်းကတိ မရသေးပါ။

ပင့်သက်မောတစ်ချက် ချကာ အောက်ထပ်သို့ ပြေးဆင်းခဲ့လေသည်။

ယမင်းခိုင်က ဇော်ထိုက်နောက်ကျောပြင်ကို ကြည့်ကာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ယမင်းခိုင် ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ရသည်။

တရုတ်စံကားပန်းလေးများကို မကျေမနပ် ဆောင့်ကြိုး အောင့်ကြိုး ကောက်လျက် ခြင်းထဲ ပစ်ထည့်နေသော ဇော်ထိုက် ဟန်ပန်ကို ကြည့်ရင်း ရယ်ချင်လာသည်။

"တတ်လည်း တတ်နိုင်တဲ့ ယမင်းရှပ်လေး"

"ချစ်မှန်းသိလို့ တမင်အနိုင်ယူနေတာ"

"အင်းလေ. . . အသည်းနှလုံးကို ပန်းပန်ချင်တယ်ဆိုရင်လည်း ထုတ်ပေးရမှာပဲ၊ ကျုပ်က ချစ်ခဲ့ရတဲ့သူကိုး"

ဇော်ထိုက်ရင်ထဲမှ စကားများကိုသာ ယမင်းခိုင် ကြားနိုင်ပါလျှင် ဟန်မဆောင်နိုင်တဲ့ ရယ်မောမိလိမ့်မည် ထင်ပါသည်။

ထို့နောက် ဇော်ထိုက်သည် ဘာစိတ်ကူးပေါက်သွားသည်မသိ၊ တရုတ်စကားပွင့်လေးများကို မြက်ခင်းပေါ်တွင် ထိုးစိုက်ကာ စာတန်းဖော်နေသည်။

"သက်တဲ့လား မောင်"

ဇော်ထိုက်က သက်ဟူသောစာလုံးကို ပန်းနှင့် ရေးအပြီး၌ နွဲ့သော အသံဘစ်သံ နောက်ဖျားမှ ပေါ်လာသဖြင့် အံ့ဩကြီးစွာ လှည့်ကြည့်လိုက်သည်။

"ဟင်. . သက်"

မျက်လုံးတို့ အမြင်မှားနေလေရော့လား၊ သို့တည်းမဟုတ် အိပ်မက်လေလား ဟူသောအတွေးများဖြင့် မျက်လုံးကို အစွမ်းကုန် ပြူးကြည့်လိုက်သည်။

ယမင်းခိုင်က တခစ်ခစ် ရယ်မောနေသည်။ အဖြူအစိမ်း ဝတ်ထားပြီး ဆံထုံးလှလှလေး၌ သူသီပေးထားသော စံပယ်လေးနှင့် ပနာတင့်နေလေသည်။

မျက်နှာက အမာရွတ် ဒဏ်ရာဒဏ်ချက် နေနေသာသာ ဝက်ခြံဖုကလေးမျှပင် မရှိ။ မွတ်သိပ်ချောမွေ့နေသည်။

"သက်. . "

"ဟုတ်ပါတယ် မောင်ရယ်. . . သက်ပါ။ ကဲပါ. . . မောင်၊ သက်ကို ကျောင်းလိုက်ပို့ပေးပါ။ သက် ခွင့်ယူလို့မဖြစ်ဘူး. . . စာမေးပွဲရက်ကြီး"

"သက်ရယ်. . . မောင့်ကို အရူးဝိုင်းလုပ်ကြတယ်"

ဇော်ထိုက်က ဝမ်းသာအားရဖြင့် ယမင်းခိုင် လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိသည်။

"မောင့်တုန်းက သတိပြန်ရလာရက်နဲ့ သက်ကို ချက်ချင်း မပြောဘဲ မေ့ဟန်ဆောင်ခဲ့တဲ့အတွက် သက်ကလည်း မောင့်ကို ကလဲ့စားပြန်ချေတာ"

"ဉာဏ်များလိုက်တာ. . . ဒါတွေ ဘယ်သူ့အကြံလဲ၊ သက်ပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းလဲ့နေသောမျက်ဝန်းအစုံလေးဌ အဖြေပေါ်လွင်နေပေ
ပြီ။ ယမင်းခိုင်အကြံမှန်း သူသိလိုက်သည်။ အားမလိုအားမရ လက်
ကို ကိုင်လှုပ်ရင်း. . .

"ပြောစမ်း. . . သက်ဉာဏ်တွေ မဟုတ်လား"

ခေါင်းကို ညိတ်လိုက်ပြီး. . .

"မှင်နီအိုး ဖိတ်ကျသွားပြီး သက်ကို လူးသွားတာနဲ့ အကြံရ
ပြီး အစ်ကိုတို့ကိုပါ အကူအညီတောင်းပြီး ဖန်တီးလိုက်ရတာ၊ မောင့်
အချစ်ကို သိချင်လို့၊ လှလို့ ချစ်တာလားလို့လေ"

"ဒါဖြင့် ခု သိသွားပြီလား"

စူးနစ်လဲ့ရွှန်းသော သူ့အကြည့်ကို ယမင်းခိုင်က မခံသာ
သဖြင့် ရှောင်လွှဲကာ. . .

"ကျောင်းချိန်နီးပြီ မောင်ရယ်. . . သွားမယ်နော်"

"ဒီလို ဘယ်ရပါ့မလဲ၊ ခင်ဗျားက ကျုပ်ချစ်မှန်းသိလို့
အနိုင်ယူတာပေါ့၊ ဒီလိုဆိုရင် ဒဏ်ရာမရှိဘဲ ကျုပ်ကို လှည့်ဖျားခဲ့တဲ့
ခင်ဗျားမျက်နှာကို ဒဏ်ရာပြန်ပေးရမယ်"

ဇော်ထိုက်က ပြောပြောဆိုဆိုဖြင့် ယမင်းခိုင်အား ပွေ့ပိုက်
ကာ မျက်နှာပြင်အနှံ့သို့ အနမ်းပွင့်များ ပက်ချလိုက်သည်။

"အို. . ."

"စိတ်ချ. . . အိုတော့မှာ"

"မောင်နော်. . . သနပ်ခါးတွေ ပျက်ကုန်ပြီထင်တယ်၊
ဒုက္ခပါပဲ"

ယမင်းခိုင်က ရုန်းထွက်ကာ ကားရှိရာသို့ ပြေးထွက်သွား
သည်။

ဇော်ထိုက်က မိမိအား စောင့်နေလိမ့်မည်အထင်ဖြင့် ရယ်
မောလျက် နောက်မှ ခပ်မှန်မှန် လိုက်လျှောက်စဉ်၌ ကားက ဝူးခနဲ

မောင်းထွက်သွားရာ. . .

"ဟေ့. . . နေဦးလေ. . . နေဦး"

ပြူးတူးကြောင်တောင် တားဆီးလိုက်ပေမယ့် ဖရီတော့
ယမင်းခိုင်က ရယ်မောရင်း လက်တစ်ဖက် ပြကာ ကားကို ကျော်
လည်စွာ မောင်းထွက်သွားလေပြီ။

"နေနှင့်ဦးပေါ့ကွာ"

ဇော်ထိုက်မှာ မချင့်မရဲ ကြုံးဝါးပြီး ကျန်ခဲ့သည်။ ယမင်း
ကားပျောက်သွားမှ တရုတ်စကားပင်ဆီ ပြန်လျှောက်လာရင်း
မကြွေတကြွေ စံပယ်ကုံးကလေးကို တွေ့လိုက်ရသဖြင့် အသာ
ကောက်ယူလိုက်သည်။

ယမင်းခိုင် ကေသာဆံထုံးထက်မှ ပြုတ်ကျခဲ့ဟန်တူသည်။
စောစောက သူ့အနမ်းမုန်တိုင်းကြားမှ ကျကျန်ရစ်ခဲ့သော စံပယ်ကုံး
ဖြစ်ပေမည်။ စံပယ်ကုံးကို သခင့်ကိုယ်စား နမ်းလိုက်မိပြန်ရာ ရင်
ဝယ် တသိမ့်သိမ့် ကြည်နူးသွားရသည်။

အချိန်များကို ရှေ့သို့ ဆွဲယူလို့ရပါလျှင် ယမင်းခိုင်၏
ကျောင်းပြန်လာချိန်ကို ရောက်အောင် ချက်ချင်းဆွဲယူလိုက်ပေလိမ့်
မည်။

ရင်မှာ အပျော်မင်းသား ကုဋေကဋ္ဌာတို့ ကခုန်မြူးတူးနေ
ကြသည်။

အိမ်ထဲသို့ ခုန်ပေါက်မတတ် လှမ်းဝင်ခဲ့ရင်း. . .

"ထွေးထွေးရေ. . . ထွေးထွေး"

"ဟေ"

ဆူဆူညံညံ အသံပေးမိသည်။ ဒေါ်ထွေးက မှိုရနေသော
သူ့မျက်နှာကို ကြည့်ကာ. . .

"ဟေ. . . ဘယ်လိုလဲ၊ မြူးလှချည်လား၊ လက်ပမ်းပွင့်ချိန်လဲ

www.burmeseclassic.com

www.burmeseclassic.com

မရောက်သေးပါဘူး"

"ဟာဗျာ. . . ပြောတော့မယ် ထွေးထွေးကတော့၊ ကျွန်တော့်ကို ဘာလို့ ဝိုင်းညာတာလဲ"

"နင်က လှတာ မက်တတ်လွန်းလို့၊ လှလို့ သူ့ကို ချစ်တာလား သိချင်လို့တဲ့လေ၊ သည်းကြ ကဲကြပါ့၊ လူကြီးတွေပါ မနေရဘူး၊ သူတို့ အချစ်စမ်းပွဲမှာ ငါးပါးသီလ တစ်ပါးအကျိုးခံပြီး ငါပါ ဝင်နေရတယ်၊ ဟွန်း. . . ပြောလိုက်ချင်ဘူး"

ဇော်ထိုက်က သဘောကျစွာဖြင့် တဟားဟား ရယ်မောရင်း. . .

"ခုတော့ သိသွားကြပြီပေါ့"

"လွန်ကိုလွန်လွန်းပါတယ်၊ တကတည်းကမှ အဖြစ်သည်းနေလိုက်ကြတာ"

ဇော်ထိုက်က မကျေမနပ်ဟန်ဖြင့် ပွစိပွစိ လုပ်နေသော ဒေါ်ထွေးပါးစပ်ကို ခပ်ဖွဖွ လိမ်လျက်. . .

"ထွေးထွေး"

"ဟဲ့. . . ငါနားမကန်းပါဘူး"

"ဒေါ်ဆရာမကို ပြောလိုက်"

"ကျောင်းသွားနေပြဉ်စွာ၊ ငါက ဘယ်လိုပြောရမှာလဲ"

"ဟုတ်ဘူးလေ. . . ကျောင်းက ပြန်လာရင်ပြောတာ"

"ဆိုပါဦး. . . ဘာပြောရမှာလဲ"

"ယမင်းရုပ်ကလေးလို ရှိုးကျော်ထဲမှာ အလှမထားနိုင်တော့ဘူးလို့"

"ဟာ. . . သွားစမ်း ခွေးလေး"

အပျိုကြီး ဒေါ်ထွေးတစ်ယောက် မျက်နှာကြီး ရဲရဲတွတ်ကာ ဇော်ထိုက်ကို တွန်းတိုက်လျက် မီးဖိုရှိရာသို့ ချာကနဲ ဝင်သွားလေသည်။

ဇော်ထိုက်က ရယ်မောရင်းမှ ယမင်းခိုင် ထိုးလေ့ရှိသော အပှပန်းအိုးများဆီသို့ လှမ်းကြည့်လိုက်သည်။ တစ်အိမ်လုံးအနှံ့ ဘိသိက်ပန်းများဖြင့် လှပသင်းထုံလျက်ရှိသည်။

နံရံပေါ်မှ မင်္ဂလာသတို့သားနှင့် သတို့သမီးမောင်နှံမှာ သူ့အား ကြည်သာရွှင်ပျစွာ ပြုံးကြည့်နေသည်။ ရင်မှာ လိုက်ဖိုတာ ပီတိလျှံလာသဖြင့်. . .

"ထွေးထွေး. . . ထွေးထွေး"

"ဟေ. . . ဟေ၊ ဘာလဲ. . . ကျုပ်မအားဘူး"

အသံသာ ထွက်ပေါ်လာသည်။ လူရောက်မလာတော့ခေ့။ သူက မီးဖိုဘက်သို့ လျှောက်ရင်း မေးလိုက်သည်။

"ဒေါ်ဆရာမကို ထမင်းဘူး သွားပို့မှာလား"

စာမေးပွဲ ရှိသဖြင့် ခါတိုင်းအခါနှိုက်ထက် စောထွက်သွားသော် ယမင်းခိုင်အတွက် မေးလိုက်မိသည်။

"မပို့ဘူးဟေ့. . . တစ်ခါတည်း ယူသွားတယ်"

ဆွေးသွားပြီ၊ ထမင်းဘူးကို အကြောင်းပြုပြီး သွားတွေ့ရန် အစီအစဉ်လေး ပျက်သွားသည်။

"စောစောသွားရင် စောစောပြန်လာမယ် ထင်တယ်နော် ထွေးထွေး၊ ဘယ်အချိန် ပြန်လာမယ် ပြောသလဲ"

မီးဖိုခန်းဝမှာ ရပ်ပြီးတော့ မေးလိုက်ပြန်သည်။

"နောက်ကျလိမ့်မယ်. . . စာမေးပွဲအခန်း စောင့်ပြီးရင် အဖြေလွှာတွေ ဆက်စစ်ရမယ်တဲ့"

"ဒုက္ခပါပဲဗျာ"

နာရီပေါင်း၊ မိနစ်ပေါင်းများစွာ၊ စက္ကန့်ပေါင်းများစွာသို့ ဖြတ်ကျော်စောင့်ဆိုင်းရဦးမှာပါလားဟု ရင်မှာ လွမ်းဆွတ်သည့်

www.burmeseclassic.com

www.burmeseclassic.com

ခံစားလိုက်ရသည်။

"ဩော်. . . ဟယ်. . . ထွေးထွေးက မေ့နေလိုက်တာ၊ ယမင်းက ကလေးကို ပြောဖို့ မှာသွားတယ်"

ဇော်ထိုက်ရင်ဝယ် တလှပ်လှပ်ဖြစ်ကာ အမောတကော မေးလိုက်မိသည်။

"ဘာ. . . ဘာမှားသွားတာလဲ၊ ဘာတဲ့လဲ"

"ဩော်. . . မင်းအတွက် သူ စာရေးခဲ့တယ်တဲ့"

"ဟင်. . . ဘယ်မှာလဲ၊ ပေးလေ ထွေးထွေး၊ ဒီလောက် အရေးကြီးတဲ့ကိစ္စကို မိနစ်ပေါင်းများစွာ ဆိုင်းထားရတယ်ဗျာ"

ဒေါ်ထွေးက မျက်စောင်းခိုလျက်. . .

"ငါ့ဆီမှာ မဟုတ်ဘူးဟဲ့"

"ဒါဖြင့် ဘယ်မှာလဲ"

"ယမင်းအိပ်ခန်းမှာပေါ့"

ဇော်ထိုက် ချာကနဲလှည့်ကာ အိမ်အပေါ်ထပ်သို့ ဝုန်းဒိုင်း တက်ပြေးခဲ့သည်။

နှစ်ဦးဆိုင်အခန်းဖြစ်သော်လည်း ယမင်းခိုင်တစ်ယောက် တည်းသာ မောင်ပိုင်စီးခဲ့သော အိပ်ခန်းအတွင်းသို့ လှမ်းဝင်လိုက် သည်။

စံပယ်ရနံ့၊ နှင်းဆီရနံ့များက သူ့အား ကြိုဆိုလိုက်သည်။

ဖြူဖွေးသောအိပ်ယာထက်ဝယ် စံပယ်ဖွေးဖွေးက ပန်း မွှေ့ယာအလား ခင်းကျင်းထားသည်။

ထိုစံပယ်ဖွေးဖွေးကြားတွင် ကျောက်နှင်းဆီပွင့်များ တင် ကာ စာရေးသားထားသည်။

မာနကိုယ်စီနှင့် နှစ်ဦးသဘောတူ ချုပ်နှောင်ခဲ့သော နှုတ် ကတိကို ဖျက်သိမ်းခြင်းကို ယမင်းခိုင် လက်ခံလိုက်ပြီဟု ယူဆကာ

ဇော်ထိုက်ရင်က လှိုက်လှိုက်လဲ့လဲ့ ကြည်နူးဝမ်းသာသွားသည် ဝမ်းသာအားရ ခုန်ပေါက်မြူးတူးကာ တဟေးဟေး တစ်ကြော်ပြ ကမ္ဘာပတ်ပြေးချင်စိတ်ပင် ပေါက်လာသည်။

နှင်းဆီဖြင့် ရေးသားထားသောစာလေးကို ဖတ်မိပြန် သည်။

စာလုံးကလည်း နှစ်လုံးတည်း။

"မောင့်သက်. . . "

ဟူ၍သာ. . . ။

ကမ္ဘာကြီးကို လည်ပတ်စေသည်မှာ "အချစ်" သာဖြစ် သည်။

www.burmeseclassic.com